## အရှင်သုစိတ္တ

# အတ္တမဲ့မေတ္တာ



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်"

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အတ္တမဲ့မေတ္တာ

အရှင်သုစိတ္တ

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၃၈၈၇၁၈

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊
ပုံနှိပ်တိုက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
(မှတ်ပုံတင်အမှတ် ၀၃၈၄၃/၀၂ - ၄၀၅) ဖြင့်
ရိုက်နှိပ်ခွင့်ပြုသည်။

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ

အုပ်ရေ
၅၀၀

အဖုံးပန်းချီ
ကိုကျော်မင်းမောင်

ဖလင်
ကိုရွှေဝင်း

စာအုပ်ချုပ်
ပညာရွှေတောင်

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြို့(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့

တန်ဖိုး
1700

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မိတ်ဆက် | (က) |
| | ကမ္ဘာလောကကြီး ပျက်စီးချုပ်ငြိမ်းသွားရခြင်းအကြောင်းရင်း | (က) |
| | ကမ္ဘာလောကကြီးကို မီးလောင်ပျက်စီးရခြင်းအကြောင်းရင်း | (ဃ) |
| | မေတ္တာအကျိုး (၁၁) မျိုး | (ဆ) |
| | အပြင်အဆင် | (ဆ) |

(၁)

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မေတ္တာပို့ရန် ပါဠိအနက် | |
| | လက်ဖက်နှင့် မေတ္တာ | ၅ |
| | ပန်းအလှနှင့် မေတ္တာ | ၈ |
| | ဦးစိုးကြီး (ကွမ်းယာ) နှင့် မေတ္တာစေတနာ | ၁၃ |
| | မေတ္တာမဖက် လောဘတက်၍ | ၂၄ |
| ၂။ | အချစ်နှင့် မေတ္တာ | ၂၈ |
| | အိမ်ထောင်ရေးနှင့် ချစ်မေတ္တာ | ၃၀ |
| | ငယ်ချစ်နှင့် ပြန်လည်ဆုံတွေ့သူ၏ဆိုးကျိုး | ၃၂ |

နီးစပ်မှု၏ဆိုးကျိုး ၃၇

၃။ မိဘမေတ္တာ ၄၂

•သေအောင်ချစ်သောမိဘ ၄၅

ဘ၀ပျက်အောင်ချစ်သောမိဘ ၅၃

ကံကြီးထိုက်အောင်ချစ်သောမိဘ ၆၂

၄။ ဘ၀မခြား ကံကြီးထိုက်သူများ

မိဘအား စော်ကားပြစ်မှား၍

ဘ၀မခြား ရောဂါဆိုးဖြင့် သေဆုံးသွားရသည့် သမီးယုတ် ၆၉

မိခင်အား စော်ကားပြစ်မှားမိ၍

ဘ၀မခြား ဒုက္ခရောက်ရသည့် သားယုတ်မာ ၇၁

မိခင်အား ပြစ်မှားလွန်း၊ စော်ကားလွန်း၍

ဘ၀ရော စီးပွားပါ ပျက်ပြားနေသည့် သမီးယုတ် ၇၃

မိဘနှစ်ယောက်တို့အား ပြစ်မှားစော်ကားလွန်း၍

ရူးသွပ်သွားရသည့် သမီးယုတ် ၇၅

မိဘနှင့် အစ်မဖြစ်သူတို့အား ပြစ်မှားစော်ကားလွန်း၍

တစ်သက်ပတ်လုံး နာလန်မထူနိုင်သော သားယုတ်မာ ၇၇

မိဘကိုပြစ်မှားလွန်း၍

အချောင်ထောင်ကျရသည့် သားယုတ်မာ ၈၀

မိခင်အိုကြီးအား ပြစ်မှားစော်ကား၍

အပူမီးလောင်ပြီး သေဆုံးသွားရသည့် သားယုတ်မာ ၈၂

မိခင်အိုကြီးအား ဓားနှင့်လိုက်၍

ချက်ချင်းမြေမျိုသော သားယုတ်မာ ၈၅

ရန်ကုန်တိုင်းထဲက အလားတူဖြစ်ရပ်တစ်ခု ၈၇
မိခင်အား ဆဲဆိုကန်ကျောက် ခွေးနှင့်နှိုင်း၍
ချက်ချင်း ခွေးဖြစ်သွားရသော သမီးမိုက် ၈၉

**ရှင်းလင်းချက်** ၉၀

သူတော်ကောင်းကိုပြစ်မှားမိ၍
တိုင်းပြည်ပါ ပျက်စီးရသည့်အကြောင်း ၉၃
မိဘမေတ္တာပျက်ခြင်း၏ လက်ငင်းဆိုးကျိုး ၉၆
ယောက္ခမမိုက်နှင့် သမက်မိုက် ၁၀၂
လင်ကိုနိုင်လွန်းသူတစ်ယောက်၏အကြောင်း ၁၀၄

၅။ **ဆရာမေတ္တာ** ၁၀၈

အတ္တမပါ မေတ္တာမရှင်း ၁၁၃

၆။ **မိတ်ဆွေမေတ္တာ** ၁၂၄

ရှင်အာနန္ဒာ၏လျှောက်ထားချက် ၁၂၅
အသက်ပိုင်းခြားနှင့် စရိုက်ဝါသနာ ၁၂၅
မိတ်ဆွေကောင်းဟု ထင်မှားခဲ့သောရန်သူများ ၁၂၇
လူမိုက်နှင့်ဆုံခဲ့စဉ်က ၁၃၀
အားနည်းချက်ဟူသည် ၁၃၈
အာဃာကစည်တော်ကြီး ၁၃၉
သမင်မွေးရင်း ကျားစားရင်း ၁၄၀
မာရ်မင်း၏လှည့်ကွက် ၁၄၃
ဘိသဇာတ်တော် ၁၄၅

(၂)


၇။ မေတ္တာအကျိုး ဓမ္မရသ (၁) ၁၄၈
၈။ မေတ္တာအကျိုး ဓမ္မရသ (၂) ၁၆၀
၉။ မေတ္တာအကျိုး ဓမ္မရသ (၃) ၁၇၇
၁၀။ မေတ္တာအကျိုး ဓမ္မရသ (၄) ၁၈၆


(၃)


၁၁။ မေတ္တာ၏စွမ်းအားရှင်များ ၁၉၉
မေတ္တာလေးနက်ရန် အဓိကအချက်များ ၂၀၁
အကြည်ခေတ် (၆) ပါး မေတ္တာပို့ပွားနည်း ၂၀၃
ဝိသုဒ္ဓိမဂ်အဆို ၂၀၅
မိလိန္ဒပဉှာအဆို ၂၀၆


(၄)


၁၂။ သူပုန်စားနှင့် မေတ္တာတရား ၂၁၃
မွေးရပ်ဌာနေ ဇာတိမြေ ၂၁၃
မေတ္တာအစွမ်းကိုပြခွင့်ရပုံ ၂၁၆

၁၃။ ဘုန်းတော်ကြီးဟာကုယင် ၂၂၁


မာတိကာပြီး၏။

* * *

## မိတ်ဆက်

ဤမိတ်ဆက်ကဏ္ဍကို အဓိကအားဖြင့် သတ္တသူရိယသုတ်၊ အဂ္ဂညသုတ်၊ စက္ကဝတ္တိသုတ်၊ ဤသုတ္တန်ဒေသနာတော်များကို မှီငြမ်း၍ ရေးသွားပါမည်။ ဤစာအုပ်ကလေးနှင့်ပတ်သက်၍ မှီငြမ်းကိုးကားပြီး အသားဖြည့်ရာ၌ ဤသုံးသုတ်သည် အရေးပါအရာရောက်ပြီး အင်အားများစွာကိုထုတ်ပေးလျက်ရှိသည်။

လူသားတို့သည် ကမ္ဘာကို မေတ္တာဖြင့် တည်ဆောက်ကြ၏။ လူသားတို့သည် မေတ္တာပျက်ခြင်းဖြင့် ကမ္ဘာကို ဖျက်ဆီးကြ၏။ ဤသည်မှာ ကမ္ဘာဖြစ်တည်ခြင်း၊ ပျက်စီးခြင်း အကြောင်းတရားနှစ်မျိုး ဖြစ်၏။ ကမ္ဘာတည်လာခြင်း၌ အဓိကနေရာက မေတ္တာပါဝင်လာ၊ ပါဝင်နေသည်ကို တွေ့နိုင်၏။ ကမ္ဘာပျက်ခြင်း၌ မေတ္တာကင်းနေသည်ကိုလည်း ကွင်းကွက်စွာဖြင့် မြင်တွေ့နိုင်၏။

## ကမ္ဘာကြီးပျက်စီးချုပ်ငြိမ်းသွားရခြင်းအကြောင်းရင်း

လူသားတို့သည် မေတ္တာ၏တန်ခိုးသတ္တိကြောင့် အသက်တမ်းနှစ်အားဖြင့် မရေမတွက်နိုင်အောင် ရှည်လျားနေရာမှ ရိုးရာမှယဉ်၍ ဆုတ်ယုတ်ကြောင်း ဖန်လာလေရာ အနှစ်ရှစ်သောင်းတမ်းတွင် တည်၏။ အနှစ်ရှစ်သောင်းတမ်းတွင် တစ်ထောက်ရပ်နားခြင်းသဘောကိုပြ၏။

အနှစ်ရှစ်သောင်းတမ်းတွင် ရပ်တည်နေရင်းက ပါဏာတိပါတာ၊

အဒိန္နာဒါနများ ပေါ်ပေါက်လာ၏။ ထိုသတ်မှု၊ ခိုးမှုကြောင့်ပင် အသက် တမ်းလေးသောင်းသို့ရောက်သွားပြီး ရုပ်ဆင်းအင်္ဂါများလည်း ခေါက်ချိုးကျ လျက် အိုစာသွား၏။ *(ယခု လောဘ၊ ဒေါသများသော အသက် ၇၀ တမ်းရုပ်အဆင်းနှင့် မေတ္တာအားကောင်းသောခေတ်၊ အသက်ရှည်တမ်း လူသားများ၏ရုပ်အဆင်းကို မှန်းမျှော်ပြီး သံဝေဂယူသင့်လှ၏။ မေတ္တာ ပွားသူနှင့် ဒေါသကြီးသူတို့၏ ရုပ်ဆင်းအင်္ဂါများကိုလည်း စံထိုး၍ကြည့် ကြလေ။)*

**မုသာဝါဒ** ပေါ်လာသောအခါ နှစ်သောင်းထပ်လျော့ကျသွား၏။

**ပိသုဏာဝါစာ** - အတင်းပြော၊ ကုန်းချောခြေထိုးမှုများ ပေါ်လာသော အခါ တစ်သောင်းထပ်လျော့ကျသွား၏။

**ကာမေသုမိစ္ဆာစာရ** ပေါ်လာသောအခါ ငါးထောင်ထပ်လျော့ကျ သွား၏။

**ဖရုသဝါစာ** - ကြမ်းတမ်း၊ **သမ္ဖပ္ပလာပ** - အနှစ်မရှိ ပိန်ဖျင်းစကား များပေါ်လာသောအခါ နှစ်ထောင့်ငါးရာထပ်လျော့ကျသွား၏။

**အဘိဇ္ဈာ** - သူတစ်ပါးပစ္စည်းကို မတရားရလိုမှု၊ **ဗျာပါဒ** - သူတစ်ပါး ပျက်စီးဆုံးရှုံးစေလိုသောစိတ်များပေါ်လာသောအခါ တစ်ထောင့် ငါးရာ ထပ်လျော့ကျသွား၏။ တစ်ထောင်သာကျန်တော့၏။

**ရုပ်ကြမ်းဝါဒ** - မိဘဝတ္တရား၊ ဒါနမှုဝတ္တရားများ ပျက်စီးပြီး မတရား မှုများပြားလာသောအခါ ငါးရာထပ်လျော့သွား၏။

**ကာမဂုဏ်** - မ/ဖိုဆိုလျှင် တရားဝင်/မဝင် မရွေးချယ်ဘဲ ကျူးလွန် မှုကြောင့် နှစ်ရာ့ငါးဆယ်ထပ်လျော့ကျသွား၏။

**ရိုသေလေးစားမှုကင်းပျောက်ခြင်း** - လူကြီးမိဘ သက်ကြီးရွယ်အို သူ မြတ်၊ သူယုတ် မခွဲခြား/မကွဲပြား ထင်ရာကျင့်၊ မရိုမသေပြုမှုကြောင့် တစ်ရာထပ်လျော့ကျသွား၏။

**ကျန်သောတစ်ရာ** - မကောင်းမှုများ တဖြည်းဖြည်း တိုက်စားလာ

ခြင်းကြောင့် တရွေ့ရွေ့လျော့ကျလာ၏။ ရုပ်ဝါဒများထွန်းကားလာ၏။ ရုပ်ဝါဒ လွှမ်းမိုးခြင်းကြောင့် ကောင်းမွန်သန့်စင်သည့် ဒါန၊ သီလ၊ မေတ္တာ စသော နာမ်သုစရိုက်များ ကွယ်ပလျက် အသက်ဆယ်နှစ်တမ်းသို့ ရောက်လာရလေ၏။ ဆားပျားဆီထောပတ်များလည်း ကွယ်ပျောက်ကုန်၏။

မေတ္တာဝါဒ သုစရိုက်များ လုံးဝ ဆိတ်သုဉ်းသွားပြီးနောက် လူမိုက်တို့ မင်းမူကုန်၏။ အုပ်စုဖွဲ့၍ အနိုင်ကျင့်ကြကုန်၏။ ၎င်းတို့ကိုပင် မင်းမြှောက်၍ ချီးကျူးဂုဏ်ပြု၍ ဆရာတင်ကိုးကွယ်ကြကုန်၏။ မကောင်းမှုအားကြီးလွှမ်းမိုးသောကြောင့် လက်ရဲဇက်ရဲ သတ်ဖြတ်လာကြရင်းက အမိ၊ အဖတို့ကိုပင် မရှောင်ကြဉ်နိုင်တော့။

နောက်ဆုံးတွင် သတ္တန္တရကပ်ဆိုးကြီးဆိုက်ရောက်လျက် လူလူချင်းသားကောင်သဖွယ် သတ်ဖြတ်ကြရင်းက လက်ဖြင့်ဆွဲကိုင်မိသော မြက်သစ်ရွက်များသည်ပင် ဒေါသ စသော အကုသိုလ်ကထုတ်လုပ်ပေးလိုက်၍ ဖျက်အားပြင်းသောလက်နက်ကြီးများသဖွယ် ဖြစ်သွားရ၏။ လူသတ်ပွဲကြီးကိုလည်း ခုနစ်ရက်ခုနစ်လီ ဆင်နွှဲသတ်ဖြတ်ကြလေ၏။

ထိုအထဲမှ ပြေးရှောင်ပုန်းအောင်း၍ တောတောင်ချောက်ကြားတို့၌ သစ်သီးသစ်ရွက်များကို စားသောက်နေကြရင်းက ကြောက်စိတ်လန့်စိတ်ရှောင်ရှားစိတ်မှသည် မေတ္တာစိတ်များသက်ဝင်လာကာ -

*"ငါသည် မည်သူ့ကိုမျှ မသတ်လိုပါ။ ငါ့ကိုလည်း မည်သူမျှ မသတ်ကြပါစေလင့်။ ငါသည် ချမ်းသာရပါစေ။ ၎င်းတို့သည်လည်း ထပ်တူထပ်မျှ ချမ်းသာကြပါစေ"*

ထိုကဲ့သို့ မေတ္တာစိတ်များကိုဖြစ်ပွားစေလျက် ပုန်းအောင်းနေရာမှ ထွက်လာကြပြီးနောက် တစ်ယောက်နှင့်တစ်ယောက် မေတ္တာစိတ်များဖြစ်ထွန်းကာ ချစ်ချစ်ခင်ခင်နေထိုင်ကြ၏။ အမဲ၊ ကြက်၊ ဝက်များကို သတ်ဘိသကဲ့သို့ သတ်ဖြတ်သေဆုံး မျိုးတုံးလုနီးပါးဖြစ်ခဲ့ကြရသည်မှာ မေတ္တာစိတ်များခန်းခြောက်၍ ဒေါသစိတ်များ လွှမ်းမိုးလောင်ကျွမ်းရာမှ စ,ခဲ့သည်

ဟုလည်း သိကြ၏။

ထို့ကြောင့် မေတ္တာစိတ်များကို ထူထောင်ပေါင်းသင်းလာကြ၍ ၎င်းတို့မှမွေးဖွားလာကြသောသားသမီးများသည် ဆယ်နှစ်တမ်းမှ ခေါက်ချိုးတက်၍ နှစ်ဆယ်အထိ ရှည်လာ၏။ ရုပ်ဆင်းအင်္ဂါများလည်း တိုးတက်လှပလာကြ၏။ ဤနည်းဖြင့်ပင် မေတ္တာကိုထူထောင်ရင်းက မျိုးဆက်သစ်တို့သည် အသက်ခေါက်ချိုးတက်လာ၍ မရေမတွက်တိုင်အောင် ရှည်လျားကာ ငြိမ်းချမ်းသာယာသောကမ္ဘာကြီးကို တည်ဆောက်နိုင်လာခဲ့ကြ၏။

အထက်ပါအကြောင်းအရာများမှာ ကမ္ဘာ့လူသားထုကြီးတစ်ရပ်လုံး မေတ္တာစေတ်ခန်းခြောက်၍ လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်တရားဆိုးများ အုပ်လွှမ်းသောကြောင့် လူသားထုကြီးတစ်ရပ်လုံး အချင်းချင်းသတ်ဖြတ် သေဆုံးခဲ့ကြရသည့်အကြောင်းများကို ထင်စွာပြသခြင်းဖြစ်၏။ မေတ္တာခန်းခြောက်ခြင်း၏ရလဒ်ဆိုးဟု ဆိုရ၏။

## ကမ္ဘာကြီးကို မီးလောင်ပျက်စီးရခြင်းအကြောင်းရင်း

နောက်တစ်မျိုးဆိုးကျိုးကား ကမ္ဘာကြီးတစ်ရပ်လုံးကို မီးလောင်၍ ပျက်စီးရခြင်းပင် ဖြစ်၏။ ငယ်စဉ် စာဖတ်တတ်စ၌ ဝိသုဒ္ဓိမဂ်အဌကထာကြီးကို ဖတ်ရှုရင်းက ကမ္ဘာကြီး မီးလောင်ပျက်စီးရပုံအကြောင်းများကို ကြောက်ခမန်းလိလိ ဖတ်ရှုခဲ့ရ၏။ ကာလအတော်ကြာအောင်လည်း စိတ်ထဲတွင် စွဲနေခဲ့၏။

ထို့နောက် သတ္တသူရိယသုတ် စသော ဆိုင်ရာသုတ်တော်များကို ဖတ်ရှုလာရသောအခါ ကမ္ဘာကြီး မီးလောင်ပျက်စီးရခြင်းနှင့်ပတ်သက်ပြီး သာ၍ပင် ထင်ရှားလာ၏။ ယခုအချိန်ကလည်း နေထိုင်စရာရှာမရသည်အထိပင် ကျောချမ်းသည်အထိဖြစ်လာခဲ့ရ၏။ စိတ်ထဲ၌လည်း စွဲလျက်ရှိ၏။

ကမ္ဘာကြီးမီးလောင်၍မပျက်စီးမီ နှစ်ပေါင်းတစ်သိန်းအလွန်ကပင် ကမ္ဘာကြီး မီးလောင်၍ပျက်စီးမည်ကိုသိကြသော လောကဗျူဟာ ကာမာဝစရနတ်တို့သည် ကောင်းကင်၌ လူသားတို့ မြင်လောက်ထင်လောက်

အောင် လှည့်ကာလည်ကာဖြင့် ဆံပင်ကို ဖရိုဖရဲ ဖြန့်ကြက်ဖားလျားချ လျက် ဝတ်နီကြီးကိုဝတ်ဆင်ပြီး အလွန် ဖောက်ပြန်သောရုပ်အဆင်းကို ဆောင်၍ ငိုသောမျက်နှာဖြင့် မျက်ရည်ကိုသုတ်လျက် -

"အို. . . အချင်းတို့ နောင်နှစ်ပေါင်းတစ်သိန်းကြာလတ်သောအခါ ကမ္ဘာဖျက်မိုးကြီး ရွာလတ္တံ့။ ထို့နောက် ကမ္ဘာကြီးခန်းခြောက်လာလတ္တံ့။ ကမ္ဘာကိုမှီကုန်သော သတ္တဝါအပေါင်းတို့သည် ရေကိုမရသဖြင့် ငတ်မွတ် သေကျေပျက်စီးလတ္တံ့။ မဟာသမုဒ္ဒရာကြီးလည်း ခန်းခြောက်လတ္တံ့။ ကမ္ဘာမြေထုကြီးနှင့်တကွ မြင်းမိုရ်တောင်မင်းကြီးသည်လည်း ကမ္ဘာမီးကြီးလောင်၍ ပျက်စီးလတ္တံ့။ လူပြည်၊ နတ်ပြည်နှင့်တကွ အောက်အောက်သော ဗြဟ္မာပြည်တိုင်အောင်ပင် ကမ္ဘာမီးကြီး ပျက်စီးလတ္တံ့။

အို. . . အချင်းတို့ ယခုအချိန်ကပင် မေတ္တာကို ပွားကြကုန်လော့။ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသော သူတော်ကောင်းတို့၏တရားတို့ကို ပွားများကြကုန်လော့။ မိဘတို့ကို ပြုစုလုပ်ကျွေးကြကုန်လော့။ ဆွေမျိုးတို့၏အကြီးအကဲတို့ကို ရိုသေလေးစား ဂရုဂါရဝပြုကြကုန်လော့"

. . . စသည်ဖြင့် တစ်လောကလုံးကြားလောက်အောင် ကြွေးကြော်နှိုးဆော်ကြကုန်၏။

"နေခုနစ်စင်းထွက်၍ ကမ္ဘာကြီးမီးလောင်ပျက်ရသည်"

ဟု လူတိုင်းပင် ကြားဖူးကြ၏။ ဤသည်မှာ ဗဟုသုတ ကြားဖူးနားဝ ရှိသူတို့ အတိုချုံး၍ ပြောပြကြခြင်းမျှသာ ဖြစ်၏။ စင်စစ်တွင် နေခုနစ်စင်းသည် တစ်ရက်တည်း၊ တစ်ပြိုင်တည်းထွက်ပေါ်လာခြင်း မဟုတ်ပေ။ တစ်စင်းထွက်၍ ကာလများစွာကြာပြီးမှ နောက်တစ်စင်း ထွက်ပေါ်လာခြင်း ဖြစ်၏။

ဌင်းအတိုင်း တစ်စင်းနှင့်တစ်စင်း နှစ်ပေါင်းများစွာ၊ ကာလများစွာ ကြာညောင်းလာပြီးမှထွက်ပေါ်လာပြီး ခုနစ်စင်းမြောက်တွင် ကမ္ဘာမြေထုကြီးတစ်ခုလုံး ယမ်းပုံကို မီးကျသကဲ့သို့ ဟုန်းဟုန်းတောက်လောင်ခြင်း ဖြစ်၏။ ထိုမီးတောက်သည်လည်း ကာလများစွာကြာလျက် ကမ္ဘာ့မြေထု၊

ရေထုကြီးတစ်ခုနှင့် ပြဟ္မာပြည်တိုင်အောင်၊ ပြာအတိကျအောင် လောင်ကျွမ်း၏။

ယခု နေတစ်စင်းသည်ပင် မည်မျှအထိ ပူလောင်သည်ကို သိနိုင်ကြ၍ ဒုတိယတစ်စင်းပေါ်ထွက်လာသောအခါ သတ္တဝါအပေါင်းတို့သည် ပူပြင်းသောဒဏ်၊ ရေပွက်သောဒဏ်နှင့် အစားအစာရှားပါးသောဒဏ်တို့ကို မည်မျှအထိ ခံစားကြရမည်နည်းဟု တွေးဆ၍ သိနိုင်၏။ ထို့နောက် တစ်စင်းပြီးတစ်စင်း ထပ်တိုးလာမည့်နေဒဏ်၏ဒုက္ခသည်ကား အဘယ်သို့ရှိချိမ့်မည်နည်း စသည်ဖြင့် ကမ္ဘာကြီးမီးမလောင်မီ ရှေ့အဖို့ကပင် သူ၊ ငါ အပါအဝင် သတ္တဝါတို့၏ဝဋ်ဒုက္ခကိုလည်း နားလည်နိုင်၏။

ဤသည်ကို တွေးငံတာစဉ်းစားမိသောအခါ အသိဉာဏ်ရှိသည့် လူ့ဘဝကိုရရှိနေခြင်းကပင် မိမိကိုယ်မိမိ တရားခံသဖွယ်၊ ဝဋ်ကောင်လိုတစ်မျိုး အမျိုးမျိုး တွေးတောကြောက်ရွံ့လာရ၏။ မေတ္တာပျက်ခြင်း၏ ရလဒ်ဆိုးကျိုးများကိုလည်း ပိုမို၍နားလည်လာရ၏။ မေတ္တာ၏ဆန့်ကျင်ဘက်ဖြစ်သော လောဘ၊ ဒေါသ၊ မောဟ စသော တရားဆိုးများကိုလည်း သိရှိလာ၏။

မသိသောအခါ မကြောက်တတ်လျှင်လည်း သိသောအခါ ကြောက်ရမည်သာ ဖြစ်၏။ မီးသည် ပူခြင်းသဘောရှိ၍ မသိသော်လည်း ထိမိသူတိုင်းအား လောင်၏။ ရေသည် အေးခြင်းသဘောရှိ၍ ထိမိသူတိုင်းအား အေး၏။ ဒေါသသည် မီးနှင့်တူပြီး မေတ္တာသည် ရေနှင့်တူ၏။

ထို့ကြောင့် အမှတ်တမဲ့ရှိနေတတ်လျှင် ကမ္ဘာပျက်တရားကြီးနှင့်သော်လည်း ယှဉ်ကြောက်ပြီး မေတ္တာကို ပွားများသင့်၏။ တစ်ဦးတစ်ယောက်အပေါ်၌ ထားရှိပွားများသောမေတ္တာသည်ပင် မဟာကုသိုလ်အစုအပုံကြီးကိုပေး၏။ ဈာန်သမာပတ်ကိုလည်း ဖြစ်စေ၏။ မဂ်၊ ဖိုလ်မှသည် နိဗ္ဗာန်တိုင်အောင်လည်း အကျိုးဖြစ်ထွန်း၏။ အောက်ထစ်ဆုံးအကျိုးသည်ပင် ပြဟ္မာဘုံကိုရောက်၏။

မျက်မှောက်ဘဝတွင်လည်း ကောင်းကျိုး (၁၁) မျိုးကိုရ၏။

## မေတ္တာအကျိုး(၁၁) မျိုး

၁။ ချမ်းချမ်းသာသာအိပ်ရခြင်း၊
၂။ ချမ်းချမ်းသာသာနိုးရခြင်း၊
၃။ အိပ်မက်ဆိုးမမြင်မက်ခြင်း၊
၄။ လူတို့ ချစ်ခင်မြတ်နိုးခြင်း၊
၅။ သားရဲတိရစ္ဆာန်, နတ်ဘီလူး, ပြိတ္တာတို့ ချစ်မြတ်နိုးခြင်း၊
၆။ နတ်တို့က ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ခြင်း၊
၇။ မေတ္တာပွားများသူအား မီး, အဆိပ်, လက်နက်တို့ မဖျက်ဆီးနိုင်ခြင်း၊
၈။ ပြဟ္မာပြည်သို့ရောက်ရခြင်း၊
၉။ လျင်မြန်စွာ သမာဓိရလွယ်ခြင်း၊
၁၀။ ရုပ်ဆင်းမျက်နှာကြည်လင်ခြင်း၊
၁၁။ မတွေမဝေသေရခြင်း ဟူ၍ ဖြစ်၏။

## အပြင်အဆင်

ဤစာအုပ်သည် မထူမကြီးသော်လည်း အတန်အသင့်ပြည့်စုံလုံလောက်မှုရှိသဖြင့် အားရကျေနပ်မှုရှိ၏။ ဟောတရားအနေဖြင့် အကြိမ်ကြိမ်ဟောကြားခဲ့ပြီးမှ အကြောင်းအရာအချက်အလက်များကိုလည်း သုံး၊ လေးနှစ်ကျော် စုဆောင်းပြီးမှ အကြိမ်ကြိမ်ဖတ်ရှုပြင်ဆင်ပြီး စာမျက်နှာပေါ်သို့တင်ခဲ့၏။

လူသားအချင်းချင်း ချစ်မြတ်နိုးရန်၊ သားရဲတိရစ္ဆာန်တို့ဘေးမှ လွတ်မြောက်ရန်များသာမကဘဲ လုပ်ငန်းနှင့်ပတ်သက်သော မေတ္တာမဲ့ခြင်း၊ မေတ္တာစွက်ခြင်း၊ ကောင်းကျိုး, ဆိုးကျိုးများကိုပါ ရှာဖွေစုဆောင်းပြီး ထည့်သွင်းထား၏။ မေတ္တာလွန် (မိဘနှင့် သားသမီး စသည်) ပုဂ္ဂိုလ်တို့၏

ဆိုးကျိုးများလည်း ပါဝင်၏။

ဦးစွာ ပါဠိ-မြန်မာ မေတ္တာပို့ပွားနည်းမှစ၍ လုပ်ငန်းနှင့်ပတ်သက်သော မေတ္တာ၊ အချစ်ရေး၊ အိမ်ထောင်ရေးနှင့်ပတ်သက်၍ လေးနက်မြော်မြင်ရန်လိုအပ်သော မေတ္တာအကြောင်း၊ မိဘတို့ သားသမီးများအပေါ်တွင် မချစ်တတ်, မထားအပ်သောမေတ္တာအကြောင်း၊ မိဘကိုပြစ်မှား၍ ကံကြီးထိုက်ကြသူများအကြောင်းနှင့် ဆရာ့မေတ္တာ၊ မိတ်ဆွေမေတ္တာ စသည်ဖြင့် ပထမပိုင်းတွင် ထည့်သွင်းထား၏။

ဒုတိယပိုင်းတွင် မေတ္တာအကျိုး ဓမ္မရသ (၄) ပုဒ်ဖြင့် အင်အားဖြည့်ထား၏။

တတိယပိုင်းတွင် ခမေတ္တာ၏အစွမ်းသတ္တိများ၊ မေတ္တာလေးနက်ရန် အချက်အလက်များ၊ အကြည်ဓာက် (၆) ပါး (အာရုံခြောက်ပါး) များကို ခြုံငုံ၍ မေတ္တာပို့ပွားနည်းနှင့် ဝိသုဒ္ဓိမဂ်၊ မိလိန္ဒပဉှာ စသော ကျမ်းကောင်းကျမ်းခိုင်ကြီးတို့၏ မေတ္တာပို့ပွားနည်း အဆိုအမိန့် စသည်များကို မကျဉ်းမကျယ် ထည့်သွင်းထား၏။

နောက်ဆုံးဖြစ်သည့် အပိုင်း (၄) တွင် မျက်မှောက်ခေတ် မေတ္တာအရာတွင် စံတင်ပြီး အံ့ချီးမကုန်ဖြစ်ရသည့် ပုဂ္ဂိုလ်ထူးနှစ်ပါး၏အကြောင်းကို ရသစွက်၍ ခပ်သွက်သွက်ရေးပြီး နိဂုံးအုပ်ထား၏။

ဤသည်မှာ မိတ်ဆက်ဖြစ်၍ ဤမျှသာ တင်ပြနိုင်၏။ ဆက်လက်ဖတ်ရှုခြင်းဖြင့် သာ၍ပင် ပြည့်စုံပေလိမ့်မည်။ မေတ္တာနှင့်ပတ်သက်သော အကျိုးထူးများကို ရရှိခံစားကြရလိမ့်မည်ဟုလည်း မျှော်လင့်၏။

မေတ္တာအကျိုးပွားထုံတိုး၍ကောင်းကျိုးထွေထွေရစေသောဝ် . . .

၁၃၇၁ ခုနှစ်၊ ပြာသိုလဆုတ် (၆) ရက်၊
ည (၁၁) ခွဲအချိန် (၅-၁-၂၀၁၀)

* * *

# (၁)

## ၁။ မေတ္တာပို့ရန် ပါဠိအနက်

ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ၊ (ဒုက်ခပတ်တာစ နိတ်ဒုက်ခါ)
ဘယပ္ပတ္တာစ နိဗ္ဘယာ၊ (ဘယပတ်တာစ နိတ်ဘယာ)
သောကပ္ပတ္တာစ နိသောကာ၊ (သောကပတ်တာစ နိတ်သောကာ)
ဟောန္တုသဗ္ဗေပိ ပါဏိနော၊ (ဟွန်တုသတ်ဗေပိ ပါဏိနော)

**အနက်**

**ဒုက္ခပ္ပတ္တာ** - ကိုယ်,စိတ်နှစ်ဝ ပင်ပန်းဆင်းရဲခြင်းသို့ရောက်၍နေကြကုန်သော၊ **သဗ္ဗေပိ** - ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကုန်သော၊ **ပါဏိနောစ** - သတ္တဝါအပေါင်းတို့သည်၊ **နိဒ္ဒုက္ခာ** - ဒုက္ခကင်းပ ချမ်းသာအေးမြကြကုန်သည်လည်း၊ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။

**ဘယပ္ပတ္တာ** - နှလုံးတုန်ခတ် ကြောက်လန့်ခြင်း စိတ္တုတ္တရာသ (စိတ်တုတ်တရာသ) ဘေးသို့ရောက်၍နေကြကုန်သော၊ ဝါ - ကြောက်ဖွယ်မအေး အာရမ္မဏဘေးသို့ရောက်၍နေကြကုန်သော၊ **သဗ္ဗေပိ** - ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကုန်သော၊ **ပါဏိနောစ** - သတ္တဝါအပေါင်းတို့သည်၊ **နိဗ္ဘယာ** - ဘေးရန်ကင်းပ ချမ်းသာအေးမြကြကုန်သည်လည်း၊ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။

**သောကပဗ္ဗတ္တာ** - ဉာတိ, ဘောဂ, သီလ, ဒိဋ္ဌိ ကပ်ငြိရောဂါ ငါးပါးသော ဗျသနဝင် စိုးရိမ်ပူဆွေးခြင်းသို့ရောက်၍နေကြကုန်သော၊ **သဗ္ဗေပိ**-ကြွင်းမဲ့ဉသုံ အလုံးစုံလည်းဖြစ်ကုန်သော၊ **ပါဏိနောစ** - သတ္တဝါအပေါင်းတို့သည်၊ **နိသောကာ** - စိုးရိမ်ပူဆွေးခြင်းကင်းပ ချမ်းသာအေးမြကြကုန်သည်လည်း၊ **ဟောန္တု** - မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

ပထမပိုဒ်သည် စားရေးသောက်ရေး၊ နေထိုင်ရေး၊ သွားလာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ လုပ်ငန်းဆောင်တာအရေး စသော အလုံးစုံသော စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခရောက်နေသည့်သတ္တဝါအပေါင်းတို့အား မိမိ၏ကိုယ်, စိတ်နှင့် ထပ်တူထပ်မျှ (ကျောသားရင်းသားမခြားနားဘဲ) ချမ်းသာစေလိုသောစိတ်ဖြင့် အာရုံပြုပြီး မေတ္တာပို့ခြင်း ဖြစ်သည်။

ဒုတိယအပိုဒ်သည် သတ္တဝါအပေါင်းတို့အား မီးဘေး၊ ရေဘေး၊ မင်းဘေး၊ ခိုးသူဘေး၊ မြွေ, ကင်း, ခြသေ့, ကျား, ဆင် စသော အမျိုးမျိုးသော ကြောက်ဖွယ်လန့်ဖွယ် ဘေးဘယတို့မှ လွတ်မြောက်ကင်းရှင်း၍ မိမိ၏ ကိုယ်, စိတ်နှင့် ထပ်တူချမ်းသာကြစေလိုသောစိတ်ဖြင့် အာရုံပြုပြီး မေတ္တာပို့ခြင်း ဖြစ်သည်။

တတိယပိုဒ်သည် သတ္တဝါအပေါင်းတို့အား မိဘ, ဇနီး, ခင်ပွန်း, သားသမီး, ဆွေမျိုး စသူတို့ ပျက်စီးခြင်း၊ စည်းစိမ်ချမ်းသာပျက်စီးခြင်း၊ ကိုယ်ကျင့်သီလပျက်စီးခြင်း၊ အယူဘာသာပျက်စီးခြင်း၊ ရောဂါဘယကျရောက်ခြင်း စသော ဗျသနတရားငါးပါးတို့မှ လွတ်မြောက်ကင်းရှင်း၍ မိမိ၏ကိုယ်, စိတ်နှင့် ထပ်တူချမ်းသာစေလိုသောစိတ်ဖြင့် အာရုံပြုပြီး မေတ္တာပို့ခြင်း ဖြစ်သည်။

ဤသုံးမျိုးကို ပိုင်ပိုင်နိုင်နိုင်သုံး၍ မေတ္တာပို့တတ်လျှင်ပင် အတော်လေးထိရောက်ပြီး မေတ္တာပို့ပွားခြင်းနှင့်ပတ်သက်၍ လုံလောက်သည်ဟု မှတ်ရ၏။ အသိဉာဏ်ရှိကြသော သတ္တဝါတိုင်းသည် မေတ္တာနှင့်မကင်းကောင်းသဖြင့် မေတ္တာပို့နည်းကိုလည်း တတ်သိနားလည်ထားရန်၊ ပို့တတ်ရန် ပို့ပွားနေရန်လို၏။

အထက်ပါအတိုင်း သတ္တဝါအားလုံးတို့အား အနီးအဝေး အနုအရင့် ကျော်သားရင်သားမခြားနားဘဲ မေတ္တာခံပုဂ္ဂိုလ်အား ချမ်းသာစေလိုသော စိတ်စေတနာတစ်ခုတည်းဖြင့် မေတ္တာပို့ခြင်းသည် မိမိအတွက် ရလဒ်ကို မျှော်ကိုးမရှိ (မပါ) သောကြောင့် အတ္တကင်းလျက်ရှိနေ၍ အတ္တမဲ့မေတ္တာ ဟု ဆိုရ၏။

အတ္တမဲ့လျှင် အနတ္တဟုလည်း ဆိုရသည်။ ထို့ကြောင့် အတ္တမဲ့မေတ္တာ ပို့ပွားခြင်းသည် နိဗ္ဗာန်ကို တိုက်ရိုက်အကျိုးပြု၏။ သွေးသားတော်စပ်သူ၊ ကျေးဇူးမကင်းသူတို့အား မေတ္တာပို့ပွားခြင်းမှာ ကုသိုလ်ရသည်ကား မှန်၏။ သို့သော် သွေးသားတော်စပ်ခြင်း၊ ကျေးဇူးတရား စသည်များကို ငဲ့ကွက်ခြင်း တည်းဟူသော အတ္တပါနေသောကြောင့် အနတ္တ မဖြစ်၍ နိဗ္ဗာန်ကို တိုက်ရိုက်အကျိုးမပြုပေ။

အနည်းငယ်မျှထပ်၍ရှင်းရလျှင် သားသမီး, မိဘ, ညီအစ်ကိုမောင် နှမ စသော သွေးမကင်းကြသူများ၊ ဆရာသမားများ၊ တပည့်တော်စပ်သူ များ၊ မိမိ၏လုပ်ငန်းရှင်များ၊ မိမိနှင့် အတူနေ ရပ်ဆွေမျိုး၊ ရွာဆွေမျိုး၊ ရပ်ကျိုးရွာကျိုးကိုဆောင်ရွက်နေကြသည့်လူကြီးများနှင့် အထက်မင်းအစိုးရ များ စသည်ဖြင့် ထိုထိုကျေးဇူးမကင်းသည့်ပုဂ္ဂိုလ်တို့ကို ပို့သသောမေတ္တာ သည် ကျေးဇူးတရားကို ထောက်ဆပြီး ပို့သသောမေတ္တာ ဖြစ်နေသော ကြောင့် အတ္တပါနေသည်။ အတ္တပါနေလျှင် အနတ္တ မဖြစ်။ ထို့ကြောင့် အတ္တကြီးခံနေ၍ နိဗ္ဗာန်ကို တိုက်ရိုက်အကျိုးမပြုခြင်း ဖြစ်သည်။

ထိုထိုအကြောင်းအရာများမှာ ကျမ်းဦးအဖွင့်အနေဖြင့် မေတ္တာပို့ ပွားရာတွင် အတ္တမဲ့ခြင်း၊ အတ္တပါခြင်း၊ အနတ္တမဖြစ်ခြင်း၊ တစ်နည်း မေတ္တာ ပို့ပွားခြင်းနှင့်ပတ်သက်၍ အတ္တဖြစ်ပုံနှင့် အနတ္တဖြစ်ပုံများကို အကျဉ်းမျှ ရှင်းပြခြင်း ဖြစ်၏။ ရှေ့တွင် ခိုင်ခံ့သောကျမ်းများမှ ထုတ်နုတ်၍ ဥပမာ ဥပမေယျများနှင့်တကွ ရှင်းဦးမည်။

ဤစာရေးသူသည် "အတ္တမဲ့ဒါန အသေလွတ်တရားတော်၊ အတ္တမဲ့ သီလ အသေလွတ်တရားတော်" ဟု ဒါနပေးလှူရာနှင့် သီလဆောက်တည်

ရာများတွင် အတ္တပါခြင်း၏ဆိုးကျိုး၊ အတ္တမပါခြင်း၏ကောင်းကျိုး စသည်များကို ကျမ်းအကိုးအထောက်များနှင့်တကွ အကျယ်တဝင့် ဗီစီဒီတရားလည်း ဟောခဲ့ပြီ။ စာအုပ်အနေဖြင့်လည်း စီစဉ်လျက်ရှိသည်။

သို့သော် အတ္တမဲ့သီလ အသေလွတ်တရားတော် ဗီစီဒီအခွေကို ထုတ်လုပ်ရာ၌ အသေလွတ်တရားတော် ဟူသည်ကို အဘယ်ကြောင့် ဖြုတ်ထားခဲ့ကြသည်မသိ။ အတ္တမဲ့သီလ ဟူသည်မှာ ပါဠိဖြစ်ပြီး အသေလွတ်တရားတော် ဟူသည်မှာ ထိုပါဠိ၏အနက် ဖြစ်သည်။ အဓိပ္ပာယ်မှာ အတ္တမဲ့စွာဖြင့် သီလစောင့်ထိန်းပါမှ နိဗ္ဗာန်ကိုရမည် ဟူ၍ ဖြစ်သည်။

ထို့ကြောင့် အတ္တမဲ့သီလ အသေလွတ်တရားတော် ဟူသော အမည်သည် အနက်အဓိပ္ပာယ်ပြည့်ဝ၍ အလွန်မှ တင့်တယ်ခံ့ညားပြီး လှပနေသည်။ သို့ဖြစ်၍ အသေလွတ်တရားတော်ကိုဖြုတ်လိုက်လျှင် ရှင်ဘုရင်၏ မင်းမြောက်တန်ဆာငါးပါးကိုဖြုတ်လိုက်သည်နှင့်တူ၍ ဘုရင်ဖြစ်လျက် မင်းမြောက်တန်ဆာကင်းနေလျှင် မည်သို့မျှ မတင့်တယ်တော့ပေ။

ဆန်းစစ်ဝေဖန်သောဆရာတစ်ဦးက-

"အတ္တမဲ့သီလ အသေလွတ်တရားတော် ဆိုတဲ့ဆိုင်းဟာ အင်မတန်တင့်တယ်ခံ့ညားပြီး အဓိပ္ပာယ်လည်း ပြည့်ဝပေါ်လွင်တယ်။ တကယ့်ဘုရင့်ပဲ။ အတ္တမဲ့ဒါန အသေလွတ်တရားတော်၊ အတ္တမဲ့သီလ အသေလွတ်တရားတော်တွေကို ဖြန့်ချိလိုက်ပြီးနောက် နည်းမှိုပြီး စာအုပ်နဲ့ တိပ်ခွေ အတော်များများတောင် ထွက်ပေါ်လာတာတွေ့ရတယ်။ အသေလွတ်တရားတော်ဆိုတာဖြုတ်လိုက်တော့ အတော်လေးနှိုက်မှ အဓိပ္ပာယ်ကိုသိနိုင်တော့တယ်"

ဟု စိတ်မကောင်းစွာဖြင့် လာပြီးပြောပြသွား၏။

ဤစာရေးသူကား ဗီစီဒီခွေထွက်လာသည့်အချိန်ကပင် အတော်လေး စိတ်မကောင်းဖြစ်နေမိပြီ။

ဤသည်မှာ အတ္တပါခြင်း (ရှိခြင်း) နှင့် အတ္တကင်းခြင်းအကြောင်းများကို အကျဉ်းမျှပြခြင်းဖြစ်ပြီး အလုပ်အကိုင်များနှင့်ပတ်သက်၍ လုပ်

ငန်းအပေါ်တွင် မေတ္တာထားခြင်း၊ အတ္တပါခြင်း, မပါခြင်းအကြောင်းများကို သင့်သလို ရေးသားတင်ပြဦးမည်။

❒

## လက်ဖက်နှင့် မေတ္တာစေတနာ

မေတ္တာ၏အေးမြခြင်းသည် လူ၊ နတ်၊ တိရစ္ဆာန် စသော အသက်ရှိသတ္တဝါများနှင့်သာ သက်ဆိုင်သည် မဟုတ်ပေ။ အလုပ်အကိုင် စသော သက်မဲ့ရုပ်ဝတ္ထုများနှင့်လည်း သက်ဆိုင်ပြီး မေတ္တာစာတ်လိုအပ်သည်သာ ဖြစ်၏။

မေတ္တာဓာတ်ပါသော၊ မေတ္တာဖြင့်ထုံမွမ်းထားသည့်လုပ်ငန်းများသည်သာ တိုးတက်အောင်မြင်၏။ မေတ္တာဓာတ်မပါသော လုပ်ငန်းများသည်လည်း တိုးတက်အောင်မြင်မှု နှေးကွေးနေတတ်၏။ သို့တည်းမဟုတ် ဆုတ်ယုတ်ပျက်စီးသွားတတ်၏။

မေတ္တာမပါသောလုပ်ငန်းသည် မည်သည့်လုပ်ငန်းဖြစ်စေ လောဘသက်သက်သာ ဦးစီးနေတတ်၏။ လောဘဦးစီးသောကြောင့် အတ္တလည်းဖက်လာတတ်၏။ အတ္တဖက်လာသောလုပ်ငန်းသည် ဦးစွာ ယိုင်နဲ့လာတတ်၏။ ထို့နောက် တစ်စတစ်စဖြင့် ဆုတ်ယုတ်ပျက်စီးခြင်းသို့ရောက်သွားကြရ၏။

ဦးစွာ မေတ္တာပါသော၊ သို့တည်းမဟုတ် သာမန်လောဘမျှသာရှိသောလုပ်ငန်းအချို့ကို တင်ပြလို၏။ ထိုထိုအကြောင်းများစွာတို့အထဲမှ စာရေးသူ လေ့လာမှတ်သားဖူးသော အရှိုးတောင်းလက်ဖက်အကြောင်းကို တင်ပြမည်။ အရှိုးတောင်းလက်ဖက်ပိုင်ရှင်နှင့် ရင်းနှီးကျွမ်းဝင်ပြီး ပိုင်ရှင်၏စိတ်နေသဘောနှင့်တကွ သိရှိထားသူတစ်ယောက်ပြောပြသည့်အတိုင်း တင်ပြသွားမည် ဖြစ်၏။

လက်ဖက် ဟူသည်မှာ ချက်ချင်းခူးပြီး လက်ဖက်စို၊ လက်ဖက်ခြောက်

ပြုလုပ်ရောင်းချ၍မရနိုင်ကြောင်း သိရ၏။ ရောင်းချ၍ရသည်အထိ ပြုလုပ်ရသည်မှာ လက်ဖက်စိုက ပို၍ကြာသည်ဟု ဆို၏။ ရာဝင်အိုးကြီးများနှင့် ကြာကြာနှပ်ထားနိုင်မှ ပို၍ကောင်း၏။ တချို့မှာ နှစ်နှင့်ချီ၍ပင်ကြာတတ်ကြောင်း ၎င်းကပြောပြ၏။

ကြာကြာနှပ်ထားမှ ပိုကောင်းတတ်သော်လည်း အရိုးတောင်းလက်ဖက်ကိုပြုလုပ်ကြသည့် ပိုင်ရှင်တို့မှာလည်း လက်ဖက်နှပ်ထားခြင်း၏ နှစ်ကာလကိုမယူဘဲ လက်ဖက်ကောင်းကောင်းကိုသာ အဓိကထားကြသည် ဆို၏။

ဥပမာ- လက်ဖက်ရွက်များကိုခူးယူပြီး လိုအပ်သလိုပြုလုပ်၍ (၆) လ၊ (၁) နှစ် စသည်ဖြင့်နှပ်ထားလျှင် ရောင်းပန်းဝင်သည်ဟုဆိုသော်လည်း (၆) လ၊ (၁) နှစ်ပြည့်သောအခါ ရာဝင်အိုးကြီးကိုဖွင့်ပြီး ပိုင်ရှင်လင်မယားကိုယ်တိုင် အရသာခံပြီး စားကြည့်ကြသေးသည်ဟု ဆို၏။

လက်ဖက်လုပ်ငန်းကို ကာလကြာမြင့်စွာ လုပ်ကိုင်လာခဲ့ကြသော အရိုးတောင်းလက်ဖက်ပိုင်ရှင်တို့သည် လက်ဖက်အကြောင်းကို ကောင်းကောင်းကြီးသိကြ၏။ ထို့ကြောင့် ပိုင်ရှင်လင်မယား အရသာခံစားကြည့်၍ အရသာပေါ်မှ၊ အရိုးတောင်း၏စံချိန်စံနှုန်းပြည့်ဝမှ ထုတ်ရောင်းလေ့ရှိကြောင်း ဆို၏။

စံချိန်စံနှုန်းမပြည့်မီဘဲ ထုတ်ရောင်းလေ့မရှိပေ။ ဆက်ပြီး နှပ်သင့်ကနှပ်ထားရဦးမည်ဖြစ်ပြီး ဆက်နှပ်ထား၍မှမကောင်းလျှင်လည်း စွန့်ပစ်သင့်က ပစ်လိုက်ရမည်။ ထို့ကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် အချိန်ကာလကြာမြင့်ခြင်း၊ ဆုံးရှုံးခြင်း စသည်များကို အဓိကမထားဘဲ ဝယ်ယူစားသုံးသူများ ကောင်းမွန်စွာ စားသောက်ရရေးကိုသာ အဓိကထားခြင်း ဖြစ်၏။

ဤသည်မှာ လုပ်ငန်းနှင့်ပတ်သက်၍ ဝယ်ယူစားသုံးသူများအပေါ်တွင် မေတ္တာစေတနာထားခြင်း ဖြစ်၏။ မိမိ၏ ငွေရေးကြေးရေးတည်းဟူသော စီးပွားရေးတစ်ခုတည်းကိုမကြည့်ဘဲ မိမိ၏လက်ဖက်ကောင်းမွန်ရေး၊ စားသုံးကြသူများ ကောင်းကောင်းမွန်မွန် အရသာရှိရှိ စားသောက်

ရရေးကိုသာ မေတ္တာဖြင့်ထုံမွမ်းပြီး အဓိကထားသည်။

ထိုကဲ့သို့ မေတ္တာစေတနာထားပြီး လုပ်ကိုင်လာသောကြောင့် ယခုအခါ အရီးတောင်းလက်ဖက်စို/ခြောက် ထိပ်တန်းသို့ရောက်လာခြင်း ဖြစ်၏။ ဤကဲ့သို့အောင်မြင်ပြီး ထိပ်တန်းသို့ရောက်လာခြင်းမှာ သူတို့၏မေတ္တာစေတနာကြောင့်သာဖြစ်ကြောင်း ထင်ရှား၏။

အရီးတောင်းလက်ဖက်မိသားစု၏ မေတ္တာစေတနာသည်ကား ထိုမျှဖြင့်မကသေးပေ။ ယခုအခါ သူတို့၏လက်ဖက်လုပ်ငန်းမှရရှိသော ငွေကြေးများဖြင့် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်မှာလည်း မနည်းတော့ပေ။

ဆယ်တန်းကျောင်းသူ၊ ကျောင်းသားများတွင် ဆရာဝန်၊ အင်ဂျင်နီယာဖြစ်နိုင်သည်အထိ အောင်မှတ်များများဖြင့် အောင်မြင်လာကြသော ကျောင်းသူကျောင်းသားများကိုလည်း ဆရာဝန်၊ အင်ဂျင်နီယာဘွဲ့ရသည်အထိ ကူညီထောက်ပံ့ (ပေးလှူ) နေကြသည့်အကြောင်း သိရ၏။

သို့သော်လည်း တစ်နိုင်ငံလုံးတွင်ရှိကြသည့် ဆရာဝန်၊ အင်ဂျင်နီယာလောင်းအားလုံးတို့ကို ထောက်ပံ့လှူဒါန်းခြင်းမျိုးမဟုတ်ဘဲ သူတို့မိသားစုနိုင်သလောက်အတိုင်းအတာတစ်ခုမျှသာ ဖြစ်၏။ မည်သို့ပင်ဖြစ်စေကာမူ ၎င်းတို့မိသားစုကဲ့သို့ မေတ္တာစေတနာအားကောင်းသော သူတော်ကောင်းတို့အား ဂုဏ်ယူပြီး မေတ္တာပို့ကြရမည်သာ ဖြစ်၏။ သူတို့ကဲ့သို့ မေတ္တာစေတနာထားတတ်ရန် အတုယူကြရမည်လည်း ဖြစ်၏။ တတ်နိုင်လျှင်လည်း ၎င်းတို့ကဲ့သို့ လူထုအကျိုးပြုလုပ်ငန်းများကို စိတ်စေတနာသန့်သန့်ဖြင့် လုပ်သင့်ကြပေ၏။

၎င်းနည်းတူ လုပ်ငန်းနှင့် မေတ္တာစေတနာအကြောင်းပေါင်းစပ်ပတ်သက်၍ နိုင်ငံခြားသူတစ်ယောက်၏မေတ္တာစေတနာသည်လည်း မှတ်သားထိုက်၏။ ထိုနိုင်ငံခြားသူ၏အကြောင်းသည်လည်း စီးပွားရေးလုပ်ငန်းရှင်များနှင့်ပတ်သက်နေ၍ ဆက်လက်တင်ပြဦးမည်။

# ပန်းအလှနှင့် မေတ္တာစေတနာ

သည်အကြောင်း မဂ္ဂဇင်းတစ်စောင်တွင် ဖတ်ဖူး၏။ ရောင်ပြန် မဂ္ဂဇင်းဟုထင်၏။ ကြာခဲ့ပြီဖြစ်၍ အတိအကျမမှတ်မိတော့ပေ။ အကြောင်း အရာ၏ အသေးစိတ်များကိုလည်း ပြည့်ဝကုံလုံစွာ မမှတ်မိတော့သဖြင့် ထိုအကြောင်းအရာ၏ မှတ်သားဖွယ်ရာ အချက်အလက်များကိုသာ တင်ပြ ပေတော့မည်။

အနောက်နိုင်ငံသူတစ်ဦးသည် ပြင်းထန်သောရောဂါဆိုးတစ်မျိုးကို ကာလရှည်စွာခံစားခဲ့ရ၍ ခေါင်းကဆံပင်များကျွတ်ကုန်၏။ ပြန်၍ပေါက် လာလိမ့်နိုးနှင့်စောင့်ကြည့်သော်လည်း ပေါက်မလာတော့ပေ။ ပေါက်မလာ သည့်အပြင် ကျန်ရှိနေသည့်ဆံပင်များပါ တဖြုတ်ဖြုတ်နှင့် ကျွတ်ကျလာ ကုန်၏။

သို့သော် တစ်ခေါင်းလုံးတော့ မဟုတ်။ ဗွေမှ နောက်စေ့နားနှင့် ချိုစောင်းနားအထိသာ ဆံပင်များကျွတ်ကျကုန်ခြင်း ဖြစ်၏။ အခြား ဦး ခေါင်းပတ်လည်တွင် ဆံပင်များရှိပြီး ဗွေမှ နောက်စေ့နားအထိတွင် ကွက် လပ်ကြီးဖြစ်ကာ ပြောင်ကျင်း၍နေ၏။

ထိုကွက်လပ်ကြီးကို အခြားဆံပင်များဖြင့် ဖုံးဖိကြည့်သော်လည်း မရနိုင်ပေ။ ရှိနေသောဆံပင်ကနည်းပြီး ကွက်လပ်က ပို၍ကြီးနေသည်။ ထိုကွက်လပ်ကြီးသည်လည်း ခေါင်း၏အလယ်ကိုသာ ဗဟိုပြုထားသဖြင့် ဖုံးဖိရ သာ၍ခက်၏။

အသက်အရွယ်ကငယ်ပြီး အလှမက်သူလေးဖြစ်သည့်အထဲ ခေါင်း ပြောင်မလေးဖြစ်သွားရသဖြင့် များစွာ စိတ်ထိခိုက်သွားရ၏။ မိန်းကလေး တို့၏အလှတွင် ဆံပင်သည်လည်း တစ်ခုပါဝင်သည်ဖြစ်ရာ ယခု သူမှာ ခေါင်းပြောင်မလေးဖြစ်သွားရ၍ အဘယ်မှာလျှင် အလှရှိဦးမည်နည်းဟု တွေးကာ များစွာစိတ်ညစ်သွားရ၏။ ငိုလည်းငို၏။

ထို့နောက် ဆံပင်ပြန်ပေါက်နိုင်သည် ဟူသော ဆေးများကို တစ်

မျိုးပြီးတစ်မျိုးရှာဝယ်ပြီး လူးလိမ်းပြန်သည်။ သို့သော်လည်း မရတော့ပေ။ ဆံပင်ပြန်ပေါက်မလာသည့်အပြင် ဆံပင်ပြန်ပေါက်နိုင်သည်ဟု နာမည်ကြီးသောဆေးဆီများကိုချည်း လူးဖန်များလာသောအခါ ထိုခေါင်းပြောင်နေရာသည် အရေပြားများတင်းချောပြီး အညိုရောင်ထကာ အရောင်ပါတောက်ပြောင်လာသဖြင့် ပို၍ပင် အရုပ်ဆိုးလာလေ၏။

သို့သော်လည်း လက်မလျှော့သေးဘဲ ဆံပင်အလှပြင်ဆိုင်များကိုသွားပြီး ပြင်ဆင်ပြန်၏။ မည်မျှအထိပင် အလှပြင်သော်လည်း အကြောင်းမထူးတော့ပေ။ ပြောင်နေသောအကွက်က ခေါင်းတစ်ခုလုံးတွင် တစ်ဝက်သာသာမျှ နေရာယူထား၍ လက်ရှိဆံပင်များကို ဖြန့်ကဲပြီး ဖုံးအုပ်ရုံနှင့်မလုံဘဲ လူမြင်သာထင်သာပင် ရှိနေလေ၏။

ထို့နောက် သူ့နည်းသူ့ဟန်ဖြင့် တစ်စုံတစ်ခုကို စဉ်းစားပြန်သည်။ ဆံပင်ကဲ့သို့မည်းနက်သော အဝတ်စတစ်ခုကို ပန်းပြုလုပ်ပြီး ဆံထိုးနှင့်ကုပ်၍ ဖုံးအုပ်ထားလျှင် အထိုက်အလျောက် အဆင်ပြေနိုင်သည်ဟု စိတ်ကူးရလာ၏။ သူ့စိတ်ကူးကို ချက်ချင်းအကောင်အထည်ဖော်၏။

မည်းနက်သောအဝတ်စတစ်ခုကို ပန်းပွင့်ကြီးကြီးပြုလုပ်ပြီး ဆံထိုးဖြင့်ကုပ်၍ ခေါင်းပြောင်ကိုဖုံးအုပ်လိုက်၏။ ထိုအခါ ဆံပင်များပြောင်ကျင်းနေသည်ကို ဖုံးအုပ်ထားသည်ဟု မထင်ရဘဲ အဝတ်စတစ်ခုဖြင့် ဖန်တီးထားသော ပန်းအလှတစ်ပွင့် ပန်ထားသကဲ့သို့သာ လှပတင့်တယ်နေ၏။

သို့မှ ဆံပင်များကျွတ်ကုန်၍ အလှပျက်နေသော သူ၏ခေါင်းပြောင်နေရာကို အစားထိုး၍ရလာသည်ကို ဘဝင်ကျပြီး ထိုက်သင့်သောကျေနပ်မှုကိုလည်း ရလာခဲ့၏။ ဆံပင်နှင့်အရောင်တူသော အဝတ်စကိုလည်း နှင်းဆီပန်းကဲ့သို့ အထပ်ထပ်ပြုလုပ်ကာ ဆံထိုးနှင့်ကုပ်ထားသဖြင့် တော်ရုံဖြင့်ပြုတ်မကျဘဲ ကွက်ပြီးခေါင်းပြောင်နေသည်ကိုလည်း ဘေးလူများမမြင်နိုင်ကြတော့ပေ။

ထို့နောက် ပန်းပွင့်နှင့်ပိုပြီးတူအောင် ပန်းပွင့်တို့၏သဘာဝအတိုင်း

အတွင်းနှင့်အပြင်ကို အရောင်အနည်းငယ်မျှကွဲပြားမှုရှိသည့်ပုံမျိုးကိုလည်း ပေါ်လွင်စေရန် အရောင်ကွဲပြားမှုမဆိုစလောက်ရှိသောအဝတ်စများဖြင့် ရောစပ်၍ ဖန်တီးထားလိုက်ပြန်သည်။

အလှမက်သူဖြစ်သည့်အလျောက် အရာရာကို အလှအပများနှင့်သာ ပြုပြင်ခြယ်သနေလေ့ ရှိ၏။ ယခု အဝတ်စပန်းပွင့်ကိုလည်း အရောင်များ ထည့်လိုက်၍ ပိုပြီးလှပတင့်တယ်သွားလေ၏။ ထိုပန်းပွင့်ကိုပန်လိုက်သော အခါတွင်လည်း သူ၏ခေါင်းပြောင်နေသည်ကို ဖုံးလွှမ်းရုံသာမကဘဲ သူ့ အတွက် အလှကျက်သရေကိုပါ တိုးလာလေ၏။

ထို့နောက် သူ စဉ်းစားသည်။ သူကဲ့သို့ ခေါင်းပြောင်နေကြသော မိန်းကလေးများလည်း များစွာပင် ရှိကြပေလိမ့်မည်။ ထိုမိန်းကလေးများ လည်း သူကဲ့သို့ပင် ခေါင်းပြောင်နေရခြင်းနှင့်ပတ်သက်၍ စိတ်ညစ်နေကြ ပေလိမ့်မည်။ သို့ဖြစ်၍ ထိုမိန်းကလေးများအတွက်လည်း ခေါင်းပြောင်ကို ဖုံးပြီး သူကဲ့သို့ အလှတိုးစေသောပန်းပွင့်ကလေးများ ဝေငှရလျှင် ကောင်း မှာပဲဟု တွေးသည်။

ထိုအတွေးကိုလည်း မကြာမီပင် အကောင်အထည်ဖော်လိုက်၏။ ခေါင်းပြောင်ဖြစ်နေကြသော မိန်းကလေးများအား လိုက်လံစုံစမ်းပြီး သူ ပြုလုပ်ဖန်တီးထားသော အဝတ်စပန်းပွင့်ကလေးများအား လိုက်၍ဝေငှ ပေးကမ်းလိုက်၏။

အဝတ်စပန်းပွင့်ကလေးများကို ပြုလုပ်ဖန်တီးပြီး ခေါင်းပြောင် မိန်းကလေးများအား လိုက်လံပေးကမ်းနေရင်းက သိပ်ပြီးမကြာမီပင် သူ့ အားလည်း တုံ့ပြန်၍ အကျိုးပေးလာလေ၏။ မေတ္တာစေတနာ၏ ရောင် ပြန်ဟပ်လာခြင်း ဟူ၍ပင် ဆိုရမည်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ခေါင်းမပြောင်ဘဲ လှချင်နေကြသော မိန်း ကလေးများကပါ သူတို့လည်း ပန်ဆင်ရန်အတွက် အဝတ်စပန်းပွင့်ကလေး များကို တစ်ယောက်ပြီးတစ်ယောက် မှာယူလာကြ၏။ မှာယူသူများ တစ်ဖ တစ်စနှင့်များပြားလာ၍ လက်မလည်နိုင်အောင်ပင် လုပ်ရောင်းလာရ၏။

ထို့နောက် ဆိုင်ဖွင့်ရသည်အထိ အရောင်းသွက်လာ၏။ ထို့နောက် ဆိုင်များကို တိုးချဲ့ရာမှ ကုမ္ပဏီထူထောင်ရသည်အထိ ကျယ်ပြန့်လာ၏။ နာမည်ကြီးလာခဲ့သည်နှင့်အမျှ သူသည်လည်း အဝတ်စပန်းပွင့် ပြုလုပ်ရောင်းချ၍ အတော်လေးပင် ချမ်းသာကြွယ်ဝလာခဲ့၏။

ထို့နောက် သူသည် နေရာတိုင်းတွင် တစ်ဖက်သားတို့အား မေတ္တာထားခြင်း၊ စေတနာရှေ့သွားရှိခြင်းအလျောက် လုပ်ငန်းများနှင့်ပတ်သက်၍ တစ်မျိုးတစ်ဖုံ စဉ်းစားလာပြန်သည်။ ကုမ္ပဏီလုပ်ငန်းများကို တစ်ခုပြီး တစ်ခု တိုးချဲ့ခဲ့သလို မေတ္တာစေတနာများကိုလည်း တိုးချဲ့ရန် အကြံရလာခြင်းဖြစ်၏။

ကုမ္ပဏီအတော်များများနှင့် ဆိုင်ခန်းများ တည်ထောင်ထားရာ၌ အုပ်ချုပ်သူမန်နေဂျာမှစ၍ ဝန်ထမ်းများစွာရှိကြ၏။ မိမိ ယခုကဲ့သို့ ကြီးပွားချမ်းသာလာခြင်းမှာ သူတို့၏ကျေးဇူး အပြည့်အဝပါဝင်နေ၏။ ထို့ကြောင့် သူတို့ကိုလည်း ကျေးဇူးတုံ့ဆပ်သည့်အနေဖြင့် လစာငွေထက်များသော ငွေကြေးကို ရရှိခံစားစေလိုလာ၏။

သို့ဖြစ်၍ ၎င်းတို့အားလည်း လစာငွေထက်ပိုသော၊ များသောလစာငွေအစား အမြတ်ငွေထဲမှ ဝေစုခွဲပေးဦးမည်ဟုဆုံးဖြတ်ကာ ရာခိုင်နှုန်းဖြင့် ပေးကမ်းလေသည်။ ဤကဲ့သို့ပေးဝေလိုက်ခြင်းဖြင့် သူ့မှာ အမြတ်ငွေများ ပဲ့သွားသော်လည်း သူ၏ဝန်ထမ်းများကား သူ၏မေတ္တာစေတနာကြောင့် မြိုးမြိုးမြက်မြက်ရရှိကြ၏။

ရာခိုင်နှုန်းဖြင့်ပေးသည်ဟုဆိုရာ၌ ဥပမာ- အမြတ်ငွေ (၃၀) ရာခိုင်နှုန်းကိုထုတ်နုတ်၍ မန်နေဂျာမှစပြီး အောက်ဆုံးဝန်ထမ်းအထိ သူ့အဆင့်နှင့်သူ ခွဲဝေပေးခြင်းသာ ဖြစ်သည်။ ထိုအခါ သူ၏မေတ္တာစေတနာများ ရောင်ပြန်သက်ရောက်လာသည်မှာ အံ့ဖွယ်ပင်ကောင်းလေ၏။

အဘယ်ကြောင့်ဆိုသော် ဝန်ထမ်းအားလုံးသည် လကုန်လျှင် လစာငွေရမည်ဟူသောစိတ် ခေါင်းထဲမှထွက်သွားပြီး ရောင်းအားကောင်းလေ၊ ဝေစုများများရလေ ဟူသော အသိသာ ရှိလာကြ၏။ သို့ဖြစ်၍ ကုမ္ပဏီ

ဝန်ထမ်းအားလုံးတို့သည် ကိုယ်ပိုင်လုပ်ငန်းကဲ့သို့ သဘောထားပြီး မခို မကတ် ကြိုးစားလာကြသဖြင့် အမြတ်အစွန်းသည် နဂိုထက် အဆပေါင်း များစွာ ပိုတက်လာ၏။

ဤကိစ္စနှင့်ပတ်သက်၍ သူလည်း သုံးသပ်မိသည်။ သူသာ ယခင် အတိုင်း လှေကြီးထိုးသွားနေခဲ့လျှင် လှေကြီးမျောတိုင်းသာမျော၍သွားနေ ပေလိမ့်မည်။ ယခု မိမိက ဝန်ထမ်းများအား စေတနာထား၍ ဝေစုထား ပြီး ပေးကမ်းလိုက်ခြင်းကြောင့် ဝန်ထမ်းများ၏တုံ့ပြန်သောမေတ္တာစေတနာ သည် သူ့အား ဘဝမခြား အကျိုးပေးလေပြီဟု ပြတ်ပြတ်သားသား နား လည်လိုက်၏။

ထို့ကြောင့် ထိုစည်းမျဉ်းစည်းကမ်းအတိုင်းပင် လုပ်ငန်းများကို တစ်ခုပြီးတစ်ခု တိုးချဲ့လာရာမှ နောက်ဆုံးတွင် သူ၏အဝတ်စပန်းပွင့်များ သည် ကမ္ဘာသို့တိုင် ပျံ့နှံ့သွားသဖြင့် ယခုအခါ သူသည်လည်း ကမ္ဘာတွင် ဒုတိယသူဌေးဖြစ်သွားကြောင်း မှတ်သားရ၏။

ဤသည်ကို သတ္တုချပြီး အနှစ်ထုတ်ကြည့်လျှင် ဆိုအမျိုးသမီးသည် သူကဲ့သို့ ခေါင်းပြောင်နေကြသူတို့အား အဝတ်စပန်းပွင့်နှင့်ဖုံးအုပ်ခြင်းဖြင့် သက်သာရာရစေရန် မေတ္တာစေတနာထားရာမှ စီးပွားရေးလမ်းပွင့်လာခဲ့ သည်။ ထိုစီးပွားရေးလမ်းကိုလည်း သူဖွင့်ခဲ့သည်မဟုတ်ဘဲ သူ၏မေတ္တာ စေတနာကသာ ဖွင့်ပေးခဲ့သည်ဟု ဆိုရမည်။

သူက အဝတ်စပန်းပွင့်များကို အခမဲ့လုပ်ပေးနေရင်းက မှာယူသူ များပြားလာသောကြောင့် လုပ်ငှားနှင့်လုပ်ကိုင်ပေးနေရသည်ကိုငဲ့၍ အ ဝတ်စပန်းပွင့် မှာယူသူများက ဈေးဖြတ်ပေးလာကြရာမှသာ ဈေးပေါက်ပြီး စီးပွားရေးလုပ်ငန်းဖြစ်လာခဲ့ရ၏။ စီးပွားရေးလုပ်ငန်းဖြစ်လာခဲ့သော်လည်း သူကား လောဘမတက်ခဲ့ပေ။ သင့်တင့်သောဈေးနှုန်းဖြင့်သာ ရောင်းချပေး ခြင်းဖြစ်၏။ ထို့ကြောင့် လူတန်းစားမရွေး၊ အလွှာစုံ အားလုံး ဝယ်ယူသုံးစွဲ ပန်ဆင်လာနိုင်ကြသဖြင့် ကမ္ဘာကျော်သည်အထိ ကျယ်ပြန့်တိုးတက်လာ ရခြင်း ဖြစ်၏။

လုပ်ငန်း၏အတွင်းကျသောဝန်ထမ်းအားလုံးတို့အားလည်း ကြီးပွား စေလိုသောမေတ္တာစေတနာဖြင့် ဝေစုခွဲပေးလိုက်သဖြင့် ၎င်းတို့၏မေတ္တာ စေတနာများ ရောင်ပြန်ထင်ဟပ်ပြီး အထောက်အကူပြုလာ၍လည်း တစ်စ ထက်တစ်စ တိုးတက်ပြီး ကမ္ဘာသို့တိုင် ကျယ်ပြန့်လျက် သူသည် ကမ္ဘာ့ ဒုတိယသူဌေးအဆင့်သို့ရောက်ရှိလာရခြင်း ဖြစ်၏။ လုပ်ငန်းရှင်အားလုံးတို့ အတုယူဖွယ်ပင်ဖြစ်၏။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တိုးတက်အောင်မြင်ရေး တွင်လည်း မေတ္တာစေတနာသည် ထိပ်တန်းကပါဝင်နေသည်မှာ ထင်ရှား နေပေ၏။ သို့ဖြစ်၍ မိမိတို့မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်းတို့အားလည်း မည်သည့်စီးပွားရေးလုပ်ငန်းတွင်ဖြစ်စေ မေတ္တာစေတနာစွက်ရန် များစွာ လိုအပ်ကြောင်း တင်ပြလိုက်ရ၏။

## ဦးစိုးကြီး (ကွမ်းယာ) နှင့် မေတ္တာစေတနာ

စာရေးသူသည် ၂၀၀၅ ခုနှစ် ဆောင်းဦးရာသီတွင် တနင်္သာရီ တိုင်း မြိတ်မြို့သို့ လေးရက်တာမျှ ရောက်ခဲ့ဖူး၏။ ထိုအချိန်က မြို့ထဲတွင် တည်းခိုရန် အသိဘုန်းကြီးကျောင်းမရှိ၍ မြိတ်မြို့ ကြောင်ငယ်ရပ်ကွက်တွင် ရှိသည့် ဦးစိုးကြီး (ကွမ်းယာ) ၏ လေးထပ်တိုက်အပေါ်ဆုံး ဖန်လုံတိုက် ခန်းတွင် တည်းခိုခဲ့ရ၏။

ထိုအချိန်က ဤစာရေးသူသည် ဦးဇဝန (မေတ္တာရှင်ရွှေပြည်သာ) ၏ ရန်ကုန်မြို့ ရွှေပြည်သာ (၆) ရပ်ကွက် မန္တလေးကျောင်းတိုက်ဘွင် တိုက်အုပ် တရားပြတာဝန်ကိုယူနေချိန်ဖြစ်၏။ ဦးဇဝနက မြိတ်တစ်ကြော တွင် တရားဟော၊ တရားပြရင်း မြိတ်မြို့နှင့် ကော့သောင်းမြို့များတွင် လည်း ကျောင်းများတည်ဆောက်နေချိန် ဖြစ်၏။

ထို့ကြောင့် အလှူအတန်းကိုဝါသနာပါသော ဦးစိုးကြီး (ကွမ်းယာ)

နှင့် သိကျွမ်းခဲ့၍ ဦးစိုးကြီး(ကွမ်းယာ) ရန်ကုန်ရောက်သောအခါ မန္တလေးကျောင်းတိုက်သို့လည်း ရောက်တတ်သဖြင့် စာရေးသူနှင့်လည်း အတော်အတန်သိကျွမ်းနေဖူး၏။ သို့သော်လည်း ဦးစိုးကြီး(ကွမ်းယာ)၏အကြောင်းကိုမူ သိဖူးခြင်းမရှိပေ။

ယခု မြိတ်မြို့သို့ရောက်ပြီး ၎င်း၏နေအိမ်တွင် တည်းခိုဖူးမှ ဦးစိုးကြီး(ကွမ်းယာ)၏အကြောင်းကို အထိုက်အလျောက် သိလာရ၏။ ဦးစိုးကြီး၏အကြောင်းဆိုသည်မှာ အခြားမဟုတ်။ ဦးစိုးကြီး၏နောက်မှ တွဲပါနေသည့် ကွမ်းယာအကြောင်းပင် ဖြစ်၏။

ဦးစိုးကြီး(ကွမ်းယာ)သည် ယခုအခါ မြိတ်မြို့၌ ကြီးပွားချမ်းသာနေသော်လည်း ၎င်း၏ဇာတိမှာ ရန်ကုန် သာကေတ ဒေါပုံသား ဖြစ်၏။ ငယ်စဉ်အခါက ခပ်ပေပေသဘောလည်း ရှိဟန်တူ၏။ တဇောက်ကန်းလည်း အတော်အတန်နိုင်ပုံရ၏။ စူးစမ်းလေ့လာခြင်းလည်းရှိ၏။

ထို့ကြောင့် သူသည် ရန်ကုန်မြို့၌ မွေးဖွားကြီးပြင်းခဲ့သော်လည်း စားကျက်ရှာဖွေရင်းက မြိတ်တစ်ကြောသို့ရောက်သွား၏။ မြိတ်တစ်ကြောတွင် အတော်အတန် ကျင်လည်ပြီးနောက် နယ်ကျွံကာ တစ်ဖက်နိုင်ငံအတော်များများကိုလည်း ရောက်သွားသေး၏။ နယ်ကျွံခဲ့သည့်နှစ်ကာလများ မနည်းခဲ့ပေ။

သို့သော်လည်း ဘာမှဖြစ်မလာခဲ့။ ဆင်းရဲပင်ပန်းခြင်း၊ ဒုက္ခရောက်ခြင်းများသည်သာ အဖတ်တင်ခဲ့၏။ သာမန်ဆင်းရဲဒုက္ခများအပြင် အသက်ဘေးနှင့်ရင်ဆိုင်ခဲ့ရသည့် အကြိမ်များပင်မနည်းခဲ့။ နောက်ဆုံးတွင် တပ်ခေါက်၍ မြိတ်မြို့သို့ပင် ပြန်ရောက်လာခဲ့၏။

မြိတ်မြို့သို့ပြန်ရောက်လာရာတွင်လည်း ရင်းနှီးပြီးစားသောက်ရန် ငွေကြေးမရှိသဖြင့် ကွမ်းဗန်းကို လည်ပင်းဆွဲခဲ့ရ၏။ လမ်းဘေးကွမ်းယာလျှောက်ရောင်းသည့်လုပ်ငန်းသည် ဂုဏ်မရှိသော်လည်း ငွေရမြန်၏။ များများမရသော်လည်း နည်းနည်းဖြင့်သွက်၏။ ဆူလွယ်၊ နပ်လွယ် ငွေရှာနည်းဟုဆိုရမည်ပင် ဖြစ်၏။

ဦးစိုးကြီး(ကွမ်းယာ)ဖြစ်လာမည့် မောင်စိုးကြီးအနေဖြင့်လည်း ကွမ်းယာရောင်းရသည်ကို ဝါသနာပါ၍မဟုတ်။ ဆူလွယ်၊ နပ်လွယ်သဘောဖြင့် ကောက်လုပ်ခြင်းသာ ဖြစ်၏။ မောင်စိုးကြီးကား ကြီးပွားချင်၏။ ချမ်းသာချင်၏။ သူဌေးဖြစ်ချင်၏။ အထက်တန်းကျကျနေထိုင်ပြီး မွန်မြတ်သောလုပ်ငန်းဖြင့် အသက်မွေးကာ လူချင်တန်းချင်၏။ ပေးကမ်းထောက်ပံ့ချင်၏။ ဤသည်မှာ မောင်စိုးကြီး၏ ဖြစ်ချင်သောအရာများချည်း ဖြစ်၏။

ထို့ကြောင့် နိမ့်သောကွမ်းယာရောင်းခြင်း စသည့် ငွေရနည်းသောအလုပ်များကိုလုပ်ကိုင်ရန် မည်သည့်အခါမျှ စိတ်ကူးမရှိခဲ့ပေ။ နိမ့်သောအလုပ်ဖြင့် အသက်မွေးရန် စိတ်ကူးမရှိ၍လည်း ရန်ကုန်မှ နယ်ကျွံကာ မြိတ်သို့ လည်းကောင်း၊ ထိုမှ အာရှတစ်ကြောသို့ လည်းကောင်း ခြေဆန့်ခဲ့ဖူးခြင်း ဖြစ်၏။

သို့သော်လည်း အပင်မသန်၍ အသီးလည်းမသန်ခဲ့။ မကောင်းမှုဖြင့်လည်း အသက်မမွေးလို။ ကောင်းရောင်းကောင်းဝယ်ဖြင့် ရင်းနှီးပြီး လုပ်ကိုင်စားသောက်ရန် ငွေကြေးလည်း မရှိ။ ထို့ကြောင့် ဒုံရင်းသို့ပြန်ရောက်လာရခြင်း ဖြစ်၏။ ကွမ်းဗန်းကို လည်မှာဆွဲရသည့်အဖြစ်၌သာ တည်လာခဲ့၏။

ကွမ်းယာရောင်းရသောလုပ်ငန်းသည်လည်း မတ်တတ်စာအနေဖြင့် သိပ်ပြီးမဆိုးလှပေ။ အရင်းနည်းနည်းဖြင့် ငွေပေါ်လည်းမြန်သည်။ ဆူလွယ်၊ နပ်လွယ်အလုပ်များတွင် မတ်တတ်စာသမားများအနေဖြင့် လုပ်သင့်သောအလုပ်တစ်မျိုးသာ ဖြစ်သည်။

မောင်စိုးကြီးအနေဖြင့် ဆူလွယ်၊ နပ်လွယ်ဖြစ်သော မတ်တတ်စာအလုပ်သမားအနေဖြင့် ကွမ်းယာလုပ်ငန်းကိုသာ လုပ်လိုခဲ့လျှင် ဇာတိရန်ကုန်မှာပင် အလွယ်တကူလုပ်ကိုင်၍ ရနိုင်ခဲ့သည်။ ဇာတိမြေဖြစ်၍ ကွမ်းယာရောင်းချရေးအတွက် ဖန်တီးရာတွင်လည်း ဘာမှအခက်အခဲရှိမည်မဟုတ်။

ရန်ကုန်သည် မြိတ်မြို့နှင့်မနိုင်းသာအောင် လူဦးရေထူထပ်များပြား

၍ လက်ရှိမြိတ်မြို့တွင် ကွမ်းယာရောင်းချရသည်ထက် အဆများစွာ ပို၍လည်း အမြတ်ရနိုင်သည်။ ဤသည်ကို ယခင်ကပင်လည်းသိ၏။ ယခုလည်းသိ၏။ သိလျက်နှင့် ယခုကွမ်းဗန်းကိုလွယ်နေရခြင်းမှာ ဆိုခဲ့သည့်အတိုင်း အခြားလုပ်ငန်းတစ်ခုကိုလုပ်ကိုင်ရန် အရင်းအနှီးမရှိ၍ ဖြစ်၏။

သို့သော် မောင်စိုးကြီးသည် အကျိုးပေးမသန်၍ ကြံဖန်ပြီး သူဆင်းရဲအဖြစ်ဖြင့် ကွမ်းဗန်းကိုလွယ်နေရသော်လည်း စိတ်ရင်းအနေဖြင့် စေတနာကောင်းထား၏။ တဖောက်ကန်းနိုင်ပြီး တစ်ဇွတ်ထိုးလုပ်တတ်သော်လည်း မကောင်းမှုကိုရှောင်ပြီး ကောင်းမှုများကိုသာဆောင်လိုသူ ဖြစ်၏။

ထို့ကြောင့် သီလသမာဓိကို အပြည့်အဝဆောက်တည်ကာ အလှူကြီးအတန်းကြီးများကို ပေးလှူနိုင်ခြင်းမရှိသည့်အဆုံး လက်ရှိ ကွမ်းဗန်းလွယ်နေရင်းကပင် စိတ်ကောင်းမွေး၍ စေတနာကောင်းထားရန် ဆုံးဖြတ်လိုက်၏။

ကွမ်းယာကိုစားသုံးသူတို့ ကောင်းမွန်စွာစားနိုင်ကြစေရန်အတွက် အကောင်းဆုံးဖြစ်အောင် ဖန်တီး၏။ ဤကိစ္စသည်လည်း ထင်သလောက်မလွယ်ပေ။ ကွမ်းရွက်၊ ကွမ်းသီး၊ ထုံးနှင့် အခြား အဆာပလာများကိုဝယ်ယူရာ၌ အကောင်းဆုံးနှင့် အသန့်ပြန့်ဆုံးကိုချည်း ရနိုင်သည်မဟုတ်ဘဲ ကွမ်းရွက်အနွမ်း၊ ကွမ်းသီးအပုပ် စသည်ဖြင့် သန့်စင်၊ ထုတ်ပစ်ရန် အပြစ်အနာအဆာများ (၂၀) ရာခိုင်နှုန်းခန့် ပါဝင်နေပေ၏။

ဤသည်များကို မူလဝယ်ယူစဉ်ကပင် သန့်စင် ပယ်နုတ်၍လည်း မရ။ ဖောက်သည်ဆိုင်ကြီးများ၏ပင်မစည်းကမ်းအတိုင်း ဖြန့်ခင်းရောင်းချနေသည်ကို ကြိုက်လျှင်ယူ၊ မကြိုက်လျှင်မယူနှင့်ဆိုသည့်အတိုင်းသာ ဖြစ်သည်။ တစ်ခွန်းဆိုင်ဆိုသည့်အတိုင်းသာ ဖြစ်သည်။

ဤသည်မှာ ၎င်းတို့၏ မရိုးသားသော အကျပ်ကိုင် စည်းကမ်းဆိုးတစ်ခုဟုသိသော်လည်း ရှောင်လွှဲရန်ခက်၏။ ဆိုင်တိုင်းလိုလိုက ထိုအတိုင်းသာ ကျင့်သုံးနေကြ၏။ အကောင်းကြားတွင် အဆိုးကိုကျပ်ညှပ်၍ ရောင်းချနေကြ၏။

ထို့ကြောင့် မတတ်သာသည့်အဆုံး သူတို့ရောင်းနေကြသည့်အတိုင်းသာ ဝယ်ယူရ၏။ မောင်စိုးကြီးအနေဖြင့်လည်း သူတို့ မရိုးမသားသလို၊ မရိုးသားသည့်စည်းကမ်းကို သဘောတူစွာလိုက်ပြီး အကောင်းများကြားတွင် မကောင်းမသန့်သည့် ကွမ်းရွက်၊ ကွမ်းသီး စသော အဆာပလာများကို ကျပ်ညှပ်ရောင်းချလျှင် ရနိုင်သည်သာ ဖြစ်၏။

သို့သော်လည်း မောင်စိုးကြီးကား ထိုကဲ့သို့ မရိုးသား မသန့်စင်သည့်အလုပ်ကို လုပ်လိုစိတ် မရှိပေ။ ရိုးသားဖြောင့်မတ်ပြီး သန့်ရှင်းသော အလုပ်ဖြင့်သာ အသက်မွေးလို၏။ ထို့ကြောင့် ၎င်းတို့၏စည်းကမ်း၊ မရိုးသားသည့်အသက်မွေးခြင်းကိုမပြုဘဲ ဖြောင့်မှန်ပြီး သန့်ရှင်းသည့် မူလစိတ်ရင်းစေတနာကိုသာ အရင်းတည်ရန် ဆုံးဖြတ်လိုက်၏။

ဤသည်မှာလည်း ထင်သလောက် လွယ်ကူသည့်ကိစ္စ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မောင်စိုးကြီးအနေဖြင့် ကွမ်းရွက်၊ ကွမ်းသီး စသော လိုအပ်သည့်အမည်များကို များများစားစားလည်း ဝယ်နိုင်ခြင်း မရှိ။ တတ်နိုင်သမျှ ဝယ်ယူထားသည့်အထဲက (၂၀) ရာခိုင်နှုန်းကိုလည်း ရွေးထုတ်သန့်စင်လိုက်ရ၍ အမြတ်ရမည့် သုံးပုံနှစ်ပုံနီးပါး ပါသွားလေပြီ။

ကွမ်းယာရောင်းချခြင်းသည် အမြတ်များသည်မှာ မှန်သော်လည်း ထိုအမြတ်ထဲမှ သုံးပုံနှစ်ပုံနီးပါး ပါသွား၍ မရှုံးရုံတစ်မည်သာ ကျန်တော့သည်။ မိမိအနေဖြင့်လည်း ဆိုခဲ့သည့်အတိုင်း ရိုးသားဖြူစင်စွာဖြင့်သာ လုပ်ကိုင်ပြီး အသက်မွေးချင်သည်။ ဖြူစင်စေရေးအတွက် သန့်ရှင်းလိုက်သောအခါတွင်လည်း အမြတ်က မဆိုစလောက်သာ ကျန်တော့၏။

ထို့ကြောင့် မောင်စိုးကြီး စဉ်းစားသည်။ ရိုးသားစွာဖြင့်ပင် အသက်မွေးမည်လော၊ 'ဒီခေတ်က ဒီလိုပဲ' ဟု မရိုးသားသူတို့၏ဆိုရိုးစကားနှင့် အညီပင် ရခဲလှသောလူ့ဘဝကို မရိုးမသားစွာဖြင့် အသက်မွေးမည်လော။

ထိုအခါ ပင်ကိုစိတ်ထားလေးသည် ကောင်းသောဘက်က ရပ်တည်၏။ မည်မျှပင် ဆင်းရဲနွမ်းပါးသည်ဖြစ်စေ ကောင်းမြတ်ဖြောင့်မှန်သောဘက်ကသာ ရပ်တည်မည် ဟူ၍ ဖြစ်၏။

ထို့ကြောင့် မောင်စိုးကြီးလည်း သန်းခေါင်ထက်ညဥ့်မနက် ဟူသော ဆုံးဖြတ်ချက်ဖြင့် သန့်ရှင်းဖြူစင်သော အသက်မွေးမှုဘက်ကရပ်တည်ပြီး စခန်းသွားရန်ကိုသာရွေးချယ်ပြီး သူ၏ကွမ်းယာကို ဝယ်ယူစားသုံးကြသူများ ကောင်းမွန်စွာ စားသုံးနိုင်ကြစေရေးကိုသာ ဦးစားပေးပြီး ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ကွမ်းစားဆေး စသော မပါမဖြစ် လိုအပ်သည့် ကွမ်းယာပစ္စည်းများကို အတတ်နိုင်ဆုံး ကောင်းအောင်စီမံပြီး ရောင်းချလေ၏။

မောင်စိုးကြီးသည် လက်ရှိတွင် ကွမ်းယာသမားဖြစ်နေသော်လည်း ဇာတိရန်ကုန်သားဖြစ်ပြီး နယ်ကျယ်လာခဲ့သည်လည်းဖြစ်ရာ အတွေ့အကြုံအတော်များများကိုလည်း ရရှိထား၏။ ထို့ကြောင့် ကံရှိရုံဖြင့်လည်း မခိုင်ခံ့၊ ဉာဏ်ရှိရုံဖြင့်လည်း မအောင်မြင်။ ထိုကံနှင့် ဉာဏ်တို့ကို မေတ္တာစေတနာတို့နှင့် ရောနှောပေါင်းစပ်၍ဖော်ဆောင်မှ အောင်မြင်နိုင်မည်ဟု အသိမှန်ဖြင့် နားလည်ထား၏။

သို့ဖြစ်၍ မောင်စိုးကြီးသည် လက်ရှိကွမ်းယာရောင်းနေရခြင်းမှာ လုပ်ငန်းအားလုံးတို့၏ အနိမ့်ဆုံးအဆင့်တွင်ရှိနေသော်လည်း မည်သည့်အခါမျှ လျှော့မတွက်ခဲ့ပေ။ ငွေကို ရသမျှ လိုချင်သည်မှာ မှန်သော်လည်း လုပ်ငန်းအောင်မြင်မှ ငွေများများရရှိမည်ကို ကောင်းစွာနားလည်ထား၏။

ထို့ကြောင့် မရိုးသား မသန့်စင်သည့်နည်းဖြင့် ငွေရရှိရေးကို ဘေးဖယ်ထားပြီး ရိုးသားဖြူစင်စွာဖြင့် မေတ္တာစေတနာကိုရှေ့ထားပြီး ကွမ်းယာကိုသာ ကောင်းသည်ထက်ကောင်းအောင် ကြိုးစားစီမံလေ၏။ ကွမ်းယာနှင့်ပတ်သက်သော လေးညှင်း၊ ဖာလာ၊ အာမွှေး စသည်များကိုလည်း အတတ်နိုင်ဆုံးကောင်းအောင်ချည်း သုံး၏။

## "ငွေလိုချင်၍ အလုပ်မလုပ်နှင့်၊ အလုပ်လုပ်၍သာ ငွေယူပါ"

ဦးစွာ ထုံးကိုကောင်းအောင်လုပ်၏။ ကွမ်းယာသည့်အခါတွင်လည်း ကိုယ်တိုင်စားကြည့်ပြီး ကွမ်းသီး၊ ကွမ်းစားဆေး၊ အာမွှေးနှင့် လေးညှင်း၊ ဖာလာ စသည်များကို အစပ်တည့်အောင်ထည့်၏။

ထို့ကြောင့် ပင်ကို ကွမ်းရွက်၊ ကွမ်းသီးနှင့် ဆေးထုံး၊ လေးညှင်း၊ ဖာလာ စသည်များ သန့်ရှင်းကောင်းမွန်သည့်အပြင် အရာရာကို အစပ်တည့်အောင်မွှမ်းမံဖန်တီးထားသဖြင့် သူ၏ကွမ်းယာကို လူကြိုက်များလာပြီး ကွမ်းသမားတို့၏အာရုံစိုက်ခြင်းကိုလည်း ရရှိလာခဲ့၏။

ကွမ်းသမားများ အာရုံစိုက်မိလာကြသည်နှင့်အမျှ ကွမ်းယာသည်လည်း ရောင်းအားတက်လာ၏။ လက်မလည်အောင်ပင် ရောင်းချလာရ၏။ ထို့နောက် ကွမ်းယာဆိုင် ဟူ၍လည်း အတည်တကျဖွင့်လာနိုင်၏။

ထိုအခါ ကွမ်းရွက်၊ ကွမ်းသီး စသော အောက်ပစ္စည်းများကို ဖယ်ထုတ်လိုက်ရ၍ ဆုံးရှုံးမှုများကိုလည်း ရောင်းအားတက်လာခဲ့သည်နှင့်အမျှ အစားထိုးနိုင်လာ၏။ ထို့ကြောင့် သူ၏မေတ္တာစေတနာများကို တစ်ဆင့်တိုးမြှင့်ပြီး ကွမ်းစားသူတို့ ထုံးသတ္တိကြောင့် ဆီးကျောက်တည်တတ်သည့်ဘေးမှ ကင်းဝေးကြစေရန်အတွက် သံပရာသီးကို ကတ်ကြေးဖြင့်ညှပ်၍ အနည်းငယ်မျှစီ ထည့်ပေး၏။

မောင်စိုးကြီး၏ ရိုးသားဖြူစင်ခြင်း၊ စိတ်ကောင်းစေတနာထားခြင်း၊ မေတ္တာတရားထုံမွမ်းခြင်း စသည်တို့ကို ကွမ်းသမားများသိရှိနားလည်လာကြ၍ အားပေးသူ ပိုမိုများပြားလာသဖြင့် ရောင်းအားသည်လည်း အံ့မခန်းတိုးတက်လာ၏။

ထို့ကြောင့် ဆိုင်ခန်းများကို ဟိုမှာဒီမှာ ထပ်မံတိုးချဲ့ပြီး ဆိုင်ခန်းတစ်ခန်းတွင် ကွမ်းယာရောင်းသမား သုံးယောက်မှ ငါးယောက်အထိ ခန့်ထားပေးလာရ၏။ ဆိုင်ခန်းတိုင်းတွင် ကွမ်းယာသမား သုံးယောက်မှ ငါးယောက်အထိခန့်ထားပေးသော်လည်း ထိုလူအားလုံး ရပ်နားရခြင်းမရှိအောင်ပင် ရောင်းအားတက်လာခဲ့၏။

သူ၏မေတ္တာစေတနာ၏စွမ်းအားများ ရောင်ပြန်ဟပ်ပြီး ထက်ဝက်အကျိုးပေးလာခြင်းပင် ဖြစ်၏။

ကွမ်းယာကို ဘူးနှင့်ဆောင်ပြီး စားသုံးကြသောလူများသည် မောင်စိုးကြီး၏ကွမ်းယာကိုစားဖူးပြီးနောက် အခြားကွမ်းယာများမတိုးတော့ဘူး

ဟုဆိုကာ သူတို့၏ အခြားဆိုင်များမှဝယ်ယူ၍ ဘူးနှင့်ဆောင်ယူလာကြသောကွမ်းယာများကိုထုတ်ပြီး စွန့်ပစ်ခဲ့ကြသဖြင့် ဆိုင်ရှေ့တွင် မြောင်းနှင့်အပြည့်ဖြစ်လာ၏။ ထို့ကြောင့် ဆိုင်သိမ်းတိုင်း တောင်းနှင့်ကောက်ထည့်ပြီး ပစ်နေရသည်မှာလည်း အလုပ်တစ်ခုလိုဖြစ်လာနေ၏။

နောင်တွင် မြောင်းထဲသို့ပစ်မချကြရန် ဆိုင်၏ဘေးနား၌ တောင်းနှစ်လုံးကို ဟိုဘက်တစ်လုံး၊ ဒီဘက်တစ်လုံးချပေးထားပြီး စွန့်ပစ်မည့်ကွမ်းယာများကို ထိုတောင်းများတွင်ထည့်ကြရန် ပြောထားရ၏။ ဆိုင်သိမ်းပြီးမှ အလုပ်သမားများက ထိုတောင်းကိုကောက်ထမ်းပြီး လွတ်ရာကျွတ်ရာကို သွားပစ်ကြရ၏။

ဤမျှလောက်ဆိုလျှင်ပင် မေတ္တာစေတနာပါသော မောင်စိုးကြီး၏ ကွမ်းယာ မည်မျှအထိ တွင်ကျယ်ပြီး အရောင်းသွက်နေသည်ကို သိနိုင်၏။ မြင်သာထင်သာလည်းရှိ၏။ မောင်စိုးကြီး၏ကွမ်းယာ ဤမျှအထိ တွင်ကျယ်ပြီး အရောင်းသွက်လာရခြင်းမှာ ဆိုခဲ့သည့်အတိုင်း မေတ္တာစေတနာကြောင့်သာဖြစ်ကြောင်းလည်း ထင်ရှား၏။

အမြတ်ကျန်ရေး၊ ငွေရရှိရေးကို အဓိကမထားဘဲ ကွမ်းယာစားကြသူများအား ကောင်းကောင်းစားစေလိုသော သူ၏မေတ္တာစေတနာက ဦးစီးလိုက်သဖြင့် အဆပေါင်းများစွာသောအကျိုးပေးတို့သည် မောင်စိုးကြီးအား ဝိုင်းရံပံ့ပိုးကြလေ၏။

ထို့ကြောင့် ရှေ့ကဆိုခဲ့သည့်အတိုင်း လူ၊ နတ်၊ အပါယ် စသော သက်ရှိများမှာသာ မေတ္တာလိုအပ်သည် မဟုတ်၊ အလုပ်အကိုင်အားလုံးမှာလည်း မေတ္တာစေတနာ လိုအပ်၏။ မေတ္တာစေတနာပါသည့်လုပ်ငန်းတို့သည် သန့်ရှင်းစင်ကြယ်သောတွန်းအားဖြစ်သောကြောင့် တိုးတက်အောင်မြင်သည်ချည်းသာ ဖြစ်၏။

စီးပွားရေးလုပ်ငန်းရှင်တိုင်း သတိပြုကြရာ၏။

ယခုအခါ သူသည်လည်း (မောင်စိုးကြီးမှာ) အသက်ငါးဆယ်ကျော်၍ ဦးစိုးကြီး ဟူသော နာမဝိသေသနကိုရရှိနေပြီ ဖြစ်၏။ ကွမ်းယာရောင်း

သောလူကြီးတစ်ယောက်အဖြစ် လူသိလည်း များ၏။ ကွမ်းယာရောင်း သမားဖြစ်သည့်အလျောက် ၎င်းကို ဦးစိုးကြီးဆိုရုံနှင့်မသိကြဘဲ ဦးစိုးကြီး (ကွမ်းယာ) ဟု ကွမ်းယာကိုပါထည့်ပေးမှလည်း သိကြ၏။

တနင်္သာရီတိုင်း မြိတ်မြို့ ကြောင်ငယ်ရပ်ကွက်တွင် လေးထပ်တိုက် ကြီးဖြင့် 'ရန်ကုန် ဦးစိုးကြီး (ကွမ်းယာ)' ဟု ထင်ရှားလျက်ရှိ၏။ တနင်္သာရီ တိုင်းတွင် တနင်္သာရီမြို့မှ အစဉ်အတိုင်း ဟိုဘက်အစွန် ကော့သောင်းမြို့ တိုင်အောင် ဦးစိုးကြီး(ကွမ်းယာ)ဟုဆိုလျှင် မသိသူမရှိသလောက်အောင် ပင် ထင်ရှား၏။

သူသည် ယခုအခါ အသက်အရွယ်ရလာခဲ့သည်နှင့်အမျှ စိတ်ရင်း မှန်ပြီး သဒ္ဓါသန်သူလည်းဖြစ်သည့်အလျောက် 'ဦးစိုးကြီး(ကွမ်းယာ)မိသားစု တို့ကလှူဒါန်းသည်' ဟူသော ဆိုင်းဘုတ်အတော်များများကိုလည်း တွေ့လာ ရ၏။

သူသည် စိတ်ရင်းစေတနာနှင့် ဖြောင့်မတ်သောသဒ္ဓါတရား ဦးစီး သည့်ပုဂ္ဂိုလ်ဖြစ်သည့်အလျောက် ထင်ရှားကျော်ကြားမှုကို အလိုမရှိဘဲ တကယ့် မရှိမဖြစ်လိုအပ်နေသောနေရာများမှာသာ ရွေးလှူသည်ကိုလည်း တွေ့ရ၏။

အများအားဖြင့် တည်ဆောက်စကျောင်းတိုက်ကြီးများတွင် လည်း ကောင်း၊ ပရဟိတကျောင်းတိုက်များတွင် လည်းကောင်း၊ အတန်းကျောင်း များတွင် လည်းကောင်း မရှိမဖြစ်လိုအပ်သည့် အဆောက်အအုံများကိုသာ ဆောက်လုပ်လှူလေ့ ရှိ၏။

ဤစာရေးသူသည် ၂၀၀၉ ခုနှစ်၊ နှစ်ဆန်းပိုင်းက မြိတ်မြို့သို့ရောက် သွား၏။ ဘုရားကိုင်ရပ်ကွက်၊ အောင်မြေရတနာကျောင်းတိုက်တွင် တည်း ၏။ အောင်မြေရတနာကျောင်းတိုက်၏ဟိုဘက်တွင်လည်း တရားပွဲကြီး တစ်ပွဲ ကျင်းပလျက် ရှိ၏။ ထိုတရားပွဲတွင် ပရဟိတကျောင်းတိုက်ကြီးတစ် တိုက်ကို ဦးစီးပဲခာန နာယကပြုသော ဆရာတော်တစ်ပါး ကြွရောက်ပြီး တရားဟော၏။

ထိုဆရာတော်သည် အလျဉ်းသင့်၍ ပရဟိတကျောင်းတိုက်ကြီး၏ အကြောင်းကိုထည့်ဟောရာ၌ ဦးစိုးကြီး(ကွမ်းယာ)အကြောင်းသည်လည်း ပါလာ၏။ သူ၌ စာသင်ဆောင်များမပြည့်မစုံဖြစ်နေရချိန်တွင် ဦးစိုးကြီး (ကွမ်းယာ) က သိန်း (၁၀၀) ကျော်တန် ကျောင်းဆောင်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းလိုက်၍ များစွာ အဆင်ပြေသွားရသည့်အကြောင်း၊

ကျောင်းဆောက်လုပ်လှူဒါန်းရန် လာရောက် လျှောက်ထားစဉ်က အလှူရှင်မှာ ကွမ်းယာရောင်းသမားတစ်ယောက်ဖြစ်နေ၍ တတ်နိုင်လျှင် ငါးသောင်း၊ တစ်သိန်းအပြင် မပိုနိုင်ကြောင်း လျှောက်တွက်ခဲ့မိရာမှ ယခု အခါ သိန်း (၁၀၀) ကျော်တန် ကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်း လိုက်၍ များစွာအံ့ဩသွားရသည့်အကြောင်းများကိုပါ ထည့်စွက်၍ ဟော ကြားသွားသည်ကို ကိုယ်တိုင်ကြားလိုက်ရသောကြောင့် ဤစာရေးသူလည်း သာဓုအကြိမ်ကြိမ်ခေါ်လိုက်ရ၏။

မူလကပင် ဦးစိုးကြီး(ကွမ်းယာ)၏ သဒ္ဓါ၊ စေတနာနှင့် အတ္တမဖက် လိုအပ်ရာတွင် ရဲရဲကြီးလှူသင့်သော ဖြောင့်မှန်သည့်စိတ်ကို သိထား၍ များစွာအံ့ဩခြင်းတော့ မဖြစ်မိခဲ့ပေ။

ထို့ကြောင့် မည်သည့်လုပ်ငန်းတွင် ဖြစ်စေ ကြီးပွားအောင်မြင်ခြင်း ၏အကြောင်းရင်းသည် ကိုယ်ကျိုးအတ္တမကြီးသော မေတ္တာစေတနာကသာ အဓိကကျ၏။ ငွေလိုချင်၍ အလုပ်လုပ်သည်ထက် အလုပ်လုပ်ပြီးမှ ငွေယူ သည်ကသာ အကောင်းဆုံး၊ အသာဆုံးဖြစ်သည်ကို စီးပွားရေးလုပ်ငန်းများ စွာတို့အထဲတွင် သိပ်ပြီးမပြောလောက်ဘဲ အနိမ့်ဆုံးနေရာမှာသာရှိနေသည့် ဦးစိုးကြီး(ကွမ်းယာ)က သက်သေခံနေပေ၏။

# မေတ္တာမဖက် လောဘတက်၍

ပိုင်ရှင်ကိုယ်တိုင် ယခုတင်ပြမည့်အကြောင်းကို ပြောပြသွား၏။ သို့သော်လည်း တင်ပြလာခဲ့သည့်အကြောင်းအရာများကဲ့သို့ အောင်မြင်သည့်လုပ်ငန်းမဟုတ်ဘဲ ပျက်စီးဆုံးရှုံးသွားရသည့်အကြောင်းအရာဖြစ်နေ၍ ပိုင်ရှင်တို့၏နာမံနှင့် နေရပ်လိပ်စာများကို ပြည့်စုံစွာ ရေးသားတင်ပြလျှင် ကာယကံရှင်တို့အား ကဲ့ရဲ့ရှုတ်ချသကဲ့သို့ဖြစ်မည်စိုး၍ အကြောင်းအရာကိုသာ ရေးသားတင်ပြမည် ဖြစ်၏။

သူတို့မောင်နှမတစ်စုသည်ကား ရည်မှန်းချက်ကြီးသူများ ဖြစ်ကြ၏။ ခေတ်စနစ်ကိုလည်း အထိုက်အလျောက်နားလည်ကြ၏။ သူတို့နားမလည်ကြသည်မှာ သမလောဘနှင့် ဝိသမလောဘအကြောင်းကိုပင် ခွဲခြားစိတ်ဖြာပြီး နားမလည်ကြခြင်း ဖြစ်၏။ နားမလည်ခြင်းသည်ကား ဆိုးကျိုးကိုသာ၍ပင်ဖြစ်စေနိုင်၏။

သူတို့မောင်နှမတို့သည် လုပ်ငန်းသုံးခုကို တစ်ခုပြီးတစ်ခု စတင်လုပ်ကိုင်ရန် စီစဉ်ကြ၏။ ထိုလုပ်ငန်းသုံးခု၏လိုအပ်ချက်၊ ဖော်စပ်မှုကုန်ကြမ်းနှင့် အချိုးအစားနည်းလမ်းများကိုလည်း လေ့လာ၍ ကောင်းစွာ နားလည်ထားကြ၏။

လုပ်ငန်းသုံးခုဟူသည်မှာ ခြင်ဆေးခွေ၊ အမွှေးတိုင်၊ သနပ်ခါး ဟူ၍ဖြစ်၏။ ဝန်ကျဉ်းကျဉ်းဖြင့် လူသုံးများသောကုန်ပစ္စည်းလုပ်ငန်းမျိုး ဖြစ်၏။ ဤသုံးမျိုးတွင် ခြင်ဆေးခွေကို စတင်လုပ်ကိုင်ရန် စီစဉ်ကြ၏။

သုံးမျိုးစလုံးကို တစ်ပြိုင်တည်းလုပ်ကိုင်ရန် ဆန္ဒရှိကြသော်လည်း အရင်းအနှီးငွေကြေးကား မရှိပေ။ အရင်းအနှီးသည် သိပ်ပြီးမများဟုပြောနိုင်သော်လည်း နည်းလည်းမနည်းဟုဆိုရမည် ဖြစ်၏။

အထိုင်ချပြီး အောင်မြင်သောလုပ်ငန်း တစ်စုံတစ်ခုကိုမျှမပြနိုင်ဘဲ ငွေရှာ၍လည်း မရနိုင်ပေ။ ထို့ကြောင့် သူတို့စီစဉ်ထားကြသည့် လုပ်ငန်းသုံးမျိုးစလုံးသည် အောင်မြင်လာနိုင်သည်ဟု ယုံကြည်နေကြသည့်တိုင်

အောင် အရင်းအနှီးမလိုက်နိုင်၍ ခြင်ဆေးခွေကိုသာ စတင်လုပ်ကိုင်ရန် ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်၏။

ခြင်ဆေးခွေလုပ်ငန်းတစ်မျိုးတည်းကို စတင်လုပ်ကိုင်ကြမည့် ငွေကြေးသည်ပင် ပြည့်စုံစွာမရှိသေး၍ မိဘအမွေဆိုင်ခြံနှင့်အိမ်ကြီးကိုရောင်းပြီး ရရှိလာသည့်အရင်းအနှီးဖြင့် စ,ကြရ၏။

ဦးစွာ ရန်ကုန်မြို့ ဆင်ခြေဖုံးတစ်နေရာ၌ မြေတစ်ကွက်ဝယ်ပြီး စတင်လုပ်ကိုင်ကြ၏။ ထိုအချိန်က ခြင်ဆေးခွေအမျိုးအမည် သိပ်ပြီးမများသေး၍ သူတို့လက်ဖြစ် ခြင်ဆေးခွေကို စတင် ဖြန့်ချိလိုက်ကြရာ သိပ်ပြီးမကြာမီပင် လူသုံးများလာလေ၏။ လူသုံးများလာသည်နှင့်အမျှ ဝင်ငွေလည်း ကောင်းလာ၏။

ထို့ကြောင့် အလားအလာကောင်းသည်ကိုတွက်ဆမိ၍ လုပ်ငန်းနှစ်နေရာ ထပ်မံတိုးချဲ့လိုက်ကြ၏။ လုပ်ငန်းကျယ်လာ၍ အလုပ်သမားအတော်များများကိုလည်း လိုက်ရှာခန့်ထားကြရ၏။ သို့သော်လည်း သူတို့မှာ လုပ်ငန်းအတွေ့အကြုံကား မရှိကြပေ။

ထို့ကြောင့် လုပ်ငန်းအတွေ့အကြုံမရှိခြင်း၊ လုပ်ငန်းနှင့်ဆက်စပ်ပတ်သက်၍ မေတ္တာစေတနာမထားတတ်ခြင်း၊ အောင်မြင်မှုဒဏ်ကိုမခံနိုင်ခြင်း၊ အုပ်ချုပ်မှုပညာမရှိခြင်းတို့ကြောင့် သူတို့၏ခြင်ဆေးခွေလုပ်ငန်းသည် ဆက်လက်အောင်မြင်စွာဖြင့် ရပ်တည်နိုင်ရန် ခဲယဉ်းလာ၏။

အကြောင်းမှာ သူတို့သည် ခြင်ဆေးခွေလုပ်ငန်းမှရလာသော ငွေကြေးများကိုသာ သုံးဖြုန်းနေကြပြီး ခြင်ဆေးခွေလုပ်ငန်းကိုမူ သိပ်ပြီးအာရုံမစိုက်ကြတော့ပေ။ လုပ်ငန်းခွင်သို့ ဒီနေ့ အစ်ကိုကြီးသွားလိမ့်မည်၊ နောက်နေ့တွင် အစ်မကြီးသွားလိမ့်မည်၊ ညီလေးသွားလိမ့်မည်။ ညီမလေး သွားလိမ့်မည် စသည်ဖြင့် လုပ်ငန်းသုံးနေရာလုံးမှာ အလုပ်သမားများနှင့်သာ စခန်းသွားနေရ၏။

နောက်အကြောင်းတစ်ခုမှာ အလုပ်သမားအချင်းချင်းလည်းမတည့်ကြပေ။ အစ်ကိုကြီးခန့်ထားသောအလုပ်သမားနှင့် အစ်မကြီးခန့်ထားသော

အလုပ်သမား မတည့်ကြသလို ညီမလေးနှင့် ညီလေးခန့်ထားသောအလုပ်သမားအချင်းချင်းလည်း အဆင်မပြေရှိလာကြ၏။

သူက အစ်ကိုကြီးလူ၊ ငါက အစ်မကြီးလူ၊ နောက် ညီလေးလူ၊ ညီမလေးလူ စသည်ဖြင့် အလုပ်သမားအချင်းချင်း အလုပ်ရှင်တို့ကို လက်ကိုင်တုတ်လုပ်ပြီး ထောင်လာကြ၏။ စောင်းမြောင်းပြီး ရန်ဖြစ်လာကြ၏။ နေရာယူပြီးလည်း ဗိုလ်လုလာကြ၏။

ညီအစ်ကိုမောင်နှမ လေးယောက်တွင် တစ်ယောက်ယောက်က အတိအကျ အုပ်ချုပ်ရေးတာဝန်ကိုမယူဘဲ သူတစ်ဖုံ ငါတစ်မျိုး ညွှန်ကြားနေကြသဖြင့် အလုပ်သမားများမှာလည်း မည်သူ့စကားကို နားထောင်ပြီး လိုက်နာရမှန်းမသိဖြစ်ကာ မတည်မငြိမ်ဖြစ်လာကြ၏။ လုပ်ငန်းတစ်ခုကို အောင်မြင်သည်အထိ ထူထောင်နိုင်ခဲ့ကြသော်လည်း အုပ်ချုပ်မှုပညာမရှိသည်ကို ဖော်ပြနေခြင်းသဘောပင် ဖြစ်၏။

ထို့အပြင် သူတို့လုပ်ငန်းအောင်မြင်နေပြီဟုဆိုကာ ဆေး ်သည့်အထဲက ဆေးပေါင်းများကို လျှော့လိုက်သဖြင့် သူတို့၏ခြင်ဆေးခွေသည် အာနိသင်လျော့ကျသွားရပြန်လေ၏။ ထို့နောက် အလုပ်သမားများကခိုးပြီး ထပ်လျှော့လိုက်ကြရာ ပို၍ပင်ဆိုးသွားလေ၏။ ပိုင်ရှင်များက လုပ်ငန်းကို မျက်နှာလွှဲသကဲ့သို့ နှစ်ရက်၊ သုံးရက်ကြာ၍မှ တစ်ခေါက်လာမကြည့်ကြသဖြင့် ဖြစ်ချင်တိုင်းဖြစ်နေရလေသည်။

နောက်ဆုံးတွင် သူတို့ခြင်ဆေးခွေသည် မီးခိုးသာထွက်ပြီး အနံ့မပါတော့ပေ။ ထို့ကြောင့် ခြင်မပြေး၍ လူမသုံးတော့သဖြင့် သူတို့ခြင်ဆေးခွေလုပ်ငန်းသုံးခုလုံး ရပ်ဆိုင်းသွားရ၏။

သူတို့၏ အောင်မြင်စပြုလာနေသောခြင်ဆေးခွေလုပ်ငန်းကြီး ရပ်ဆိုင်းသွားရခြင်းမှာ လုပ်ငန်းများအကြောင်းကို တတ်သိနားလည်သော်လည်း အုပ်ချုပ်ရေးပညာမရှိ၍ အလုပ်သမားများ ကမောက်ကမဖြစ်လာရခြင်း၊ မိမိ၏ပစ္စည်းနှင့်ပတ်သက်ပြီး သုံးစွဲသူတို့အပေါ် မေတ္တာစေတနာမထားခြင်း၊ အမြတ်အစွန်းရရှိရေးကိုသာကြည့်တတ်သော လောဘအတ္တ

ဖက်ခြင်းကြောင့် သူတို့၏ အောင်မြင်နေသော ခြင်ဆေးခွေလုပ်ငန်းကြီး တစ်ခုလုံး ရပ်ဆိုင်းသွားရခြင်း ဖြစ်၏။

အလုပ်သမားအားလုံးတို့အပေါ်တွင် သူ့လူ၊ ကိုယ့်လူ ဟူ၍ ခွဲခြားခြင်းမျိုးကိုမပြုဘဲ သူ့အဆင့်နှင့်သူ၊ သူ့နေရာနှင့်သူ အုပ်ချုပ်တတ်ပြီး သုံးစွဲသူတို့အပေါ်တွင် မေတ္တာစေတနာထားကာ အမြတ်အစွန်းရရှိရေးတည်းဟူသော လောဘအတ္တကို တတ်နိုင်သမျှလျှော့ပြီး လုပ်ကိုင်ပါမူ ထို့ထက်အဆများစွာ တိုးတက်လာမည်မှာ မလွဲပေ။ အရှိန်ရနေပြီဖြစ်၍ လောဘအတ္တကို တတ်နိုင်သမျှလျှော့ပြီး မေတ္တာစေတနာသာစွက်လိုက်လျှင် အမြင့်ဆုံးတစ်နေရာသို့ပင် ရောက်သွားနိုင်၏။

ထို့ကြောင့် နိုင်ငံနှင့်အဝန်းတွင် အောင်မြင်ကျော်ကြားနေကြသည့် လုပ်ငန်းကြီးများ ရပ်ဆိုင်းသွားလေ့ရှိကြသော အဓိကလက်သည်မှာ အထက်တွင်ဆိုခဲ့သည့် အုပ်ချုပ်ရေးပညာနည်းပါးခြင်း၊ မိမိ၏ပစ္စည်းကို ဝယ်ယူသုံးစွဲသူများ၏အပေါ်တွင် မေတ္တာစေတနာမထားခြင်း၊ အမြတ်အစွန်းများများရလိုသော လောဘအတ္တကြီးခြင်းတို့ကြောင့်သာ အဖြစ်များလေ၏။

ထိုအားနည်းချက်သုံးခုကို အနှစ်ထုတ်ကြည့်လျှင်လည်း မေတ္တာစေတနာသည်သာ အဓိကကျ၏။ သုံးစွဲသူတို့အား မေတ္တာစေတနာထားပြီး မိမိ၏ပစ္စည်းများကို ကောင်းသည်ထက်ကောင်းအောင် ထုတ်လုပ်မည် ဆိုပါလျှင် ရောင်းအားတက်လာသည်နှင့်အမျှ အမြတ်ဝင်ငွေသည်လည်း များလာမည်သာ ဖြစ်၏။

ရောင်းအားတက်လာလေ အမြတ်ငွေကို လျှော့သင့်၏။ ရောင်းအားတက်နေလျှင် အမြတ်ငွေကိုလျှော့သော်လည်း မရှုံးသည့်အပြင် ရောင်းအားတက်နေသည့်အရေအတွက်ပေါ်တွင်မူတည်ပြီး အမြတ်ငွေလည်း တိုးတက်နေမည်သာ ဖြစ်၏။

တချို့ အောင်မြင်စပြုနေသော၊ အောင်မြင်နေပြီးသော လုပ်ငန်းရှင်များ လာရောက်ဝယ်ယူအားပေးကြသူတို့အား အပိုလက်ဆောင်၊ အမှတ်တရပစ္စည်း စသည်များ ပေးကမ်းဝေငှနေကြသည်ကို အတုယူသင့်၏။

ထိုကဲ့သို့ အပိုလက်ဆောင်နှင့် အမှတ်တရပစ္စည်းများကို ပေးကမ်းဝေငှနေကြခြင်းနှင့်ပတ်သက်၍ မေတ္တာစေတနာရောင်ပြန်ဟပ်ပြီး အမှတ်တရဖြစ်စေခြင်း၊ တစ်နည်းအားဖြင့် ကြော်ငြာကမ်းလိုက်ခြင်းသဘောသက်ရောက်သည်ကိုလည်း မမေ့သင့်ပေ။

* * *

## ၂။ အချစ် နှင့် မေတ္တာ

ဤစာအုပ်ကို စတင်ရေးသားစဉ်က ဒီအကြောင်းကိုထည့်သွင်းရန် စိတ်ကူးမရှိခဲ့ပေ။ လောက ခမ္မနှစ်ရပ်တွင် အဓိကဘာသာရေးကိုသာဦးစား ပေးရန် ဖြစ်၏။ ထို့နောက် လုပ်ငန်းများနှင့်ပတ်သက်၍လည်း လိုအပ်မည် ထင်၍ အထိုက်အလျောက်ရေးသားရန် စီစဉ်ခဲ့၏။ ထို့နောက် ရှေ့က တင်ပြခဲ့သည့်အကြောင်းအရာများကို စတင်ရေးသားလာခဲ့၏။

ဤစာရေးသူ၏စာဖတ်ပရိသတ်အချို့သည် စာအုပ်၊ စာစောင်ထွက် လာမှ လာရောက်ဖတ်ရှုသူများရှိကြသလို ရေးနေဆဲအခါ၌ စာမူကြမ်းများ ကို တစ်ခန်းပြီးတစ်ခန်း၊ တစ်မူပြီးတစ်မူ ကောက်ဖတ်နေကြသူများလည်း ရှိကြ၏။ ထိုမူကြမ်းဖတ်သူများက ဤ 'အတ္တမဲ့မေတ္တာ' စာမူကို တစ်ခန်းပြီး တစ်ခန်း ဖတ်ရှုလာကြရင်း စီးပွားရေးလုပ်ငန်းများနှင့် မေတ္တာစေတနာ များအကြောင်းကို ဖတ်ရှုလာရသောအခါတွင် အထက်တွင် ခေါင်းစီးပေး ထားသောအဆိုကိုလည်း တင်ပြလာကြ၏။ အချစ်နှင့်မေတ္တာအကြောင်း ကိုလည်း ထည့်ရေးသင့်ကြောင်း တိုက်တွန်းလာကြ၏။ ကုန်ကြမ်းနှင့် အ ကြောင်းအရာများကိုလည်း ပြောပြသူများ ရှိလာကြ၏။

ထို့ကြောင့် စာရေးသူလည်း တစ်အောင့်ကြာမျှ စဉ်းစားရင်းက အချစ်နှင့် မေတ္တာအကြောင်းကို ထည့်သွင်းလျှင်လည်း သင့်မည်ထင်၍ လက်ခံလိုက်၏။ ထို့ကြောင့် ဒီအကြောင်းအရာသည်လည်း ဤစာအုပ် တွင် တစ်ခန်းတစ်ကဏ္ဍပါဝင်လာရကြောင်း ယခုကဲ့သို့ မိတ်ဆက်လိုက် ရ၏။

အချစ်နှင့် မေတ္တာအကြောင်းကိုရေးလျှင် လူငယ်များကသာ စ, ရပေလိမ့်မည်။

လူငယ်များ ဟူသည်မှာ အသက် (၁၄၊ ၁၅) နှစ်မှသည် (၁၉၊ ၂၀) နှစ်အရွယ်များကိုယူလျှင် သင့်မည် ထင်သည်။ ထိုအရွယ်များသည် အချစ်နယ်ပယ်ကို စတင်စူးစမ်း ခြေချတတ်သောအရွယ်များ ဖြစ်သည်။

သို့သော်လည်း ၎င်းတို့သည် နုနယ်သောအရွယ်ဖြစ်၍ စဉ်းစားဆင်ခြင်မှု နည်းကြ၏။ အချစ်ရေး ဟူသည်မှာ အိမ်ထောင်သည်ဘဝတစ်ခုလုံး၏ပထမခြေလှမ်း ဟူ၍ကား သိချင်မှသိကြပေလိမ့်မည်။ မသိနိုင်ရှိတတ်သောကြောင့်လည်း အချစ်ရေးကို အပျော်တမ်းသဘောထားကြသည်က များတတ်သည်။

'အသီးတစ်ရာ၊ အညှာတစ်ခု' ဟူ၍လည်း ရှေးစကားရှိသည်။

စင်စစ်တွင် အညှာတစ်ခုတည်း၌ အသီးသည်လည်း တစ်လုံးတည်းသာရှိသင့်၏။ အညှာတစ်ခုတွင် အသီးတစ်လုံးတည်းရှိသည်က သာ၍သင့်၏။ အညှာတစ်ခုတည်း၌ အသီးများစွာကို ချီမ,နိုင်ရန်ခဲယဉ်းသည်။ ချီမ,ခြင်းကိုမတတ်နိုင်လျှင် အညှာပါ ပျက်စီးသွားနိုင်သည်။

အညှာတစ်ခုတည်းတွင် အသီးသည်လည်း တစ်လုံးတည်းသာရှိလျှင် ပျက်စီးရန်အကြောင်းမရှိဟု ဆိုနိုင်သည်။ သဘာဝမှ၌လည်း အကျွမ်းဝင်လျက်သာ ဖြစ်၏။ ထို့ကြောင့် အချစ်ကိုလည်း အပျော်တမ်းမထားသင့်ဟု ဆိုချင်၏။ အပျော်တမ်းထားခြင်း၏ဆိုးကျိုးသည် ပြုပြင်ရန်ခက်၏။

အသီးများသောအညှာလေးများ တန်ဖိုးလျော့ကျသွားတတ်သည်ကို များစွာပင် တွေ့ဖူး၊ ကြားဖူး၏။ အဆင့်နိမ့်သည် ဖြစ်စေ၊ အဆင့်မြင့်သည် ဖြစ်စေ အသီးများခဲ့ဖူးသော အညှာကလေးများသည် အနည်းနှင့်အများ တန်ဖိုးလျော့ကျတတ်သည်သာ ဖြစ်၏။

အကြောင်းမသိ၍ ပေါင်းမိသွားကြလျှင်လည်း အနာဂတ်တွင် အမာရွတ်ထင်နေတတ်၏။ စိတ်အမာရွတ်သည် ရုပ်အမာရွတ်ထက် များစွာ

နက်ရှိုင်း၏။ ကာလရှေ့နောင်း၍ အကြောင်းမသင့်သောတစ်ချိန်မှာ အစိတ်စိတ်အမြွာမြွာလည်း ဖြစ်သွားတတ်၏။

ယုတ်စွအဆုံး ငယ်စဉ်အခါက စာပေးစာယူအချစ်ကလေးမျှရှိခဲ့ဖူးလျှင်ပင် အိမ်ထောင်သည်ဖြစ်လာကြသောအခါ စိတ်ထဲတွင်မသန့် ရှိနေတတ်သည်ကို သတိပြုသင့်၏။ လင်မယားအဆင်မပြေ၊ အဖုအထစ်ကလေးများဖြစ်လျှင်ပင် ထိုမဆိုစလောက်သောအမာရွတ်ကလေးက အနာမကျက်သကဲ့သို့ အုံကြွပြီး အနာကြီးဖြစ်လာတတ်၏။ ထိုမှ ကုရာနတ္ထိလည်း ဖြစ်သွား တတ်၏။

ထို့ကြောင့် အချစ်ရေးသည် လူသားအားလုံးတို့၏ကမ္ဘာကို တည်ဆောက်ပေးထားသလို လူသားတို့၏ကမ္ဘာကိုလည်း ဖျက်ဆီးတတ်သည်မှာ ထင်ရှား၏။ အူကိုအပိုင်းပိုင်းပြတ်တောက်စေတတ်သောအဆိပ်သည် တစ်ဘဝသာသတ်တတ်ပြီး စိတ်ကို အပိုင်းပိုင်းပြတ်စေတတ်သောအဆိပ်သည်ကား သံသရာနှင့်ချီ၍ပင် သတ်ဖြတ်တတ်သည်ကို ဇာတ်နိပါတ်စာဟောင်းများတွင် များစွာပင်ရှိလေ၏။

သို့ဖြစ်၍ အချစ်ကို အပျော်သဘောမထားသင့်၊ မထားအပ်၊ မထားစေလိုကြောင်း၊ အချစ်မှ အဆိပ်မဖြစ်စေလိုကြောင်း၊ အနာဂတ်ကောင်းစေရန် တစ်ခုတည်းသောအချစ်ဖြင့် ထာဝစဉ် သစ်လွင်နေမည့်ဘဝကိုသာ တည်ဆောက်သင့်ကြောင်း ညီငယ်၊ ညီမငယ်များသို့ အသိပါးလိုက်ရ၏။

❒

## အိမ်ထောင်ရေးနှင့် အချစ်မေတ္တာ

အထက်မှဆိုခဲ့သည်ထက် ပိုမို၍ နက်ရှိုင်းသည်မှာ အိမ်ထောင်ရေးနှင့် အချစ်မေတ္တာကိစ္စပင် ဖြစ်၏။ တချို့မှာ လွတ်လပ်သော အပျို၊ လူပျိုဘဝမှ အချစ်နှင့်ပတ်သက်ပြီး အသီးများခဲ့ကြသည့်တိုင်အောင် အိမ်ထောင်သည်ဘဝတွင် တည်ငြိမ်ရင့်ကျက်သွားကြ၏။ ဘဝတစ်ခုလုံးကို အိမ်ထောင်

ရေး၊ စီးပွားရေး၊ သားသမီးအရေးများမှာသာ မြုပ်နှံသွားကြ၏။

ဤသည်မှာ အဆန်းမဟုတ်ပေ။ သဘာဝမေ့အတိုင်း အိမ်ထောင်သည်တို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာသဘောမျှသာ ဖြစ်၏။ အိမ်ထောင်သည်ဖြစ်လာကြသူတိုင်း ယောကျ်ားရော မိန်းမပါ ဘဝတစ်ခုလုံးကို အိမ်ထောင်ရေး၊ စီးပွားရေး၊ သားသမီးအရေးများမှာသာ မြုပ်နှံသွားကြရမြဲဖြစ်၏။

ဆန်းသည်မှာကား အိမ်ထောင်သည်ဘဝမှာပင် ဖောက်လွဲဖောက်ပြန်ရှိလာကြခြင်း ဖြစ်၏။ အိမ်ထောင်သည်ဘဝ၌ ဖောက်လွဲဖောက်ပြန်ဖြစ်လာကြခြင်းမှာလည်း အများအားဖြင့် လွတ်လပ်သော အပျို လူပျိုဘဝကပင် အသိများခဲ့ဖူးသည့် ငယ်ချစ်များနှင့် ပြန်လည်ဆုံတွေ့ရာမှ စ,လာကြသည်က များတတ်၏။

ဤသည်မှာ ပင်ကိုဗီဇကြောင့်လည်း ဖြစ်တတ်၏။ မကောင်းသောပတ်ဝန်းကျင်၏ ထိပါးရိုက်ခတ်ခြင်းကြောင့်လည်း ဖြစ်တတ်၏။ အသိများခဲ့ဖူးခြင်း၏ဆိုးကျိုးဟုဆိုကလည်း မှန်မည်ဖြစ်၏။ ငယ်စဉ်ကအချစ်သည်လက်ရှိအခါတွင် အဆိပ်ဖြစ်နေရသည်ကို မသိတတ်သည်က အဆိုးဆုံးဖြစ်၏။

နှစ်ဦးရည်တူ ချစ်ကြည်ဖြူစွာဖြင့် ပေါင်းသင်း နေထိုင်ကြရင်းကတစ်ဦးဖောက်ပြားလာသည်ကို အမှတ်ထင်ထင်စောင့်ကြည့်လျှင် သိနိုင်၏။ အပင်ပန်းခံပြီး လေ့လာပြေးလွှား စုံစမ်းရန်လည်း မလိုပေ။ ၎င်းအားလေ့လာရန်အကြောင်းသည် ၎င်းမှာပင် အပြည့်အဝရှိနေ၏။

နဂိုနှင့်မတူဘဲ ဖောက်ပြန်သူ၏ထူးခြားချက်မှာ ဇနီး၊ ခင်ပွန်းအဖြစ်အတူနေကြရာ၌ ပြောဆိုနေထိုင်ရေးမှစ၍ ဆက်ဆံမှုများ သိသိသာသာလျှော့ကျလာတတ်၏။ အသားအရေ ကိုယ်ငွေ့ဓာတ်များ အေးစက်နေတတ်၏။ မေတ္တာဓာတ်ဆက်သွယ်ခြင်းများလည်း အားနည်းနေတတ်၏။ တွေဝေနေတတ်၏။ လမ်းများတတ်၏။ အချိန်မမှန်ရှိတတ်၏။ မတည်မငြိမ်ရှိတတ်၏ စသည်ဖြင့် အမူအရာတို့သည် များစွာပင်ဖြစ်လာတတ်ကြောင်း

ကိုယ်တိုင် တွေ့ကြုံခံစားဖူးသူတို့ကပြောပြ၍ သိရ၏။

အိမ်ထောင်ဖြစ်ပြီးမှ ဖောက်ပြားလာတတ်ခြင်းမှာ အထက်မှာဆိုခဲ့သည့်အတိုင်း အသီးများခဲ့ဖူးသည့် ငယ်ချစ်များနှင့် ပြန်လည်ဆုံတွေ့ခြင်း၊ ပင်ကိုဗီဇမကောင်းခြင်း၊ မကောင်းသောပတ်ဝန်းကျင်၏ရိုက်ခတ်ထိပါးခြင်းကိုခံရခြင်းအပြင် အခြား ပျက်စီးနိုင်သောအကြောင်းများစွာရှိသေးသော်လည်း အကျဉ်းချုံးကြည့်လျှင် ထိုသုံးမျိုးသည်သာ အဓိကတရားခံဖြစ်၏။

အိမ်ထောင်ရေးဖောက်ပြားသူသည် မိမိကိုယ်ကိုလည်း မကြည်ညိုတတ်။ ပတ်ဝန်းကျင်၏ ကဲ့ရဲ့ရှုတ်ချ ဝိုင်းပယ်ခြင်းကိုလည်း ခံရတတ်၏။ မွေးချင်းညီအစ်ကိုမောင်နှမများနှင့် သားသမီးတို့၏ မေတ္တာပျက်ခြင်း၊ အကြည်ညိုမဲ့ခြင်းကိုလည်း ခံရ၏။ ဇနီးခင်ပွန်း၏ စက်ဆုပ်ရွံမုန်းခြင်း၊ စွန့်ပစ်ခြင်းတို့ကိုလည်း ခံရ၏။ အကြောင်းအမျိုးမျိုးကြောင့် မစွန့်ပစ်လျှင်လည်း တစ်သက်ပတ်လုံး စိတ်မချမ်းသာရတော့ချေ။

ထို့ကြောင့် မသိနားမလည်၍၊ ဆင်ခြင်မှုနည်း၍၊ စိတ်၏အလိုကိုလိုက်မိ၍၊ ဤမျှအထိဖြစ်လာနိုင်သည်ဟု စဉ်းစားဆင်ခြင်တတ်ခြင်းမရှိ၍ အသီးများခဲ့ဖူးလျှင်လည်း အိမ်ထောင်သည်ဘဝတွင် တစ်သက်ပတ်လုံး အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် မိမိ၏ဗီဇမကောင်းလျှင်ကောင်းအောင် ပြုပြင်ရ၏။ ငယ်ချစ်များနှင့် ကင်းရှင်းစွာ နေထိုင်ရ၏။ မကောင်းသောသူ၊ မကောင်းသောပတ်ဝန်းကျင်တို့နှင့် မကင်းသော်လည်း ကင်းရှင်းစွာနေထိုင်တတ်ရ၏။

## ငယ်ချစ်နှင့် ပြန်လည်ဆုံတွေ့သူ၏ဆိုးကျိုး

ဤအခန်းကိုရေးသားရန် စိတ်ကူးမိပြီးနောက် (ပေါက်သည့်နဖူး မထူးတော့) ငယ်ချစ်နှင့် ပြန်လည်ဆုံတွေ့ဖူးသူတစ်ယောက်အား (မျက်နှာပူပူဖြင့်) မေးမြန်းခဲ့ဖူး၏။ ၎င်းမှာ ဤစာရေးသူနှင့် ရင်းနှီး၏။ ထို့ကြောင့်

လည်း မေးမြန်းဝံ့ခြင်း ဖြစ်၏။

သို့သော်လည်း ၎င်းသည် အစပိုင်းတွင် ဖွင့်မပြောရဲဘဲ တစ်အောင့်ကြာသည်အထိ တွေဝေနေပြီးနောက် မွေးဖွားကြီးပြင်းလာကြမည့် ညီငယ်၊ ညီမငယ်၊ သားငယ်၊ သမီးငယ်၊ မြေးမြစ်ငယ်လေးများ သူကဲ့သို့ လမ်းမမှားကြစေရန်ကိုရည်ရွယ်ပြီး တရိုက်ရိုက်နှင့်ပြောပြ၏။

သူသည် အရွယ်ရောက်စကပင် ငယ်ချစ်နှင့် စတင်တွေ့ဆုံပြီး စွဲစွဲလမ်းလမ်း ချစ်ခဲ့ကြသည်။ စဉ်းစားဉာဏ်နည်းသေးသည့် ငယ်သူတို့၏ သဘော ပျော်မဆုံးမော်မဆုံးဖြစ်ကာ တွဲသွားတွဲလာဖြင့် ခရီးလမ်းလည်းများခဲ့ကြသည်။ တစ်သက်တာပတ်လုံး လက်တွဲမဖြုတ်စတမ်း လျှောက်လှမ်းသွားကြရန်ကိုလည်း စိတ်ကူးယဉ်ခဲ့ကြသည်။

သို့သော် သူတို့၏စိတ်ကူးယဉ်သည် အရည်မတည်ခဲ့ဘဲ ဆယ်တန်းကျောင်းသူကျောင်းသားအရွယ်သို့ ရောက်လာသည့်အချိန်တွင် ရပ်ကွက်ပြောင်းရွှေ့ရသဖြင့် အလဲလဲအပြိုပြိုဖြစ်ခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်စကားပြောခွင့်ပင် မရခဲ့ကြဘဲ တသီးတခြားဖြင့် ရန်ကုန်မြို့ကြီး၏ဆင်ခြေဖုံးတစ်နေရာစီသို့သာ ရောက်သွားကြရသည်။

ထို့နောက် တစ်ယောက်နှင့်တစ်ယောက် ပြန်လည်ဆုံတွေ့ခွင့်လည်း မရနိုင်ကြတော့ဘဲ အဆက်အသွယ်ပြတ်ကာ အိမ်ထောင်အသီးသီးကျပြီး သူမှာလည်း သားသမီး နှစ်ယောက်, သုံးယောက်၊ ကိုယ့်မှာလည်း သားသမီး နှစ်ယောက်, သုံးယောက် ရရှိပြီးခါမှ ပြန်လည်ဆုံတွေ့ကြရ၏။

မိတ်ဆွေတစ်ယောက်၏ ပွဲပိုးကူညီအားပေးမှုကြောင့်ပင် ဒီအရွယ်သို့ရောက်မှ ကံဆိုးထောက်မစွာဖြင့် ပြန်လည်ဆုံတွေ့ကြရခြင်း ဖြစ်၏။ ဆုံတွေ့စတွင် သူလိုကိုယ်လိုပြောဆိုနေကြသော်လည်း ငယ်ချစ် ဟူသောအသိက အသီးသီးကိန်းနေကြ၍ စိတ်ဂနာကားမငြိမ်ကြပေ။

သို့ဖြစ်၍ ထိုနေရာမှ အသီးသီးလမ်းခွဲကြပြီး တစ်အောင့်အကြာတွင် ယောကျ်ားလေးဖြစ်သူသည် နောက်တစ်ခေါက်ပြန်ရောက်လာပြီး သူ့အားခေါ်လေသည်။ အိမ်ထောင်ရှင်များအဖြစ်သို့ရောက်နေကြပြီဖြစ်၍ ငယ်စဉ်

ကဖြစ်ခဲ့ဖူးသည့်ကိစ္စကို အပြီးတိုင် မေ့ဖျောက်ပြီးသာ နေသင့်ကြောင်း၊ မကောင်းသောစိတ်၏အလိုကိုမလိုက်သင့်ကြောင်း၊ လက်ရှိ အိမ်ထောင်ရှင် မိခင်, ဖခင်တို့စိတ်ကိုမွေ့ပြီးသာ တည်တည်တံ့တံ့နေသင့်ကြောင်းများကို ပြောဆိုလွှတ်သော်လည်း လက်မခံပေ။

ငယ်စဉ်က အချင်းချင်းတွေ့ခဲ့၊ ဆုံခဲ့၊ ကြုံခဲ့ကြဖူးသည့်အကြောင်းများကို တသီတတန်းကြီးပြောပြပြီးနောက် "ခုတင်က ငါပြန်ခါနီးမှာ နင်ကြည့်တဲ့အကြည့်ကို မျက်စိထဲဖျောက်မရလို့ပါ" စသည်ဖြင့် ညူခွဲပြောလိုက်ရာ စိတ်ထားနုသည့် မိန်းကလေးတို့သဘောအတိုင်း ယိမ်းယိုင်လာရာမှ တိမ်းညွှတ်မိလေသည်။

သို့သော် မကောင်းမှု ဟူသည်ကား ကာလကြာမြင့်စွာ ဖုံးဖိထား၍ရနိုင်ခြင်းမရှိသည့်သဘော။ သူတို့၏အရှုပ်တော်ပုံသည်လည်း သိပ်ပြီးမကြာမြင့်မီ သုံးလမျှအတွင်းမှာပင် ဘွင်းဘွင်းကြီးပေါ်လာလေ၏။

တစ်ခုသောနေ့တွင် ဖောက်ပြန်နေသောမိန်းမ၏ခင်ပွန်းသည်နှင့်အတူ လက်ဖက်ရည်ထိုင်သောက်နေသောလူတစ်ယောက်က တိုက်တိုက်ဆိုင်ဆိုင်ပင် ဖောက်ပြန်နေသောလူယုတ်မာကို မျက်စောင်းထိုးပြပြီး "ဒီဘဲကမကောင်းဘူးကွ၊ လင်ရှိမယားတွေကိုဘောင် ရှောင်တာမဟုတ်ဘူး" ဟု စတင်ရာမှ ဘူးပေါ်သလိုပေါ်လာခဲ့ရ၏။

ယခုပြောပြနေသောလူမှာ ဖောက်ပြန်နေသည့်လူမိုက်နှင့်ရင်းနှီးနေကြသလို ဖောက်ပြန်နေသောမိန်းမ၏ခင်ပွန်းနှင့်လည်း ရင်းနှီးကြ၏။ ထို့ကြောင့် ဖောက်ပြန်နေသောလူမိုက်က ပြန်ပြောပြ၍ သူသိထားသည်ကို ပြန်လည်ဖောက်သည်ချရင်းက ယခုကဲ့သို့ပေါ်လာရခြင်း ဖြစ်၏။

ယခု ဖောက်သည်ချနေသည့်လူကလည်း နှစ်ဖက်ယောကျ်ားနှစ်ယောက်ကိုသာ သိကျွမ်းရင်းနှီးပြီး ဖောက်ပြန်နေသောမိန်းမကိုမူ သိကျွမ်းရင်းနှီးမှုမရှိသည့်အပြင် မြင်ပင်မမြင်ဘူးပေ။ ထို့ကြောင့်လည်း ယခုကဲ့သို့ပြောမိသွားခြင်း ဖြစ်၏။

'မကောင်းမှု ဟူသည် ဆိတ်ကွယ်ရာမရှိ' ဟူသောစကားသည် ဤ

နေရာ၌ သွေးထွက်အောင်ပင် မှန်နေ၏။ မကောင်းမှုသည် ပစ္စုပ္ပန်မှာ ဆိတ်ကွယ်ရာမရှိသလို သံသရာတွင် သာ၍ပင် ဆိတ်ကွယ်ရာမရှိသည်ကို သတိပြုသင့်၏။ သံသရာကိုမကြောက်၍လည်း မရပေ။ သံသရာ၏ဆိုးကျိုးသည် အပါယ်မှ ခေါင်းဖော်ခွင့်မရသည်အထိ နှိပ်စက်တတ်၏။

ဖောက်ပြန်သောမိန်းမ၏ခင်ပွန်းဖြစ်သူ သိသွားသည်နှင့်တစ်ပြိုင်နက် ကိုယ်ထိလက်ရောက် ရန်ဖြစ်သည်အထိ ရှိခဲ့ကြပြီး နောက်ပိုင်းတွင်လည်း အိမ်ထောင်ရေးနွေးထွေးမှုမရှိတော့ပေ။ ခင်ပွန်းဖြစ်သူမှာလည်း ထိုရက်များအတွင်း၌ ပက်လက်အိပ်လိုက်၊ မှောက်ပြီးအိပ်လိုက် တအင်းအင်းအသက်ရှူလျက် မစားနိုင်မသောက်နိုင်ဖြစ်ကာ တွေတွေဝေဝေသာ ဖြစ်နေလေသည်။

ဖောက်ပြန်သောမိန်းမဟုသိလျက်နှင့် သားသမီးသံယောဇဉ်များရှိနေ၍ ပစ်ရခက်၊ ပေါင်းရခက်ဖြစ်နေရင်းက ခင်ပွန်းဖြစ်သူလည်း ဖောက်ပြန်လာလေ၏။ ထို့ကြောင့် ယခင်က ရပ်ကွက်သူရပ်ကွက်သားများသည် မိန်းမဖြစ်သူကိုသာ ရွံမုန်းနေကြပြီးနောက် ယခုအခါ ယောကျ်ားဖြစ်သူကိုပါ ရွံမုန်းလာကြ၏။

လောကကိုရော ဘဝကိုပါ နားလည်ခြင်းမရှိကြသေးသည့် သားသားမီးမီးလေးများမှာလည်း မိဘတို့၏ဆိုးပြစ်များကြောင့် ကြားခံအနေဖြင့် တရားခံသဖွယ် ဝဋ်ကြွေးသဘောဖြစ်ကာ ကလေးအချင်းချင်း ဆော့ကစား၍ တစ်ဦးနှင့်တစ်ဦး အဆင်မပြေကြလျှင်ပင် မိဘတို့၏ဆိုးပြစ်များကိုဖော်ပြပြီး အနိုမ်အပြောခံကြရ၏။

ထို့ကြောင့် ကလေးများမှာ အမေ့ထံသို့ကပ်၍လည်း မနွေးထွေး၊ အဖေ့ထံသို့ကပ်၍လည်း မငြိမ်းချမ်း၊ သူစိမ်းတို့၏အလယ်တွင် နေရသည်နှင့်လည်းမတူ။ မိဘနှစ်ယောက်တို့မေတ္တာကိုလည်း အဆိပ်ပါသကဲ့သို့ရှိနေသောကြောင့် အသိဉာဏ်ရှိသည့် မြင့်မြတ်သောလူ့ဘဝကို ရလာခြင်းကပင် အပြစ်တစ်ခုလို ဖြစ်နေကြရရှာ၏။

မိန်းမဖြစ်သူမှာလည်း ခင်ပွန်းဖြစ်သူ ဖောက်ပြန်နေသည်ကို သိ

လျက်နှင့် သူ့အပြစ်နှင့်သူ အတင်းအကျပ်ကြီး ပြောဆိုရခက်နေ၏။ ထို့နောက် တစ်ယောက်တစ်ပေါက်စကားများကြရင်း ခင်ပွန်းဖြစ်သူက "အငယ်ဆုံးလေး သူ့ခြေထောက်နဲ့ရပ်တည်နိုင်ရင် (အနည်းဆုံး သူတစ်ပါးတို့၏အိမ်၌ စားပွဲထိုး၊ ရေသယ်လောက်လုပ်နိုင်သည့်အရွယ်ရောက်လျှင်) နင့်ကို အပြတ်လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ပြီ" ဟူ၍ပင် ဆိုလာ၏။ ထို့နောက် အိမ်သုံးစရိတ်၊ ထမင်းဖိုး စသည်များကိုလည်း တိုင်းတာလာ၏။ အိမ်သို့လည်း ပုံမှန်မလာတော့ပေ။

ထို့ကြောင့် လွတ်လပ်သော ငယ်စဉ်အခါကပင် လွတ်လပ်ခြင်း၏ရလဒ်ကို အခွင့်ကောင်းယူကာ တလွဲအသုံးချခဲ့မိခြင်း၊ တစ်ညတာတည်းက အသီးများများသီးခဲ့မိခြင်း၊ အသီးများများသီးလာသောအခါ ပြုတ်ကြွေရန် အညာလွယ်လာတတ်ခြင်း စံသည်တို့သည် လူ့ဘဝ၏ အကြီးဆုံးသော အန္တရာယ်ဆိုးတစ်ခုသာ ဖြစ်၏။ အိမ်ထောင်သည်ဘဝသို့ ရောက်သည် အထိလည်း အဆက်ပါပြီး ဖျက်ဆီးတတ်၏။

သမီးရည်းစားဘဝတွင် ဖြစ်စေ၊ အိမ်ထောင်သည်ဘဝတွင် ဖြစ်စေ ချစ်ခြင်းမေတ္တာအရာ၌ တစ်ယောက်ကဖောက်လျှင် နောက်တစ်ယောက်လည်း အလိုလိုပင် ဖောက်လာတတ်၏။ ကစ်ယောက် စ,ဖောက်လာသည်ကိုသိ၍ နောက်တစ်ယောက်က မကျေနပ်သောကြောင့် ထဖောက်လာတတ်သည့်ကိစ္စမျိုးရှိသလို မသိသော်လည်း သဘာဝကပင် လှုံ့ဆော်ပေး၍ အလိုအလျောက် ဖောက်ပြန်လာတတ်သည့် ဇာတ်လမ်းများသည်လည်း များစွာပင်ရှိကြ၏။

သည်းခံခွင့်လွှတ်နိုင်စွမ်းမရှိ၍ တကွဲတပြား တစ်ယောက်တစ်နေရာစီဖြစ်သွားကြရသော ဇာတ်လမ်းများသည်လည်း များစွာပင်ရှိကြ၏။ ယခုတင်ပြသည်မှာ တစ်ယောက်၏အကြောင်းမျှသာ ဖြစ်၏။ အလားတူ မိန်းကလေးက ဖောက်လာလိုက်၊ ယောကျ်ားလေးက ဖောက်လာလိုက် စသော ဇာတ်လမ်းများသည်ကား လောကတွင် မရေမတွက်နိုင်အောင်ပင်ရှိကြ၏။

စိတ်အလိုနှင့် အပျော်အပါးများကိုမလိုက်မိစေရန် အထူးဆင်ခြင်

သင့်၏။ ယခုတင်ပြသည်မှာ မျက်မှောက်ဘဝ၏ဆိုးကျိုးတစ်ခုမျှသာ ဖြစ်၏။ သံသရာ၌ အပါယ်ဆိုးကျိုးသည်ကား နယ်ကျယ်လွန်းဘိ၏။

## နှီးစပ်မှု၏ဆိုးကျိုး

ယခုလူမှာ စာရေးသူနှင့် များစွာရင်းနှီးမှုရှိကြ၏။ ၎င်းသည်လည်း စာရေးဆရာတစ်ယောက်ဖြစ်၍ မဂ္ဂဇင်းစာမျက်နှာများအပြင် ကိုယ်တိုင်စာအုပ်ရေးသားပြီး ထုတ်ဝေဖြန့်ချိ၍ အထိုက်အလျောက်အောင်မြင်နေသောလူတစ်ယောက်လည်း ဖြစ်၏။ စန္ဒရားတီးခတ်ခြင်း၌လည်း ကျွမ်းကျင်လိမ္မာ၏။

သီချင်းလည်း စပ်၏။ သီချင်းလည်း ဆို၏။ အဆိုအစပ်လည်း ကောင်း၏။ ကျောင်းဆရာလည်းလုပ်ခဲ့ဖူး၏။ သမဝါယမတွင် ဂိုဒေါင်မှူးလုပ်၍ ဂိုဒေါင်ထဲတွင် ကြွက်ပုပ်သောကြောင့် အလုပ်ပြုတ်ခဲ့၏။ ရုပ်ရှင်လည်းရိုက်၏။ ဇာတ်လည်းထောင်၏။

သို့သော် ထိုအလုပ်များသည် ထိထိရောက်ရောက် သူ့အား တစ်ခုမျှအကျိုးမပြုခဲ့ပေ။ ရရစားစားထက်လည်း မပိုခဲ့။ ထို့ကြောင့် အထက်ပါ အလုပ်အားလုံးကို စွန့်လွှတ်ခဲ့ရ၏။

နောက်ဆုံးတွင် သူတွေ့ကြုံခဲ့ဖူးသော အကြောင်းအရာများအား ကလောင်သုံး,လေးမျိုးဖြင့်ရေးသားပြီး မဂ္ဂဇင်းများသို့ပို့ခြင်း၊ စာဖတ်သူများအကျိုးများမည့်အကြောင်းအရာအချို့ကို ပေါင်းစုရေးသားပြီး ထုတ်ဝေသူတစ်ဦးနှင့်တိုင်ပင်ကာ ထုတ်ဝေဖြန့်ချိခြင်း၊ ရရှိလာသည့်ငွေကလေးများကိုပင် ခြိုးခြံသုံးစား၊ စုဆောင်းပြီး ဆပ်ကိုင်မိသည့်ငွေစများဖြင့် ဗွီဒီယိုပြခြင်း၊ ယခုအခါ ထိုမျှနှင့်ပင် သူ့ဘဝကို ကျေနပ်ရပ်တည်နေရ၏။

၎င်းမှာ များစွာသောအတွေ့အကြုံနှင့် မှတ်တမ်းမှတ်ရာများထဲက အိမ်ထောင်ရေးနှင့်ပတ်သက်သော စိတ်ဝင်စားဖွယ်အကြောင်းအချို့လည်း

ရှိ၏။ ထိုအကြောင်းများကို ဤစာရေးသူအား ပြည့်ပြည့်စုံစုံပြော၏။ နောက် သူနှင့်ပတ်သက်၍ မိဘနှင့်သားသမီးတို့၏ မေတ္တာဇာတ်လမ်းတစ်ပုဒ်ကို လည်း ပြောပြ၏။

သို့ဖြစ်၍ ထိုနှစ်မျိုးတွင် အိမ်ထောင်ရေးနှင့်ပတ်သက်သော ဇာတ် လမ်းကို ဤနေရာတွင်ရေးပြီး နောက်ခန်း၌ မိဘနှင့် သားသမီးတို့၏ မေတ္တာဇာတ်လမ်းတွင် ရေးသားရန် စိတ်ကူးဖြင့် စီစဉ်လိုက်၏။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

သူ သမဝါယမတွင်လုပ်စဉ်က ဖြစ်၏။ ထိုအချိန်က သူသည် အိမ် ထောင်ကျ၍ သမီးတစ်ယောက်ရရှိနေပြီ ဖြစ်၏။ အချိန်အားဖြင့် ၁၉၈၇ ခုနှစ်ကုန်လုသောကာလ ဖြစ်၏။ ဒအမျိုးသမီးတစ်ဦးသည် စိတ်ဝင်စားသော မျက်လုံးများဖြင့် သူ့အားကြည့်လေ့ရှိ၏။ သို့သော်လည်း သူသည် တုံ့ပြန် ခြင်းမရှိဘဲ အိမ်ထောင်သည်၊ သမီးတစ်ယောက်၏ဖခင် ဟူသော အသိစိတ် ဖြင့် အိမ်ထောင်သည်တို့၏သီလကို လုံခြုံစွာထိန်းစောင့်၍သာနေ၏။

သူက စောင့်ထိန်းသော်လည်း အမျိုးသမီးက တစ်ဆင့်တက်လာ၏။ ရုံးဆင်းချိန်တိုင်း သူ၏အိတ်ထဲသို့ ငွေနှစ်ရာထည့်ပေးလေ့ရှိလာ၏။ သူက ထိုအမျိုးသမီးကို စိတ်ဝင်စားခြင်းမရှိသောကြောင့် ရိုးသားစွာဖြင့်ပင် ထို အဖြစ်ကို မိန်းမဖြစ်သူအား ဖွင့်ပြောပြမိ၏။

ဤသည်ကပင် သူ၏အမှားကြီးတစ်ခုကို ကျူးလွန်မိသကဲ့သို့ ဖြစ် သွားရ၏။ အဘယ်ကြောင့်ဆိုသော် မိန်းမဖြစ်သူသည် သူ့အပေါ်၌ မေတ္တာ စိတ်များ လျော့ကျလာ၏။

ဤသည်ကို ကောင်းစွာမရိပ်မိမီမှာပင် မိန်းမဖြစ်သူသည် သူ၏ တီးဝိုင်းထဲမှကောင်လေးတစ်ယောက်နှင့် အစပျိုးလာ၏။ သူက သမဝါယမ လုပ်ငန်းတစ်ဖက်နှင့် တီးဝိုင်းလည်းထောင်ထား၍ ထိုဝိုင်းထဲက ကောင်လေး နှင့် သူ့မိန်းမ စတင်ဖောက်ပြားလာခြင်း ဖြစ်၏။

ထို့နောက် အပေါင်းအသင်းများကအသိပေးကြ၍ သူလည်း သိသင့်

သလောက်သိလာ၏။ သိစတွင် ဒေါသအလျောက် ရှူးဒိုင်းကြဲမိမလို ဖြစ်သွားသော်လည်း နောက်ဆုံးတွင် သူထိန်းငါထိန်းနှင့် ဝိုင်းဝန်းနားချကြ၍ အနည်းငယ်စိတ်လျှော့သွားပြီးနောက် မိန်းမဖြစ်သူအား ပြောဆိုဆုံးမ၏။

သို့သော်လည်း မရပေ။ သူ၏ ဆိုခဲ့သော ငွေနှစ်ရာကိစ္စကို တကယ်ထင်ပြီး အဟုတ်စွပ်စွဲကာ ပို၍ပင်ကဲလာ၏။ နှုတ်အားဖြင့် တုံ့ပြန်ခြင်းကို မပြုဘဲ ကွယ်ရာတွင် ပို၍ဆိုးလာ၏။ ယောကျ်ားဖြစ်သူကိုပင် သိပ်ပြီး ဂရုမစိုက်သလိုဖြစ်လာ၏။ ဒီအချိန်ထိလည်း သူသည်းခံပြီး စောင့်ကြည့်နေသေး၏။

တစ်နေ့သောအခါတွင် အထက်အညာ မုံရွာဒေသက သူ့တို့တီးဝိုင်းကို လာဖိတ်၍လိုက်သွားကြ၏။ သူ့မိန်းမ၏အဆက်ဆိုသော ကောင်လေးသည်လည်း ပါလာ၏။ သူသည်လည်း ၎င်းတို့၏အခြေအနေများကို အကဲခတ်ကြည့်နေ၏။

အလှူပွဲ၌ တီးမှုတ်သီဆိုပြီး၍ အတော်အတန်ညဉ့်နက်သောအခါ ဝိုင်းကိုသိမ်းပြီး အိပ်ရာနေရာများပြင်ဆင်ကြ၏။ ထိုအခါ သူ၏မိန်းမဖြစ်သူသည် ထိုကောင်လေး၏အိပ်ရာကိုသာ ဦးစွာ ပြင်ဆင်ပေးနေလေ၏။ မူရာဟန်ပန် မျက်လုံးမျက်တောင်များနှင့်လည်း ပြောဆိုပြုံးရယ်နေကြ၏။ ထို့ကြောင့် ပြောထားသည့်ကြားက ဤသို့ဖြစ်ရကောင်းလားဟု ပေါက်ကွဲသဖြင့် ထိုနေရာမှာပင် ရန်းရင်းဆန်ခတ်ဖြစ်သွားကြ၏။

သို့သော်လည်း ကွာရှင်းပြတ်စဲသည်အထိတော့ မဖြစ်ခဲ့ကြပေ။ ထိုမျှလောက်နှင့်ပြတ်စဲလိုက်လျှင်လည်း ဘေးအမြင်တွင် သူ့အား သဝန်တိုလွန်းသည်၊ လွန်လွန်းသည်ဟု ပြောစရာများဖြစ်လာမည်ကို မလိုလား၍ ဆက်လက်ပြီး သည်းခံကာ စောင့်ကြည့်နေရပြန်သည်။

သို့သော် ဆားငန်ရေကိုသောက်မိနေကြပြီဖြစ်သော သူ၏မိန်းမနှင့် ထိုကောင်လေးတို့၏အကြောင်းကိုမူ သိပ်ပြီးကြာကြာမစောင့်လိုက်ရပေ။ ၁၉၈၈ ခုနှစ်၊ အရေးအခင်းကာလတွင် အခွင့်သာသဖြင့် ရပ်ကွက်လူကြီးများနှင့်တကွ လက်ပူးလက်ကြပ်ဖမ်းဆီးပြီး ပေးစားလိုက်၏။

"အေး- ဒါပေမယ့် ငါ နင့်ကို ကွာစာမပေးဘူး။ သမီးကိုလည်း နင် လုံးဝခေါ်မထားရဘူး။ နင့်ယောကျ်ားက ကြာကူလီသမား။ ကြာကူလီသမားအိမ်မှာ ဘဝကိုနားမလည်သေးတဲ့ ငါ့သမီးကို ဘယ်တော့မှမထားနိုင်ဘူး။ သူ့အသက် ဆယ့်ရှစ်၊ နှစ်ဆယ်အရွယ်ရောက်လို့ သူ့ဘဝသူ နားလည်ပြီး သူ့ဘာသာရပ်တည်နိုင်တဲ့အရွယ်ကိုရောက်မှ သူ့သဘောနဲ့သူ နင့်ဆီကို လာနေချင်လာနေပါစေ။ ဒီကြားထဲမှာ အောက်မေ့လို့ တွေ့ချင်သပဆိုရင် နင်ကိုယ်တိုင်ပဲလာတွေ့ပါ။ ဒါပဲ ငါပြောမယ်"

သူက ထိုကဲ့သို့ ပြတ်ပြတ်သားသား ပြုမူပြောဆိုထားခြင်းမှာ အကြောင်းရှိ၏။ ကွာရှင်းစာမပေးဘဲထားခြင်းမှာ တချို့သည် လင်ရှိမယားတို့အား တကယ်မလိုချင်ပါဘဲလျက် အကြောင်းအမျိုးမျိုးကြောင့် ယူလိုက်ရပြီးနောက် ကြာကူလီသမားတို့၏ထုံးစံအတိုင်း မကြာမီပင် နည်းလမ်းမျိုးစုံကိုသုံးကာ အပြစ်ရှာပြီး စွန့်ပစ်တတ်၏။

ထိုအခါ ကြာကူလီရိုက်ပြီး စော်ကားမှု၊ မယားခိုးမှု စသည်များနှင့် အချိန်မရွေး ဆွဲစေ့၍ရ၏။ ထိုက်သင့်သောဥပဒေပုဒ်မကိုတပ်၍ ထောင်ချ အပြစ်ပေးနိုင်၏။ ဤသည်ကိုလည်း မယားခိုး၊ ကြာကူလီသမားတိုင်းပင် သိထားနားလည်ကြ၏။

သမီးလေးအား သူတို့နှင့် အတူမနေစေခြင်းမှာလည်း နောက်ပိုင်း မယားခိုးတို့သည် မယားပါသမီးတို့အား အမြဲတမ်း ကြံစည်နေတတ်၏။ ထိုအခါ အပျိုသင်စသမီးလေးတို့သည် အကြံသမားတို့၏ထောင်ချောက်ထဲသို့ တစ်နည်းနည်းနှင့်ကျရောက်သွားတတ်၏။ ထိုကဲ့သို့သဘောရှိသောကြောင့် မလိုလားအပ်သောပြဿနာမျိုး မဖြစ်စေလို၍ ကြိုတင်ကာကွယ်တားမြစ်ထားခြင်းပင် ဖြစ်၏။

အိမ်ထောင်ရေးလောက ဟူသည် တစ်ဦးနှင့်တစ်ဦး အလွန်အမင်း စွဲလမ်းသောမေတ္တာကြောင့်သာ ပေါင်းဖက်နေထိုင်ကြခြင်း ဖြစ်၏။ သို့သော်လည်း အကြောင်းကုန်လျှင် ပေါင်းဆုံခြင်းမှကွဲပြားပြီး ရပ်စဲသွားကြ၏။ ဘဝပေးသည်အထိ ချစ်ခင်နှစ်သက်ကြပါလျက် ယခုကဲ့သို့ တစ်ဦးနှင့်

တစ်ဦး နွှယ်ယှက်သောမေတ္တာကို ဖြတ်တောက်လိုက်ကြခြင်းမှာ အိမ်ထောင်ရေးဥပဒေကို ဖောက်ဖျက်ကျူးလွန်ကြခြင်းကြောင့်သာဖြစ်ကြောင်း ထင်ရှားလေ၏။

ပထမတင်ပြခဲ့သောဇာတ်လမ်းသည် အိမ်ထောင်ရေးစည်းကမ်းဥပဒေကို အဟုတ်အမှန်ဖောက်ဖျက်မိ၍ တစ်သက်ပတ်လုံး မေတ္တာပျက်ပြီး နွေးထွေးမှုမရှိသောဘဝမျိုးဖြင့် စခန်းသွားကြရသည့်အကြောင်း ဖြစ်၏။

ယခုတင်ပြခဲ့သည့်ဇာတ်လမ်းသည်ကား တကယ်ဖောက်ဖျက်ခြင်းမရှိဘဲ ထင်ယောင်ထင်မှားမှုနှင့်ပင် မေတ္တာပျက်ဇာတ်လမ်းကြီး ဖြစ်ပေါ်လာခဲ့ရပြီး အလဲလဲအပြိုပြို အကွဲကွဲအပြားပြားဖြစ်သွားကြရသည့်အကြောင်း ဖြစ်၏။

ထို့ကြောင့် အေးချမ်းပျော်ရွှင်သောအိမ်ထောင်ရှင်များဖြစ်ချင်သူတို့ အထူးဂရုစိုက်၍ ဆင်ခြင်ကြပါကုန်။

⁂ ⁂ ⁂

# ၃။ မိဘမေတ္တာ

မိဘမေတ္တာအကြောင်းကို ဤစာရေးသူလည်း ပုဒ်ရေအတော်များများ ရေးသားခဲ့ဖူး၏။ ဓမ္မကထိကအကျော် (မြစကြာဟုထင်သည်) ဆရာတော်နှင့် အရှင်အာစာရာလင်္ကာရ (ကိုးဘွဲ့ရ) စသော ဆရာတော်များလည်း မိဘမေတ္တာအကြောင်း အတော်များများကို ဟောကြားထားကြ၏။

ရဟန်းစာရေးဆရာများတွင် မေတ္တာရှင် (ရွှေပြည်သာ)၊ မင်းဟိန်းထိဝ်နှင့် လူစာရေးဆရာများတွင် ဖခင်မေတ္တာကို ပခုက္ကူဦးအုံးဖေ၊ ကေသီပန် ဦးလှမြင့်၊ မိခင်မေတ္တာကို စာရေးဆရာ ဒါရိုက်တာ ဦးသုခ၊ မောင်မြကြီး (ပန်းတောင်း) စသည်ဖြင့် ဟောကြား ရေးသားထားကြ၏။

ထို့နောက် စာရေးဆရာ ဒါရိုက်တာ ဦးသုခနှင့် ဦးရဲမြင့် (ချမ်းသာပုံနှိပ်တိုက်) တို့ဦးစီးပြီး မိခင်မေတ္တာစာပေပြိုင်ပွဲကျင်းပရာတွင် ဤစာရေးသူလည်း ကလောင်ခွဲတစ်မျိုးဖြင့် ရေးသား၍ ဝတ္ထုရှည်ဆုရခဲ့ဖူး၏။ မိဘမေတ္တာနှင့်ပတ်သက်သော ဟောပြောပွဲများလည်း ပြုလုပ်လေ့ ရှိကြ၏။ မြတ်မိခင် စာပေပြိုင်ပွဲသည်လည်း ထင်ရှားခဲ့၏။ အခြား မိဘမေတ္တာဘွဲ့စာပေများလည်း များစွာပင်ရှိကြ၏။

သို့သော်လည်း မိဘမေတ္တာအကြောင်းသည် ဟောကြားရေးသား၍ ကုန်သည်မရှိပေ။ အဘယ့်ကြောင့်ဆိုသော် မိဘမေတ္တာသည် သားသမီးတို့၏အပေါ်၌ ကြီးမားများပြားလွန်းသောကြောင့်ဖြစ်၏။ မြင်းမိုရ်တောင်ကြီးနှင့်ပင် နှိုင်းပြရ၏။

မြင်းမိုရ်တောင်ကြီးနှင့်နှိုင်းပြသော်လည်း မိဘမေတ္တာသည် မြင်းမိုရ်

တောင်မျှလောက်သာရှိသည်ဟု ဆိုခြင်းမဟုတ်ပေ။ ဥပမာအားဖြင့် နှိုင်းပြခြင်းသာဖြစ်ပြီး မိဘတို့၏မေတ္တာသည်ကား တိကျစွာ အတိုင်းအတာပမာဏအားဖြင့် နှိုင်းပြရန်ပင် ခဲယဉ်း၏။

အဘယ်ကြောင့်ဆိုသော် မိဘတို့သည် မေတ္တာနှင့် သားသမီးတို့အားလွှမ်းခြုံထား၏။ မျက်လုံးနှင့် ထပ်တူချစ်၏။ သည်းအူနှင့် ထပ်တူချစ်၏။ ကိုယ်နှင့်အသက်နှင့်လည်း ထပ်တူချစ်၏။ ဘ၀တစ်ခုလုံးနှင့်လည်း ထပ်တူချစ်၏။ ထို့နောက် ဥပမာစပ်၍ပြရလျှင်

မိဘတို့၏ ကိုယ်အရေပါး (အပြင်ရေ) ၌လည်း သားသမီးတို့၏အပေါ်တွင် ချစ်သောအချစ်ရှိ၏။ အရေထူ၌လည်း အချစ်ရှိ၏။ အသားစိုင်၌လည်း အချစ်ရှိ၏။ အရိုး၌လည်း အချစ်ရှိ၏။ ခြင်ဆီ၌လည်း အချစ်ရှိ၏။ ထို့ကြောင့် မိဘတို့၏ကိုယ်နှင့်အသက်သည် သားသမီးတို့၏အပေါ်တွင်ထားရှိသော အချစ်မေတ္တာများသာ ဖြစ်၏။ မိဘတို့သည် ထိုမျှအထိပင်သားသမီးတို့အား တစ်ခုတည်းသောချစ်ခြင်း ဖြစ်၏။

သို့သော်လည်း တချို့မိဘတို့သည် သားသမီးများအပေါ်၌ ချစ်ခြင်းမညီမျှမှု ရှိတတ်၏။ တချို့ကိုမြှောက်စားပြီး တချို့ကိုမူ နှိမ်ထားတတ်၏။ ကျောင်းနေအရွယ်၌ အတန်းကြီးသူနှင့် အတန်းငယ်သူတို့အပေါ်တွင် အဆင့်အားဖြင့်ချိန်ဆ၍ အ၀တ်ဆင်ပေးခြင်း၊ မုန့်ဖိုးပိုပေးခြင်းတို့ကို ခွဲခြားသည်ဟု မဆိုလိုပေ။

ကျောင်းလွတ်ပြီးနောက် (စာသင်ခြင်းပြီးဆုံးပြီးနောက်) လုပ်ငန်းခွင်များ၌ လိုအပ်သလို ဆင်ပေးရသည်ကိုလည်း မဆိုလိုပေ။ ထိုကဲ့သို့ ဆင်ယင်ပြုပြင်ပေးခြင်းမျိုးကိုမူ လိုက်လျောညီထွေ လိုအပ်သလို ပြုလုပ်ပေးသည်ဟုသာ ဆိုရ၏။

တချို့မိဘများကား ကိုယ်တို့မွေးထားသော သားသမီးများကိုပင်ခွဲခြားပြီး ဆက်ဆံတတ်သည်ကို တွေ့ရ၏။ ချစ်သောသူကိုပိုပေးပြီး မချစ်သောသူကို ချိုးနှိမ်ခြင်း၊ အပြစ်ပြောခြင်း၊ နာကြည်းစွာရိုက်နှက်ခြင်း၊ စိတ်နာလောက်အောင် ပြောဆိုကြိမ်းမောင်းခြင်း စသည်များကို မပြုသင့်ဘဲ

ပြုမူတတ်ကြ၏။

ဆိုခဲ့သည့်ထက်ပင် အဆင်မပြေဟုပြောရမည့် မိဘများလည်း ရှိသေး၏။ ၎င်းမိဘများမှာ သားသမီးတို့အပေါ်တွင် အထက်ကဆိုခဲ့သည့်အတိုင်း လူရှေ့သူရှေ့မှာပင်မရှောင်ဘဲ ပြုမူတတ်ကြသေး၏။ အလွန်မှအဆင်မပြေသောမိဘများဟု ဆိုရမည်ပင် ဖြစ်၏။

**"တပည့်သားမြေးတို့၏ကောင်းကြောင်းများကို လူရှေ့သူရှေ့တွင် ပြောဆိုချီးမွမ်းရာ၏။ မကောင်း၊ အဆင်မပြေသောအကြောင်းများကိုမူ ဆိတ်ကွယ်ရာတွင် နှစ်ယောက်ချင်း ပြောဆိုဖျောင်းဖျ နားလည်အောင် ရှင်းပြပြီး ဆုံးမရာ၏ ဟူသော သူတော်ကောင်းတို့၏အဆိုနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေ၏"**

သားသမီးတို့သည် မိဘတို့၏ ခွဲခြားဆက်ဆံခြင်း၊ စိတ်နာအောင် ပြောဆိုပြုမူ ကြိမ်းမောင်းခြင်းတို့ကို တစ်ကြိမ်မက ခံစားလာရသောအခါတွင် စိတ်ရူးပေါက်လာတတ်၏။ မိဘတို့ကိုလည်း သံယောဇဉ်မရှိတော့ဘဲ ထင်ရာစွတ်လုပ်လာတတ်၏။

မိဘကို သံယောဇဉ်မရှိတော့သလို အခြားလူများကိုလည်း အယုံအကြည်ကင်းပြီး တစ်ကိုယ်ကောင်းဆန်စွာဖြင့် မကောင်းမှု၌ လက်ရဲဇက်ရဲလည်းနိုင်လာတတ်၏။ ထို့နောက် အလုံးစုံ ပျက်စီးခြင်းသို့ရောက်သွားတတ်၏။ ထိုသို့သဘောရှိ၍ မိဘများ အထူးဂရုစိုက်၍ ဆင်ခြင်ရမည့်အချက်ကြီးပင်ဖြစ်၏။

ထို့ကြောင့် ဤနေရာ၌ မိဘများက သားသမီးတို့အပေါ်တွင် မချစ်တတ်သော၊ တစ်ဖက်စွန်းသို့ရောက်သည့်ပြုမူမှုကြောင့် မဖြစ်သင့်သည်များဖြစ်လာရပြီး အလဲလဲအပြိုပြိုဖြစ်သွားကြရသည့်အကြောင်းတစ်ခုကို တင်ပြလို၏။

❒

## သေအောင်ချစ်သောမိဘ

ဒီအကြောင်းကို ဝတ္ထုရှည်ရေး၍ လပြည့်ဝန်းမဂ္ဂဇင်းသို့ ပေးပို့ခဲ့ရာ ၂၀၀၇ ခုနှစ်၊ ဇွန်လတွင် စတင်ဖော်ပြသည်။ လပြည့်ဝန်းမဂ္ဂဇင်းသို့ ရေးသားပေးပို့ရာ၌ သမီးလေးကိုသာ ဇာတ်ဆောင်ထားပြီး **'သံသရာဆုံးစေချင်ပါဘိ'** ဟူသော ခေါင်းစဉ်ဖြင့် ရေးသားခဲ့၏။

ထိုအထဲမှ အကျဉ်းမျှကိုသာ ထုတ်နုတ်ပြတော့မည်။ သူတို့၏သမီးလေး ဆယ်တန်းကျောင်းသူ မဝင်းဝင်းခိုင်၏ လိုလိုလားလား ခွင့်ပြုချက်အတိုင်း ရေးသားတင်ပြမည်ဖြစ်၏။ ထို့ကြောင့် နာမည်များကိုလည်း တိကျစွာဖြင့် ဖော်ပြမည် ဖြစ်၏။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ကိုလှခိုင်နှင့် မချိုဦးခိုင်တို့မှာ တစ်ယောက်တစ်နယ်စီ ဖြစ်ကြ၏။ ကိုလှခိုင်က ပြည်မြို့နယ်သားလေးဖြစ်ပြီး မချိုဦးခိုင်က တောင်တွင်းကြီးမြို့နယ်သူလေး ဖြစ်၏။ ခေတ်ပညာ ဆယ်တန်းအထိ တတ်မြောက်ကြသည်။

ကိုလှခိုင်က တစ်ဦးတည်းသားဖြစ်သလို မချိုဦးခိုင်မှာလည်း အစ်ကို၊ မောင်အချို့ ရှိကြသော်လည်း သမီးမိန်းကလေးတစ်ဦးတည်းဖြစ်သောကြောင့် တစ်ဦးတည်းသမီးသာ ဖြစ်၏။

သူတို့နှစ်ဦးသည် မိဘတို့၏တင်းကြပ်သောစည်းကမ်းဖြင့်သာ ကြီးပြင်းလာခဲ့ကြရာ ချစ်သူရည်းစား ဟူ၍လည်း မထားဘူးကြပေ။ နှစ်ဖက်မိဘတို့ကလည်း ရွာ၏မျက်နှာဖုံး၊ တောသူဌေးများဖြစ်၍ အရွယ်ရောက်လာကြသည့်တိုင်အောင် တော်ရုံတန်ရုံဖြင့်လည်း ကပ်ရဲကြဟန်မတူ။

ကိုလှခိုင်၏မိဘများမှာ လယ်ယာကေမျှားစွာပိုင်ဆိုင်သည့် တောသူဌေးဖြစ်ကြသလို ဖခင်ဖြစ်သူမှာ ကျောင်းအုပ်ဆရာကြီးလည်း ဖြစ်၏။ မချိုဦးခိုင်၏မိဘများမှာလည်း လယ်ယာနှင့် ပြောင်းခင်းကေများစွာပိုင်ဆိုင်သည့် တောသူဌေးကြီးများ ဖြစ်ကြသည်။

သူတို့နှစ်ဦးသည် မိဘများနှင့်လိုက်ပါရင်း လယ်ယာထွက်သီးနှံ ရောင်းဝယ်သည့်တစ်နေရာ၌ ဆုံတွေ့ပြီး ချစ်မိသွားကြ၏။ တစ်ယောက်နှင့်တစ်ယောက် မတွေ့ရလျှင် မနေနိုင်သည်အထိလည်း အချစ်ကြီးသွားကြ၏။

အချစ်သွေးများခိုအောင်းနေရာ ရုပ်နာမ်ပိုင်ရှင်တို့သည် ၎င်းအချစ်ရေးကို ချုပ်ချယ်ကန့်သတ်မှုအောက်၌ ကြီးပြင်းလာခဲ့ရာမှ ချစ်သူကြင်သူတို့နှင့် အမှတ်မထင်ဆုံတွေ့ခဲ့ရာ အရူးအမူးချစ်သွားတတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်၏။

သူတို့၏အချစ်ရေးအကြောင်းကို နှစ်ဖက်မိဘတို့အား အသီးသီးဖွင့်ဟတိုင်ပင်ကြရာ ပေါင်းဖက်ရန်ခွင့်ပြုချက်ကို မရသည့်အပြင် အပြတ်အသတ်တားမြစ်ခြင်းကိုပင်ခံကြရပြီး အကျယ်ချုပ်ရလဒ်သည်သာ အဖတ်တင်လေသည်။

ထိုအခါ သူတို့နှစ်ဦးမှာ လျှို့ဝှက်သိုသိပ်စွာဖြင့်ပင် တစ်ဦးက တစ်ဦးဆီမှ စာတစ်စောင်ဖတ်ရရေး၊ သတင်းစကားကြားရရေး၊ တစ်ဦးနှင့်တစ်ဦးခဏတာမျှတွေ့မြင်ရရေး စသည်များကိုပင် ခက်ခက်ခဲခဲကြိုးစားရင်းဖြင့်ပင် တစ်ခါတစ်ရံ မိဘတို့၏ခွင့်ပြုချက်ကိုလည်း မျှော်ကြ၏။

သို့သော်လည်း အချိန်ကာလတို့သည်သာ ရှည်လျား၍လာခဲ့သည်။ မျှော်လင့်ချက်သည်ကား တစ်စုံတစ်ခုမျှဖြစ်မလာခဲ့ဘဲ ဝေးသည်ထက်ဝေးသွားလေ၏။ ယခင်အကျယ်ချုပ်မှ နောက်ပိုင်းတွင် သူတို့နှစ်ယောက် အဆက်မပြတ်ကြသည်ကိုသိ၍ အကျဉ်းချုပ်သဘော မလွှဲသာ၍ ဈေးသွားရလျှင်ပင် အဖော်အဖြစ် အစောင့်အကြပ်တစ်ယောက်၊ နှစ်ယောက်နှင့်သာ ခွင့်ပြုလေ၏။

သူတို့အချစ်ရေးကို ထိုမျှအထိ ဘောင်ခတ်ပြီး အကျပ်ကိုင်ကာ ကန့်သတ်လာကြသည့်တိုင်အောင် သူတို့နှစ်ဦးကလည်း အလျှော့မပေးကြပေ။ နှစ်ဖက်မိဘတို့၏ ခွင့်ပြုမည့် သနားကရုဏာထားလာကြမည်ကိုလည်း မစောင့်မမျှော်ကြတော့ဘဲ နှစ်ဦးအတူနေပေါင်းဖက်ရေးကိုသာ ကိုယ်စွမ်း

ဉာဏ်စွမ်းရှိသမျှ ကြံဖန်ကြိုးစားကြ၏။ တစ်နေ့တွင် မချိုဦးခိုင် အကြံတစ်ခု ရ၏။ ထိုအကြံကိုပင် အကောင်းဆုံးအဖြစ် အတည်ပြုပြီး အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်ကြ၏။

ထို့နောက် မချိုဦးခိုင်သည် စိတ်ပြေလက်ပျောက် ရန်ကုန်ကို ဘုရားဖူးသွားချင်ကြောင်း မိဘများအား ပူဆာ၏။ ဘုရားဖူးခရီးဟုဆို၍ မိဘများကလည်း သဘောတူပြီး ခွင့်ပြုပေးလိုက်ကြ၏။

ခွင့်ပြုချက်ရသည်နှင့် တောင်တွင်းကြီးမှ အစဉ်အတိုင်း ထွက်လာခဲ့ကြ၏။ ပြည်မြို့သို့ရောက်သည်နှင့် မချိုဦးခိုင်သည် ကားပေါ်မှခုန်ချပြီး အစောင့်အရှောက်များ၏လက်တွင်းမှ ပြေးထွက်ခဲ့၏။ ထို့နောက် ရပ်ကွက်ကြိုရပ်ကွက်ကြား၊ အိမ်ကြိုအိမ်ကြားများကို ကွေ့ပတ်ပြေးလွှားရင်းက ကိုလှခိုင်နှင့် သွားတွေ့၏။

ကိုလှခိုင်၏မိဘများမှာ ဟိုဘက်မိဘများက သူတို့သမီးနှင့် မိမိတို့၏သားကို သဘောမတူဟု ပစ်ပစ်ခါခါအပြောခံထားရ၍ စိတ်ဆိုးနေခဲ့သည်မှာ မှန်၏။ ထို့ကြောင့် ဒေါသဖြင့် တုံ့ပြန်၍ မိမိတို့သားကိုလည်း သူတို့သမီးနှင့်သဘောမတူဟု ပြန်လည်ပြောဆို တားမြစ်ထားခဲ့၏။

သို့သော်လည်း ယခုအခါ နှစ်ဦးမေတ္တာမျှ၍ တစ်ဘဝတည်းထူထောင်ရန် လက်တွဲလာကြပြီ ဖြစ်သောကြောင့် မိမိတို့၏ဂုဏ်သိက္ခာကိုထောက်၍ ဘေးအမြင်လည်းကင်းရှင်းစေရန်အတွက် မခွဲလိုတော့။ ဒေါသအာဃာတများကို ခဝါချကာ ကြည်ကြည်ဖြူဖြူနှင့်ပင်လက်ခံပြီး ထိန်းသိမ်းထားလိုက်၏။

ထို့နောက် မချိုဦးခိုင်၏မိဘများထံသို့ စကားကမ်းလှမ်းလိုက်ကြ၏။ ကလေးနှစ်ယောက်တို့သည်ကား ချစ်ကြိုက်ရုံမျှသာမက နှစ်ဦးသဘောတူဆုံးဖြတ်ပြီး အကြင်လင်မယားအဖြစ်သို့ပင် ရောက်နေကြချေပြီ။ သို့ဖြစ်၍ လူကြီးလူကောင်းများပီပီ တည်တည်တံ့တံ့ မိမိတို့၏ယောကျ်ားလေးမိဘဘက်က မည်သည့်နေ့တွင် လာရောက်အပ်နှံ မင်္ဂလာဆောင်ပေးရမည်နည်း စသည်ဖြင့်. . .။

မချိုဦးခိုင်၏မိဘများသည်ကား ယခုအချိန်ထိ အလျှော့မပေးကြသေးပေ။ ယခု အလျှော့မပေးကြသလို နောင်တွင်လည်း မည်သည့်အခါမျှ အလျှော့ပေးကြမည်မဟုတ်။ ထို့ကြောင့် ဒီဘက်က ကမ်းလှမ်းလာသည်ကို ကောင်းမွန်သောတုံ့ပြန်ချက်ဖြင့် ပြန်လည်မဖြေကြားဘဲ စကားပြန်လိုက်သည်မှာ-

"သမီးချိုဦးခိုင်သည် အပျိုအဖြစ်ဖြင့် အချိန်မရွေးပြန်လာနိုင်သည်"

ဟူ၍သာ ဖြစ်၏။

တုံ့ပြန်ချက်ကား တိုလွန်းသည်။ ပြန်လည် ဆက်လက် အသက်သွင်းရန်လမ်း စသည်ပင် ပိတ်လျက်သို့ ရှိသည်။ ပြန်စာ၏အကြောင်းကို အတိုချုံး၍ အနက်ထုတ်ကြည့်လျှင် သမီးချိုဦးခိုင်မှာ မည်သည့်လင်သားမျှ မပါရ။ ပါလာလျှင် မည်သည့်အကြောင်းနှင့်မျှ လက်ခံမည်မဟုတ် ဟူသည့် သဘော ဖြစ်၏။

ထို့ကြောင့် ကိုလှခိုင်၏မိဘများမှာ ဘာမှမတတ်နိုင်တော့ပေ။ တစ်ဖန် ကြိုးစားသော်လည်း ဟိုဘက်မိဘနှင့် အဆင်ပြေရန်လမ်းစ,မမြင်တော့သဖြင့် သားနှင့် ချွေးမတို့အား လိုသလိုဆောင်ရွက်ပြီး တစ်ဖက်သတ်မင်္ဂလာဆောင်ကာ ထိန်းသိမ်းထားလိုက်ရ၏။

ကိုလှခိုင်နှင့် မချိုဦးခိုင်တို့မှာလည်း တစ်ဖက်မိဘများ၏မေတ္တာရိပ်တွင် ငြိမ်းချမ်းစွာဖြင့် နေထိုင်ခွင့်ရနေကြသော်လည်း ပြည့်စုံခြင်းကားမရှိကြပေ။ ထို့ကြောင့် တစ်နေ့ကြာ ဟိုဘက်မိဘများထံမှ တုံ့ပြန်လာမည့်မေတ္တာကိုသာ စောင့်မျှော်လျက်ရှိနေကြ၏။ လူမလာလျှင် စာသော်လည်း ပါးလိမ့်မည်ဟု ယုံကြည်နေကြသည်။

ဤသို့ဖြင့် (၂) နှစ် ဟူသော အချိန်ကာလကို ကျော်လွန်လာပြီးနောက် သမီးလေး မဝင်းဝင်းခိုင်ကို မွေးဖွားကြ၏။ သမီးလေး (၇) လရသည့်အချိန်မှာပင် မချိုဦးခိုင်၏မိဘများထံမှ စာတစ်စောင်ရောက်လာ၏။ အကြောင်းမှာ -

"သမီးချိုဦးခိုင်၊ မိခင်ကြီး၏အသက်ကိုမိချင်ရင် အမြန်လိုက်လာပါ"
ဟူ၍ ဖြစ်၏။

စာကိုဖတ်ရခါစတွင် မချိုဦးခိုင်သည် အလွန်အမင်းစိုးရိမ်သွားသော်လည်း ထိုစိုးရိမ်စိတ်ကို ခဏမျှ သည်းခံဆိုင်းငံ့ကာ စာ၏အဓိပ္ပာယ်ကို စဉ်းစားကြည့်ကြ၏။ စာသည် တိုပြတ်လွန်းပြီး အာဏာသံနှင့် ဒေါသ အပြည့်ပါနေသည်ဟု ရိပ်စားမိကြ၏။ ထို့ကြောင့် စာ၌ပါသောအကြောင်းသည် အကောင်းထက် ဆိုးကျိုးကိုသာဖြစ်စေလိမ့်မည်ဟုလည်း နားလည် မိကြ၏။

အဘယ်ကြောင့်ဆိုသော် ဤသည်မှာ စင်စစ်အမှန်မဖြစ်နိုင်။ တမင် သက်သက် မချိုဦးခိုင်ကို အကွက်ဆင်ပြီးခေါ်ခြင်းသာဖြစ်မည်ဟု နားလည် လိုက်ကြ၏။ ထို့နောက် လင်မယားနှစ်ယောက် အလေးအနက်ထားပြီး တိုင်ပင်ကြ၏။

ကိုလှခိုင်က ဖြစ်နိုင်မည်ဟုထင်သော သူ့အကြံကိုတင်ပြ၏။ "မိသားစုလုံးသွားကြရင် မကောင်းဘူးလား" ဟုဆို၏။ ကိုလှခိုင် တင်ပြသည်ကို မချိုဦးခိုင်က လက်မခံပေ။ မချိုဦးခိုင်သည် သူ့မိဘများကို နားလည်၏။ ထို့ကြောင့် "မဖြစ်နိုင်" ဟု ဆို၏။ မဖြစ်နိုင်မှန်းသိလျက်နှင့် ဇွတ်သွားလျှင် ရှင်းမရသည်အထိ ပြဿနာများဖြစ်လာနိုင်ဖွယ်ရှိ၏။

ထို့ကြောင့် အတန်ကြာ တိုင်ပင်ပြီးနောက် မချိုဦးခိုင်တစ်ယောက် တည်းသွားကြည့်ရန်ကိုသာ ဆုံးဖြတ်လိုက်ကြ၏။ ဤသည်သာလျှင် လက်ရှိတွင် အကောင်းဆုံးလည်းဖြစ်၏။

ထို့နောက် ကိုလှခိုင်သည် မနက်စောစော မချိုဦးခိုင်ကို ကားဂိတ်သို့ရောက်အောင် လိုက်ပို့၏။ ညနေကားဝင်ချိန်တွင် ဟိုဘက်မိဘများ၏ သဘောတူ ကြည်ဖြူသောသတင်းများနှင့် မချိုဦးခိုင် ပြန်လာလိမ့်မည် ဟူသောအထင်ဖြင့် သမီးလေးကိုပွေ့ချီပြီး ရွာဦးသို့ထွက်၍မျှော်သည်။

သိပ်ပြီးမကြာမီပင် ကားဝင်သံကိုကြားလိုက်ရ၏။ ထို့နောက် ရွာက

ခရီးသည်အချို့တို့ အထုပ်များကိုဆွဲပြီး ရောက်လာကြသည်။ မချိုဦးခိုင်ကား ပါမလာ။ ထို့နောက် မိုးချုပ်သွားသည်။ မချိုဦးခိုင် ရောက်၍မလာ။

အကြောင်းမညီညွတ်၍ ဒီနေ့မလာနိုင်သောကြောင့် မနက်ကားဖြင့် ပါလာလိမ့်မည်ဟုထင်ပြီး ရွာဦးသို့ထွက်၍ စောင့်မျှော်ပြန်သည်။ ထိုနေ့သည်လည်း မိုးချုပ်သွားပြန်သည်။ မချိုဦးခိုင်ကား ရောက်၍မလာ။ သတင်းမျှပင် ပါးပို့ခြင်းမရှိပေ။

ထို့နောက် တစ်ပတ်သာပြည့်သွားသည်၊ မချိုဦးခိုင် ရောက်မလာပေ။ ထို့ကြောင့် တစ်စုံတစ်ခုများဖြစ်နေလေသလားဟု စိတ်ပူလှ၍ ကိုလှခိုင် ထလိုက်သွား၏။ ထိုအခါ သူတို့ရွာကိုရောက်သွားသည်နှင့် ကြိုတင် ကွင်းဆက်လုပ်ထားသည့်အတိုင်း ကိုလှခိုင်မှာ ဖမ်းဆီးချုပ်နှောင်ခံရလေ၏။

ကိုလှခိုင်မှာလည်း နားမလည်အောင်ပင်ဖြစ်သွားရ၏။ အကြောင်းကိုလည်း ပြည့်ပြည့်စုံစုံ သိခွင့်မရပေ။ လက်ရှိတွင်လည်း အကျဉ်းသားဖြစ်နေရပြီ။ ချုပ်နှောင်အကျဉ်းချခံရမည့်ပြစ်မှုမျိုးကိုလည်း တစ်စုံတစ်ခုမျှ မပြုလုပ်၊ မကျူးမိ။ ပြစ်မှုကိုကျူးလွန်သူ မဟုတ်ပါဘဲလျက် အဘယ်အကြောင်းကြောင့် အချုပ်ထောင်ထဲသို့ ရောက်လာရသနည်း။

ဤသို့ဖြင့် ညပိုင်းသို့ရောက်လျှင် ကိုလှခိုင်ကို စာတစ်ရွက်လာပေးကြ၏။ ကိုလှခိုင်သည် အချုပ်ခန်းဝက မီးရောင်မှိန်မှိန်ဖြင့် စာကိုကြည့်၏။ သို့သော် အာဏာသားတို့၏လက်သံပြောင်ချက်ကြောင့် အမြင်အာရုံများ ဝေဝါးပြီး ကောင်းစွာဖတ်၍မရသဖြင့် မိမိနှင့် ဘဝတူတစ်ယောက်အား ဖတ်ခိုင်းရ၏။

စာက တစ်မျက်နှာကျော် ရှိ၏။ သို့သော် စာ၏ဆိုလိုရင်းမှာ ကိုလှခိုင်သည် မချိုဦးခိုင်၏အထံသို့ မည်သည့်အခါမျှမလာတော့ပါဟု ကတိဝန်ခံချက်ရေးပြီး လက်မှတ်ထိုးခိုင်းထား၏။ စာ၏အောက်ခြေတွင်လည်း မချိုဦးခိုင်၏လက်မှတ်ပါ၏။

ကိုလှခိုင်သည် တစ်အောင့်ကြာမျှ ငေးလျက်သားဖြစ်သွားကာ ထိန်းမနိုင်သိမ်းမရအောင် ဒေါသထွက်လာပြီး ကျယ်လောင်စွာ တစ်ချက်ဟစ်

အော်လျက် သစ်သားချောင်းများကာရံထားသော အချုပ်နံရံကို အချက်ပေါင်းများစွာ လက်သီးဖြင့် ဆောင့်ထိုးလိုက်၏။ ထို့နောက် ခေါင်းနှင့် တအားတိုက်လိုက်ရာ မိမိဘာသာ ဖင်ထိုင်ကျသွား၏။

ဖြစ်ကြောင်းကုန်စဉ်ကို အစအဆုံးနားလည်နေကြ၍ထင်၏။ အချုပ်စောင့်ရဲသားများလည်း ဘာမှမပြောဘဲ ကိုလှခိုင်၏အဖြစ်ကို ငေးကြောင်၍သာကြည့်နေကြ၏။ ဘဝတူအကျဉ်းသားအားလုံးလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ကိုလှခိုင်သည် သမံတလင်းပြင်ကို လက်ဖြင့်ထောက်လျက် မျက်ရည်များတွေတွေကျကာ ခေါင်းကိုလည်း တွင်တွင်ယမ်းခါနေ၏။ မချိုဦးခိုင်၏အပြုအမူများသည် လက်ခံနိုင်စရာတစ်ခုမှမရှိဟုလည်း တွေး၏။ လွန်လွန်း၏။ ရက်စက်၏။ ကြမ်းတမ်းပြီး ယုတ်မာလွန်း၏ စသည်ဖြင့်လည်း တွေး၏။

ထို့နောက် တက်တစ်ချက်ကို ကျယ်လောင်စွာခေါက်ပြီး ဖြန်းခနဲ ထရပ်ကာ မချိုဦးခိုင်၏တောင်းဆိုချက်ဆန္ဒအပိုင်း လက်မှတ်ထိုးပေးကာ အချုပ်ထဲမှထွက်လာခဲ့၏။ မချိုဦးခိုင်ကိုလည်း စိတ်အနာကြီးနာသွား၏။ အဆက်အသွယ်လည်း အပြီးတိုင်ဖြတ်တောက်လိုက်၏။ ထို့ကြောင့် သမီးလေးကိုလည်း ဆိတ်နို့နှင့်ပင်မွေးရလေ၏။

ဒီလိုနှင့် နောက် (၂) နှစ်ခန့်အကြာတွင် မချိုဦးခိုင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရ၏။ ထိုအခါ ကိုလှခိုင်သည် မိမိ၏အိမ်မှာပင် ဆွမ်းကျွေးပြုလုပ်ပြီး မချိုဦးခိုင်၏မြေပုံသို့သွား၍ အမျှဝေပေးလိုက်၏။

တစ်ဖန် (၃) နှစ်နီးပါးကြာပြီးနောက် မချိုဦးခိုင်၏မိဘများအိမ်တွင် နှစ်အတန်ကြာကြာ အိမ်ဖော်လုပ်နေခဲ့ဖူးသော အမျိုးသမီးကြီးတစ်ယောက်ရောက်လာပြီး မချိုဦးခိုင်၏အကြောင်းများကို ကိုလှခိုင်အား ပြောပြ၏။

မချိုဦးခိုင်သည် သမီးလေးနှင့်အတူ ကိုလှခိုင်လာအခေါ်ကို တမျှော်

မျှော်နှင့်စောင့်နေခဲ့၏။ ကိုလှခိုင်ရောက်လာပြီး အချုပ်ခန်းထဲ၌ဖတ်ရသော စာသည်လည်း မချိုဦးခိုင်ရေးသောစာမဟုတ်။ ထိုအကြောင်းကို မချိုဦးခိုင် သိပင်သိမသွားခဲ့။

မချိုဦးခိုင်မှာ အစောင့်အကြပ်နှင့်ထားခြင်းကို ခံနေရသဖြင့် သမီး လေးနှင့် ယောကျ်ားဖြစ်သူတို့လာအခါကို တမျှော်မျှော်နှင့် လွမ်းဆွေး ပူဆွေးသောဝေဒနာကို မခံစားနိုင်သည့်အဆုံး နှလုံးရောဂါစွဲခဲ့ရ၏။ နောက် ဆုံးထွက်သက်တိုင်အောင် သမီးလေးနှင့်ယောကျ်ားဖြစ်သူတို့အား တမ်းတ သွားခဲ့၏ ဟူ၍ ဖြစ်၏။

သို့မှ ကိုလှခိုင်မှာလည်း ယခင်ကထင်ခဲ့သလို တစ်ခုမှမဟုတ်သည် ကိုသိလိုက်ရပြီး ယူကျုံးမရဖြစ်ကာ မိမိ၏ရင်ဘတ်ကိုထု၍ လည်းကောင်း၊ သမီးလေးအား ဖက်၍လည်းကောင်း တစ်ညလုံးငိုရှိုက်ရလေ၏။ သို့သော် လည်း အရာရာသည် အလုံးစုံနောက်အကျကြီးကျပြီး လွန်လာခဲ့ပြီ။ ပျက်စီး ဆုံးရှုံးခဲ့ရပြီ။ တစ်ဖန် ပြုပြင်ဖန်တီး၍ရကောင်းသောအဖြစ်လည်း မဟုတ် တော့ပေ။

ဤအဖြစ်အချုပ်၌ မိဘများက သားသမီးတို့အပေါ်တွင် ချစ်သည် ကား မှန်၏။ သို့သော်လည်း အတ္တနှင့်သာ ချစ်ကြ၏။ ထို့ကြောင့် သူတို့ ဖြစ်စေချင်သည့်အတိုင်း ဖြစ်မလာသောအခါ သေသောသူကိုသေစေ၍ ကျန်သောသူကိုလည်း ဒုက္ခများစွာရောက်စေ၏။ အလွန်မှ ကြောက်စရာ ကောင်းသော ချစ်ခြင်းမေတ္တာကြီးပင်ဖြစ်၏။ ထို့ကြောင့် ဒီအခန်းကို 'သေ အောင်ချစ်သောမိဘ' ဟု ခေါင်းစီးတပ်လိုက်ရ၏။

မချိုဦးခိုင် လောကထဲသို့ ပို့လွှတ်ခဲ့သော သမီးလေး မဝင်းဝင်းခိုင် သည်လည်း ဆယ်တန်းကျောင်းသူအရွယ်ကပင် မိခင်၊ ဖခင်တို့၏ ဖြစ် ကြောင်းကုန်စင်များကို သိရှိနားလည်လာခဲ့ရပြီးနောက် ဦးစွာ ဝမ်းနည်း ပူဆွေးမှုကို ဖြစ်ရ၏။

ထို့နောက် အစဉ်သဖြင့် ခြေရာခံရင်းက ဤသည်မှာ ဘဝရှိသူတို့ ၏ဓမ္မတာကြီးသာ ဖြစ်ချေသည်တကားဟု သိ၏။ ထို့နောက် ဆက်ကာ

ဆက်ကာ ရလာနေဦးမည့် ဘဝများစွာကို ကြောက်လန့်ရွံ့မုန်းပြီး သံသရာ အရပ် ဘဝပြတ်ကြောင်းဖြစ်သော လမ်းစကိုရှာ၍ သီလရှင်ဝတ်ကာ ပရိယတ်၊ ပဋိပတ်အလုပ်များကိုသာ ကျင့်ကြံအားထုတ်နေလေ၏။

## ဘဝပျက်အောင်ချစ်သောမိဘ

"ငါ့သမီးလည်း အသက်နှစ်ဆယ်ကျော်ပြီ။ ဥပဒေဘွဲ့ကြီးကိုလည်း ရခဲ့ပြီဖြစ်လို့ ပညာရေးဘက်မှာ အဖေ အားရကျေနပ်ပါပြီ။ အိမ်ထောင်ပြု လိုကလည်း ပြုနိုင်ပြီ။ ဒါပေမယ့် သမီးနဲ့လက်ထပ်ပြီး ပေါင်းဖက်မယ့်သူဟာ သမီးလည်းသဘောကျ၊ အဖေလည်း လက်ခံသဘောတူပြီး စိတ်ချရမည့် လူမျိုးတော့ဖြစ်ပါစေ သမီး"

အဖေနှင့်သမီးနှစ်ယောက်တည်း ပြောဆိုတိုင်ပင်နေကြ၏။ ယခု သမီးဖြစ်သူအား ဆုံးမ နှစ်လိုစကားဆိုနေသောလူမှာ ရှေ့အခန်းတစ်ခု တွင် တင်ပြခဲ့သောလူကြီးပင် ဖြစ်၏။ ကွဲလွဲခဲ့သောအိမ်ထောင်မှရခဲ့သည် သမီးလေး မချောစုသည် ဖခင်ဖြစ်သူ ဦးမျိုးသူနှင့်ပင် အတူနေ၏။

ပိမ္မာရေးခြားလည်းရှိ၏။ ဖခင်၏ဆုံးမမှုအောက်တွင် သေဝပ်စွာ ဖြင့်နေ၏။ ဖခင်က ခွင့်ပြုမှ မိခင်ဆီသို့ တစ်ခါတလေသွား၏။ ယခု သမီး လေး မချောစုသည် ဥပဒေဘွဲ့ရပြီး အသက်နှစ်ဆယ်လည်းကျော်လာခဲ့ပြီ ဖြစ်၏။

ဦးမျိုးသူသည် သမီးဖြစ်သူ မချောစုအား မိခင်လိုရော ဖခင်လိုပါ ချစ်၏။ သမီး၏ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စများနှင့်ပတ်သက်လာ လျှင်လည်း ဖခင်အား သူငယ်ချင်းတစ်ယောက်ကဲ့သို့ ပွင့်လင်းစွာဖြင့် ပြောပြတိုင်ပင်ရန်ကိုလည်း မကြာခဏပြောဆိုထား၏။

သမီး၏ချစ်သူသည် ဖခင်လက်ခံနိုင်သောသူ ဖြစ်ရမည်၊ သမီး အ ရွယ်ရောက်၍မှ သဘောကျသော ဘဝလက်တွဲပြုလောက်သည့် ချစ်သူကို

မတွေ့လျှင်လည်း ဖခင်ကရှာပေးမည်၊ ဖခင်ရှာပေးသူသည်လည်း သမီး လက်ခံနိုင်သောသူ ဖြစ်ရမည်၊ သမီးအား အပျိုကြီးလည်းမဖြစ်စေရဟု သမီးနှင့်အဖေ သဘောတူတိုင်ပင်ပြီး ပြောဆိုထားကြ၏။

သမီးက သူချစ်၍ ဖခင်လက်မခံနိုင်သောလူတစ်ယောက်ကို ဇွတ်ယူလျှင်လည်း နောက်ပိုင်း အိမ်ထောင်ရေးအဆင်မပြေပါက သမီး ဒုက္ခရောက်မည်ဖြစ်သလို ဖခင်ဖြစ်သူက သမီးအပေါ်၌ တစ်သက်ပတ်လုံး ခွင့်မလွှတ်နိုင် ဖြစ်သွားတတ်သည်။

ဖခင်ဖြစ်သူက သူသဘောတူတစ်ဦးနှင့် သမီး မချစ်မနှစ်သက်ဘဲ အတင်းပေးစားလျှင်လည်း နောက်ပိုင်း အိမ်ထောင်ရေးအဆင်မပြေလျှင် သမီးဒုက္ခရောက်ရသလို သမီးကလည်း ဖခင်၏အပေါ်၌ တစ်သက်ပတ်လုံး ခွင့်မလွှတ်နိုင် ဖြစ်သွားတတ်သည်။

သမီးသည် အပျိုကြီးထီးတည်းဖြစ်နေပါကလည်း ဖခင်ဖြစ်သူက သမီး၏နောင်ရေးအတွက် စိတ်မအေးရသလို သမီးဖြစ်သူမှာ သူ၏နောင်ရေးကို ပို၍ပင် စိတ်မအေးရပေ။ တူ၊ တူမများက မည်မျှအထိပင် ကောင်းကြသည်ဖြစ်စေ ကိုယ်မွေးထားသောသားသမီးကဲ့သို့ မည်သည့်နည်းနှင့်မျှ ကောင်းနိုင်ကြမည် မဟုတ်ပေ။

သူတို့သမီးအဖ ပြောဆိုပြုမူဆုံးဖြတ်ကြပုံများမှာ အလွန်မှကောင်း၏။ မိဘတိုင်း၊ သားသမီးတိုင်း အတုယူသင့်သည်ဟုပင်ထင်၏။ ဦးမျိုးသူနှင့် သမီးလေး မချောစုတို့မှာ ထိုကဲ့သို့ ချစ်စရာ၊ ပျော်စရာကောင်းသော ပြုမူပြောဆို တိုင်ပင်လာခဲ့သောကြောင့်ပင် ထင်၏။ သမီးလေးမချောစုသည် ဉပဒေဘွဲ့ရပြီးနောက် (၂) နှစ်အကြာမှာပင် သူနှင့်သက်တူရွယ်တူ၊ အဆင့်တူ၊ ဂုဏ်တူ၊ သူလည်းချစ်၊ ဖခင်ဖြစ်သူလည်း သဘောကျသော သန်လျင်သားလေးတစ်ယောက်နှင့်အိမ်ထောင်ကျကာ တင့်တင့်တယ်တယ် ဖြစ်သွားလေ၏။

ဦးမျိုးသူ သမီးအပေါ်တွင် ထိုကဲ့သို့ကျင့်သုံးနေခြင်းမှာ အကြောင်းရှိ၏။ အတွေ့အကြုံရှိ၏။ ကိုယ်တိုင်ခံစားခဲ့ရသည့် နှစ်ခါပြန်ကွဲသောအာ

သည်းသည်လည်း အမာထင်လျက် သူ့ရင်ထဲတွင် ရှိနေ၏။ ထို့ကြောင့် ဦးမျိုးသူ ထိုကဲ့သို့ ကျင့်သုံးခြင်းမှာ သူတစ်ပါးပြောသည်လည်း မဟုတ်၊ စာပေကရသည်လည်း မဟုတ်၊ သူ့ဉာဏ်ကပေါ်လာသည်လည်း မဟုတ်၊ ကိုယ်တိုင်ခံစားခဲ့ရသည့်အတွေ့အကြုံနှင့် နှစ်ခါပြန်ကွဲခဲ့သော အသည်းတို့က သင်ပေးခြင်းသာ ဖြစ်၏။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

သန်လျင်မြစ်ဘေး၏တစ်နေရာ။

လွန်ခဲ့သောအချိန်တစ်ခုက ဒီနေရာ၌ ရှင်မွေ့နွန်းနှင့် မင်းနန္ဒာတို့၏အချစ်ဇာတ်လမ်းသည် စ,ခဲ့ဖူး၏။ ထို့နောက် သူတို့၏အချစ်သည် ခိုင်မြဲကြ၏။ ထို့နောက် သူတို့နှစ်ဦးသည် မပေါင်းဖက်၊ မစုံမက်ခဲ့ကြရဘဲ တကွဲတပြားစီဖြစ်ကာ လောကထဲမှ ထွက်သွားကြရ၏။

ထို့နောက် သူတို့၏အလောင်းများကို သန်လျင်မြစ်၏ တစ်ဖက်ကမ်းစီ၌ မီးသင်္ဂြိုဟ်ကြ၏။ ကျန်ရစ်သူများက သူတို့၏အလောင်းများကို တစ်ဖက်ကမ်းစီ၌သာ မီးသင်္ဂြိုဟ်ခြင်းကိုပြုကြသော်လည်း ခိုင်မြဲသောအချစ်ရှိသည့် နှလုံးသားပိုင်ရှင်တို့၏ကိုယ်ကို လောင်ကျွမ်းရာမှ ဖြစ်လာသည့် မီးခိုးတို့သည် မြစ်ပြင်ကိုဗဟိုပြုလျက် ကောင်းကင်တွင် တစ်ပေါင်းတည်း ဖြစ်သွားကြ၏။

လူသေသော်လည်း အချစ်မသေဟု သစ္စာကြီးခြင်း၏ သဘောသဘာဝက သက်သေပြသွားကြခြင်းပင် ဖြစ်ဟန်တူ၏။

ဤဇာတ်လမ်းကို လူတိုင်းပင် ကြားဖူးကြ၏။ သီချင်းလည်းရှိ၏။ အော်ပရာလည်း ကပြကြ၏။ ရုပ်ရှင်ဇာတ်လမ်းလည်း ရိုက်ကူးပြသကြ၏။ ဤဇာတ်လမ်းကို မြင်ရ၊ ကြားရသူတိုင်း မခံစားရသူမရှိ။ အသည်းနုသူတို့ တသသဖြစ်ရ၏။ တိုက်ဆိုင်သူတို့က ငိုကြ၏။

ယခုလည်း သန်လျင်မြစ်ဘေးတစ်နေရာ၌ မောင်မျိုးသူနှင့် ၎င်း၏

ချစ်သူကောင်မလေးတို့သည် ရှင်မွေ့နွန်းနှင့် မင်းနန္ဒာတို့ဇာတ်လမ်းကို ကိုယ်စားပြု သရုပ်ဖော်နေဘိသည့်အလား ရှိနေ၏။

မောင်မျိုးသူနှင့် သူ၏ချစ်သူကောင်မလေးတို့သည် ရှစ်တန်းနှစ်မှာပင် စတွေ့ချစ်ခဲ့ကြ၏။ သူတို့၏အချစ်သည် သစ္စာနှင့်ယှဉ်၏။ ခိုင်မြဲ၏။ မောင်မျိုးသူမှာ ဆိုခဲ့သည့်အတိုင်း ဆိုခြင်း၊ ရေးခြင်း၊ တီးခတ်သရုပ်ဆောင်ခြင်းတို့ကို ဝါသနာအလျောက် သင်ယူတတ်မြောက်ထားသဖြင့် ကျောင်းကပွဲများတွင် ရှေ့တန်းကပါဝင်ရ၏။

ထိုအခါ ၎င်း၏ချစ်သူကောင်မလေးသည် တပြုံးပြုံးဖြင့် အားပေးတတ်၏။ ကျောင်းတက်, ကျောင်းဆင်းတိုင်းတွင်လည်း မတွေ့ရက်၊ မတွေ့ရက် ဟူ၍ မရှိ။ ရသောအချိန်တွင် အနာဂတ်နှင့်ပတ်သက်သောစကားလေးများကိုလည်း ပြောဆိုတိုင်ပင်ကြ၏။ မမြင်ရသေးသောအနာဂတ်သည် သူတို့အတွက် ခံစား၍အလွန်ကောင်းသော ရသစုတစ်ခုသဖွယ် ဖြစ်ခဲ့ရ၏။

ထို့နောက် ရက်မှသည် လများကြွေလွင့်၊ နှစ်များဆင့်၍ မောင်မျိုးသူ ဆယ်တန်း၊ သူ့ကောင်မလေးက ကိုးတန်း အသီးသီးရောက်လာကြသောအခါ ဂြိုဟ်ကြမ္မာသည် လေဆင်နှာမောင်းကဲ့သို့ မွှေဝင်၍လာ၏။ မဖြစ်သင့်သောအရာတစ်ခုဟုဆိုလျှင်လည်း မှန်၏။

အဘယ်ကြောင့်ဆိုသော် မိန်းကလေး၏မိဘများက ရေနံဆီဂိုဒေါင်မန်နေဂျာတစ်ယောက်နှင့် သမီးဖြစ်သူအား လက်ထပ်ပေးရန် စီစဉ်လာကြသောကြောင့်ဖြစ်၏။ ၎င်းသည်လည်း လူပျိုမဟုတ်။ မိန်းကလေးထက်အသက် (၃၀) နှစ်နီးပါးကြီးသော သားသမီးလေးယောက်ဖခင်၊ မုဆိုးဖို (မယားသေ) ကြီးတစ်ယောက်သာ ဖြစ်၏။

မိန်းကလေးက အပြတ်ငြင်း၏။ သို့သော်လည်း မရ။ မိန်းကလေး၏မိဘများက သမီးဖြစ်သူ ခါးခါးသီးသီးငြင်းလွန်းနေသောကြောင့် ထင်ရာစွတ်လုပ်မည်စိုး၍ဟုဆိုပြီး ကိုးတန်းစာမေးပွဲကိုပင် ဖြေဆိုခွင့်မပြုတော့ဘဲ ချက်ချင်းလက်ထပ်ပေးရန် စီမံကြလေ၏။

ထို့ကြောင့် ဒီဇာတ်လမ်း၌ မတရားသဖြင့် သမီးကိုချမ်းသာစေချင်သောမိဘဟု အမည်ပေးလျှင် အပြည့်အစုံမှန်မည်ဟု ထင်၏။

သို့ဖြစ်၍ မိန်းကလေးက မခံမရပ်နိုင်ဖြစ်လာရသောကြောင့် ဆယ်တန်းအောင် ဘွဲ့ရသည်အထိပင် မစောင့်တော့ဘဲ ချက်ချင်းခိုးပြေးရန် မောင်မျိုးသူအား အတင်းလာပြောခြင်း ဖြစ်၏။ မောင်မျိုးသူကလည်း မငြင်းသာသည့်အဆုံး သဘောတူလိုက်၏။ သူတို့၏ဇာတိမှာ သာကေတဖြစ်၏။

ထိုအချိန်က သာကေတမှ သန်လျင်ဘက်ကို ကူးတို့နှင့်သာ သွားကြရ၏။ သူတို့သည်လည်း ကြိုတင်ပြင်ဆင်စီစဉ်ခြင်းမရှိဘဲ ကြုံမိကြုံရာကြုံလျက် သန်လျင်ဘက်သို့ပြေးကြ၏။

ဆယ်ကျော်သက်နှစ်ယောက်တို့ ခိုးရာလိုက်ပြေးနေကြသည်မှာ ရယ်ဖွယ်ကောင်း၏။ ဘာမှအစီအစဉ်မရှိဘဲ ကျောင်းတက်ရင်းက ခိုးပြေးနေကြသဖြင့် ကျောင်းလွယ်အိတ်နှင့် မုန့်ဖိုးငါးကျပ်မှလွဲ၍ ဘာမှမပါကြ။

သန်လျင်ဘက်ကမ်းသို့ရောက်လာကြပြီးနောက်လည်း ဘယ်နေရာကိုသွားရမှန်းမသိ။ စိတ်မလုံ၍ တောင်ကြည့်မြောက်ကြည့်ဖြင့် ယောင်ချာချာဖြစ်နေကြရင်းက ကျိုက်ခေါက်ဘုရားကြီး၏ ရင်ပြင်တော်ပေါ်သို့တက်လိုက်ကြ၏။

ရင်ပြင်တော်ပေါ်သို့ ရောက်လာကြပြီးနောက်လည်း စိတ်မလုံဖြစ်နေကြသည့်အထဲ တစ်သုတ်ပြီးတစ်သုတ် ဘုရားဖူးရန်ရောက်လာနေကြသော သူတော်ကောင်းများကိုပင် အလိုလို သံသယဝင်ပြီး ကြောက်လန့်လာကြသဖြင့် ဘုရားရင်ပြင်တော်၏အောက်ဘက်တွင်ရှိသော လှိုဏ်ကြီးထဲသို့ ဝင်ပြေးကြ၏။ ထိုလှိုဏ်ကြီးထဲသည်လည်း သူတို့အတွက် လုံခြုံမှုမရှိသေးပေ။

ထို့ကြောင့် လှိုဏ်ကြီးထဲမှပြန်ထွက်ကာ ရန်ကုန်မြို့ထဲက အသိအိမ်တစ်အိမ်သို့သွားရန် တိုင်ပင်ပြီးလာခဲ့ကြရာ သန်လျင်ကူးတို့မှ သာကေတဘက်ကမ်းသို့အရောက်တွင် နှစ်ဖက်မိဘတို့၏ဝိုင်းဖမ်းခြင်းကို ခံကြရ၏။

ထိုနေ့မှာပင် မိန်းကလေးကိုလည်း အထက်ကဆိုခဲ့သည့်အတိုင်း မုဆိုးဖို ကြီးနှင့် ချက်ချင်းပေးစားလိုက်ကြ၏။

သူတို့၏ဇာတ်လမ်းသည် ဤနေရာတွင် ဆုံးသင့်၏။ သို့သော်လည်း ဇာတ်လမ်းသည်ကား ပြီးဆုံး၍မသွားပေ။ သူတို့နှစ်ယောက်သည် ထိုနေ့၊ ထိုအချိန်မှစ၍ တစ်ယောက်နှင့်တစ်ယောက် တွေ့ခွင့်၊ မြင်ခွင့်၊ ကြုံဆုံခွင့် မရကြတော့သော်လည်း ဇာတ်လမ်းသည်ကား ကျန်ရှိနေသေး၏။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

မောင်မျိုးသူသည်လည်း ကာလရှည်လျားလာခဲ့သည့်အလျောက် ကိုမျိုးသူ ဟူ၍ ဖြစ်လာခဲ့ရ၏။ ကိုမျိုးသူ ဆယ်တန်းအောင်ပြီးနောက် အဝေးသင်တက္ကသိုလ်ဆက်တက်ရင်း နွမ်းပါးကြသောမိဘများအား ကူညီနိုင်ရန်အတွက် ကျောင်းဆရာဝင်လုပ်နေ၏။ ဖြစ်ပျက်ခဲ့ဖူးသောဇာတ်လမ်းကိုလည်း သတိရသောအခါရ၍ မေ့သောအခါလည်း မေ့နေတတ်၏။

နှစ်ကာလတို့ ရွေ့လျောပြောင်းလဲလာခဲ့သည်ကတစ်ကြောင်း၊ အလုပ်များသည်ကတစ်ဖုံတို့ကြောင့် မေ့နေတတ်သည်က ပို၍များလာသည်။ သတိရသောအခါလည်းရသည်။ ကောင်မလေးသည် သူနှင့်ခိုးပြေးခဲ့ကြပြီးနောက် တစ်ယောက်တစ်နေရာစီ ဖြစ်သွားကြသည်။ တစ်ယောက်နှင့်တစ်ယောက် မတွေ့ရ၊ မမြင်ရသောကြောင့်လည်း ယခုကဲ့သို့ အထိုက်အလျောက် မေ့ဖျောက်လာနိုင်စွမ်းရှိနေရခြင်း ဖြစ်သည်။

သို့သော်လည်း သူနှင့်နီးစပ် ရှုပ်ထွေးပွေလီခဲ့ဖူးသောကောင်မလေးသည် ကာလအတန်ကြာသောအခါမှာပင် သူနှင့် အနီးဆုံးတစ်နေရာသို့ ရောက်ရှိနေသည်ကိုမူ ကိုမျိုးသူ သတိမပြုမိပေ။ ဤသည်မှာလည်း သိပ်ပြီး မကြာလိုက်။

မိုးဦးကျ ကျောင်းဖွင့်ပြီးနောက် ကျောင်းသားကျောင်းသူလေးများအား လက်ခံသည့်အချိန်တွင် ဖြစ်၏။ ကျောင်းဆရာ ကိုမျိုးသူသည် မိဘ

စသော အုပ်ထိန်းသူတို့ လာရောက်အပ်နှံကြသည့် ကျောင်းသားကျောင်းသူလေးများအား နာမည်၊ မိဘ၊ နေရပ် စသည်များကို ပူးတွဲ၍ရေးမှတ်နေ၏။

ထိုအချိန်မှာပင် ကျောင်းသားကျောင်းသူလေးများ၏နာမည်များကို ပြောပြကြသည့်မိဘများထဲမှ သူမှတ်မိနေသော မိခင်တစ်ယောက်၏အသံကိုကြားလိုက်ရ၍ ဆရာကိုမျိုးသူသည် ဆတ်ခနဲ ခေါင်းထောင်ပြီး ကြည့်လိုက်၏။ ထိုအခါ ခေါင်းတစ်ခုလုံးကို မျက်နှာသုတ်ပဝါစုတ်ကလေးဖြင့်ပတ်ထားသော ကျောင်းသားမိခင်တစ်ယောက်၏မျက်နှာကို ဖျတ်ခနဲ တစ်ချက်သာမြင်လိုက်ရပြီး တစ်ဖက်သို့လှည့်သွားလေ၏။

ထို့ကြောင့် ဆရာကိုမျိုးသူသည် သက်မတစ်ချက်ကိုချလိုက်၏။ စိတ်သည်လည်း အနည်းငယ်တုန်လှုပ်သွား၏။ မျှော်မှတ်၍မထားသောတွေ့ဆုံမှု၊ သို့တည်းမဟုတ် တိုက်ဆိုင်မှု၊ အမှတ်မထင်သောမြင်ကွင်းနှင့် အဖြစ်အပျက်။

ယခုအချိန်သို့မရောက်မီ ကာလအတန်ကြာကပင် ဆရာကိုမျိုးသူကျောင်းကိုလာတိုင်း ကျောင်းဈေးတွင် ကလေးတစ်ယောက်ကိုရင်ခွင်ပိုက်ပြီး ပြောင်းဖူးပြုတ်ရောင်းနေသော အမျိုးသမီးတစ်ဦးကို တွေ့နေမိခဲ့၏။ ထိုအမျိုးသမီးသည် ဆရာကိုမျိုးသူနှင့်ဆုံမိတိုင်း လုံချည်နွမ်း၊ အင်္ကျီအနွမ်းများကိုဝတ်ဆင်လျက် တဘက်စုတ်ကို မေးကပင်သိုင်းပတ်ထား၍ အမှတ်ထင်ထင်မရှိခဲ့ပေ။

သူသည် ရေနံ့ဆီဆိုင် မန်နေဂျာတစ်ယောက်နှင့်ညားပြီး သူဌေးမလေးဖြစ်နေပါလျက် အဘယ်ကြောင့် ဆင်းရဲသွားရပါလိမ့်။ ကျောင်းဈေးတွင် ပြောင်းဖူးပြုတ်ရောင်းရသည်အထိ အဘယ်ကြောင့် နိမ့်ကျသွားပါလိမ့်။ ဆရာကိုမျိုးသူ နားမလည်နိုင်ဖြစ်နေရ၏။ သက်မကိုလည်း အကြိမ်ကြိမ်ချနေမိ၏။

ဆရာကိုမျိုးသူသည် သူ၏စိတ်ဂနာမငြိမ်သည်အထိဖြစ်နေရသည်ကို အခြားကျောင်းသားကျောင်းသူမိဘများ မြင်သွားကြလေပြီလားဟု ဘစ်ချက်အကဲခတ်ပြီး စိတ်ကိုငြိမ်အောင်ထားကာ ကျန်ရှိနေသော ကျောင်း

သားကျောင်းသူလေးများ၏စာရင်းကို ဆက်မေးရေးမှတ်ပြန်၏။ အားလုံး မေးမြန်းရေးမှတ်၍ပြီးပြီးနောက် ၎င်းအားခေါ်၍ မေးမြန်းကြည့်လေသည်။

ထိုအခါ သူက တရှိုက်ရှိုက်ဖြင့် ပြန်၍ပြောပြသည်မှာ -

သူနှင့်ပေါင်းဖက်ခဲ့ရသော မုဆိုးဖိုကြီးသည် ထင်သလောက်မဟုတ်ကြောင်း၊ အရက်, ဖဲ, ဘိန်း, မိန်းမမှုစ၍ မကောင်းမှု၌ အတော်လေးပင် စုံသည့်အကြောင်း၊ ဤသည်ကိုမသိကြသော သူ၏မိဘများက သူနှင့် အတင်းပေးစားကြခြင်းဖြစ်သည့်အကြောင်း၊ သူ တတိယကိုယ်ဝန်ကိုလွယ်နေရချိန်တွင် ၎င်းသည် ပို၍ဆိုးလာသည့်အကြောင်း၊ အိမ်သို့ပင် မလာတော့ဘဲ အရက်ဝိုင်း, ဖဲဝိုင်း, တည်းခိုခန်း စသည်များမှာသာ ကျက်စားနေသည့်အကြောင်း၊ စုံစမ်းပြီးလိုက်ခေါ်လျှင်လည်း အစ်မ, ညီမချင်းမစာ ရိုက်ပုတ်နှိပ်စက်တတ်သည့်အကြောင်း၊ နောက်ဆုံးတွင် ဆီဆိုင်နှင့်ပတ်သက်၍ ပြစ်မှုများ တစ်ခုပြီးတစ်ခုပေါ်လာ၍ အဖမ်းခံရပြီး အကျဉ်းစခန်းတစ်ခုတွင် သေဆုံးသွားသည့်အကြောင်း၊ ထို့ကြောင့် သူမှာ မုဆိုးမဘဝနှင့် ကလေးသုံးယောက်သာအဖတ်တင်ပြီး လက်ရှိဘဝသည်သာ ရလဒ်ဖြစ်ကြောင်း၊ ဤကဲ့သို့ အသက်အရွယ်နုနုငယ်ငယ်ဖြင့် မိမိ၏ဆန္ဒမပါဘဲ တစ်ဖက်သတ်ကြီးဖြစ်ခဲ့ရသည့်အတွက် မိမိကိုယ်မိမိ ယူကျုံးမရဖြစ်ခဲ့ရသလို မိဘများကိုလည်း ခွင့်မလွှတ်နိုင်ဖြစ်နေရသည့်အကြောင်းများကိုပြောပြပြီး ငိုရှိုက်လျက် အနားမှထွက်ခွာသွားလေ၏။

*(ဆရာကိုမျိုးသူမှာ အထက်ပါအဖြစ်အပျက်ကို ကိုယ်တိုင်ကြုံ၊ ကိုယ်တိုင်တွေ့၊ ကိုယ်တိုင်ခံစားခဲ့ရသောကြောင့် များစွာပင် နာကြည်းခဲ့မိ၏။ ယူကျုံးမရခြင်း၊ ခွင့်မလွှတ်နိုင်ခြင်းများသည်လည်း စွဲခဲ့ရ၏။ ထို့ကြောင့် မွေးဖွားလာကြမည့်သားသမီးတို့အားလည်း ၎င်းကဲ့သို့ အဖြစ်ဆိုးမျိုးမှ ကင်းလွတ်ကြစေရန် ဆုတောင်း၏။*

*ကိုယ်တိုင်မွေးထားသော သမီးလေး မချောစုကိုလည်း မိမိ၏ဆန္ဒအတိုင်း တစ်ဖက်သတ်မဖြစ်စေရန် ဘဝကို သိတတ်နားလည်ခြင်းနည်းသေးသောအရွယ်ဖြစ်၍ သမီး၏ဆန္ဒသက်သက်ဖြင့်လည်း မဖြစ်စေရန်*

*သမီးနှင့်အဖေ သဘောကျဆန္ဒကိုသာ ရွေးချယ်ခဲ့ကြ၏။ သားသမီးနှင့် မိဘအားလုံးတို့ကိုလည်း ထိုကဲ့သို့ပင် ဖြစ်စေချင်၏။)*

ဆရာကိုမျိုးသူသည် ချစ်သူဟောင်း၊ ကျောင်းသား၏မိခင် သူ့အနား မှထွက်သွားပြီးနောက် သက်မတစ်ချက်ကို ထပ်ချမိပြန်၏။ တစ်အောင့် ကြာမျှလည်း ငေးငေးငိုင်ငိုင်ဖြစ်သွား၏။

ထိုအချိန်၌ အလှူစုံတို့သည် လမ်းမ၌ ဥဒဟိုသွားလာနေကြ၏။ အချို့မှာ ကားနှင့်၊ တချို့မှာ ခြေကျင် အဆင်ပြေသလိုပင် သွားလာနေ ကြ၏။ နေသည်လည်း ရှိန်ရှိန်တောက်လျက် ပူပြင်းနေဆဲပင်။

## စာကြွင်း

ဦးမျိုးသူသည် ယခုအခါ ရွှေပြည်သာမြို့ (၇) ရပ်ကွက်၊ သမိန်ပရမ်း လမ်းတွင် နေထိုင်၏။ ဒုတိယဇနီးသည် ဒေါ်ယဉ်ယဉ်ဆွေနှင့် သားတစ် ယောက် ထွန်းကား၏။ လင်မယားနှစ်ယောက်လုံး စာရေးကြ၏။ ဦးမျိုးသူ ၏အမည်ရင်းမှာ ဦးမျိုးမြင့် ဖြစ်ပြီး ဂီတစာဆို မောင်မျိုးသူ၊ ချစ်မင်းသူ စသော ကလောင်များဖြင့် ရေးသားပြီး ဒေါ်ယဉ်ယဉ်ဆွေက မရည်မွန် (ကျုံပျော်)၊ ယဉ်မျိုးဆွေ စသော ကလောင်များဖြင့် ရေး၏။

ဦးမျိုးသူ၏ ဖြစ်ကြောင်းများကို တစ်ခုစီရှင်းနေရလျှင် စာများမည် စိုး၍ ရှင်းမနေတော့ဘဲ အထက်မှဆိုခဲ့သည့်အကြောင်းများဖြင့် ရောသမ မွှေပြီးလာခဲ့ရာ ယခုအခါ ဒုတိယအိမ်ထောင်နှင့် စာရေး၊ စာအုပ်ထုတ်၊ စာအုပ်ဆိုင်ဖွင့်၊ ဗွီဒီယိုပြ၊ ဤမျှနှင့်ပင် လက်ရှိဘဝကို ရပ်တည်နေသည် ဟူ၍ ဖြစ်၏။

# ကံကြီးထိုက်အောင်ချစ်သောမိဘာ

ဒီအကြောင်းအရာသည် စာရေးသူတို့နှင့် အလွန်နီး၏။ ထို့ကြောင့် လင်းရှင်းစွာဖြင့်ရေး၍သင့်မည် မထင်ပေ။ ဇာတ်လမ်းကိုပေါ်လွင်စွာဖြင့် တင်ပြနိုင်မည် ဖြစ်သော်လည်း ဇာတ်လိုက်နှင့် နေရပ်လိပ်စာများကိုမူ ရှောင်လွှဲရေးမှ သင့်ပေလိမ့်မည်။

စာရေးသူသည် စာပေနယ်ထဲသို့ရောက်စကပင် ဒီအကြောင်းကို ရေးသားရန် စိတ်ကူးခဲ့ဖူး၏။ သို့သော်လည်း အထက်မှဆိုခဲ့သည့်အတိုင်း ဤဇာတ်လမ်း၏ဖြစ်ခဲ့ဖူးသောနေရာနှင့် နီးလွန်းနေသဖြင့် ရေး၍သင့်မည် မထင်သောကြောင့် မရေးဖြစ်ခဲ့ပေ။

ယခု အဆင်ပြေသလိုပြုပြင်ပြီး ရေးသားတော့မည်ဟု ဆုံးဖြတ်လိုက်သည်မှာလည်း ဤအဖြစ်အပျက်သည် နှစ်ပေါင်း (၃၀) ကျော် ကြာခဲ့ပြီဖြစ်သည်ကတစ်ကြောင်း၊ မေတ္တာနှင့်ပတ်သက်၍ အားနည်းချက်များကို ထုတ်ဖော်ပြသနေသည့်အချိန်ဖြစ်သည်က တစ်ကြောင်း၊ စာရေးသူသည် စာပေရေးသားခြင်းကိုရပ်နားခြင်း သို့တည်းမဟုတ် လျှော့ပါးတော့မည်ဟု ဆုံးဖြတ်ထားသည်ကတစ်ကြောင်းတို့ကြောင့်သာ စာဖတ်သူများသိသင့်သောအရာဖြစ်၍ ရေးသားတင်ပြရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။

စင်စစ်တွင် စာပေရေးသားခြင်းသည် စာရေးသူတို့အတွက် မဟုတ်ပေ၊ စာဖတ်သူတို့အတွက်သာ ဖြစ်၏။ မိမိ သိရှိ မှတ်သားထားသောအကြောင်းအရာများကို စာဖတ်သူတို့အား ဖြန့်ဝေပေးလိုက်ခြင်း ဖြစ်၏။

စာရေးသားရာတွင်လည်း အဖြစ်မှန်ကို စာပေ၏သဘာဝကျစွာ (စာပေအကြိုက်) ရေးသားသည်က သာ၍သင့်၏။ စာပေသဘာဝ၊ စာပေအကြိုက် ဟူသည်မှာ မိမိအကြိုက်ရေးလျှင် မိမိအတွက်သာ ဖြစ်သွား၏။ စာဖတ်သူအကြိုက်ရေးလျှင် စာဖတ်သူအတွက် ဖြစ်သွား၏။ မိမိတင်ပြလိုသည့်အကြောင်းအရာကို မပိုမလို မချဲ့မကား အကြောင်းအရာ၏ဖြစ်သင့်သည့်သဘာဝအတိုင်း ရေးသားပါလျှင် စာပေပီသ၍ စာကြိုက်ဟု

ဆိုရ၏။

ထို့ကြောင့် စာပေအကြိုက် ဟူသည်မှာ အကြောင်းအရာကို စာပေနှင့်ပေါင်းစပ်လိုက်ခြင်းမျိုးပင် ဖြစ်၏။ အကြောင်းအရာသည်သာ လိုရင်းဖြစ်သဖြင့် အပိုအဆာအထည့်များလျှင် အကြောင်းအရာပျက်သွား၊ ပေါ့သွားတတ်၏။ ယိမ်းယိုင်၍လည်းသွားတတ်၏။

ဥပမာ- နိုင်ငံခြားစာအုပ်ကို မိမိတို့စာပေသို့ ပြန်ဆိုရာ၌ ထိုစာအုပ်ကို မိမိတို့စာပေနှင့် ဖတ်ရှုခိုင်းခြင်းမျိုး ဖြစ်၏။ သူများပြသည်ကို ကိုယ့်မျက်စိနှင့်ကြည့်သလို သူများပြောစကားကို ကိုယ့်နားနှင့်နားထောင်သည်နှင့်လည်းတူ၏။

ထို့ကြောင့် ဘာသာပြန်ဆိုကြရာ၌ ဘာသာပြန်ဆရာသည် အနုပညာအားနည်း၍ လျော့သွားလျှင် ဖြစ်စေ၊ အနုပညာအားကောင်း၍ အပိုအဆာထည့်ပြီး ကွန့်လိုက်လျှင် ဖြစ်စေ ထိုစာအုပ်သည် ကောင်းသည်၊ မကောင်းသည်ဟု နှစ်မျိုးအဖြေထွက်လာပြီး မူရင်းလည်း ပျက်သွားရလေ၏။

ထိုနည်းတူစွာပင် အခြားဘာသာများသို့ အဆင့်ဆင့်ပြန်ဆိုလိုက်လျှင်ကား မူရင်းပျက်ရုံသာမက မူရင်းပျောက်သည်အထိပင် ဖြစ်သွားရ၏။ ထို့ကြောင့် ၎င်းစာအုပ်၏အနုပညာရသကို ခံစားလိုပါက တတ်နိုင်လျှင် မူရင်းစာအုပ်ကိုသာလိုက်ရှာ၍ ဖတ်ကြရ၏။

မူရင်းစာအုပ်သည် ပင်ကိုကောင်းသောကြောင့်သာ ကမ္ဘာ့စာဖတ်ပရိသတ်ထဲသို့ ထိုးဖောက်ဝင်ရောက်လာခြင်း ဖြစ်၏။ ထို့ကြောင့် မူရင်းစာအုပ်ကို အထူးဆိုဖွယ်ရာမရှိပေ။ သို့ဖြစ်၍ မူရင်းစာအုပ်ကိုဖတ်သူသည် မူရင်းစာရေးဆရာနှင့်တွေ့ပြီး ဘာသာပြန်စာအုပ်ကိုဖတ်သူကား ဘာသာပြန်ဆရာနှင့်သာ တွေ့ရ၏။

ထို့ကြောင့် စာပေရေးသားခြင်းနှင့်ပတ်သက်၍ ဆရာတစ်ယောက်က ကောက်ချက်ချသည်မှာ သုံးမျိုး ဖြစ်၏။ ဗိုက်နှင့်ရေးသောသူ၊ နှလုံးသားနှင့်ရေးသောသူ၊ ဦးနှောက်နှင့်ရေးသောသူ ဟူ၍ ဖြစ်၏။ ဗိုက်နှင့်ရေး

သူမှာ ဝမ်းရေးအတွက် ဖြစ်၏။ နှလုံးသားနှင့်ရေးသူမှာ မိမိ၏ခံစားချက် အကြောင်းအရာကို တတ်စွမ်းသမျှရေးပြီး စာဖတ်သူများသို့ ဝေငှခံစား စေခြင်း ဖြစ်၏။

ဦးနှောက်နှင့်ရေးသူမှာကား ဒီအကြောင်းအရာသည် စာဖတ်သူများ အတွက် အကျိုးများမည်၊ ထို့ကြောင့် ရေးသင့်သည်။ စာနယ်ဝင်သည်အထိ သဘာဝကျစွာ အကြောင်းအရာနှင့် စာပေကို ပေါင်းစပ်ပြမည်။ ဤကဲ့သို့ ပေါင်းစပ်ရေးပြသည်ပင် စာနယ်ဝင်ပြီး စာရေးသူ ငါကြိုက်၊ စာဖတ်သူ သူကြိုက်၊ စာနယ်ဝင် စာကြိုက်၊ အကြိုက်သုံးမျိုးလုံးညီအောင် ရေးသား ခြင်းမျိုး ဖြစ်၏။

ထိုသုံးမျိုးတွင် အပြောလွယ်သော်လည်း စာကြိုက်ပီသစွာ ရေးသား ခြင်းကား ခက်၏။ နက်၏။ ကျယ်၏။ ထို့ကြောင့် စာကြိုက်နည်းကိုမှီ၍ လုပ်ငန်းတစ်ခုအကြောင်းကို ဥပမာပြဦးမည်။

လစာကို လိုချင်၍ အလုပ်ဝင်လုပ်သူသည် ဗိုက်ဖြင့် စာရေးသူ နှင့်တူ၏။ လုပ်ငန်းကိုထူထောင်သူသည် နှလုံးသားဖြင့် စာရေးသူနှင့် တူ ၏။ ထိုလုပ်ငန်းဖြစ်မြောက်ရေးကိုစ၍ တီထွင်ဖန်တီးဖော်ထုတ်သူသည် ဦးနှောက်ဖြင့် စာရေးသူနှင့်တူ၏။ လောကတွင် များမြောင်သည့်ကိစ္စအရပ် ရပ်အားလုံးကိုလည်း ဒီအတိုင်းပင် ချဲ့ထွင်၍ မှတ်ယူနိုင်၏။

သို့ဖြစ်၍ စာရေးသူ ဒီအကြောင်းအရာကို ယခုရေးသားမည်မှာ လည်း ဆိုခဲ့သည့်သုံးမျိုးထဲမှ ဒုတိယစာရေးသူနှင့်သာတူမည်ဖြစ်ပြီး တတိ ယစာရေးသူ၏အင်္ဂါသည်ပင် ချွတ်ယွင်းဦးမည် ဖြစ်၏။ သို့သော်လည်း စာဖတ်သူများသိထားသင့်သောအကြောင်းအရာတစ်ခုဖြစ်နေ၍ ရေးသား ရန်ဆုံးဖြတ်ကာ အကြောင်းအရာကိုမျှသာယူပြီး နာမည်များကိုပင် လွှဲ ထားရဦးမည် ဖြစ်၏။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

အောင်ထူးသည် ခေတ်ပညာကို အထိုက်အလျောက်တတ်၏။

ဘာသာရေးဘက်တွင် အားနည်း၏။ အပျော်အပါး၌ မွေ့ပျော်၏။ စာသင်နေချိန်မှာပင် ပွဲလမ်းသဘင်ရှိက ကျောင်းအပျက်ခံပြီး သွားကြည့်တတ်၏။ ပွဲမပြီးမချင်း ကျောင်းပြန်မတက်တော့။ ထို့ကြောင့် ကျောင်းစာတွင် အားနည်းလွန်း၍ ကျောင်းမှထွက်ခဲ့ရ၏။

သို့သော်လည်း အောင်ထူးမှာ ပေါ်လွင်ထင်ရှားသောဂုဏ်များ ရှိ၏။ အသားဖြူပြီး ရုပ်ချော၏။ ဖျတ်ဖျတ်လတ်လတ်လည်း ရှိ၏။ တစ်ယောက်တည်းသားဖြစ်ပြီး မိဘများက တောသူဌေး စသော အင်္ဂါရပ်များဖြင့် ပြည့်စုံ၏။ ထို့ကြောင့် တောရွာအနေဖြင့် ထင်ရှားသောကောင်လေး တစ်ယောက်ဟု ဆိုနိုင်၏။

ထိုထိုအင်္ဂါများဖြင့်ပြည့်စုံပြီး ထင်ရှားသောကြောင့် အရွယ်ရောက်စတွင် အိမ်ထောင်ကျ၏။ သူနှင့်ညားသော ကောင်မလေးက ရုပ်ချောပြီး အနေသိမ်မွေ့သော်လည်း မိဘများက ဆင်းရဲသော တံငါမျိုးရိုး ဖြစ်၏။ တံငါလုပ်ငန်းနှင့်ပင် တစ်သက်ပတ်လုံး အသက်မွေးလာကြ၏။

ထို့ကြောင့် တောသူဌေးဖြစ်သော အောင်ထူး၏မိဘများက သဘောမတူကြ။ သဘောမတူသော်လည်း တောသူဌေး၊ ဘုရားဒကာ၊ ကျောင်းဒကာ ရွာ၏ထိပ်ပိုင်းကမိသားစု ဟူသော သူ၏ဂုဏ်ကိုငဲ့၍ထင်၏။ သားဖြစ်သူ မိန်းမခိုးလာသည့်ကိစ္စနှင့်ပတ်သက်၍ ထင်ထင်ပေါ်ပေါ် ဘာမှမပြောပေ။

မိဘနှစ်ယောက်စလုံး၏အမူအရာများကမူ သိပ်ပြီးမကောင်းကြ။ မျက်နှာများတင်းပြီး တွေတွေဝေဝေဖြစ်နေကြ၏။ ထို့နောက် သိပ်ပြီး မကြာမီပင် သားဖြစ်သူအား အတွင်းကျိတ်ကျိတ်ပြီး မိန်းမကွာခိုင်းလေ၏။ သားဖြစ်သူကလည်း အရူးအမူးချစ်နေချိန်ဖြစ်၍ မကွာပေ။ ထိုအခါ ဘေးလူများမကြားအောင် အတွင်းသားကိုဆွဲလိမ်၏။

သို့သော်လည်း သားက မကွာ။ မိဘများက ကြည်ဖြူပြီးလက်ခံလာမည့်အချိန်၊ သနားလာမည့်အချိန် စသည်များကို စောင့်မျှော်ရင်းက ကြိတ်မှိတ်ခံ၏။ ဖခင်ဖြစ်သူကား သူထင်သလိုမဟုတ်။ 'တစ်သက်ပတ်လုံး ခွင့်မလွှတ်။ ခံနိုင်ရိုးလား၊ ဒီနေ့မှစပြီး အချိန်မှန် နှိပ်စက်မည်' ဟုဆို

ကာ ညနေတိုင်း အတွင်းသားကိုဆွဲလိမ်နေ၏။

တစ်နေ့သောအခါတွင် သားဖြစ်သူသည် မခံနိုင်သည့်အဆုံး 'အဖေ မလာနဲ့၊ အဖေလွန်လွန်းပြီ' ဟုဆိုကာ ဓားမြှောင်နှင့်ယမ်းထား၏။ သို့သော်လည်း ဖခင်ဖြစ်သူသည် နောက်မဆုတ်ဘဲ အတင်းဝင်လုံးသဖြင့် ဓားဖြင့် ထိုးမိသွားလေ၏။ သို့မှ ဖြစ်ကြောင်းကုန်စင်ကို ရှာသားသိကြရခြင်းဖြစ်၏။

သားဖြစ်သူမှာလည်း ပဥ္စာနန္တရိယကံငါးပါးတွင်ပါသော ပိတုဃာတက - အဖသတ်ကံကြီးထိုက်လေ၏။ ထိုနေရာမှ သွေးရူးသွေးတန်းဖြင့် လယ်ကွင်းထဲသို့ထွက်ပြေးရာ တစ်ညလုံး အမျိုးအမည်မသိသော မည်းမည်းကောင်ကြီးများ၏ ဝိုင်းလိုက်ခြင်းကိုခံနေရသည်ဟု ဆို၏။ အံ့ဖွယ်ကြောက်ဖွယ်ကောင်းလေစွ။

ရှေ့မှဆိုခဲ့သည့်အတိုင်း ဤအကြောင်းအရာသည် မိမိနှင့်နီးစပ်လွန်းနေ၍ သိပ်ပြီး သရုပ်ပေါ်အောင် ရသဖြစ်အောင် ရေးလိုစိတ်မရှိပေ။ ထို့ကြောင့် အကြောင်းအရာကို သိသာရုံမျှသာ တင်ပြလိုက်၏။ ဤမျှဆိုလျှင်လည်း မြင်သာထင်သာရှိလောက်၏။

ဤဖြစ်ရပ်တွင် ဖခင်ဖြစ်သူက စပြီးလွန်ရာမှ သားဖြစ်သူလည်း ထပ်ပြီးလွန်လာရသည်ဟု ဆိုရမည်။ ဖခင်ဖြစ်သူကလည်း ထိုမျှအထိ မလုပ်သင့်ပေ။ ချွေးမဖြစ်သူကိုသဘောမတူလျှင် မညားမီကပင် ကြိုတင်ပြီး သားဖြစ်သူအား အကျိုးအကြောင်းကိုရှင်းပြကာ တားမြစ်သင့်၏။

အချိန်ရှိသေးသောကြောင့် ရိုက်ပုတ်ပြီးလည်း ဆုံးမနိုင်၏။ တစ်နေရာစီ ခွဲထားသင့်ကလည်း ထားနိုင်၏။ လွန်ပြီးမှကား ထိုသို့မလုပ်သင့်တော့ပေ။ မျက်ကွယ်တွင်ဖြစ်လာ၍ တားမြစ်ချိန်မရလိုက်လျှင်လည်း ထိုမျှအထိ မလုပ်သင့်။ ဥပေက္ခာပြုသင့်က ပြုလိုက်ရမည်သာ ဖြစ်၏။

မိဘတိုင်းသည် သားသမီးတို့အား ဆင်စီး၍ မြင်းရံသည်ကိုသာ မြင်ချင်ကြ၏။ သို့သော်လည်း ထင်သလိုဖြစ်မလာသောအခါ သားသမီးချစ်ဇောဖြင့် ပေါက်ကွဲတတ်ကြ၏။ ထိုအခါ မိဘတို့ပါ အရှက်တကွဲအကျိုးနည်းဖြစ်ရပြီး သားသမီးတို့သည်လည်း သံသရာတိုင်အောင် အဆစ်ပါ

လျက် ကံကြီးထိုက်ရလေ၏။ ထို့ကြောင့် မိဘတိုင်းသည် သားသမီးတို့အား ချစ်တတ်ကြပါစေ ဟူ၍သာ ဆိုရပေတော့မည်။

* * *

## ၄။ ဘဝမခြား ကံကြီးထိုက်ကြသူများ

မိဘများက သားသမီးတို့အပေါ်၌ အတ္တကင်းစွာဖြင့် မချစ်တတ်ကြ၍ အတ္တကြီးကြီးနှင့် ချစ်နေကြသောကြောင့် အမျိုးမျိုးသော အဆင်မပြေမှုများ ဖြစ်ပေါ်လာရပြီး ဒုက္ခအဖုံဖုံ၊ သောကအမျိုးမျိုးနှင့် ရင်ဆိုင်တွေ့ကြုံကာ ဇာတ်သိမ်းသွားကြရသည့်အကြောင်းများကို အထိုက်အလျောက် ရေးခဲ့ပြီ။

ယခုတစ်ဖန် သားသမီးတို့ မိဘတို့အပေါ်၌တာဝန်မကျေခြင်း၊ စော်ကားမော်ကားပြုလုပ်မိခြင်းအကြောင်းနှင့် မိဘတို့ဂုဏ်၊ မိဘတို့မေတ္တာများကို နားမလည်၍ တုံ့ဆပ်မေတ္တာမပြုတတ်ကြသည့်အကြောင်းများကို ဆက်လက်ရေးသားတင်ပြဦးမည်။

ယခုရေးသားတင်ပြမည်မှာ စာရေးသူ၏ ကိုယ်တွေ့မှတ်တမ်းများ အချို့နှင့် ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတ၏ ကျေးဇူးပြစ်မှား ဒဏ်ဆယ်ပါးနှင့် ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်းစာအုပ် စသည်တို့မှ ထုတ်နုတ်တင်ပြမည် ဖြစ်၏။

စာရေးသူသည် ကျေးဇူးပြစ်မှား ဒဏ်ဆယ်ပါးနှင့် ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်းစာအုပ်ကို ရိပ်သာတစ်ခု၌ တရားဝင်နေစဉ် ဓမ္မဒါနအလှူရှင်တစ်ယောက်က ယောဂီတိုင်းစေ့အောင် လှူဒါန်းရာတွင် ရလာခဲ့၏။ စာအုပ်က ငယ်သော်လည်း အဖိုးထိုက်၏။ လိုက်နာမှတ်သားပြီး ဆောင်ရန်၊ ရှောင်ရန်အကြောင်းအရာ အတော်များများပါ၏။

ဆရာတော်သည် ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အချိန်အတော်ကြာကပင် အကြောင်းအရာများကို စုဆောင်းလာခဲ့ရဟန်ရှိ၏။ အကြောင်းအရာများကို စုဆောင်းပြီးနောက်လည်း ဟောတရားအဖြစ် ကာလ

အတန်ကြာအောင် အကြိမ်ကြိမ်ဟောခဲ့ဖူးဟန် ရှိ၏။

အကြောင်းအရာအားလုံးသည် အတော်ကလေးပင် သေသပ်ညက်ချောပြီး မေတ္တာကရုဏာအပြည့်ပါနေသည်ကို တွေ့ရ၏။ ထို့ကြောင့် ဆရာတော်သည် သူ၏တရားစာအုပ်လေးကို ငွေနှင့်တန်ဖိုးမဖြတ်တော့ဘဲ တရားနှင့်တန်ဖိုးဖြတ်ကာ ဓမ္မဒါနပြုလိုက်ခြင်းဖြစ်မည် ထင်၏။

ဆရာတော်၏စေတနာ အလွန်အမင်း တန်ဖိုးမြင့်သလို ဆရာတော်၏တရားစာအုပ်သည်လည်း လူကြီး၊ လူငယ် အရွယ်မရွေး သိသာ နားလည်သင့်သော တရားစာစုများချည်းဖြစ်၍ တန်းမြင့်သည်သာ ဖြစ်၏။ ထို့ကြောင့် ထိုစာအုပ်လေးထဲမှ သားသမီးတို့က မိဘတို့အပေါ်တွင် ပြုမူပြစ်မှားကြ၍ ဆိုးကျိုးတရား လက်တွေ့မျက်မှောက်ခံစားကြရသည့် သားသမီးတို့၏အကြောင်းအရာများကို ဦးစွာတင်ပြမည်။

❐

## မိဘကို စော်ကားပြစ်မှား၍<br>ဘဝမခြား ရောဂါဆိုးဖြင့် သေဆုံးသွားရသည့် သမီးယုတ်

ဆရာတော် ရဟန်းငယ်ဘဝကပင် ယခုတင်ပြမည့်အကြောင်းကို စတင်တွေ့ခဲ့ရ၏။ ဆရာတော်လည်း ထိုဒကာမနှင့် အထိုက်အလျောက် ရင်းနှီးမှုရှိ၏။ ဆရာတော်ဆွမ်းခံကြွရာလမ်းမ၌ ထိုဒကာမသည် ဦးနှောက်သိပ်မကောင်းသောမိဘနှစ်ယောက်တို့အား အော်ကြီးဟစ်ကျယ်နှင့် ဆဲဆိုခြင်း၊ စော်ကားကြိမ်းမောင်းခြင်းများကိုပြုလေ့ရှိ၏။ ထို့ကြောင့် ဆရာတော်မှာ နားမခံနိုင်လွန်း၍ ရှောင်ရသည်အထိပင် ရှိခဲ့၏။

မိဘက သားသမီးကို ပြောဆိုကြိမ်းမောင်းလျှင် ဘာမှပြောစရာမရှိသော်လည်း သားသမီးက မိဘတို့အား ရိုင်းပျစွာဖြင့် ပြောဆိုကြိမ်းမောင်းနေခြင်းမှာ လုံးဝ မဖြစ်သင့်သောကိစ္စကြီးသာ ဖြစ်၏။ ပတ်ဝန်းကျင်က ကြားရသူများ အဆင်မပြေ၊ စိတ်မချမ်းသာဖြစ်ကြရသလို ခွင့်လွှတ်နိုင်စရာ

လည်းမရှိပေ။

ဆရာတော်သည် သက်တော်၊ ဝါတော် အတန်အသင့်ရလာသော အခါ ယခင်ကပင် အတန်အသင့် ရင်းနှီးဖူးသော ထိုဒကာမကိုခေါ်ပြီး တရားဓမ္မနှင့် ဆုံးမဟောပြ၏။ မိဘတို့အား ပြောဆိုစော်ကားခြင်းသည် ကြီးလေးသောအပြစ်ဖြစ်၍ အပါယ်ငရဲသို့ကျရောက်တတ်သည့်အကြောင်း များကိုလည်း ထည့်၍ပြောပြလိုက်၏။

ထို့ကြောင့် ပြောဆိုစော်ကားကြိမ်းမောင်းသံများ အတန်အသင့်မျှ လျော့သွား၏။ သို့သော်လည်း အလေ့အထလိုဖြစ်နေ၍ သိပ်ပြီးမကြာမီပင် ပြောဆိုကြိမ်းမောင်းစော်ကားသံများကို ကြားလာရပြန်၏။ သို့ဖြစ်၍ ဆရာ တော်၏ဆုံးမစကားများသည် ခဏသာတည်ခဲ့ကြောင်း ထင်ရှား၏။ ထို ဒကာမသည်လည်း ယခင်အတိုင်းပင် မိဘနှစ်ယောက်တို့အား စော်ကားမြဲ စော်ကားနေလေ၏။

ဤသို့ဖြင့် ထိုဒကာမ အသက် (၅၀) နှစ်ကျော်အရွယ်သို့ ရောက် လာ၏။ ထိုအချိန်မှာ သူ၏နှုတ်ခမ်းကို သရက်စေးလောင်၏။ သရက်စေး လောင်ခြင်းမှာ ရောဂါတစ်ခုအဖြစ် အမည်တပ်လောက်အောင် မကြီးကျယ် သော်လည်း သူ့အတွက် ဝဋ်နာကံနာသဘောမျိုး သက်ရောက်သွားပြီး အညှော်မိကာ ပါးနားများပါ ရောင်ရမ်းလာလေ၏။

ထို့နောက် သရက်စေးလောင်သော ရောဂါကလေးမှ ကြီးသည် ထက်ကြီးလာပြီး ကင်ဆာအဖြစ်သို့ ပြောင်းလဲဖြစ်တည်သွားလေ၏။ ကင် ဆာဖြစ်သွားသဖြင့် ကုသ၍လည်းမရနိုင်တော့ပေ။ ရောဂါသည် တစ်နေ့ ထက်တစ်နေ့ ပိုဆိုးပြီး အချိန်ရှိတိုင်း အော်ညည်း၍သာနေရလေ၏။

ထို့နောက် သွားဖုံးများပွဲထွက်ပြီး သွားများလည်း ကျွတ်ကျကုန် ၏။ အစာစား၍လည်းမရတော့ပေ။ ယင်ကြီးများဥပြီး ပိုးလောက်ကောင် များပါ တွယ်လာခဲ့၏။ ထိုကဲ့သို့ အစာစား၍မရသော အခံရဆိုးသည့် ရောဂါဆိုးကြီးကို လူးလိမ့်ခံစားရင်းက ဘဝဇာတ်သိမ်းသွားရ၏။

မိဘတို့အား ပြောဆိုစော်ကား ပြစ်မှားကြသည့် သားမိုက်၊ သမီးမိုက်

တို့သည် မည်သူတစ်ဦးတစ်ယောက်မျှ ဇာတ်သိမ်းမကောင်းကြပေ။ အသက်ရှင်နေစဉ်ကာလတွင်လည်း လုပ်သမျှကိုင်သမျှ အရှုံးနှင့်သာရင်ဆိုင်ရသည်ကများပြီး အပေါင်းအသင်းများကလည်း ရှောင်ကြဉ်ကြ၏။

ထို့နောက် တစ်ခုပြီးတစ်ခုလျှော့ကျလာရင်းက နောက်ဆုံးတွင် အသေဆိုးနှင့် သေကြရသူတွေရှိသလို ရောဂါဆိုးကြီးတစ်ခုကို မချိမဆံ့ခံစားရပြီးမှသော်လည်း ဇာတ်သိမ်းမကောင်းစွာဖြင့် သေဆုံးကြရ၏။ သေပြီးနောက်လည်း အဝီစိသို့သာ သွားကြရ၏။

ထို့ကြောင့် သားကောင်း၊ သမီးကောင်းရတနာလေးများ အထူးသတိထားပြီး မြင်းမိုရ်တောင်နှင့်ပင် နှိုင်းပြရသည့် ကျေးဇူးရှင်မိဘနှစ်ပါးတို့အား မပြစ်မှားမိစေရန် ဆင်ခြင်လျက် မိဘတို့အား လုပ်ကျွေး၍ ရအပ်သောကုသိုလ်ထူးကြီးကိုလည်း ရယူနိုင်ကြပါစေ ဟူ၍သာ. . .။

❒

## မိခင်အား ပြစ်မှားစော်ကားမိ၍
## ဘဝမခြား ဒုက္ခရောက်ရသည့် သားယုတ်မာ

ဒီအကြောင်းသည် ယောကျ်ားလေးတစ်ယောက်နှင့် ပတ်သက်၏။ ဒကာမကြီးတစ်ယောက်မှာ ဘွဲ့ရသားတစ်ယောက် နယ်မှာ ကျောင်းဆရာတာဝန်ကိုထမ်းဆောင်၍ ရှိ၏။ ထိုနယ်သည်လည်း မြို့ပြနှင့် အတော်လေးပင် အလှမ်းဝေး၏။ ထို့ကြောင့် မိခင်အိုကြီးသည် သားကိုလွမ်း၍ လိုက်သွား၏။

ချွေးမဖြစ်သူက ယောက္ခမလိုက်လာသည့်သတင်းကိုကြားရသည်နှင့် သရဲကပ်သလို၊ နတ်ဖမ်းသလိုပုံစံမျိုးဖြင့်လုပ်ပြီး လင်ဖြစ်သူအား ဤမည်သောသားသမီးများကို အိမ်တွင်အတည်း လက်မခံရဟု ဆို၏။ လင်ဖြစ်သူကလည်း ယုံ၏။ သူ့မိန်းမပြောသောရက်ကလည်း သူ့မိခင်၏မွေးနေ့ရက်နှင့် တစ်ထပ်တည်းကျနေ၏။

မိခင်ဖြစ်သူက ကားအဆင်မပြေ၍ ညဉ့်နက်မှရောက်သွားရာ သူချစ်သောသားက ရင်ဘတ်ကို ဆီးကန်လိုက်သကဲ့သို့ ခြံဝက မတ်တတ်ရပ်ပြီး ခြံထဲသို့ပင်အဝင်မခံဘဲ "အမေ၊ သားတို့မှာ (---) သားသမီးတွေကို အိမ်တည်း လက်မခံရဘူးလို့ အရှင်ကြီးနတ်က ဟောထားပါတယ်" ဟု ပြောလိုက်၏။

ထို့ကြောင့် မိခင်ဖြစ်သူမှာ အထုပ်ကလေး လမ်းမတွင်ချပြီး မတ်တတ်မောလျက် မျက်ရည်ပေါက်ပေါက်ကျသွားရလေ၏။ ရှိုက်၍ရှိုက်၍ သားဖြစ်သူ၏မျက်နှာကိုကြည့်၏။ သားဖြစ်သူကမူ ဘာမှမဖြစ်သလိုပင် အခြား အိမ်တစ်အိမ်သို့ မိခင်ဖြစ်သူအား သွားပို့လိုက်လေ၏။

ဤသို့ဖြင့် မိခင်အိုကြီးမှာ သားနှင့် တွေ့ချင်၊ မြင်ချင်၊ စကားပြောချင်လျှင် အိမ်ရှေ့လမ်းမကရပ်ပြီးသာ တွေ့ဆုံပြောဆိုရ၏။ သားဖြစ်သူကလည်း ပို့ထားသည့်အိမ်သို့ တစ်ကြိမ်တစ်ခါမျှလာ၍ တွေ့ဆုံခြင်းမရှိပေ။ အိမ်ခြံထဲသို့လည်း ဝင်ခွင့်မပြု။ ထို့ကြောင့် မိခင်အိုကြီးမှာ ငိုပြီးပြန်ခဲ့ရ၏။

မိခင်အား ပြစ်မှားစော်ကားလိုက်မိသည့် ထိုသားမိုက်သည်လည်း သိပ်ပြီးမကြာမီမှာပင် အပူဓာတ်လှိုင်းများ ကျရောက်လေ၏။ ရက်ပိုင်းအတွင်းမှာပင် အလုပ်ပြုတ်သွား၏။ ထို့နောက် ဆက်တိုက်ပင် စီးပွားကျပြီး အိမ်မရှိရာမရှိ ဖြစ်သွားရလေ၏။ ဘဝမခြား ချက်ချင်းလက်ငင်း ဆိုးကျိုးပေးခြင်း ဖြစ်၏။

ဆရာတော်က ဒီအဖြစ်များကို သိလည်းသိ၊ ကြားလည်းကြား၍ ထိုသားမိုက်အား ကျောင်းသို့ခေါ်ပြီး တရားဟောပြောဆုံးမ၏။ အပြစ်များကိုလည်း ထောက်ပြ၏။ သူ့အပြစ်များကို နားလည်လက်ခံလာသည်အထိ ဟောပြောဆုံးမပြီးနောက် မိခင်အိုကြီးမသေမီ ဝန်ချတောင်းပန် ကန်တော့ခိုင်းလိုက်၏။

သားမိုက်သည်လည်း လက်တွေ့ ခံစားနေရသဖြင့် ဆရာတော်၏ ဟောပြောဆုံးမသောတရားတော်များကိုလက်ခံပြီး မိခင်အိုကြီးအား ချက်

ချင်းသွားပြီး ကန်တော့တောင်းပန်လိုက်၏။ ထို့ကြောင့် ဒဏ်ထိသည်များ လျော့ပါးသွားပြီးနောက် ယခု အလုပ်ပြန်ရနေပြီ။ အိမ်ပိုင်ရာပိုင်တော့မရှိ သေးပေ။

ထို့ကြောင့် မိဘမျက်ရည်ကျအောင်လုပ်သော သားသမီးများမှာ ဒဏ်ထိပြီဟု မှတ်ရ၏။ မည်သည့်အလုပ်အကိုင်များကိုပင် လုပ်ကိုင်သည် ဖြစ်စေ မကြီးပွားတော့ပေ။ သေပြီးနောက်လည်း အပါယ်သို့ကျရဦးမည် သာဖြစ်၏။

❒

## မိခင်ကြီးအား ပြစ်မှားစော်ကားလွန်း၍ ဘဝရေစီးမွှားပါ ပျက်ပြားနေသည့် သမီးယုတ်

သူသည်ကား အမျိုးသမီးအရာရှိတစ်ယောက် ဖြစ်၏။ စိတ်နှင့် မတွေ့လျှင် မိခင်အိုမှဆိုးမကြီးအား ဖက်လုံးပြီး နပန်းသတ်တတ်၏။ ဖခင် ဖြစ်သူရှိတုန်းကလည်း ထိုအတိုင်းပင် ဖြစ်၏။ ဖခင်ကိုမျှမကြောက်လျှင် မိခင်ဖြစ်သူကိုမူ ထည့်၍ပင်မတွက်တော့။ မကျေမနပ်ရှိတိုင်း ကိုယ်၊ နှုတ် ဖြင့်စော်ကား၍သာနေလေ၏။

သူ့မှာ မိဘတို့အားစော်ကားသည့် မကောင်းမှု အ,ကုသိုလ်ကံ များ လာသည်နှင့်အမျှ အပူဓာတ်လှိုင်းသည်လည်း ဆက်ကာကျရောက်လာ၏။ အပူလှိုင်းများကျရောက်ခြင်း များလာသောအခါ သူ၏ဘုန်းကံများသည် လည်း လျော့ကျစပြုလာလေ၏။

ဦးစွာ တစ်ယောက်တစ်ပေါက် ကတောက်ကဆဖြစ်ရင်းက အိမ် ထောင်နှင့်ကွဲ၏။ ထို့နောက် အရင်းတည်ထားသောစီးပွားရေး ပြုတ်၏။ သူနှင့်ပေါင်းစပ်လုပ်ကိုင်နေကြသည့်လူများပါ အရင်းပြုတ်ကုန်ကြသဖြင့် လုပ်ဖော်ကိုင်ဖက်ပြုနေကြသည့်လူများလည်း တစ်ယောက်ပြီးတစ်ယောက် ရှောင်ထွက်သွားကြလေ၏။ ထို့နောက် သူသည် ထောင်ပါကျသွားလေ၏။

ထောင်မှလွတ်မြောက်လာပြီးနောက်လည်း နာလန်မထူနိုင်တော့။ သားဖြစ်သူ၏အိမ်မှာပင် သွားနေရ၏။ သားဖြစ်သူသည်လည်း မိခင်အပူလှိုင်းဓာတ် ကပ်ရောက်နှိပ်စက်သဖြင့် ကောက်ကာငင်ကာနှင့်ပင် အလုပ်ပြုတ်သွားလေ၏။ သူ မည်သည့်အိမ်မှာသွားနေသည် ဖြစ်စေ သူနေသောအိမ်သည် ဒုက္ခရောက်ကြရသည်ချည်းသာ ဖြစ်၏။

ဆရာတော်က ထိုဒကာမကြီးနှင့်မဆုံဖြစ်၍ ဒကာမကြီး၏ညီမကိုပင် သင်ပေးပြီး မိဘကိုကန်တော့ခိုင်း၏။ ကန်တော့သည့်အခါတွင်လည်း ဝတ်ကျေတမ်းကျေသဘောမျိုးမဟုတ်ဘဲ နဖူးနှင့် မိခင်ကြီး၏ခြေဖမိုးထိအောင် ကန်တော့ခိုင်း၏။ မိခင်၏ခြေရာကိုတောင်းပြီးလည်း တရိုတသေသိမ်းထားရန် မှာကြားလိုက်၏။

ညီမဖြစ်သူက ဆရာတော်သင်ပေးသည့်အတိုင်း အကုန်လိုက်လုပ်၏။ မိခင်ကို ရိုသေစွာဖြင့် ပြုစုကန်တော့ပြီး ခြေရာကိုလည်း တောင်းယူသိမ်းဆည်းထား၏။ အစ်မဖြစ်သူက မိခင်နှင့်မတည့်ဟု ဆိုပြီး မိခင်အား မကန်တော့သည့်အပြင် ညီမဖြစ်သူတောင်းပေးသော မိခင်၏ခြေရာကိုပင် ဓားနှင့်ခုတ်ပစ်လိုက်၏။ ကောင်းစေချင်၍ သုံးခါတောင်းပေးလျှင် သုံးခါလုံး ခုတ်ပစ်၏။

ထို့ကြောင့် သူ့မှာ အကြိမ်များစွာ မိခင်အားပြစ်မှားထား၍ အထပ်ထပ်သင့်ထားသောဒဏ်နှင့် အပူလှိုင်းသည်လည်း များနေသောကြောင့် နာလန်မထူနိုင်တော့ပေ။ ညီမဖြစ်သူမှာသာ မိခင်ကို ရိုသေစွာပြုစုစောင့်ရှောက်သဖြင့် ဒီရေအလားကဲ့သို့ တိုးတက်ချမ်းသာလာလေ၏။

မိုက်မဲလွန်းပြီး မိခင်ကြီးကို အမြဲစော်ကားနေသော အစ်မဖြစ်သူ၏ လက်ရှိဘဝသည် မည်ကဲ့သို့ဇာတ်သိမ်းသွားမည်ကို မသိနိုင်သေးသော်လည်း ယခုအချိန်ကပင် အဝီစိငရဲမီးအပူလာဟပ်၍ စီးပွားပျက်၊ ဘဝပျက်နေသည်ကို မြင်နေ၊ ကြားနေရသောကြောင့် သေပြီးနောက် အဝီစိသို့ ကျမည်မှာကား သေချာနေလေ၏။

❒

# မိဘနှစ်ယောက်တို့အား ပြစ်မှားစော်ကားလွန်း၍ ရှုးသွပ်သွားရသည့် သမီးယုတ်

အသက်ကလေးက နှစ်ဆယ်။ ရုပ်ကလေးက သနားကမား ဖြူဖြူ ဖွေးဖွေး ချောချောလှလှ။ သို့သော်လည်း စာရိတ္တက ကြမ်းလွန်း၏။ နှုတ်ကြမ်းအာကြမ်း လျှာကြမ်း ဖြစ်၏။ ရွယ်တူကာလသားများသည်ပင် သူ့အနားသို့ မကပ်ရဲကြ။ အပေါင်းအသင်းရင်းနှီးသော အတွင်းကျသည့်မိတ်ဆွေ ဟူ၍လည်း မရှိ။

သူ၏ နှုတ်ကြမ်းအာကြမ်း စသော စာရိတ္တကြမ်းရှိခြင်းများအား ကြောက်လန့်ရွံမုန်းကြ၍ သူ့ကို ဝေးဝေးကပင် ရှောင်ကြ၏။ ထို့ကြောင့် အပေါင်းအသင်းမရှိဖြစ်နေရသလို သွေးရင်းသားရင်း ဆွေမျိုးထဲကလည်း သူ့ကိုရှောင်ကြဉ်ကြ၏။ မေးပြောခေါ်ထူးအဆင့်မှာသာ ရှိ၏။

ဤသည်မှာ သူ့အား ယခုအချိန်ကပင် အဝီစိငရဲမီးပူဟပ်နေခြင်းကြောင့် ဖြစ်၏။ ငရဲမီး ဟူသည် အဝီစိကိုရောက်မှပူသည်မဟုတ်၊ လက်ရှိဘဝ လူ့လောကတွင် အဝီစိကိုကျလောက်သော အပြုအမူ အကျင့်များရှိနေ၊ ပြုကျင့်နေခဲ့လျှင် လက်ရှိဘဝမှာကပင် အဝီစိမီးလာဟပ်နေတတ်၏။

အဝီစိမီးပူလာဟပ်ခံနေရသူသည် စီးပွားလည်းလျော့ကျတတ်၊ အပေါင်းအသင်းလည်း ပျက်တတ်၏။ ဆွေမျိုးများ၏ ဝိုင်းပယ်ခြင်းကိုလည်း ခံရတတ်၏။ စိတ်မချမ်းသာ၊ ကိုယ်မချမ်းသာဖြစ်ကာ အလိုလိုပင် ပူလောင်နေရတတ်၏။ အကြီးဆုံးအပြင်းဆုံးသော အဆိပ်တစ်မျိုးကို စားမျိုမိထားသူနှင့်မခြား တူ၏။

အဘယ်ကြောင့်ဆိုသော် သူသည် သူငယ်ပြန်နေကြသော မိဘနှစ်ယောက်တို့အား အမြဲလိုလိုပင် ဆဲဆိုကြိမ်းမောင်းပြီး ရိုက်နှက်နေတတ်၏။ စိတ်နှင့်မတွေ့လျှင် မတွေ့သလို ဆဲဆိုကြိမ်းရမ်းပြီး ရိုက်နှက်တတ်၏။ ထို့ကြောင့် ဂုဏ်နှင့်၊ အဆင့်နှင့်နေရမည့် ယခုအချိန်မှာပင် လူကြမ်းမကြီး သဖွယ် ဖြစ်နေ၏။

သူငယ်ပြန်နေကြသော မိဘနှစ်ယောက်တို့မှာလည်း သူ့အသံကို ကြားသည်နှင့် ကြောက်လန့်နေကြ၏။ သူ့ရုပ်ကိုမြင်သည်နှင့် ထွက်ပြေးပုန်း ရှောင်နေကြ၏။ ဤသည်မှာ သူ့ကိုကြောက်၍ဟုမသိဘဲ ဤကဲ့သို့ဖြစ်နေ ကြရကောင်းလားဟုဆိုပြီး ဆဲဆိုကြိမ်းမောင်း ရိုက်နှက်ပြန်၏။ အလွန်မှ အမြင်ရဆိုး၏။

မိဘနှစ်ယောက်တို့မှာလည်း သူနှင့်အတူနေရခြင်းဖြင့် အပါယ်ငရဲ သို့ကျရောက်နေရသည်နှင့်မခြား ခံစားနေကြရ၏။ ဤသို့နှင့်ပင် မိဘနှစ် ယောက်တို့သည်လည်း ဇာတ်သိမ်းမလှစွာဖြင့် တိမ်းပါးသွားကြရ၏။ မိဘ နှစ်ယောက်တို့ တိမ်းပါးကွယ်လွန်သွားကြပြီးနောက် သူသည်လည်း ရှုံးသွပ် သွားလေ၏။

ဤလောက၌ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးမှလွဲလျှင် မိဘနှစ်ယောက်တို့သည် ကျေးဇူးအကြီးမားဆုံး ဖြစ်၏။ မိမိတို့အား ဝမ်း နှင့်လွယ်၍မွေး၏။ နို့ချိုတိုက်ကျွေး၏။ ရာသီဥတု၊ ရောဂါဘယမှစ၍ ကာ ကွယ်ကုသစောင့်ရှောက်ကြ၏။ အစစအရာရာ လူလားမြောက်သည်အထိ ပြုစုပေးကြ၏။

မိမိအား ချစ်မြတ်နိုးသည့်အရာတွင်လည်း အနှိုင်းအတုကင်း၏။ သားသမီးတို့၏ ဘဝတစ်ခုလုံးအတွက် ချမ်းသာစေချင်ကြသည်မှာ မိဘ သည် ထိပ်ဆုံးကနေ၏။ သူတို့မစားရလျှင်နေပါစေ။ သားသမီးတို့ စားရ ဝတ်ရ ကောင်းကောင်းနေထိုင်ရလျှင် ကျေနပ်နေကြ၏။ သားသမီးတို့အား ထာဝစဉ် ကြီးပွားချမ်းသာစေချင်ကြ၏။ ချစ်၍ဝသည် ဟူ၍လည်း မရှိကြ။

ထိုမျှအထိ ချစ်မေတ္တာနှင့်ထုံမွမ်းထားသော မိဘတို့အား ပြစ်မှား လျှင် ထိုသူအဖို့ အဘယ်မှာလျှင် ကောင်းစားတော့မည်နည်း။ လက်ရှိဘဝ မှာပင် ကြီးစွာသောဆိုးကျိုးကို လက်တွေ့ကိုယ်တွေ့ ခံစားကြရတော့၏။ နာလန်ထူမည့်အကြောင်းလည်း မရှိတော့။

ယခုသူမှာလည်း မိဘအား ပြစ်မှားလွန်း၍ အကောင်းပကတိက ရူးသွပ်သွားသဖြင့် ကုသကြသော်လည်း မရတော့ပေ။ စုန်းပြုစားခံရလျှင်

ပင် သမ္ဘုဒ္ဓေနှင့် ပျောက်ကောင်းပျောက်မည်။ သူ့မှာ မိဘကို အကြိမ်ကြိမ် ပြစ်မှားထားသောကြောင့် ကံကြီးထိုက်နေပြီ။ ယခုအချိန်ကပင် အဝီစိအပူ မီးလောင်စပြုနေပြီ။

မိအိုဘအိုနှစ်ယောက်တို့ကို ရူးသွပ်သွားအောင် လုပ်ထားဖူးသော အ,ကုသိုလ်ကြောင့် မည်မျှအထိပင် ဆရာပင့်ပြီး ကုသကြသော်လည်း မပျောက်တော့ပေ။ မိဘနှစ်ယောက်တို့က သူ့ကိုကြောက်လန့်ပြီး အော်ဟစ် ပြေးနေခဲ့ရစဉ်ကကဲ့သို့ပင် သူသည်လည်း အော်ဟစ်ပြေးလွှားနေရလေ၏။

❑

## မိဘနှင့် အစ်မဖြစ်သူတို့အား ပြစ်မှားစော်ကားလွန်း၍ တစ်သက်ပတ်လုံး နာလန်မထူနိုင်သော သားယုတ်မာ

ဤလူယုတ်မာလေးသည်ကား ရုပ်လည်းကြမ်း၏။ စိတ်လည်းကြမ်း ၏။ ကိုယ်၊ နှုတ်အမူအရာကြမ်းသလို သူ၏အသံသည်လည်း ကြမ်းရှသာ မက ကြောက်စရာပင်ကောင်း၏။ ထို့ကြောင့် အပေါင်းအသင်းကင်းပြီး ပတ်ဝန်းကျင်၏ဝိုင်းပယ်ထားခြင်းကိုလည်း ခံရ၏။ အပေါင်းအသင်းလုပ်သူ ဟူ၍လည်း မရှိသလောက်ပင် နည်းပါး၏။

ငယ်စဉ်ကပင် ဆိုးလွန်းကြမ်းလွန်းသောကြောင့် အကြိမ်ကြိမ် သတိ ပေး၍မရသည့်အဆုံး ကျောင်းထုတ်ခံလိုက်ရသဖြင့် စာကိုပင် ကောင်း ကောင်းရေးတတ်၊ ဖတ်တတ်မရှိသလောက် ခေတ်ပညာလည်းနည်းပါး၏။ ပညာနည်းပါးလေ၊ ဆိုးလေမိုက်လေ ဖြစ်၏။ ထို့ကြောင့် အပေါင်းအသင်း နှင့် ဆွေမျိုးများ၏ ဝိုင်းပယ်ထားခြင်းကိုလည်း ခံနေရ၏။

သွေးရင်းသားချာ၊ လူကောင်းသူကောင်း၊ အပေါင်းအသင်းကောင်း တို့၏ ဝိုင်းပယ်ထားခြင်းကို ခံရလာသောအခါ အဖော်လိုက်ရှာရင်းက အ ပေါင်းအသင်းဆိုးများနှင့် သွားတွေ့၏။ ထိုအခါ လူက အရွယ်ရောက်စမျှ သာရှိသေးသည်၊ ဘိန်း, ဖဲ, အရက် အားလုံးစုံလာ၏။

ထို့ကြောင့် အပေါင်းအသင်းဆိုးများ၏ ပံ့ပိုးကူညီမှုအလျောက် ခိုးဆိုးလုယက်မှုပေါင်းစုံကိုလည်း တတ်မြောက်လာခဲ့၏။ နာမည်ဆိုးသည်လည်း တစ်နေ့တခြား တိုးပွား၍လာ၏။ ထိုကဲ့သို့ မကောင်းသောသတင်းဆိုးအနံ့အသက်များထွက်လာလေ၊ ပတ်ဝန်းကျင်၏ဝိုင်းပယ်ခြင်းကိုလည်း ခံရလေ ဖြစ်လာ၏။

အကောင်ကြီးလျှင် ခြေရာကြီးသည် ဆိုသကဲ့သို့ အကြံအဖန်အဆင်မပြေသောအခါ မိဘများထံလာ၍ ငွေညှစ်ရ၏။ မိဘများကလည်း ဆင်းဆင်းရဲရဲထဲကသာဖြစ်၏။ ရရစားစားအဆင့်မှာသာရှိ၏။ ထို့ကြောင့် သူတောင်းတိုင်းကို မပေးနိုင်ကြ။ မပေးနိုင်လျှင် ကြမ်းရမ်းလာ၏။

ပင်ကိုဗီဇကြမ်းသည့်အထဲ ယခုအခါ အပေါင်းအသင်းဆိုးများက မြှောက်ပင့်ပေးခြင်း၊ ဘိန်း၊ ဖဲ၊ အရက်စုံလာခြင်းတို့ကြောင့် သာ၍ပင်ကြမ်းရမ်းတတ်လာ၏။ မိဘကိုလည်း မိဘ ဟူ၍ မသိတော့။ ဆဲဆိုကြိမ်းမောင်းသည်အထိ ရှိလာ၏။ ထိုမျှနှင့်လည်း သူတောင်းသောပိုက်ဆံကိုမရလျှင် အကြိမ်ကြိမ် ဆဲဆိုကြိမ်းမောင်းသည်အထိ ဖြစ်လာ၏။

မိဘတို့ကမူ မပေးချင်၍မဟုတ်၊ မရှိ၍မပေးနိုင်ကြခြင်း ဖြစ်၏။ မိဘတို့ကား သူ့ကို ကြောက်လန့်နေကြ၏။ ထို့ကြောင့် ရှိလျှင် မပေးဘဲလည်း နေရဲကြမည်မဟုတ်။ တောင်းသည်နှင့် ပေးလွှတ်ကြမည်သာ ဖြစ်၏။ ယခု မပေးဘဲ သားဆီမှာ အဆဲအဆိုခံနေကြရခြင်းမှာ တကယ်ပိုက်ဆံမရှိ၍သာ ဖြစ်၏။

ဤသည်ကိုမူ သူ မသိပေ၊ မိဘဆီက ပိုက်ဆံမရသည်ကိုသာ သိ၏။ ထို့ကြောင့် ပိုမိုဒေါသထွက်လာပြီး မကြားဝံ့မနာသာ ဆဲဆိုကြိမ်းမောင်းကြမ်းရမ်းရင်းက မိဘနှစ်ယောက်တို့အား ဆောင့်တွန်း၏။ ခြေထောက်ဖြင့်ကန်၏။ လက်သီးနှင့်လည်းထိုး၏။ ဤသည်ကိုမမြင်ရက်၍ အစ်မဖြစ်သူက ဝင်ပြောရာ အစ်မဖြစ်သူကိုလည်း ခြေထောက်ဖြင့်ဆောင့်ကန်၏။

သူ၏အမူအရာသည် ဆိုးချင်တိုင်းဆိုးပြီး ကြမ်းချင်တိုင်းကြမ်းလာ၏။ ငယ်စဉ်အခါက ကျောင်းတက်ဖော်တက်ဖက်များကိုသာ ဆိုးခဲ့၏။

ထို့နောက် အရွယ်ကလေးရောက်လာသောအခါ ပတ်ဝန်းကျင်များကိုပါ ကြိမ်းမောင်းဆိုးမိုက် ကြမ်းတမ်းလာ၏။ ထို့နောက် သောက်စားမူးယစ်ပြီး ခိုးဆိုးလုယက်တတ်လာ၏။

ယခုအခါ ကျေးဇူးရှင်မိဘနှစ်ယောက်နှင့် အစ်မဖြစ်သူကိုပါ ယုတ်မာရက်စက်စွာဖြင့် ဆဲဆိုကြိမ်းမောင်းပြီး ကိုယ်ထိလက်ရောက် စော်ကားလာခဲ့၏။ အကောင်ကြီးလျှင် ခြေရာကြီးသည် ဆိုဘိသို့ အမိုက်ကလေးမှ အမိုက်ကြီးဖြစ်လာခဲ့၏။ မိဘနှင့်အစ်မဖြစ်သူတို့ကိုပင် မရှောင်လျှင် အခြားပြောစရာလည်း မရှိတော့။

ထို့ကြောင့် ပတ်ဝန်းကျင်များကလည်း မျက်စိစပါးမွေးစူးလာကြ၏။ သို့သော်လည်း သူ့မိဘနှင့် အစ်မများကပင် ဘာမှမပြောကြသဖြင့် ပတ်ဝန်းကျင်ကလည်း ဘာမှဝင်မပြောသာ။ ကံကိုယုံသည့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အတိုင်း ဒီကောင် ဘယ်တော့ဒုက္ခရောက်မည်နည်း ဟူ၍သာ စောင့်ကြည့်နေကြ၏။

သိပ်ပြီးမကြာ စာရိတ္တမကောင်းသူတို့၏ထုံးစံအတိုင်း ဆေးခြောက်မိ၍ ထောင်ငါးနှစ်ကျသွားလေ၏။ မကောင်းကံက စီမံဖန်တီးပေးလိုက်သောကြောင့် တတ်နိုင်သမျှ ရုန်းကန်သော်လည်း မလွတ်မြောက်ခဲ့။ ဥပဒေအတိုင်း ကြောင်းကြောင်းကြီးသာသွားရ၏။

ထောင်ထဲသို့ရောက်လျှင်လည်း မသက်သာ။ သူက အပြင်မှာ၊ အိမ်မှာသာ ကြမ်းရမ်းဝံ့သည်။ ထောင်ထဲ၌ သူ့ထက်သာသောဆရာများနှင့် ဆုံတွေ့ရသောအခါ သူ၏သတ္တိများ အရည်ပျော်သွားခဲ့ရ၏။ ကြက်တစ်ကောင်၊ ကြောင်တစ်မြီးလောက်မျှ အဆင့်မရှိ။ သူ့ထက်သာသောရာဇာကြီးတို့၏အောက်တွင် မှောက်၍နေရ၏။

ထောင်မှလွတ်မြောက်လာပြီးနောက်လည်း မည်သည့်အခါမျှ နာလန်မထူနိုင်တော့။ ကံကြီး၊ ကံငယ်ထိုက်ထားသူတို့၏သဘောအတိုင်း ကြိုးစားသော်လည်း အရာမထင်တော့ပေ။ အပူစက်ကွင်းမိလျက်သာရှိနေလေ၏။

❒

## မိဘကို ပြစ်မှားလွန်း၍ အချောင်ထောင်ကျရသည့် သားယုတ်မာ

သူသည်ကား ခပ်စွာစွာသဘောရှိ၏။ သို့သော်လည်း ရပ်ကွက်ထဲတွင်စွာရဲသည်တော့ မဟုတ်၊ အိမ်မှာသာ စွာရဲ၏။ မိဘကို အလွန်အမင်း ဒုက္ခပေး၏။ အနိုင်ကျင့်၏။ ကလေးများကဲ့သို့ မာန်လိုက်မဲလိုက်လည်းလုပ်၏။ စော်ကားမော်ကားလည်း ပြောဆို၏။ များစွာ စိတ်မချမ်းသာပေး၏။

ပတ်ဝန်းကျင်က ဝင်ပြောသော်လည်း မရ၊ လက်မခံ။ သူ့မိဘနှင့်သူ ပတ်ဝန်းကျင်နှင့်မဆိုင် ဆိုသည့်သဘော။ ပတ်ဝန်းကျင်က သူ မိဘနှစ်ယောက်တို့အား စော်ကားနေသည်နှင့်ပတ်သက်၍ ကြားမကောင်း၊ မြင်မကောင်း။ မိဘလည်း စိတ်ဆင်းရဲ၊ သူလည်း အဝီစိကိုကျမည်စိုး၍သာ ဝင်ပြောနေကြခြင်း ဖြစ်၏။

ဤသည်ကို သူကား မသိပေ။ မိဘနှစ်ယောက်တို့အား စော်ကားမြဲစော်ကား၍သာနေ၏။ ဆဲလိုက်ဆိုလိုက် မာန်မဲလိုက်လုပ်၏။ ကိုယ်ထိလက်ရောက်လည်း မကြာခဏစော်ကား၏။ ကြိမ်းမောင်းဆဲဆို၏။ ဆူဆူပူပူလုပ်၏။ သူရှုပ်ပွေသောက်စားရန် ပိုက်ဆံတောင်း၍မရလျှင် ပိုဆိုး၏။

သောက်စားမူးယစ်ပြီး ပြန်လာသောအခါ အိမ်မှာ ဟင်းမကောင်းလျှင်လည်း ပိုဆိုး၏။ မိဘကလည်း မချမ်းသာ။ အမြဲတမ်း ဟင်းကောင်းစားသောက်နိုင်ကြသည် မဟုတ်။ တစ်ခါတလေသာ ဟင်းကောင်းစားသောက်နိုင်ကြ၏။ ထို့ကြောင့် ဟင်းကောင်းချက်မစားနိုင်သောနေ့များတွင် သားမိုက်ဆီမှ နားမခံနိုင်အောင်ပင် ဆဲဆိုခံကြရ၏။

သူကိုယ်တိုင်လည်း မည်သည့်အလုပ်ကိုမျှ မလုပ်။ ရပ်ကွက်ထဲယောင်သုံးဆယ်သွားလာနေပြီး အိမ်သို့ရောက်လာ၍ ဟင်းမကောင်းလျှင်၊ ပွဲလမ်းသဘင်သွားလိုသောအခါ ငွေမပေးနိုင်လျှင် မိဘများမှာ များစွာဆူဆဲခံရသဖြင့် အလွန်အမင်း စိတ်ဆင်းရဲကြရ၏။ မျက်ရည်ကျရပေါင်းလည်း မနည်းတော့ပေ။

ယခုကဲ့သို့ မိဘအားစော်ကားလျှင် ငရဲကြီးတတ်သည့်အကြောင်း၊ ဝဋ်လိုက်တတ်သည့်အကြောင်းများကိုပြောပြပြီး ဆုံးမသော်လည်း မရပေ။ ထိုကဲ့သို့ ပြောဆိုဆုံးမလျှင် ပို၍ပင်ဆိုး၏။ ကုသိုလ်ကိုရော အ,ကုသိုလ်ကိုပါ နားလည်သည့်အစားထဲကမဟုတ်၍ ဆုံးမရအခက်ဆုံး ဖြစ်၏။ မိဘများကလည်း မဆုံးမ မဟုတ်၊ ဆုံးမကြ၏။

ကုသိုလ်အကြောင်း၊ ငရဲအကြောင်း၊ ဝဋ်အကြောင်း စသည်များကိုလည်း လက်လှမ်းမီသလောက် ဗုဒ္ဓစာပေများ၊ မျက်မှောက်ဘဝ၏ဆိုးကျိုးခံစားကြရသည့် လူမိုက်များအကြောင်း စသည်တို့နှင့် ပြောဆိုဆုံးမကြ၏။ ငယ်စဉ်ကမူ အထိုက်အလျောက် နားထောင်ခဲ့ဖူးသော်လည်း ယခု အရွယ်ရောက်လာသောအခါ နားမထောင်တော့။

သူ့စိတ်နှင့်မတွေ့ရှိတိုင်း မိဘနှစ်ယောက်တို့အား နှုတ်နှင့်တစ်ဖုံ၊ ကိုယ်နှင့်တစ်မျိုး ထင်တိုင်းစော်ကား၍နေလေ၏။ ထို့ကြောင့် မိဘကို စော်ကားမှုများလာသောအခါ မိဘ၏မေတ္တာကိုမရတော့ဘဲ အပူလှိုင်းများကျရောက်လာ၏။ မိဘ၏အအေးဓာတ်မေတ္တာများ ကုန်ဆုံးသွားပြီးနောက် အပူလှိုင်းများဆက်၍ကဲလာလေ၏။

ထို့ကြောင့် တစ်နေ့သောအခါ ပြစ်မှုတစ်ခုကို ကိုယ်တိုင်မကျူးလွန်ရဘဲ အဖမ်းခံရ၏။ ပတ်ဝန်းကျင်ကလည်း အံ့သြနေကြ၏။ ဒီကောင် ဒီမျှအထိ (ပြစ်မှုကျူးလွန်လောက်သည်အထိ) သတ္တိမရှိဟု သိထားကြ၏။ ထို့ကြောင့် ဒီကောင် အဘယ်ကြောင့်အဖမ်းခံရပါလိမ့်ဟု သိလို၍ မေးမြန်းစုံစမ်းကြည့်ကြ၏။

ထိုအခါ မိတ်ဆွေတစ်ယောက်က မှုခင်းအကြောင်းတစ်ခုနှင့်ပတ်သက်ပြီး သူ့နာမည်ကို ယောင်ပြောမိ၍ အချောင်အဖမ်းခံရကြောင်း ကြားသိရ၏။ သို့သော်လည်း မည်သို့မျှရှင်းမရဘဲ မိဘတို့အား ပြစ်မှားစော်ကားထားသူတို့၏ထုံးစံအတိုင်း နောက်ဆုံးတွင် နှစ်ရှည်ထောင်ဒဏ်ကျသွားရလေ၏။

❒

## မိခင်အိုကြီးအား ပြစ်မှားစော်ကား၍ အပူမီးလောင်ပြီး သေဆုံးသွားရသည့် သားယုတ်မာ

ဤအကြောင်းသည်ကား အညာဒေသမှာ ဖြစ်၏။ အိမ်တစ်အိမ်တွင် အမေအို၊ သား၊ ချွေးမဟု သုံးယောက်နေကြ၏။ အမေအိုက အသက် (၇၀) နှစ်ကျော်ခန့် ရှိ၏။ အသက်ကြီးရင့်သောအဘွားအိုတစ်ယောက်ဖြစ်သည့်အလျောက် မျက်စိမွဲပြီး နားလည်ထိုင်း၏။ လမ်းပင် သိပ်ပြီးလျှောက်နိုင်ခြင်းမရှိပေ။

ဒီအထဲ ချွေးမဖြစ်သူက ယောက္ခမကို မကြည်ဖြူ။ မကြည်ဖြူသော်လည်း လူသိရှင်ကြား ဘာမှမပြောဆို။ ဘေးကကြည့်လျှင် အားလုံးချော နေ၏။ ယောက္ခမကို မကြည်ဖြူသောအကြောင်းအရာကို တစ်ခုမှမမြင်ရ။ အားလုံးအဆင်ပြေချောမွေ့နေ၏။ သို့သော်လည်း အတွင်းမှာကား အတော်လေးပင် အဆင်မပြေမှုများ ရှိနေ၏။

ချွေးမဖြစ်သူက လင်ဖြစ်သူနှင့် ယောက္ခမကို အတွင်းကျိတ်ပြီး အမြဲတမ်း ရန်တိုက်ပေးနေ၏။ အကြိမ်ကြိမ်ရှိလာသောအခါ စိတ်ရင်းမပြည့်သောသားဖြစ်သူသည်လည်း မယား၏စကားကိုယုံလာ၏။ သို့သော်လည်း ချက်ချင်းထပြီး ရန်ဖြစ်ကြသည်တော့ မဟုတ်သေးပေ။

နောက် အရက်မူးလာသောတစ်နေ့တွင် မယားဖြစ်သူက ဆက်ပြီးတိုက်သဖြင့် လင်ဖြစ်သူသည် မိခင်အိုကြီးအား စပြီးရန်လုပ်လာ၏။ မိခင်အိုကြီးက ပြောဆိုဖျောင်းဖျသည်။ သို့သော်လည်း လက်မခံ။ အရက်အားနှင့် မယားစကားတို့ဝင်နေ၍ မည်သို့ပင်ဖျောင်းဖျသော်လည်း လက်မခံတော့ဘဲ မိခင်အိုကြီးအား ဆဲဆိုကြိမ်းမောင်းပြီး အိမ်ပေါ်မှကန်ချလေ၏။

ထို့ကြောင့် တစ်အိမ်လုံးလည်း ဆူညံသွား၏။ ပတ်ဝန်းကျင်အိမ်များကပါ သိကုန်၏။ ထို့ကြောင့် တချို့ အိမ်ရှေ့သို့ရောက်လာပြီး ကြည့်ကြ၏။ လာကြည့်ကြသော်လည်း ဝင်ပြောသူ ဟူ၍တော့ မရှိသေးပေ။ ချွေးမဖြစ်သူမှာလည်း ဝင်မပြောသည့်အပြင် သူ့လုပ်ရပ်အောင်မြင်သဖြင့် ကျေနပ်

၍ပင်နေ၏။

အမေအိုကြီးသည်လည်း လှေကားကိုဖက်ထားသဖြင့် တစ်ချိန်တည်း အောက်သို့ကျမသွားပေ။ လှေကားတစ်ဝက်လောက်သာကျပြီး တွဲလောင်းကြီးဖြစ်နေသည်။ ပတ်ဝန်းကျင်က ဘာမှမပြောသောအခါ သားမိုက်သည် ပို၍ဆိုးလာ၏။ တွဲလောင်းကြီးဖြစ်နေသော မိခင်အား ပြန်မဆွဲတင်သည့်အပြင် ကျယ်လောင်စွာဖြင့် ဆဲဆိုကြိမ်းမောင်းပြီး ဆက်၍ကန်ချ၏။

ထိုအခါ ရွာသားများက ကြည့်မနေနိုင်ကြတော့ဘဲ -

"ဒီကောင့်ကို အသေသတ်လိုက်တာပဲ ကောင်းပါတယ်"

ဟုဆိုကာ တုတ်၊ ဓားများကိုဆွဲပြီး ဝိုင်းလိုက်ကြ၏။

ထိုအခါ မိခင်အိုကြီးမှာ သားမိုက်သည် သူ့အပေါ်တွင် မည်မျှအထိပင် ဆိုးမိုက်နေသော်လည်း မကြည့်နိုင်ရှာ။

"မောင်တို့ရယ်၊ ငါ့သားလေးကို မသတ်ကြပါနဲ့။ သတ်ချင်းသတ် ငါ့ကိုသာသတ်ကြပါ၊ ငါ့သားလေးကိုမသတ်ကြပါနဲ့"

ဟု ငိုယိုတောင်းပန်၍ ရွာသားများက လွှတ်ပေးလိုက်ကြသဖြင့် သားမိုက်လည်း ချမ်းသာရသွား၏။ ခြံထဲမှခုန်ထွက်ပြီး ရွာပြင်သို့တိုင်အောင် ရောက်သွားရ၏။

သို့သော်လည်း သိပ်ပြီးမကြာပေ၊ နှစ်ရက်အတွင်းမှာပင် ပြဿနာက စ,လာ၏။ ကံကြီးထိုက်နေသူတို့၏သဘောအတိုင်း ၎င်းသားမိုက်အား လောကကြီးကပါ ဆန့်ကျင်သည့်သဘောကိုဆောင်လာ၏။ နေရင်းထိုင်ရင်းက 'ပူတယ်၊ ပူတယ်' ဟု ထအော်လာ၏။ သူနှင့်အတူရှိနေကြသော လူများက ဘာမှမဖြစ်ဘဲ သူက ပူလောင်ပြီး ထအော်လာ၏။

ထို့ကြောင့် ပတ်ဝန်းကျင်ကလူများ အထူးအဆန်း တအံ့တသြဖြစ်ပြီး လာကြည့်ကြ၏။ ထိုအချိန်တွင် သူသည်ကား အတော်လေးပင် အပူမီးလောင်နေလေပြီ။ မနေနိုင်မထိုင်နိုင်ဖြစ်ကာ ထအော်နေလေပြီ။ သို့သော်လည်း သူများတွေက ဘာမှမဖြစ်ဘဲ သူကသာ ပူတယ်ဟုထအော်နေသဖြင့်

ဘာဖြစ်မှန်းနားမလည်နိုင် ဖြစ်နေကြ၏။

မည်သို့ပင်ဆိုစေကာမူ ပူသောသူကို အေးသွားအောင် ဆိုပြီး ရေလောင်းသူတွေက ထလောင်းပေးကြ၏။ သို့သော်လည်း သူ၏အပူသည်ကား သက်သာ၍မသွားပေ။ တိုး၍သာလာ၏။ မနေနိုင်မထိုင်ဖြစ်ကာ ထ၍ပင်ပြေးနေရလေ၏။ ရွာသူရွာသားများလည်း သူ၏အဖြစ်ကိုကြည့်ကာ ယခုအချိန်ထိ နားမလည်နိုင်ဖြစ်နေကြ၏။

မည်သို့ပင်ဆိုစေကာမူ ရေလောင်းပေး၍မျှမအေးလျှင် ချောင်းသို့သွားပါဟုပြောပြီး ၎င်းသားမိုက်ကို ချောင်းထဲသို့ဆောင်ယူသွားပြီး ရေထဲသို့တွန်းချပေးကြ၏။ ချောင်းရေကို စိမ်လိုက်သောအခါ အနည်းငယ် အပူသက်သာသယောင်ရှိသော်လည်း ကံကြီးထိုက်ပြီး အဝီစိငရဲမီးပူလာဟပ်သောကြောင့် တာရှည်ကား မသက်သာပေ။

တစ်အောင့်အကြာမှာပင် 'ပူတယ်၊ ပူတယ်' ဟု ထအော်လာပြန်သည်။ ထို့ကြောင့် အခြားလူများ အနားသို့ကပ်သွားကြည့်ကြရာ သူစိမ်နေသောအနီးတစ်ဝိုက်ကရေများပါ ပူလောင်နေသည်ကိုသာ တွေ့ကြရ၏။ ထိုအပူသည်လည်း တရစ်ရစ်ဖြင့် တိုး၍ပူလောင်လာ၏။

ချောင်းရေသည် သူနှင့်အနီးတစ်ဝိုက်မှာသာ ပူလောင်ပြီး အခြားနေရာကရေများမှာ ပကတိအတိုင်း အေးနေ၏။ မိခင်ကို စော်ကားမော်ကား အမြဲဒုက္ခပေးနေသောလူမိုက်တစ်ယောက်ကိုသာ ကွက်၍နှိပ်စက်နေကြောင်းကို ဖော်ပြနေ၏။

သူသည်လည်း အပူဒဏ်ကိုမခံစားနိုင်သည့်အဆုံး ရေထဲတွင် အော်ရင်းဟစ်ရင်းက တစ်အောင့်အကြာမှာပင် အသက်ထွက်သွားရလေ၏။ ထို့ကြောင့် သူ၏ကျန်ရှိခဲ့သော ဥတုဇရုပ်ကလာပ်ကြီးက ပူမှန်းလောင်မှန်းကို မသိနိုင်တော့သော်လည်း အဝီစိကိုရောက်သွားသည့် ၎င်းအဖို့ မည်ကဲ့သို့ ခံစားနေရမည်ကိုကား အထူးဆိုဖွယ်ပင်မရှိတော့ပေ။

❒

## မိခင်အိုကြီးအား ဓားနှင့်လိုက်၍ ချက်ချင်းမြေမျိုသော သားယုတ်မာ

အထက်အညာကအကြောင်းကို တင်ပြပြီးလျှင် အောက်အညာဖြစ်သည့် ပုသိမ်ဘက်ကိုဆက်ဦးမည်။ သားမိုက်က မိခင်အိုကြီးကို ဓားဆွဲလိုက်သဖြင့် မြေမျိုသွား၏။ မြေမျိုနေဆဲတွင် ရိုက်ထားသောဓာတ်ပုံကို အနီးအနားကရွာများတွင် အိမ်တိုင်း ချိတ်ဆွဲထားကြသည်ဟု ဆို၏။

ရှေးအခါက ပိဋကတ်တော်တွင် ဘုရားရှင်ကိုပြစ်မှား၍ ရှင်ဒေဝဒတ်သည် လည်းကောင်း၊ ရဟန္တာထေရီမဉ္ပလဝဏ်ကို ပြစ်မှားသည့် နန္ဒလုလင်သည် လည်းကောင်း၊ အရှင်မဟာမောဂ္ဂလာန်ကို ဝိုင်းဝန်းရိုက်နှက်သည့် ဗာလငါးရာတို့သည် လည်းကောင်း မြေမျိုသည့်အကြောင်းကို ဖတ်ရှုသိရှိရ၏။

ထို့နောက် အထက်အညာဒေသတွင် မိခင်အိုကြီးအား အိမ်ပေါ်လှေကားမှကန်ချပြီး ဓားနှင့်လိုက်၍ မြေမျိုခံရသည့် သားမိုက်တစ်ယောက်၏အကြောင်း၊ ပဲခူးတိုင်းက မရင်ရွှေ အမည်ရှိ ကျောင်းသူလေးတစ်ယောက်သွေးနုနုနှင့် မိခင်ကြီးအား ပါးရိုက်၍ မြေမျိုခံရသည့်အကြောင်းနှင့် ဧရာဝတီတိုင်း ကျိုက်လတ်နယ် (တချို့က မော်လမြိုင်ကျွန်းမြို့နယ်ဟု ဆိုကြ၏။) က ချစ်ဖေ အမည်ရှိ သားမိုက်တစ်ယောက် မိခင်အိုကြီးအား ဓားနှင့်လိုက်၍ မြေမျိုခံရသည့်အကြောင်း စသည်များကို ဖတ်ခဲ့ရဖူးသည်မှာ ကြာပြီ ဖြစ်၏။

ဤသားမိုက်၏အကြောင်းကိုမူ ဤဆရာတော်၏စာအုပ်ထဲမှာသာ စတင်၍ ဖတ်ရ၏။ ဆရာတော်က ရွာနာမည်ကို တိတိကျကျဖော်ပြထားခြင်းတော့ မရှိပေ။ ယခု ဖတ်မှတ်ရသည့်အကြောင်းအရာများထဲကအတိုင်း ထုတ်နုတ်တင်ပြရလျှင် -

မိခင်အိုကြီးက မမြင်မစမ်းနှင့် အကြော်ရောင်းပြီး ဆင်းရဲပင်ပန်းစွာဖြင့် ဝမ်းကျောင်းနေရ၏။ အမေအိုကြီးမှာ သားသမီးမရှိ၍ မဟုတ်။

ရှိသောသားနှင့်သမီးတို့နှစ်ယောက်လုံးပင် ကုန်စုံဆိုင်ကြီးများဖြင့် ကြီးပွားချမ်းသာနေကြ၏။ သို့သော်လည်း မိခင်အိုကြီးကိုမူ ပြန်မကြည့်ကြပေ။

ဤကိစ္စနှင့်ပတ်သက်၍ မိခင်အိုကြီးကလည်း မည်သို့မျှ မခံစားမိပေ။ မိခင်ပီပီ သူ့သားနှင့်သမီးတို့ ချမ်းသာကြွယ်ဝနေကြသည်ကိုကြည့်ပြီး ဝမ်းသာပီတိပင် ဖြစ်၍နေ၏။ အကူအညီတောင်းရမ်းဖူးသည် ဟူ၍လည်း မရှိ။ မိမိဘာသာ အကြော်ရောင်းပြီးပင် ဖြစ်သလို ဝမ်းကျောင်း၍နေ၏။

သို့သော်လည်း တစ်နေ့တွင် မိခင်အိုကြီးသည် အတော်လေး နေထိုင်မကောင်းဖြစ်၍ အကြော်မရောင်းနိုင်သောကြောင့် သမီးထံတွင် ဆန်သွားတောင်းရာ သမီးက ဆန်မပေးသည့်အပြင် မချေမငံ ပြောလွှတ်သဖြင့် ဤသို့ပြောရကောင်းလားဟုဆိုပြီး လှမ်းရိုက်လိုက်မိ၏။

ထိုအခါ သမီးသည် အော်ကြီးဟစ်ကျယ်ဖြင့် ငိုယိုလျက် အစ်ကိုဖြစ်သူအား လှမ်းတိုင်လေ၏။ အစ်ကိုဖြစ်သူလိုက်လာပြီး ဆဲဆိုကြိမ်းမောင်းကာ အိမ်ပေါ်မှ မိခင်အိုကြီးအားကန်ချ၏။ ထိုမျှနှင့်ပင် မကျေနပ်သေးဘဲ ဓားကိုဆွဲ၍ လျှောက်လိုက်ပြန်၏။

ထိုအခါ မိခင်ဖြစ်သူမှာ ကိုယ့်အသက်သေရမည်ကိုထက် သားမိုက်ကံကြီးထိုက်မည်ကို မလိုလား၍ မချိတင်ကဲဖြင့်ထွက်ပြေးပြီး သူ၏တဲကုပ်ထဲတွင် ဝင်၍ပုန်း၏။ တဲကုပ်ဟုဆိုသဖြင့် သိပ်ပြီးကြီးမည် မဟုတ်သလိုလုံခြုံမှုလည်းရှိမည် မထင်ပေ။ ကပိုကရိုသာရှိမည် ဖြစ်၏။

သားမိုက်သည်လည်း ထိုမျှနှင့်ပင်မကျေနပ်နိုင်သေးဘဲ လိုက်ရှာပြီးခုတ်သတ်မည်ဟုဆိုကာ ဆဲဆိုကြိမ်းမောင်းပြီးလိုက်လာပြန်သဖြင့် နောက်ဖေးမှဆင်းပြီး ကွင်းထဲသို့ထွက်ပြေးရ၏။ သားမိုက်လည်း ဒေါသတကြီးဖြင့် ဆက်၍လိုက်၏။ သို့သော် သိပ်ပြီး ဝေးဝေးလံလံဆက်၍လိုက်နိုင်သည်တော့ မဟုတ်ပေ။

တစ်နေရာသို့အရောက်တွင် မဟာပထဝီမြေကြီးက ဟက်တက်ကွဲပြီး ခါးထစ်ပိုင်း နစ်ကျွံသွားသဖြင့် ထိုနေရာမှာပင် ရပ်တန့်သွားလေ၏။

အဝီစိက ငရဲမီးအရှိန်တက်လာ၍ တစ်ယောက်မျှလည်း မကယ်နိုင်တော့ပေ။ သားမိုက်သည်လည်း ကျယ်လောင်စွာဖြင့် အော်ဟစ်နေရလေ၏။

မြေမျိုခံရသော်လည်း ချက်ချင်း အဝီစိငရဲသို့ ဆွဲချသွားသည် မဟုတ်။ အခြား သားမိုက်၊ သမီးမိုက်များကို မိဘတို့အား မစော်ကားရဲကြစေရန် တရားပြသကဲ့သို့ ခုနစ်ရက်တိတိ အော်ဟစ်ခံစားနေရပြီးမှ တရစ်ရစ်ဖြင့် အဝီစိငရဲသို့ ဆွဲချသွားခြင်း ဖြစ်၏။

ထို့ကြောင့် အခြား သားမိုက်၊ သမီးမိုက်များ သံဝေဂယူကြစေရန် အတွက် အဝီစိငရဲသို့မရောက်မီကပင် ဓာတ်ပုံရိုက်ပြီး အိမ်တိုင်းတွင် ချိတ်ဆွဲထားကြခြင်း ဖြစ်၏။ ဓာတ်ပုံကိုမြင်တိုင်း သားမိုက်၊ သမီးမိုက်တို့အား ဆုံးမပြီးသားဖြစ်၍ ကောင်းသောလက္ခဏာတစ်ရပ်ဟုဆိုရမည် ဖြစ်၏။

အလားတူအကြောင်းအရာများမှာ (အထက်မှဆိုခဲ့သည့်အတိုင်း) ရှေးအခါကသာရှိခဲ့သည် မဟုတ်ပေ၊ ယခုမျက်မှောက်ခေတ်တွင်လည်း ရှိကြသည်သာ ဖြစ်၏။ အကြောင်းအမျိုးမျိုးကြောင့်သာ လူအများ မသိနိုင်ကြ။

❒

## ရန်ကုန်တိုင်းထဲက အလားတူဖြစ်ရပ်တစ်ခု

ရန်ကုန်မြို့နှင့် တစ်ဆက်တစ်စပ်တည်း (စည်ပင်နယ်နိမိတ်အပြင်) တွင် ဖြစ်၏။ သမီးမိုက်ကလေးတစ်ယောက်သည် မိခင်အိပ်ပျော်နေခိုက် ဆံပင်ကိုခိုးဖြတ်ပြီး ရောင်းချကာ ရသောငွေဖြင့် ဖိနပ်ဝယ်စီး၍ မြေမျိုသောအကြောင်းထူးတစ်ခု ဖြစ်ပေါ်လာခဲ့၏။

သို့သော် ထိုလောက်မျှနှင့် မြေမျိုနိုင်ပါမည်လော။ ထို့ထက်ကြီးလေးသော အခြား စော်ကားမော်ကားပြုလုပ်သည့် အကြောင်းကိစ္စရပ်များလည်း ရှိလေဦးမည်လောဟုလည်း ထင်မိ၏။ အတပ်မဆိုသာ။ မိဘမေတ္တာသည် ကြီးမားလွန်းသောကြောင့် တန်ပြန်တန်ခိုးရိုက်သဖြင့် ဖြစ်နိုင်

သည်ဟုသာ ယူဆရ၏။

စာရေးသူသည် ထိုသတင်းကို ညဥ့်ဦးတရားပွဲအပြီးတွင် ကြားသိရ၏။ ထို့ကြောင့် နောက်နေ့မနက်တွင် တပည့်ဖြစ်သူ ဦးဆေကိန္ဒအား ထိုသတင်းမှန်၊ မမှန် အတိအကျသိလို၍ စုံစမ်းရန် လွှတ်လိုက်၏။

မှန်ကန်လျှင် ရုပ်သေရုပ်ရှင်ရိုက်ယူပြီး မှတ်တမ်းတင်ကာ သားမိုက်၊ သမီးမိုက်များ မဖြစ်ပေါ်ကြစေရန်အတွက် ပြသ၊ ဟောကြား၊ ရေးသားမည်ဟုလည်း စိတ်ကူးထား၏။ ကားကြီးတစ်စီးငှားပြီး လိုက်ကြည့်လိုသူများကိုတင်ကာ ကိုယ်တိုင်လိုက်ပြမည်ဟုလည်း ရင်းနှီးသူများအား ပြောထား၏။

ဦးဆေကိန္ဒလည်း မနက်ကထွက်သွားလျှင် ညနေတွင် ပြန်ရောက်လာ၏။ အကြောင်းကိုမေးမြန်းကြည့်ရာ ထိုရွာနားသို့ပင် ကပ်ခွင့်မရဟုဆို၏။ အဘယ်ကြောင့်ဆိုသော် သူတို့ရွာသိက္ခာကျမည်စိုး၍ ယခုကဲ့သို့ တားမြစ်ထားကြောင်း ပြောပြလိုက်သည်ဟု ဦးဆေကိန္ဒက ပြန်၍ပြောပြ၏။

အခြားနေရာများကလည်း ထိုသတင်းကိုကြား၍ ကားကြီး၊ ကားငယ်များနှင့်လာကြသည်ကို ရွာသားများက တုတ်၊ ဓားများပြပြီး အတင်းမောင်းလွှတ်နေကြသည်ဟု ဆို၏။ ထိုကဲ့သို့ တားမြစ်ထား၍မှ အတင်းတိုးလာလျှင် ကိုယ်ထိလက်ရောက်လုပ်မည်ဟု ကြိမ်းနေကြသည့်အကြောင်းကိုလည်း ပြောပြ၏။

ဦးဆေကိန္ဒကြားခဲ့ရသည့် နောက်ဆက်တွဲသတင်းများမှာ အဝေးက ကြားရသည့်အတိုင်း ဟုတ်မှန်ကြောင်း၊ မိခင်အိပ်ပျော်နေဆဲတွင် ဆံပင်ကို ခိုးဖြတ်ရောင်းချပြီး ဖိနပ်ဝယ်စီး၍ မြေမျိုကြောင်း၊ အပူကြီးလွန်း၍ နောက်ဆုံးပေါ် ကင်မရာနှင့်ရိုက်၍ပင် ရုပ်မပေါ်နိုင်ကြောင်း၊ အနီးအနားက သစ်ပင်, ဝါးပင်များသည်ပင် ခြောက်သွေ့ပြီး မီးစွဲကုန်သည့်အကြောင်း စသည်ဖြင့်ပြောပြ၏။

စင်စစ်တွင် ထိုကဲ့သို့ မိဘကိုပြစ်မှား၍ ချက်ချင်းလက်ငင်း မြေမျိုခံရသည့်အကြောင်းမျိုးကိုမူ လာကြည့်ကြမည့်လူများအား တားမြစ်ထားရန်

မသင့်ပေ။ မိုက်သူက မိုက်၍ခံနေရသည်ကိုအကြောင်းပြုပြီး အခြားသူများ ထပ်ပြီးမမိုက်ရဲကြစေရန်အတွက် လက်တွေ့ပြပြီး သင်ခန်းစာယူသင့်၏။

ထို့ကြောင့် လာကြည့်မည့်လူများအား ကြည့်ခွင့်ပေးလိုက်လျှင် တစ်ဆင့်စကားသတင်းကြားဖြင့် သားမိုက်၊ သမီးမိုက်ကလေးတို့အား တရားဟောပြီး ဆုံးမလိုက်သကဲ့သို့ဖြစ်သွား၍ သီးသန့် မိဘတို့အား မပြစ်မှားကြစေရန်ကို ပြောဆိုတားမြစ်နေရန်မလိုဘဲ လိမ္မာသွားကြမည် ဖြစ်၏။ ထိုသို့ သဘောရှိ၍ သိုဝှက်ထိမ်ချန်ထားခြင်းထက် ဖွင့်ပင့်လိုက်ခြင်းက အကျိုးများမည်သာဖြစ်၏။

*(ဤအကြောင်းသည် ဘာမှမကြာသေးဘဲ လွန်ခဲ့သော ငါးနှစ်ခန့်က ဖြစ်၏။)*

❒

## မိခင်အား ဆဲဆိုကန်ကျောက် ခွေးနှင့်နှိုင်း၍ ချက်ချင်း ခွေးဖြစ်သွားရသော သမီးမိုက်

အလားတူပင် လွန်ခဲ့သော ငါးနှစ်ကျော်ခန့်ကလည်း ကချင်ပြည်နယ်အောက်ပိုင်းဒေသက သမီးမိုက်ကလေးတစ်ယောက်သည် မိခင်အား ဆဲဆိုကန်ကျောက်ပြီး ခွေးနှင့်နှိုင်းသဖြင့် ချက်ချင်းလက်ငင်း ခွေးဖြစ်သွားသည့်အကြောင်းတစ်ခုကို ကြားသိရ၏။ ခွေးတစ်ပိုင်းလူတစ်ပိုင်းဖြစ်နေသည့်ဓာတ်ပုံကိုလည်း ကြည့်လိုက်ရ၏။

သို့သော်လည်း ဓာတ်ပုံသည် အဆင့်ဆင့်မိတ္တူကူးထားကြ၍ ထင်၏။ မှုန်မှုန်မွှားသာ မြင်ရ၏။ ပြတ်သားထင်ရှားခြင်းလည်း မရှိတော့ပေ။ ထို့ကြောင့် ဤစာရေးသူလည်း ဓာတ်ပုံကို သိမ်းမထားလိုက်ပေ။ ထိုဓာတ်ပုံကိုကပ်ပြီး မိတ္တူဆွဲလျှင်လည်း သာ၍ပင် မှုန်ဝါးသွားမည် ဖြစ်၏။ ဘာမှအကြောင်းထူးမည်မဟုတ်။

ထိုသတင်းဖြစ်ပေါ်၍ သိပ်ပြီးမကြာမီပင် သတင်းဆောင်းပါးများ

လည်း ပေါ်ထွက်လာ၏။ သို့သော် ပိပြင်သောဓာတ်ပုံသာဓက တစ်ခုမျှ မပါရှိ။ စာအနေဖြင့် မုံရွာက စာရေးဆရာတစ်ယောက်ရေးသောဆောင်း ပါးသည် အတန်အသင့်ပြည့်စုံ၏။ ထိုဆောင်းပါးတွင်လည်း ဓာတ်ပုံမပါ။

မည်သို့ပင်ဆိုစေကာမူ ထိုအဖြစ်အပျက်သည် ဓာတ်ပုံသတင်းများ ဖြင့် တိတိကျကျထွက်ပေါ်လာ၍ အတော်လေးပင် ထင်ရှား၏။ မိခင်အား စော်ကားပြစ်မှား၍ လူစင်စစ်မှ ခွေးဖြစ်သွားသည်ကို သိခွင့်ရကြ၍ သား မိုက်၊ သမီးမိုက်တို့အား တရားဟောပြီးဆုံးမလိုက်သကဲ့သို့ပင် ဖြစ်သွားရ၏။

ထိုသတင်းသည်လည်း ထိုမျှနှင့်ပင် ရပ်ဆိုင်းသွားခဲ့၏။ စင်စစ်တွင် လူမှဖြစ်သွားသောခွေးသည် သိပ်ပြီးမကြာသေး၍ ယခုအချိန်ထိပင် ရှိနိုင် သေး၏။ ထို့ကြောင့် မိခင်အားစော်ကား၍ လူမှဖြစ်သွားသောခွေးသည် ယခုအချိန်ထိပင် ရှိနေလေသလား၊ ဝဋ်ကျေပျောက်၍ လူပင်ပြန်ဖြစ်သွား လေသလား၊ သို့တည်းမဟုတ် သေဆုံးသွားလေပြီလား စသည့် သတင်းများ တစ်ခုမှထွက်မလာတော့ပေ။

## ရှင်းလင်းချက်

မိဘတို့အားပြစ်မှား၍ တန်ပြန်မကောင်းကျိုးသက်ရောက်ကြပုံများ နှင့်ပတ်သက်ပြီး ခြွင်းချက်ရှိ၏။ ပြစ်မှားကြပုံချင်းတူသည်လည်း မကောင်း ကျိုးပေးပုံချင်းမတူကြသည်ကို တင်ပြခဲ့သည့်အတိုင်းပင် ဖြစ်၏။ တချို့မှာ ချက်ချင်းမြေမျိုပြီး တချို့မှာ မင်းဒဏ်သင့်ရုံမျှသာ ရှိ၏။ တချို့မှာ စီးပွားရေး ကျဆင်းရုံသာ ရှိ၏။

ထိုကဲ့သို့ ကွဲပြားခြားနားသည်မှာ ပြစ်မှားကြသောသားသမီးတို့နှင့် အများအားဖြင့်မဆိုင်ဘဲ မိဘတို့နှင့်သာဆိုင်၏။ မိဘတို့သီလရှိခြင်း, မရှိ ခြင်း၊ သီလအားကောင်းခြင်း, မကောင်းခြင်း၊ သားသမီးတို့အပေါ်တွင်ထား ရှိသည့် ချစ်ခြင်းမေတ္တာ အနည်း, အများ စသည်များနှင့်သာဆိုင်၏။

သီလမေတ္တာအားကောင်းသောမိဘတို့ကို ပြစ်မှားလျှင် ကြီးသော

မကောင်းကျိုးကိုလည်း မြေမျိုသည်အထိ ချက်ချင်းလက်ငင်း အကျိုးပေးတတ်၏။ သီလမေတ္တာအားနည်းသော မိဘတို့ကို ပြစ်မှားလျှင် ပေးသော မကောင်းကျိုးသည်လည်း အားနည်းတတ်၏။ သို့သော်လည်း မိဘတို့အား ပြစ်မှားထားဖူးသောသူတို့သည် သေပြီးနောက် အဝီစိကိုကျမည်မှာ တစ်လမ်းတည်းသာ ဖြစ်၏။

နောက်တစ်မျိုး ခြွင်းချက်ရှိသည်ကိုလည်း တွေ့ရ၏။ ၎င်းမှာ ပိဋကတ်တော်မှလာသော မြေမျိုမှု၊ မြန်မာနိုင်ငံအတွင်း၌ မြေမျိုမှု ဟူ၍သာ ရှိသလား၊ အခြား နိုင်ငံအရပ်ရပ်တို့၌ မြေမျိုမှုမျိုးမရှိကြလေသလား ဟူ၍ ဖြစ်၏။ မရှိဟုဆိုရမည် ထင်၏။

အဘယ်ကြောင့်ဆိုသော် ပိဋကတ်တော်မှလာသော မြေမျိုမှုများမှာ သီလမေတ္တာအားအကြီးဆုံးဖြစ်သော ဘုရားရှင်နှင့် ရဟန္တာ၊ ရဟန္တာမများကို စော်ကားပြစ်မှား၍ ချက်ချင်းလက်ငင်း မကောင်းကျိုးကိုပေးပြီး မြေကြီးကွဲ၍ မြေမျိုခံကြရခြင်း ဖြစ်၏။ စာဒကကင်း၍ ရှင်းလည်းရှင်း၏။

ထို့နောက် မြန်မာနိုင်ငံအတွင်း၌ မြေမျိုခံကြရသောဖြစ်ရပ်များမှာ မြန်မာနိုင်ငံလူထုသည် အများအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်ကြ၏။ ဗုဒ္ဓဘာသာဝင်အားလုံးတို့သည် ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို မပြတ်ပွားများအားထုတ်ကြ၏။ ဒါန၊ သီလ၊ ဘာဝနာတရားတို့သည် လောကီချမ်းသာမှလွန်၍ နိဗ္ဗာန်တိုင်အောင် အကျိုးပေး၏။

ဒါန၊ သီလ၊ ဘာဝနာများကို ပြုလုပ်ပွားများကြတိုင်းလည်း မိမိတို့၏ အကျိုးအတွက်သာမက သုံးဆယ့်တစ်ဘုံမှသည် စကြဝဠာအနန္တသတ္တဝါများတိုင်အောင် အမျှမေတ္တာပေးဝေကြ၏။ ထို့ကြောင့် ကိုယ်ကျိုးထက် သာ၍လွန်၍ သတ္တဝါအားလုံးတို့၏အကျိုးကိုပါဆောင်ပြီးသား ဖြစ်နေ၏။

သို့ဖြစ်၍ ဒါန, သီလ, ဘာဝနာ စသည်များကို အနည်းပြုလုပ်သည် ဖြစ်စေ၊ အများပြုလုပ်သည် ဖြစ်စေ သုံးဆယ့်တစ်ဘုံနှင့်တကွ စကြဝဠာ အနန္တတိုင်အောင် ပျံ့နှံ့နေ၏။ ထိုထိုအားအင်တို့သည်လည်း စကြဝဠာနှင့်ယှဉ်၍ပင် ကြီးမားမြင့်မြတ် ကျယ်ပြန့်နေ၏။

ထိုသို့သဘောရှိသောကြောင့် မြန်မာနိုင်ငံက မိဘတို့၏အင်အားသည် စကြဝဠာနှင့်ယှဉ်၍ ကြီးမားမြင့်မြတ်နေ၍ ဆင်ခြင်သုံးသပ်ခြင်းနည်းပါးကြသော သားမိုက်၊ သမီးမိုက်တို့က ပြစ်မှားစော်ကားမိသောအခါ ဒဏ်အမျိုးမျိုးသင့်ရောက်ခြင်းမှသည် မြေခွင်း၍မျိုသည်အထိ အပြစ်ဆိုးများကို ခံစားကြရခြင်း ဖြစ်၏။

ဤမျှလောက်ရှင်းလျှင်ပင် ပိဋကတ်တော်မှလာသော မြေမျိုခြင်းနှင့် မြန်မာနိုင်ငံအတွင်းမှာသာ မြေမျိုခြင်းဖြစ်ပေါ်ကြရသည့်အကြောင်းများသည်လည်း လင်းရှင်းသွားလောက်၏။ အခြားနိုင်ငံများမှာသာ မြေမျိုမှုဖြစ်ပေါ်လျှင်လည်း တိုးတက်သောနိုင်ငံကြီးများကသာ များပြားသဖြင့် ပွင့်လင်းစွာဖြင့်လည်း ပြောဆိုတင်ပြတတ်ကြ၍ အင်တာနက်သတင်းများကပင် ထုတ်လွှင့်ပြသကြမည် ဖြစ်သောကြောင့် တွေ့ကြ၊ မြင်ကြ၊ သိကြရမည်သာ ဖြစ်၏။ ထိုသို့မရှိ၍လည်း မသိ၊ မမြင်၊ မကြားရခြင်းသာ ဖြစ်၏။

သို့ဖြစ်၍ သားသမီးတိုင်းတို့သည် ကိုယ်၊ နှုတ်၊ စိတ် သုံးမျိုးလုံးနှင့်ပင် မိဘတို့အား မပြစ်မှားသင့်၊ မပြစ်မှားထိုက်၊ မပြစ်မှားကောင်းဟု လင်းရှင်းစွာဖြင့် တင်ပြလိုက်ရ၏။

သို့ဆိုလျှင် မိမိတို့၏ ကျေးဇူးရှင်မိဘများကိုသာ မပြစ်မှားကောင်းပေတာလား၊ အခြားသူများကိုကောဟု စောဒကတက်အံ့။ အခြားသူများဟု ဆိုရာတွင်လည်း သီလမေတ္တာအားကောင်းသော မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပြစ်မှားသင့်ပေ။ ပြစ်မှားလျှင် ဘေးသင့်ကြသည်သာဖြစ်၏။

မည်သည့်ပုဂ္ဂိုလ်တွင် သီလမေတ္တာ မည်မျှရှိသည်ဟု မသိနိုင်၊ မမြင်နိုင်သောကြောင့် ပြစ်မှားခြင်း တည်းဟူသော မကောင်းမှုမျိုးကို အစဉ်ထာဝရ ရှောင်ကြဉ်သင့်၏။ မသိ၍ သင့်သောအပြစ်သည် သာ၍ပင် ကြီးလေးတတ်၏။

❒

# သူတော်ကောင်းကို ပြစ်မှားမိ၍ တိုင်းပြည်ပါ ပျက်စီးရသည့်အကြောင်း

သူတော်ကောင်းကိုပြစ်မှားမိ၍ တိုင်းပြည်ပါပျက်စီးသွားခဲ့ရသည့် အကြောင်းသည် (ခန္တိဝါဒီဇာတ် ဇာ/၄/၃) က သက်သေခံနေ၏။

ဘုရားအလောင်းတော် ခန္တိဝါဒီရသေ့သည် ဟိမဝန္တာ၌ ပါရမီတရားတော်များကိုဖြည့်ကျင့်နေရာမှ ချဉ်၊ ဆားအလိုရှိ၍ မြို့ရွာနားသို့ ကြွလာခဲ့ရာ ကလာဗုမင်း (ဒေဝဒတ်အလောင်း) ၏ ဥယျာဉ်အတွင်း၌ ခိုနားနေ၏။ ထိုအချိန်၌ ကလာဗုမင်းသည်လည်း ဥယျာဉ်တော်သို့ထွက်လာ၏။

ကလာဗုမင်းသည် မင်းယုတ်ဖြစ်သည့်အလျောက် သောက်စားပျော်ပါးမူးယစ်ပြီး အိပ်ပျော်နေခိုက်တွင် ဝန်၊ အမတ်တို့သည် ဟိုဒီလျှောက်သွားရင်းက ဘုရားအလောင်းတော် ရသေ့နှင့်တွေ့၍ ကြည်ညိုလှသဖြင့် ရသေ့အနားဝပ်တွား၍ အဆုံးအမတရားများကို နာယူကြ၏။

ထိုအခိုက်တွင် ကလာဗုမင်း အိပ်ပျော်နေရာမှ နိုးလာ၍ သူ၏ကျေးကျွန်ဝန်အမတ်များ ရသေ့ထံပါး၌ ချဉ်းကပ်ဝပ်တွားပြီး ရိုသေလေးမြတ်စွာဖြင့် အဆုံးအမတရားတော်များ နာယူနေကြသည်ကိုမြင်လျှင် အလွန်အမင်းစိတ်ဆိုးပြီး ဒေါသလည်းထွက်လေ၏။

'ဝန်အမတ်များက ရသေ့ကို ငါ့ထက်ပင် ကြည်ညိုလေးမြတ်နေကြရသလား' ဟုတွေးကာ သူ၏ဝန်အမတ်များကိုထက် ရသေ့ကို သာ၍ပင် ဒေါသထွက်၏။ မနာလိုဝန်တိုစိတ်လည်း ပွား၏။ ထို့ကြောင့် ရသေ့အား အပြစ်ရှာလို၍ ဒေါသအလျောက် ရှူးရှူးရှဲရှဲဖြင့်ထလိုက်သွားပြီး

**မင်း** ။ ။ သင်သည် အဘယ်အယူဝါဒရှိသနည်း။

**ရသေ့** ။ ။ ခန္တိဝါဒီ သည်းခံသောအယူဝါဒရှိပါသည်။

**မင်း** ။ ။ သည်းခံနိုင်ရောလား။

ကလာဗုမင်းသည် ရသေ့အား ဆူးပွေ့မ်းသောတုတ်ဖြင့် အချက်

ပေါင်းများစွာရိုက်နှက်ပြီး သန်လျက်ဓားဖြင့်လည်း ခြေ၊ လက်၊ နား၊ လျှာ၊ နှာခေါင်း စသည်များကို ဆက်ကာဆက်ကာ ဖြတ်တောက်လေ၏။ ရသေ့ကား ခန္တိဝါဒီဖြစ်သဖြင့် မအော်မညည်းသည့်အပြင် မျက်နှာပင် တစ်ချက်မတွန့်ပေ။

**မင်း** ။ ။ သည်းခံနိုင်၏လော။

**ရသေ့** ။ ။ သည်းခံနိုင်ပါ၏။

ထို့နောက် မင်းယုတ်သည် ရသေ့၏ ခြေ၊ လက်များကို ဆက်ကာဆက်ကာ ဖြတ်တောက်ပြန်၏။ မေးတိုင်းလည်း သည်းခံနိုင်ပါ၏ ဟူ၍သာ ဖြေ၏။ မျက်နှာသည်ပင် တစ်ချက်ကလေး မတွန့်ပေ။ ဒေါသလည်း အလျှင်းမဖြစ်။

ဖြတ်တောက်ရန် ခြေ၊ လက်များ မကျန်သောအခါ မင်းယုတ်သည် ဒေါသကြီးစွာဖြင့် ရသေ့၏ရင်ဘတ်ကို ခြေထောက်ဖြင့်ဆောင့်ကန်ပြီး အနားမှ ထွက်သွားလေ၏။ ရသေ့ကား ဒေါသမထွက်သည့်အပြင် မျက်နှာသည်ပင် ညှိုးနွမ်းခြင်းမရှိပေ။

ထိုအခါ ပညာရှိအမတ်သည် ရသေ့၏အနားသို့ချဉ်းကပ်လာပြီး-

**အမတ်**။ ။ အရှင်ရသေ့၊ ကလာဗုမင်းကိုသာမုန်းပါ။ တိုင်းပြည်ကို မမုန်းပါနှင့်။

**ရသေ့** ။ ။ ဒကာ၊ ငါသည်းခံ၏။ အပြစ်က သည်းခံပါမည်လော။

ဤ၌ နားလည်ရန်တစ်ခုတွေ့ရ၏။ နိုင့်ထက်စီးနင်း ထင်ရာကိုပြုချင်တိုင်းပြုပြီးနောက် တောင်းပန်သော်လည်း အပြစ်သည် မကျေဘဲ ရှိတတ်၏။ ထို့ကြောင့် တောင်းပန်တိုင်း မကျေသောအပြစ်မျိုးလည်း ရှိသေးသည်ဟု မှတ်အပ်၏။

ဤဇာတ်၌လည်း ရသေ့ ပြန်တော်မူသွားပြီးနောက် ဖြဟ္မာဘုံသို့ ရောက်ပြီး ဒဏ္ဍကီပြည်ကြီး ပြာပူမိုးရွာ၍ လောင်မီးကျပြီး ပျက်စီးသွားရ၏။ မင်းယုတ် ကလာဗုမင်းသည်လည်း အဝီစိငရဲသို့ကျသွားရ၏။ သူတော်

ကောင်းကို ပြစ်မှားခြင်းကြောင့် ပြစ်မှားသူတစ်ယောက်တည်းသာမကဘဲ တိုင်းပြည်တစ်ပြည်လုံးပင် ပျက်စီးသွားရ၏။

မေတ္တာရှိခြင်း၊ မရှိခြင်းတို့၏ သက်သေအထောက်အထားသာဓက ကြီးတစ်ရပ်ပင် ဖြစ်၏။

သူတော်ကောင်းတို့၏ပတ်ဝန်းကျင်သည်လည်း အခါခပ်သိမ်း အကောင်းချည်းဟု မယူဆအပ်။ ကောင်းသောအလုပ်အကျိုးမပေးမီ ဘဝဟောင်းမှ အ,ကုသိုလ်ကံတို့၏ မကောင်းသောအကျိုးပေးခွင့်ကိုလည်း ကြုံရတတ်၏။

သို့သော် ကောင်းသောလုပ်ငန်းစဉ်များကိုဆောင်နေချိန်၌ မည်သို့သောမကောင်းကျိုးများနှင့် ရင်ဆိုင်ကြုံတွေ့လာရသည်ဖြစ်စေ ဆုတ်ယုတ်ခြင်းကိုမပြုသင့်၊ လျှော့ပါးခြင်းကိုလည်း မဖြစ်စေသင့်။ ကောင်းသော သူတော်ကောင်းများအတွက် အကောင်းချည်း ဆက်ဖြစ်လာမည် ဖြစ်သလို မကောင်းသောသူအတွက်လည်း ဆက်၍နစ်သွားတတ်သည်ကို သတိပြုသင့်၏။

သူတော်ကောင်းတို့သည် သည်းခံခြင်း၊ မေတ္တာပွားခြင်းဖြင့် မိမိ, သူတစ်ပါး နှစ်ရပ်လုံးကို စောင့်ရှောက်၏။ သူတော်ကောင်းတို့အား နှောင့်ယှက်ဖျက်ဆီးသူတို့သည်လည်း ကြီးစွာသောတန်ပြန်ရိုက်ခတ်ခြင်းကြောင့် အထိနာခြင်းဖြင့် ကြုံတွေ့ရတတ်၏။ ကိုယ်ပြုသောကံကို ကိုယ်ပြန်ရခြင်း ဖြစ်၏။

ထို့ကြောင့် ကုသိုလ်ကံ၊ အ,ကုသိုလ်ကံ နှစ်မျိုးလုံးကိုပင် ကိုယ်တိုင်သာပြုလုပ်ကြခြင်း ဖြစ်၏။ ဂြိုဟ်၊ နက္ခတ်၊ နတ်၊ ဘိုးတော်တို့ ဖန်တီးပေးခြင်း မဟုတ်။ ထိုကံနှစ်မျိုးလုံးကို ကိုယ်တိုင်ဖန်တီးသည် ဟူ၍သာ မှတ်ရ၏။

❒

## မိဘမေတ္တာပျက်ခြင်း၏ လက်ငင်းဆိုးကျိုး

စာရေးသူသည် အနည်းဆုံး တစ်နှစ်တစ်ခါက် ခရီးထွက်လေ့ ရှိ၏။ တစ်ခါက်ထက်ပိုထွက်သောနှစ်များလည်း ရှိ၏။ အကြောင်းရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ တစ်နှစ်တစ်ခါက်တော့ ခရီးထွက်လေ့ ရှိ၏။

၁၉၉၅ ခုနှစ်၊ ဆောင်းဦးကာလတွင် ဤစာရေးသူလည်း ခရီးတစ်ခုသို့သွား၍ ကားဂိတ်ဆုံးလျှင် ကျန်ရှိနေသေးသောခရီးကို ရေကြောင်းမှ မော်တော်ဖြင့် ဆက်သွား၏။ ထိုအခါ ရန်ကုန်ပြန်ခရီးသည် အတော်များများနှင့် ဆုံမိကြ၏။

တချို့က သူတို့၏သားသမီးများ ပညာတော်ကြောင်း၊ စာမေးပွဲအောင်ကြောင်းများကို ပြောနေကြ၏။ တချို့က စီးပွားရေးနှင့် အလုပ်အကိုင် အဆင်ပြေသည့်အကြောင်းများကို ပြောနေကြ၏။ တချို့က မိဘအပေါ်တွင် သိတတ်သည့်အကြောင်း၊ လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့လိုက်သည့်အကြောင်းများကို ပြောနေကြ၏။

ဘာမှမပြောနိုင်ဘဲ မော်တော်၏ဦးပိုင်းထောင့်တစ်နေရာတွင် ခွေခွေလေးလှဲအိပ်ကာ ငေးငိုင်လျက် စိတ်မကောင်းဖြစ်နေကြသော အသက် (၅၀) နှစ်ကျော်အရွယ် ဇနီးမောင်နှံတစ်စုံကိုလည်း တွေ့ရ၏။ အထုပ်ကလေးများကို ကိုယ်စီခေါင်းအုံးအိပ်ပြီး မျက်နှာမကောင်းစွာဖြင့် ငြိမ်သက်နေကြ၏။

၎င်းတို့အနားတွင်ထိုင်လျက် အမျိုးသမီးကြီးတစ်ယောက် ခပ်တိုးတိုး ပြောပြနေသည်ကိုလည်း ကြားနေရ၏။

"သားသမီးပဲကွယ်၊ သူတို့က မိဘအပေါ်မှာ ကောင်းတာ, မကောင်းတွေကို မေ့ပစ်လိုက်ပါ။ သူတို့က ဘယ်လိုပဲပြောပြော၊ ဘယ်လိုပဲ ဆက်ဆံဆက်ဆံ ခွင့်လွှတ်လိုက်ပါ။ နောက်တော့ သူတို့ပြန်သိလာကြမှာပေါ့"

ဟုအမျိုးသမီးကြီးပြောနေသည့်စကားများကို ကြားရခြင်းအားဖြင့် စိတ်မကောင်းစွာဖြင့် လှဲအိပ်နေကြသောလင်မယားတို့သည် သားသမီးများ

နှင့်အဆင်မပြေဖြစ်လာကြကြောင်းကို သိလိုက်ရ၏။ အဘယ်သို့ဖြစ်လာကြသည်ကိုမူ နားမလည်နိုင်သေးပေ။

စာရေးသူလည်း ထိုသားသမီးများနှင့်အဆင်မပြေဖြစ်လာကြသည်ဟုထင်ရသော လင်မယားနှင့် အနည်းငယ်မျှ သိကျွမ်းဖူး၏။ ထို့ကြောင့် သူတို့သည် အဘယ်အကြောင်းကြောင့် သားသမီးနှင့်အဆင်မပြေဖြစ်လာကြသည်ကို နားလည်ချင်နေ၏။ သို့သော်, ချက်ချင်းကြီးကောက်မေး၍ မသင့်သေးဟုယူဆပြီး အခြေအနေကိုကြည့်နေလိုက်၏။

သိပ်ပြီးမကြာ။ မော်တော်ထွက်၍ အရှိန်ရလာသည်နှင့် သူတို့လင်မယားနှင့် မော်တော်ပဲ့ပိုင်းတစ်နေရာတွင်ဆုံမိ၍ သူတို့ ရန်ကုန်ကိုအလည်သွားခြင်းနှင့်ပတ်သက်ပြီး မေးမြန်းရင်းက ဖြစ်ကြောင်းကုန်စင်ကို တစ်ခုပြီးတစ်ခုသိလာရ၏။

အကြောင်းမှာ သူတို့၏သားနှင့် ချွေးမတို့သည် တက္ကသိုလ်မှာပင်ဆုံတွေ့ပြီး ချစ်ကြိုက်ညားကြ၏။ ထိုအခါ ဒီမိဘများက သားနှင့်ချွေးမတို့အိမ်ထောင်မကျမီကပင် ပညာမစုံမီ အိမ်ထောင်မပြုသင့်ကြောင်းကို ပြောဆိုပြီး တားမြစ်ခဲ့ဖူး၏။

ဤသည်ကို ချွေးမလောင်းလေးက မကျေနပ်။ သူ၏အားနည်းချက်ကြောင့် ဤကဲ့သို့ တားမြစ်သည်ဟု ထင်သွား၏။ သူသည်ကား မိဘမဲ့ပရဟိတကျောင်းသူလေးတစ်ဦး ဖြစ်၏။ ထို့ကြောင့် ပရဟိတကျောင်းသူနှင့် သူတို့သား ညားမည်ကို မလိုလား၍ တားမြစ်ကြသည်ဟု အပြည့်အဝယူဆပြီး သူတို့၏သားဖြစ်သူကိုအရယူကာ ယောက္ခမတို့အား ရန်ငြိုးထားလေ၏။

စင်စစ်တွင် ယောက်မတို့ကား ထိုမျှအထိ မဟုတ်။ သဘောထားပြည့်ဝပြီး သဘောကောင်းကြသည်သာ ဖြစ်၏။ သားဘွဲ့မရမီ အိမ်ထောင်ပြုမည်ကို အမှန်တကယ်ပင် မလိုလား၍ တားမြစ်ကြသည်သာ ဖြစ်၏။ တားမြစ်သည့်ကြားက အိမ်ထောင်ပြုသွားပြီးနောက်လည်း ဘာမှမပြောကြတော့ပေ။

ဘာမှမပြောသည့်အပြင် လိုအပ်သည့်အရင်းအနှီးများပင် ထုတ်ပေးကြ၏။ သားဖြစ်သူက ကားဂိတ်တစ်ခုတွင် ကုန်တင်ကားကြီးများဖြင့် လိုင်းဆွဲသောလုပ်ငန်းကိုလုပ်၏။ အဆင်လည်းပြေ၏။ အကျိုးပေးသောကြောင့် သုံး၊ လေးနှစ်အတွင်းမှာပင် ကိုယ်ပိုင် ကုန်တင်ကားကြီး နှစ်စီး၊ သုံးစီး ထောင်နိုင်လာ၏။

ထို့နောက် စက်ပြင် ဝပ်ရှော့ရုံတစ်ရုံ ထောင်၏။ ကိုယ့်ကားများပျက်လျှင်လည်းပြင်၊ သူများကားများကိုလာအပ်လျှင်လည်း ပြင်ပေး၏။ ဤလုပ်ငန်းသည်လည်း အောင်မြင်၏။ ထို့ကြောင့် ကိုယ်ပိုင်ကုန်တင်ကား သုံး၊ လေးစီးနှင့် ဝပ်ရှော့စက်ရုံတစ်ခုကိုပါ ထူထောင်နိုင်လာ၍ အတော်လေးပင်အကျိုးပေးသည်ဟု ဆိုနိုင်၏။

ကိုယ်ပိုင်လုပ်ငန်းထူထောင်သည့်အချိန်မှစ၍ သားဖြစ်သူသည် မိဘရပ်ထံသို့ တစ်ခေါက်မှမရောက်နိုင်တော့ပေ။ သူ့လုပ်ငန်းနှင့်သူ လုံးလည်လိုက်၍နေ၏။ သတင်းတစ်ခုကြားရသည်မှာ မိန်းမဖြစ်သူကို ခေါ်မရ၍ဟု ဖြစ်၏။ မိန်းမဖြစ်သူက သူတို့လင်မယားသွားကြမည့်အရေးကို ယောက္ခမကတားမြစ်ဖူး၍ နာကြည်းနေသည်ဟုလည်း သိရ၏။

မိန်းမဖြစ်သူမှာကား မိဘရပ်ထံဟူ၍ ပြောလောက်အောင်မရှိပေ။ သူ၏မိဘများမှာ တံငါလုပ်စားသောမြစ်ဝကျွန်းဒေသတစ်ခုကဖြစ်ပြီး ထိုဒေသမှ ရန်ကုန်သို့ပြောင်းလာကာ ကြုံရာကျပန်းလုပ်ကိုင်စားသောက်ရင်း သူ့ကိုမွေးပြီးနောက် မကြာမီ ကွယ်လွန်သွားကြသဖြင့် ရပ်ကွက်မှ သူ့ကို ပရဟိတကျောင်းသို့ပို့ပေးလိုက်ကြသောကြောင့် ပရဟိတကျောင်းသူ ဖြစ်လာခဲ့၏။

ထို့ကြောင့် သူ၏ချက်မြှုပ်နေရာကိုပင် မသိသူ ဖြစ်၏။ မိဘဆွေမျိုးတို့၏နေရပ်သည်လည်း ရန်ကုန်မြို့နှင့် အလှမ်းဝေးလွန်း၏။ ကား၊ ရထားအဆင့်ဆင့်နှင့်သွားပြီးနောက်ပင် သူ့မိဘ၏ဇာတိရွာများသို့ရောက်အောင် မော်တော်သုံး, လေးဆင့်စီးရပြီး နှစ်ရက်၊ သုံးရက် ဆက်သွားရသေး၏။

ထို့ကြောင့် မိဘတို့၏ဇာတိရပ်ထံသို့ သွားလည်ရန်ကိုလည်း မည်

သည့်အခါမျှ စိတ်ကူးမရှိခဲ့။ သူ၏အောင်မြေဖြစ်သော ပရဟိတဂေဟာတွင်လည်း ငယ်စဉ်ကပင် စိတ်ထားကြမ်း၊ ကိုယ်ကျင့်ဆိုးခြင်းတို့ကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် အဆင်မပြေရှိခဲ့ဖူးသလို ကျောင်းနေဖက်များနှင့်လည်း သင့်မြတ်ခြင်းမရှိခဲ့။

သို့ဖြစ်၍ ပရိဟိတဂေဟာသို့လည်း သွားလေ့မရှိပေ။ ထို့ကြောင့် သူ့ဘဝသည် သူ၏လက်ရှိအခြေအနေမျှသာကျယ်ဝန်း၏။ သို့သော်လည်း မည်သည့်အခါမျှ စိတ်မလျှော့ခဲ့။ စိတ်ရင်းကောင်းသော တောကယောက္ခမများကိုလည်း စာရင်းမသွင်း။ ရန်သူအဖြစ်ပင် သတ်မှတ်ထား၏။ ထိုရန်ကြွေးကိုပြန်ဆပ်ရန်လည်း ကျိတ်၍ထား၏။

ဤသည်ကို ယောက္ခမများက မသိကြ။ မသိကြ၍လည်း သားကိုအောက်မေ့သည်က တစ်ကြောင်း၊ ပွားစီးနေကြပြီဖြစ်သော မြေးလေးနှစ်ယောက်တို့အား တွေ့ချင်မြင်ချင်ကြသည်ကတစ်ကြောင်းတို့ကြောင့် သွားနိုင်လာနိုင် ကျန်းမာနေတုန်း တစ်ခေါက်အရောက်သွားမည်ဟု တစ်ခါမှ မရောက်ဘူးသော ရန်ကုန်မြို့ကို အရဲစွန့်ပြီး မေးစမ်းရင်းကရောက်လာကြ၏။

ထိုအချိန်က သားဖြစ်သူလည်း ကားကိစ္စအရေးပေါ်၍ ချက်ချင်းထွက်သွားရသောကြောင့် နယ်သို့ရောက်နေ၏။ ထို့ကြောင့် ချွေးမနှင့်သာ စတင်တွေ့ကြရ၏။ ချွေးမက မျက်နှာတင်းတင်းနှင့်ဆက်ဆံပြီး ဖိနပ်ချွတ်ခန်းမှာသာထား၏။ အပေါ်ခန်းမှ ခြေဆွဲထိုင်ပြီး ငယ်ကျိုးငယ်နာစကားများကိုလည်း ခွန်းရေများစွာပြော၏။

သူတို့လင်မယားညားသည်ကို မလိုလားဟူသောစကားများကစ,၏။ ထို့နောက် သူထင်ရာစွဲထားသည့်စကားများကို တစ်ခွန်းပြီးတစ်ခွန်း ဖွင့်အန်၏။ ယောက္ခမက ထိုသို့မဟုတ်ရကြောင်း၊ ဘွဲ့မရမီ အိမ်ထောင်ပြုမည်ကိုသာပြောဆိုခဲ့ကြောင်းကို ပြောပြသော်လည်း လက်မခံပေ။

ဖိနပ်ချွတ်ခန်းမှာသာတန်သည်၊ ဖိနပ်ချွတ်ခန်းမှာသာ နေကြပါဟုဆိုပြီး ထားလေ၏။ ဤကိစ္စကိုမကျေနပ်၍ လင်ဖြစ်သူကပြောလာမည်

ဆိုလျှင်လည်း ယခုပင် ကွာရှင်းလိုက်မည်ဟုလည်း အကြိမ်ကြိမ် ကြိမ်းဝါး ပြောဆို၏။ သားသမီးနှစ်ယောက်တို့ကိုလည်း အဘိုး၊ အဘွားအနားသို့ လုံးဝကပ်ခွင့်မပေး။ ဘီလူးသဘက်သဖွယ်ပြောဆိုပြီးကာ တားမြစ်ထား၏။

ထို့ကြောင့် ယောက္ခမနှစ်ယောက်တို့မှာ ချက်ချင်းထပြန်ချင်စိတ် ပေါက်သော်လည်း သားနှင့်တွေ့ချင်သည်က တစ်ကြောင်း၊ အလာတုန်းက သူများခေါ်ဆောင်ခဲ့၍သာ ရန်ကုန်အဝေးပြေးသို့ ရောက်လာကြပြီး ထိုမှ လိပ်စာအတိုင်း အငှားကား ကကဖြင့်သာ ရောက်လာကြ၍ မပြန်တတ် သည်ကတစ်ကြောင်းတို့ကြောင့် ဒီအတိုင်းပင်နေကြရ၏။

လေးရက်မြောက်နေ့တွင် သားဖြစ်သူ ရောက်လာသောအခါ မိဘ နှစ်ယောက်တို့၏အဖြစ်ကိုကြည့်ပြီး မယားဖြစ်သူနှင့် ဒေါသတကြီးရန်ဖြစ် ကြလေ၏။ မယားဖြစ်သူကလည်း အလျှော့မပေး။ အတွင်းစိတ်မာသူ ဖြစ်သည့်အလျောက် လင်းဖြစ်သူတစ်ခွန်းပြောလျှင် လေး၊ ငါးခွန်းပြန် ပြော၏။ နောက်ဆုံးတွင် ကွာရှင်းကြမည့်အဆင့်သို့ပင် ရောက်လာ၏။

ထို့ကြောင့် အမိနှင့်အဖကပင် ကြားဝင်ပြီး ဖျောင်းဖျကြရ၏။ မိဘ တို့ကား အိုပြီ၊ သေဖို့ဘက်ကိုနီးပြီ။ သားတို့မှာ ယခုကဲ့သို့ အခြေတကျဖြစ် နေသော အိမ်ထောင်ရေးကို အနှောင့်အယှက်မဖြစ်စေသင့်ဟု ပြောဆို ဖျောင်းဖျ ငိုယိုကာ ပြန်လာခဲ့ကြရသည့်အကြောင်းကို စာရေးသူအား ရှည် လျားစွာဖြင့် ပြောပြကြ၏။

ထို့ကြောင့် စာရေးသူလည်း အတော်လေးပင် စိတ်မကောင်းဖြစ် သွားရ၏။ ဒီအတိုင်းသာဆိုပါလျှင် သားဖြစ်သူတို့၏ရှေ့အနာဂတ်သည် ကောင်းနိုင်လိမ့်မည်ပင် မထင်တော့။ သားကိုယ်တိုင်မပြစ်မှားသော်လည်း သား၏မိန်းမဖြစ်သူ၏ပြစ်မှားချက်သည် နှစ်ဦးပိုင်ဖြစ်သည့် စီးပွားရေး၊ အိမ်ထောင်ရေးများကို လာထိနိုင်၏။

တစ်နည်းနည်းဖြင့် အပူမီးကျရောက်နိုင်၏။ အစိတ်စိတ်အမြွာမြွာ လည်း ဖြစ်သွားနိုင်၏။ စာရေးသူက သားဖြစ်သူနှင့် ချွေးမတို့အား မသိ၊ မမြင်ဘူးသော်လည်း ရန်ကုန်သို့ပြန်ရောက်ပြီးနောက် မေးစမ်းပြီး တွေ့ဆုံ

ရန် သွား၏။ ထိုအချိန်ကပင် သူတို့၏စီးပွားရေးသည် မီးလောင်စပြုနေပြီ ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် သားဖြစ်သူသည် ကုန်ကားကြီးနှင့်သွား၍ ပို့ရမည့်မြို့အဝင်တွင် အခိုင်းလွန်ပြီး ကားကြီးပက်လက်လန်သွား၍ ပျက်စီးသွားသောကုန်ပစ္စည်းအချို့နှင့် တိမ်းမှောက်သွားသောကားကြီးကို ပြန်တည့်ခ စသည်များအတွက် ငွေ (၈) သိန်းကျော် ကုန်ကျခဲ့ရ၏။

ထို့နောက် ရွှေလိမ်ခံရသဖြင့် ငွေသိန်း (၃၀) ကျော်ဖိုး ဆုံးရှုံး၏။ ဘယ်ကမှန်းမသိ၊ လမ်းကြားထဲသို့ ကမူးရှူးထိုးမောင်းဝင်လာသော ဆိုင်ကယ်တိုက်မိ၍ မိန်းမဖြစ်သူ ပေါင်ကျိုးသဖြင့် ဆေးရုံ၌ (ခြောက်လကျော်) ကုသခဲ့ရ၏။ ဒီကြားကာလတွင် လုပ်ငန်းခွင်ထဲသို့ ကိုယ်တိုင်မရောက်နိုင်၍ လုပ်ငန်းအတော်များများလည်း အဆက်ပြတ်သွားခဲ့ရ၏။ အိမ်တွင် လူမရှိခိုက် ဝင်ခိုးခံရ၍လည်း အတွင်းပစ္စည်း အတော်များများပါသွား၏။

. . . စသည်ဖြင့် ဆိုးကျိုးများသည် ယခုအချိန်ကပင် အတော်လေးနှိပ်စက်နေပြီ ဖြစ်၏။ ထို့ကြောင့် စာရေးသူက ဤသည်မှာ မိဘတို့အား မချေမငံဆက်ဆံပြီး စော်ကားလိုက်ခြင်းဖြစ်သည်ဟုပြောပြကာ ကန်တော့ခိုင်း၏။ သို့သော်လည်း မိန်းမဖြစ်သူသည် ခေါင်းမာလျက်သာရှိ၏။

ထို့ကြောင့် သူနားလည်ပြီး လက်ခံနိုင်လာစေရန်အတွက် ဘုရားဟောဓမ္မပဒများမှ ထုတ်နုတ်၍ လည်းကောင်း၊ ယခုမျက်မှောက်ခေတ် မိဘကို ပြောဆိုစော်ကားမိ၍ ဆိုးကျိုးကိုခံစားကြရသည့်အကြောင်း စသည်များကို အကြိမ်ကြိမ်ပြောဟောပြသမှ လက်ခံလာ၍ မိဘနှစ်ယောက်တို့အား ပြန်လည် မှာယူကာ ကန်တော့ခိုင်းလိုက်၍ ယခု အတော်အတန် ပြန်လည်အဆင်ပြေလာကြပြီ ဖြစ်၏။

မိဘတို့ကို စော်ကားမော်ကားပြုမိကြသူတိုင်း အနည်းနှင့်အများ ဒုက္ခရောက်ကြရသည်ချည်းသာ ဖြစ်၏။ ယခုအဖြစ်တွင် သားကိုယ်တိုင်မပြစ်မှားသော်လည်း ချွေးမလုပ်သူက ပြစ်မှားမိခြင်းသည်ပင် လုပ်ငန်းတွင် အတော်လေးထိခိုက်သွားရ၏။ သားကိုယ်တိုင်သာပြစ်မှားလျှင် မြေမမျိုဟု

ပင် မဆိုနိုင်ပေ။

အဘယ်ကြောင့်ဆိုသော် တောကမိဘတို့သည် အတော်လေးပင် သီလ၊ သမာဓိ၊ မေတ္တာတရားများ ရှိကြ၏။ တောသူတောင်သားများဖြစ် ကြသည့်အလျောက် လောဘ၊ ဒေါသနည်းပြီး ဒါန၊ သီလများကိုလည်း မပြတ်ပေးလှူ စောင့်ထိန်းနေကြသူများ ဖြစ်၏။ စာရေးသူနှင့် အထိုက် အလျောက်ရင်းနှီးမှုရှိ၍ သူတို့အကြောင်းကို သိဖူး၏။ တကယ့်သူတော် ကောင်းမိဘများသာ ဖြစ်ကြ၏။

ထို့ကြောင့်လည်း ချွေးမဖြစ်သူ ပြစ်မှားလိုက်မိရုံဖြင့်ပင် သားနှင့် ချွေးမတို့၏အိမ်ထောင်ရေးကို ချက်ချင်း အပူမီးဟပ်ကာ လောင်ကျွမ်းလာ ခြင်းဖြစ်၏။ အချိန်မီသာ မိဘတို့အား မကန်တော့လိုက်လျှင် နောက်ထပ် မည်မျှအထိပင် ဆိုးကျိုးသက်ရောက်လာဦးမည်မသိနိုင်။ ယခုလောက်မျှ သည်ပင် သူတို့အတွက် အတော်လေး အထိနာသွားကြ၏။

❒

## ယောက္ခမမိုက်နှင့် သမက်မိုက်

လက်တုံ့ပြန်တတ်သော နောက်အကြောင်းတစ်ခုသည်လည်း ရှိသေး ၏။ ၎င်းမှာ ယောက္ခမဖြစ်သူကစ၍ ဆိုးမိုက်ခဲ့ဖူး၍ ဖြစ်၏။ မည်သို့ပင် ဆိုစေကာမူ ဤအကြောင်းသည်လည်း လောက၌ မဖြစ်သင့်သော အ ကြောင်းတစ်ရပ်အနေဖြင့် ဆင်ခြင်ရမည့်ကိစ္စကြီးဖြစ်၍ ဤစာအုပ်၌ တစ် နေရာယူလာခဲ့၏။

ဤအကြောင်းတွင် သမီးရှင်တို့သည် သမက်အား သဘောမတူ သည်က စ,ခဲ့၏။ သမီးနှင့်ခွဲသော်လည်း မရသည့်အဆုံး ယောက္ခမ (အမ သူ၊ ကောင်မလေး၏မိခင်) သည် သမက်အား နှိပ်စက်ကလူပြု၏။ ရိုက် ပုတ် ကန်ကျောက်ခြင်းမျိုးတော့ မဟုတ်။ လူမသိအောင် အကျင့်ဆိုးတစ် မျိုးဖြင့် သမက်အား ဒုက္ခပေး၏။

သမက်အား လူသူပြတ်ခိုက် ငေါက်ငမ်းသည်၊ ကျိန်ဆဲသည်၊ အိပ်ရာနေရာကို ရေသွန်သည်၊ သမက်မရှိတုန်း ထမင်းစားပြီး ကျန်သောထမင်းဟင်းများကို ဆားချည်းနင်းကန်ထည့်ထားသည်၊ သို့တည်းမဟုတ် အိုးများကို ဆေးမှောက်ထားသည်။

ဤနည်းများဖြင့် သမက်ကို နှိပ်စက်၏။ သမက်က မိန်းမကို မခွဲနိုင်၍ ဘာမှမပြောဘဲ မိဘအိမ်၊ သူငယ်ချင်းအိမ်များတွင် တောင်းစားရ၏။ မိန်းမကို အိမ်ခွဲပြီးနေရန်ပြောသော်လည်း ယောက္ခမကြီးက ခွင့်မပြု။ ထို့ကြောင့် သမက်ဖြစ်သူမှာ ဆင်းရဲဒုက္ခခံပြီးပင်နေရ၏။

ဤသို့ဖြင့် ကာလအတန်ရှည်ကြာလာခဲ့၏။ သားသမီးလည်း သုံးယောက် ရှိလာခဲ့၏။ ထိုအချိန်၌ ယောက္ခမ၏အိမ်ထောင်စီးပွားသည်လည်း လျော့ကျလာခဲ့၏။ ယောက္ခမ (အဖိုသူ၊ ကောင်မလေး၏ဖခင်) သေဆုံးသွားပြီးနောက် ယောက္ခမအမသည်လည်း အားကိုးရာမဲ့ဖြစ်သွား၏။

ထိုအခါ တစ်ယောက်တည်းရှိသောသမီး (နှင့်သမက်တို့) အိမ်သို့ပင်ရောက်လာရ၏။ အခြား နေရာစရာအိမ်လည်း မရှိ။ အသက်ကလည်း (၆၀) နှစ်ကျော်ပြီ။ စီးပွားရေးသည်လည်း လျော့ကျခဲ့ပြီဖြစ်၍ စိတ်လည်းမမာနိုင်၊ ဂုဏ်လည်းမရှိတော့။ မြွေစွယ်ကျိုးအဖြစ်သို့ရောက်လာရ၏။

ထို့ကြောင့် သမက်ဖြစ်သူက ယောက္ခမအား တရစ်ရစ်ဖြင့်ကျပ်လာ၏။ သို့သော်လည်း ယောက္ခမကား ဘာမှမတတ်နိုင်တော့ပေ။ ထို့နောက် ထို့ထက်ကျပ်လာပြီး ကောင်းကောင်းကြီးဒုက္ခပေးလေ၏။ သူ့မိခင်ဆိုးခဲ့ဖူးသည့်ကိစ္စရှိနေ၍ သမီးဖြစ်သူကလည်း ဘာမှမတတ်နိုင်။ များစွာပင် စိတ်ဆင်းရဲရလေ၏။

သားသမီးတစ်ပုံတစ်ခေါင်းရှိနေပြီဖြစ်သဖြင့် ကွာရှင်းပြတ်စဲရန်မှာလည်း မဖြစ်နိုင်တော့။ ဒီအထဲက တစ်မိုးမျှပင် ကင်းကွာ၍နေကြသေး၏။ သို့သော်လည်း သားသမီးများ အနေဆင်းရဲ၊ အစားဆင်းရဲဖြစ်ကာ ငိုယိုလာကြသဖြင့် ပြန်ပေါင်းရပြန်၏။ ထိုအခါ သမက်ဖြစ်သူမှာ ပိုဆိုးလာပြီး ယောက္ခမအား ပို၍ပင် ဒုက္ခပေးလေ၏။ ထို့ကြောင့် ယောက္ခမဖြစ်သူသည်

တစ်သတ်ပတ်လုံး စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြင့်ပင် နိဂုံးချုပ်သွားရ၏။

ဤဇာတ်လမ်းတွင် ဦးစွာ ယောက္ခမကဆုံး၏။ ထို့နောက် သမက်က ထပ်၍ဆုံး၏။ ဆုံးနှစ်ဆုံးကိုပေါင်းလိုက်သောအခါ တစ်ယောက်မှမကောင်း ဖြစ်သွားရ၏။ အလွန်မှ အဆင်မပြေသောဖြစ်ရပ်မျိုး ဖြစ်၏။ ယခု သမက် ရော ယောက္ခမပါ နှစ်ယောက်လုံး မရှိကြတော့ပေ။

❒

## လင်ကိုနိုင်လွန်းသူတစ်ယောက်၏အကြောင်း

ဤဇာတ်လမ်းတွင် မယားက စ၍ဆုံး၏။ ထို့နောက် လင်က ထပ်၍ဆုံး၏။ မယားက လင်ထက်. အသက် (၈) နှစ်ခန့် ပို၍ကြီး၏။ လင်က ဆင်းရဲပြီး မယားက သူ့အစွမ်းအစနှင့်သူ အပျိုဘဝကပင် ကြီးပွားချမ်းသာ ပြီး ကိုယ်ပိုင်တိုက်ခန်းနှင့်၊ ကိုယ်ပိုင်ကားနှင့် တင့်တင့်တယ်တယ်နေထိုင်နိုင် သော မာနကြီးသူတစ်ယောက်လည်းဖြစ်၏။

သူတို့နှစ်ယောက်သည် အပျို၊ လူပျိုဘဝကပင် အနုပညာသမားများ ဖြစ်ကြ၏။ မယားဖြစ်သူက အပျိုဘဝကပင် သူ၏အနုပညာဘာသာရပ် တွင် အထွတ်အထိပ်သို့ရောက်နေသူ ဖြစ်၏။ လင်ဖြစ်သူကောင်လေးကို လည်း သူကပင် ဆောင်ယူလာခဲ့ခြင်း ဖြစ်၏။ သို့သော်လည်း လင်ဖြစ်သူ ကား ထင်ရှားသူတစ်ယောက် မဟုတ်ပေ၊ ဝါသနာရှင်အဆင့်မျှသာ ရှိ၏။

မယားဖြစ်သူသည် သူ၏အနုပညာဘာသာရပ်များ အားနည်းလာ သောအခါ ဇာတ်လိုက်၍က၏။ သူ၏အနုပညာဘာသာရပ် အထွတ်အထိပ် ရောက်သည်အထိ အားကောင်းခဲ့သောကြောင့် ဇာတ်ထွက်က,သည့်အခါ တွင်လည်း ညကြေးကောင်းကောင်းရ၏။ အခွင့်အရေးထူးများကိုလည်း ရရှိ၏။

ထို့ကြောင့် သူ့အတွက် တစ်ခေတ်ထွန်းတောက်နေဆဲသာ ဖြစ်၏။ သူလိုက်က,သည့်ဇာတ်သည် သိပ်ပြီးမထင်ရှားသော်လည်း သူပါဝင်ကပြ

သောကြောင့် သူ့အရှိန်အဝါဖြင့် အခြားဇာတ်ကြီးများနည်းတူ ပွဲများများ ရရှိပြီး ပရိသတ်၏အားပေးခြင်းကိုလည်း ရရှိ၏။ ထို့ကြောင့် သူ ညကြေး ကောင်းနေခြင်း ဖြစ်၏။

ဇာတ်လိုက်က,ရင်းဖြင့်ပင် သူ့ကောင်လေးနှင့် စတင်တွေ့ရှိကြ၏။ သူက အငြိမ့်မင်းသမီး၊ စတိတ်ရှိုးနှင့် ပြဇာတ်မင်းသမီးခေါင်းဆောင် ဖြစ်၏။ ကောင်လေးက လက်ထောက်ပြဇာတ်မင်းသား ဖြစ်ပြီး အခြားအခန်း ကဏ္ဍများတွင်လည်း အဆင်ပြေသလို သရုပ်ဆောင်၏။ ခေါင်းဆောင် အနေဖြင့် နေရာရရှိခြင်းတော့ မရှိ။

ကောင်လေးက ဇာတ်လိုက်က,ရင်း သူ့အား အတင်းကပ်၏။ သူ၏ကိစ္စအဝဝတို့ကို လိုက်လံဆောင်ရွက်ပေး၏။ ခြင်ထောင်ချ၊ ခြင်ထောင်သိမ်း၊ အဝတ်ခေါက်ပေးသည်အထိ လုပ်ပေး၏။ သူကလည်း မာနကြီးသူဖြစ်သည့်အလျောက် ကောင်လေးတစ်ယောက်က ယခုလို လုပ်ကိုင်ပေးသည်ကို သဘောကျသည်သာ ဖြစ်၏။ ခိုင်းကောင်းတိုင်းခိုင်း၏။ ကောင်လေးကလည်း မငြီးမငြင် လိုက်လုပ်ပေး၏။

ကောင်မလေးသည် စာရိတ္တကြမ်းသူဖြစ်သည့်အလျောက် ခိုင်းကောင်းတိုင်းခိုင်းနေသော်လည်း ကောင်လေးကို လုံးဝ မျက်နှာသာပေးခြင်းမရှိ။ စိတ်နှင့်မတွေ့လျှင် ကိုယ်ရောနှုတ်ပါ ကြမ်းတမ်း၏။ အဆိုးဆုံးမှာ ဖိနပ်နှင့်ပါးကိုရိုက်သည်အထိပင် ရှိ၏။ သို့သော်လည်း ကောင်လေးသည် သည်းခံပြီး ကပ်မြဲအတိုင်း လိုက်ကပ်၏။

ထိုအခါ သူတို့နှစ်ယောက်သည် ကြမ်းရင်းရမ်းရင်းက နီးစပ်မှုရှိလာကြ၏။ ခြင်ထောင်ချင်းယှဉ်အိပ်သည်အထိ ရှိလာကြ၏။ ထို့နောက် သိသိသာသာရှိလာကြ၏။ ဤအဆင့်၌လည်း ကောင်မလေးသည် ကောင်လေးအား လုံးဝ မျက်နှာသာပေးခြင်း မရှိသေးပေ။ ကြမ်းမြဲကြမ်းပြီး ရမ်းချင်တိုင်းလည်း ရမ်းနေဆဲသာ ဖြစ်၏။

ထို့နောက် သူတို့၏နီးစပ်မှုသည် ထင်ထင်ပေါ်ပေါ်ဖြစ်လာရင်းက ဇာတ်ခေါင်းပြုတ်သောအခါ ကောင်လေးသည် ကောင်မလေး၏ကိုယ်လုပ်

ယောက်ျားတစ်ယောက်အဖြစ်ဖြင့် ကောင်မလေး၏အိမ်သို့ လိုက်ပါသွား၏။ အိမ်၌အတူနေထိုင်ရင်းက လွတ်လပ်မှုပိုများလာပြီး အကြင်လင်မယား အဖြစ်သို့ ရောက်သွားကြ၏။

ကောင်လေးသည် လင်ယောက်ျားတစ်ယောက် ဖြစ်နေသည့်တိုင်အောင် အောက်ဆုံးအဆင့်မှာသာ ရှိနေသေး၏။ ကောင်မလေးကလည်း ကောင်းကောင်းအနိုင်ကျင့်ထား၏။ လုံးဝ ခေါင်းထောင်ခွင့်မပြု။ သူသည်သာ အိမ်ထောင်ဦးစီးလုပ်ပြီး မင်းမူနေ၏။ ကောင်လေးသည်ကား လင်ယောက်ျားအဖြစ် အရုပ်တစ်ရုပ်အဆင့်မှာသာ ရှိနေ၏။

အမြင်တွင် ထင်စရာရှိသော်လည်း ကောင်လေးသည်ကား ညံ့သည် မဟုတ်။ အတွင်းကျိတ်ပြီး ကောင်မလေး၏သက်လုံအကျကို စောင့်ကြည့်နေခြင်းသာ ဖြစ်၏။ ကောင်မလေးအနိုင်ကျင့်ခဲ့သည်များကိုလည်း နှလုံးသားတွင် မှတ်တမ်းတင်ထား၏။ ပြန်ဆပ်ရန်ကြွေးတစ်ခုအဖြစ်လည်း မှတ်ယူထား၏။

သိပ်ပြီးမကြာ။ သားသမီးများရလာသောအခါ တန်းတူရည်တူ ဖြစ်လာ၏။ အိမ်ထောင်ဦးစီးနေရာကို ရမှန်းမသိရယူလာ၏။ ကောင်မလေးက သားရေးသမီးရေး၊ အိမ်တွင်းကိစ္စအရေးများကို လုံးပန်းနေရ၍ စီးပွားလုပ်ငန်းများကို ကောင်လေးက ဦးစီးလာရ၏။

စီးပွားလုပ်ငန်းများကို ဦးစီးစီမံလာသောအခါ သူ၏မယားနိုင်စီမံကိန်းများကို စတင် အကောင်အထည်ဖော်လာ၏။ ဦးစွာ ဟိုခါနည်းနည်း ဒီခါနည်းနည်း အရက်စမ်းသောက်လာ၏။ ထို့နောက် ခပ်စိပ်စိပ်သောက်တတ်လာ၏။ ထို့နောက် အိမ်သို့ အချိန်မှန်မရောက်ဖြစ်လာ၏။

ထို့နောက် ထို့နောက် ငွေများကို အလွန်အကျွံသုံးဖြုန်းပြီး မိန်းမရှုပ်သည်အထိ အဆင့်မြင့်လာ၏။ ဤကိစ္စများနှင့်ပတ်သက်ပြီး လင်မယားရန်ဖြစ်ကြရာ ကောင်လေးက အညံ့မခံတော့ပေ။ စီးပွားရေးလုပ်ငန်းများကိုလည်း ဦးစီးထားပြီဖြစ်၍ အညံ့မခံသည့်အပြင် မာသည်ထက်မာ၍သာ လာ၏။

နောက်ပိုင်းတွင် ကောင်မလေးက ရန်မစရဘဲ ကောင်လေးကချည်းသာ ရန်စလာလေ၏။ အရက်ကလေးထွေထွေဖြင့် ဇာတ်ထဲတွင် စတွေ့ကြသည်မှ အိမ်ထောင်သည်ဘဝကိုရောက်သည်အထိ နောက်ပိုင်းကာလများကို သဲထဲကမစင်ပုံ ခွေးဖော်သကဲ့သို့ပြန်ဖော်ပြီး ကိုယ်ထိလက်ရောက်ပါးရိုက်နားရိုက်အဆင့်သို့ပင် ရောက်လာ၏။

ဤကဲ့သို့ အကြိမ်ကြိမ်များလာသောအခါ ကောင်မလေးသည် တုံ့ပြန်ဝံ့ခြင်း မရှိသည့်အပြင် ခေါင်းဖော်ဝံ့ခြင်းပင် မရှိတော့ပေ။ အရှိန်အဝါကောင်းတုန်း တစ်ဖက်သားတို့အား အနိုင်ကျင့်တတ်သူတို့သည် ၎င်း၏အားနည်းချက်ကိုဖော်ပြခြင်းတစ်မျိုးသာ ဖြစ်၏။ မတရားသောနည်းလမ်းဟုလည်း ဆိုရ၏။

မတရားသောနည်းလမ်းကိုကြိုက်သူတို့သည် မတရားသည့်နည်းလမ်းအတိုင်းပင် လျှောက်လှမ်းကြသည်မှာ မျှတသောတစ်မျိုးသာ ဖြစ်၏။ သူ၏ကိုယ်ပိုင်ရလဒ်ဟုလည်း ဆိုရ၏။ အပင်ကိုစိုက်၍ အသီးသီးသကဲ့သို့ဖြစ်၏။ ဓမ္မတာသဘောကြောင့် ဖောက်ပြန်ခြင်းမရှိ၊ အကျိုးပေးသည်သာဖြစ်၏။

ထို့ကြောင့် ဘဝကို မေတ္တာဖြင့်သာ တည်ဆောက်ရ၏။ ညီမျှပြီးမှန်ကန်မှုကို နှစ်သက်ရ၏။ အများအကျိုးကိုမဆောင်နိုင်လျှင်လည်း မိမိဘဝအတွက် ဂရုစိုက်ရ၏။ ထင်ရာပြုလုပ်ခဲ့မိလျှင် အနာဂတ်တွင် အကြွေးတင်တတ်၏။ ထိုအကြွေးကို ကိုယ်နှင့်၊ ဘဝနှင့် ပေးဆပ်ရ၏။ မေတ္တာစေတနာမပါလျှင် ဒီအတိုင်းချည်းသာ မှတ်ရ၏။ ပြောင်းလဲသွားခြင်းကားမရှိပေ။

* * *

## ၅။ ဆရာမေတ္တာ

အတ္တမဲ့သော ဆရာကောင်းဆရာမြတ်တို့အကြောင်းနှင့်ပတ်သက်သည့်အကြောင်းအရာများကို စာထဲမှာလည်း ဖတ်ဖူး၏။ တစ်ဆင့်လည်းကြားဖူး၏။ ကိုယ်တိုင်လည်းကြုံဖူး၏။ ဆရာပေါင်းမြောက်မြားစွာရှိကြသည့်အထဲတွင် ဤနေရာ၌ အတ္တမဲ့သော ဆရာကောင်းဆရာမြတ်တို့၏ အကြောင်းအရာများကိုသာ အလိုရှိသည်။

တချို့မှာ စာသင်သက်ကုန်ဆုံးသည်အထိ ကာလပတ်လုံး ကြုံတွေ့ခဲ့ရသောဆရာများကို အားမရခြင်း၊ ရောင့်ရဲတင့်တိမ်မှုမရှိခြင်း စသည်ဖြင့်ရှိကြသည့်အကြောင်းများကိုလည်း ကြားဖူးသည်။ ဤသည်မှာ အတ္တမဲ့ခြင်း၊ အတ္တမမဲ့ခြင်းတို့သည်သာ သက်ဆိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် အတ္တမဲ့ခြင်းသည် အတော်လေးပင် အခရာကျ၏။

ဤအကြောင်းများနှင့်ပတ်သက်၍ ခွဲ့လျှင်ကား ကျယ်မည်သာဖြစ်၏။ လူတိုင်း ပုဂ္ဂိုလ်တိုင်းမှာပင် ခွဲ့စရာများရှိကြမည်သာဖြစ်၏။ ဤစာရေးသူမှာလည်း ရှိ၏။ ယခုခေတ်တွင် သာ၍ပင်ပေါများမည်သာဖြစ်၏။ ကြားလည်းကြားနေရ၏။ ပေါင်းခြုံ၍ပြောရလျှင် အတ္တမမဲ့နိုင်ခြင်းကတရားခံဖြစ်၏။

ဤနေရာ၌ ဆရာကောင်းဆရာမြတ် ဆရာမကြီးတစ်ယောက်အကြောင်းကို တင်ပြလို၏။ ၎င်းမှာ စာရေးသူတို့ငယ်စဉ်က စာသင်ခဲ့ရဖူးသော ကျေးဇူးရှင်ဆရာမကြီး ဒေါ်အေးခင်ပင် ဖြစ်၏။ ဆရာမကြီးသည်လည်း ယခုအချိန်ထိ အသက်ထင်ရှားရှိနေပေသေး၏။

စာရေးသူ၏ဇာတိ အမ်းမြို့နယ် တန်းတင်ရွာသည် အိမ်တစ်ရာပင် မပြည့်တတ်သဖြင့် တောရွာလေးတစ်ရွာဟုသာ ဆိုရမည်။ သို့သော်လည်း တန်းတင်ရွာသည် မူလ ရွာမိရွာဖဖြစ်သောကြောင့် အုပ်စုခေါင်းဆောင် ရွာတစ်ရွာ ဖြစ်သည်။ ခေတ်အဆက်ဆက်ကပင် ရွာသူကြီးရုံးစိုက်သောရွာလည်း ဖြစ်သည်။

ထို့ကြောင့် ပတ်ဝန်းကျင်၌ရှိကြသည့် (ထိုအချိန်က စာသင်ကျောင်း မရှိသော) ကျွဲကူးတောင်ရွာ၊ အောင်သပြေရွာ (ယခင်ဓာတ်တော်ရွာ) များကပါ ကျောင်းသူ၊ ကျောင်းသားများလာတက်ကြသဖြင့် တန်းတင်ရွာ မူလတန်းကျောင်းတွင် နှစ်စဉ် ကျောင်းသား၊ ကျောင်းသူ (၁၀၀) နီးပါး ရှိ၏။ ထိုကျောင်းသူ၊ ကျောင်းသားအားလုံးကို ဆရာမကြီးတစ်ယောက်တည်းဖြင့် စာပြပေး၏။

ဆရာမကြီးသည်လည်း တန်းတင်ရွာဇာတိ ဖြစ်၏။ ကျောင်းဆရာအလုပ်ကို စ,ဝင်သည်မှ ဇာတိ တန်းတင်ရွာကျောင်းတစ်ကျောင်းတည်းမှာ စာသင်ပြလာခဲ့၏။ စာရေးသူတို့ ကျောင်းသားအရွယ်တွင် ဆရာမကြီး၏ အသက် (၄၀) နှစ်နီးပါးခန့် ရှိပြီ။ ကျောင်းဆရာလုပ်သက်လည်း (၂၀) ခန့် ရှိပြီ။

ဆရာမကြီးမှာ ဒီတန်းတင်ရွာဇာတိဖြစ်၍ မိဘတို့၏အမွေဖြစ်သော လယ်၊ ဥယျာဉ်၊ ခနီခင်းများလည်း ဧကပေါင်းများစွာ ပိုင်ဆိုင်၏။ ထိုလယ်၊ ဥယျာဉ်၊ ခနီခင်းများကိုလည်း ကျောင်းစာပြရင်းနှင့်ပင် တွဲ၍လုပ်ကိုင်၏။ သို့သော်လည်း စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များမှလွဲ၍ မည်သည့်အခါမျှ ကျောင်းတက်ချိန်နောက်ကျခြင်း၊ ကျောင်းပျက်ခြင်း မရှိပေ။

ကောက်စိုက်ရာသီဖြစ်၍ လယ်ထဲတွင် ကောက်စိုက်နေခဲ့သော်လည်း မနက် (၉) နာရီတွင် သနပ်ခါးအဖွေးသားဖြင့် ကျောင်းသို့အချိန်မှန်ရောက်လာသည်သာဖြစ်၏။ ပင်ကိုရုပ်ချောပြီး အသားအရေခိုင်ခံ့သဖြင့် မည်သည့်အခါမျှ ညိုခြင်း၊ ခြောက်ခြင်းလည်း မရှိပေ။ အစဉ်ထာဝရ ကြော့ရှင်းလှပနေ၏။

နေ့ခင်းတွင် တစ်နာရီ ကျောင်းသူ၊ ကျောင်းသားများ အနားပေးပြီး ညနေ (၄) နာရီတွင် ကျောင်းလွှတ်၏။ မည်မျှအထိပင် လယ်ယာကိစ္စများရှိနေသည် ဖြစ်စေ ကျောင်းတက်နောက်ကျခြင်း၊ ကျောင်းလွှတ်စောခြင်း ဟူ၍ မရှိပေ။ အိမ်သို့ရောက်လျှင်လည်း လယ်ထဲသို့ ပြန်ဆင်း၏။ ကောက်ပင်ကိုမမြင်မှ ပြန်တက်၏။ အိမ်အလုပ်နှင့် ကျောင်းအလုပ်လည်း မည်သည့်အခါမျှ ရောယှက်ခြင်းမရှိ။

ဆရာမကြီးသည် ထိုမျှအထိ ဖွဲကောင်း၏။ ပြတ်သား၏။ အချိန်မှန်၏။ မျက်နှာလိုက်ခြင်းလည်းမရှိ။ သူစာပြကောင်းသည့်အတိုင်း တပည့်များကိုလည်း စာကြိုးစားပြီး စာတော်မှကြိုက်၏။ စာကြိုးစားအောင်၊ စာတော်အောင်လည်း ဆရာမကြီးက စွမ်းဆောင်နိုင်၏။ တပည့်တို့၏အထာနှင့် စာသင်ပေးခြင်း၏ပရိယာယ်ကို နားလည်ကျွမ်းကျင်သောကြောင့် ဖြစ်၏။

ဉာဏ်မကောင်းသောတပည့်ကိုညှာသော်လည်း ဉာဏ်ကောင်းလျက်နှင့် စာမကြိုးစားသောတပည့်များကိုမူ ဖြင်းသည်သာဖြစ်၏။ ကျောင်းသူ၊ ကျောင်းသားများအချင်းချင်း ဆော့ကစားရင်းက ရန်တွေ့ကြလျှင်လည်း ကိုယ့်သားသမီးထဲကဖြစ်သည့်တိုင်အောင် လွန်သူကို ခွင့်လွှတ်လေ့မရှိပေ။

သင်ခန်းစာများ ကုန်ခါနီးတွင် နောက်မှ စာများကို ပြန်စစ်မေးတတ်၏။ မေး၍မရလျှင် ဉာဏ်မကောင်းသူကို ကွက်၍သက်ညှာပြီး ဉာဏ်ကောင်းသူကို ကွက်၍ ဖြင်း၏။ သင်ခန်းစာများကို သင်ပေးရာတွင်လည်း မရမချင်း စိတ်ရှည်ရှည်ဖြင့် သင်ပေး၏။ အကြိမ်ကြိမ်လည်း ရှင်းပြနေ၏။ ဉာဏ်ထိုင်းသူများကို ပို၍ဂရုစိုက်၏။

ဆရာမကြီးက တပည့်များအပေါ်၌ မေတ္တာ၊ စေတနာ၊ ကရုဏာထားသည့်အကြောင်းများကိုမူ ရေးပြ၍မကုန်သည်အထိပင် များပြား၏။ စာမေးပွဲကြီးဖြေခါနီးတွင် တပည့်ဟောင်းကြီးများကိုအဖော်ခေါ်ပြီး ညဉ့်ဦးပိုင်း၌ တိတ်တဆိတ် ရွာကြားလျှောက်ကာ စနည်းနာလေ့ရှိ၏။ စာမကျက်သူများကိုမှတ်ထားခဲ့ပြီး မနက် ကျောင်းသို့ရောက်သောအခါ ခေါ်ရိုက်၏။

ထိုအချိန်က ဆရာမကြီးကို အတိုက်အခံလုပ်သူများလည်း ရှိကြ၏။

ကျောင်းပျက်ခြင်းနှင့်ပတ်သက်၍မဟုတ်။ စီးပွားရေး စသည်များနှင့် ပတ်သက်၏။ သို့သော်လည်း ဆရာမကြီးသည် မိမိ၏တပည့်ဖြစ်လာသူများကို တစ်သားတည်းထား၏။ ခွဲခြားဆက်ဆံမှုမျိုး အလျှင်းမရှိပေ။

ထို့ကြောင့် ‘ေ ကျာင်းသားအားလုံးပင် ဆရာမကြီးအား ကြောက်လည်းကြောက်ကြသလို ချစ်လည်းချစ်ကြ၏။ ဆရာမကြီး၏ အတ္တမဲ့မေတ္တာကြောင့်ဟု ဆိုရမည် ဖြစ်၏။ မေတ္တာရောင်ပြန်ဟု ဆိုလျှင်လည်း မှန်၏။ ရောင်ပြန်သက်ရောက်မှုသည် အရာရာတိုင်းမှာပင် ရှိ၏။

ဆရာမကြီးသည် ကျောင်းသူ၊ ကျောင်းသား (၁၀၀) နီးပါးကို တစ်ယောက်တည်း ဒိုင်ခံစာပြပေးနေရသော်လည်း ပင်ပန်းသည်ဟူ၍ မည်သည့်အခါမျှ မညည်းညူပေ။ လက်ထောက်ဆရာရရှိရေးကိုလည်း မတောင့်တ။ တာဝန်မပျက် တပည့်အားလုံးတို့အား ညီမျှစွာဖြင့် စာပြပေးနေခြင်းသာ ဖြစ်၏။

တပည့်များက ဆရာမကြီး အသက် (၅၀) နှစ်ကျော်လာသောအခါ ပင်ပန်းသည်ကို မမြင်ရက်၍ လက်ထောက်ဆရာမလေးတစ်ယောက် ငှားပေးကြ၏။ ဆရာမကြီး၏တပည့်ထဲက ဆယ်တန်းကျ မထွားရွှေ ဆိုသူဖြစ်၏။ သို့သော်လည်း ဆရာမကြီးသည် နောက်နှစ်တွင် မထွားရွှေအား ဆက်ငှားခွင့်မပြုတော့ပေ။

တပည့်များက မထွားရွှေကို အဘယ်ကြောင့် ဆက်ငှားခွင့်မပြုသည့်အကြောင်း သိလို၍ ဆရာမကြီးအား မေးမြန်းကြည့်ကြရာ ‘ထွားရွှေက ကလေးတွေကိုရိုက်ရင် ကလေးတွေက ငါ့မျက်နှာကို လှမ်းလှမ်းကြည့်ကြတယ်’ ဟု တစ်ဆို့သံဖြင့်ပြောကာ မျက်ရည်ပေါက်ပေါက်ကျသွား၏။ သို့မှ အချိန်ရှိစဉ်ကပင် လက်ထောက်ဆရာ မငှားသည့်အကြောင်းကို ရိပ်မိကြလေ၏။

တပည့်များက ကလေးများကို မရိုက်ရန် မထွားရွှေအားပြောပေးပါမည်ဟု ဖျောင်းဖျကြသော်လည်း ဆရာမကြီးကား ခေါင်းကိုတွင်တွင်ယမ်းခါလျက် ငြင်းပယ်လေ၏။ နောက် လက်ထောက်ဆရာ ငှားခွင့်ကို

လည်း မည်သည့်အခါမျှ ခွင့်မပြုတော့ပေ။

ဆရာမကြီးသည် တပည့်ကျောင်းသူ၊ ကျောင်းသားလေးများအပေါ်တွင် ထိုမျှအထိ ပျော့ပျောင်းခြင်း၊ သံယောဇဉ်ကြီးခြင်း၊ မေတ္တာထားခြင်းရှိသော်လည်း နေရာတကာတွင် ပျော့ပျောင်းသည်တော့ မဟုတ်ပေ။ အဆင်မပြေသည့်နေရာများတွင် ကျောင်းသားဟောင်းကြီးများပင်ဖြစ်စေ မျက်နှာလိုက်ခြင်းကင်းစွာဖြင့် ရိုက်သင့်က ရိုက်သည်သာဖြစ်၏။

စိတ်ကြီးပြီး စိတ်လည်းမာ၏။ အတ္တကင်းပြီး အမှန်ဘက်ကရပ်တည်သင့်က ရပ်တည်တတ်သည့်သဘော အပြည့်ရှိ၏။ အမှန်တရားကိုကြိုက်သူတို့သည် အမှားလမ်းကို မည်သည့်အခါမျှမလိုက်။ ကောင်းသောအရာကိုသူဖြစ်ချင်သည့်အတိုင်း ပြတ်သားစွာဖြင့် ဖန်တီး၏။ မှန်ကန်ပြတ်သားမှုရှိသောကြောင့် ဖန်တီးတိုင်းလည်း ဖြစ်လာ၏။

ဆရာမကြီးသည် တပည့်ငယ် ကျောင်းနေအရွယ်များကိုသာ တစ်တစ်ခွခွဆုံးမသည် မဟုတ်။ အိမ်ထောင်ရှင်တပည့်ဟောင်းကြီးများကိုလည်း အဆင်မပြေသည့်အကြောင်းကိစ္စရပ်များနှင့်ပတ်သက်၍ မြင်သည် ဖြစ်စေ၊ ကြားသည် ဖြစ်စေ အချိန်မဆိုင်းဘဲ ချက်ချင်းဆုံးမ၏။

ထို့ကြောင့် တပည့်ဟောင်းကြီးများမှာ အပေါင်းအသင်းများနှင့်ကြုံကြိုက်၍ အရက်သောက်မိလျှင်ပင် ဆရာမကြီးနှင့်တွေ့က အရက်မူးပျောက်ကြရ၏။ လမ်းဖယ်သွား၍ မရ၊ ခြေလှမ်းကိုမြင်သည်နှင့် သိ၏။ ဆရာမကြီးနှင့်တွေ့၍ အရက်မူးပျောက်လျှင်ပျောက်၊ မပျောက်လျှင် ဆရာမကြီးက ဖျောက်ပေးမည်သာ ဖြစ်၏။

ထိုအချိန်က တောရွာဇနပုဒ်များတွင် တောကြောင်များ ခြောက်စထောင်လျက် ရှိကြသေး၏။ ရွာသူဌေးများလည်း မကြာခဏ ဓားပြတိုက်ခံကြရ၏။ သို့သော်လည်း ရွာသူဌေးဖြစ်သော ဆရာမကြီးကား မည်သည့်အခါမျှ ထိုအဖြစ်ဆိုးမျိုးနှင့် မကြုံကြိုက်ခဲ့ရပေ။ ကြံစည်ခြင်းကိုပင် မခံခဲ့ရ။

ဆိုးပါသည်ဟုနာမည်ကြီးသော ဓားပြကြီးများသည်ပင် ဆရာမကြီး

နှင့် ပက်ပင်းတွေ့လျှင် ဝပ်သွားကြရ၏။ ဆရာမကြီးက သူ့တပည့်များ မဟုတ်၍ မသိသော်လည်း ခေးပြများက သိကြ၏။ ဆရာမကြီး၏ ကောင်း သောဂုဏ်ဟိတ်တို့သည် ထိုမျှအထိ ကြီး၏။ ကောင်းသောဂုဏ်တို့ကပင် ဘုန်းတန်ခိုး ဖြစ်စေ၏။

ဆရာမကြီးသည် စိတ်ကြီးခြင်း၊ ပြတ်သားခြင်းရှိသော်လည်း တပည့် ငယ်များနှင့်ပတ်သက်လာသောအခါ ထိုကြီးသောစိတ်တို့သည် အလိုလို အရည်ပျော်သွားရ၏။ အခြား ဆရာတစ်ယောက်က သူ့တပည့်လေးများ အား ရိုက်ပုတ်ဆုံးမသည်ကိုပင် မြင်နိုင်ရက်ခြင်း မရှိပေ။ တပည့်များ၏ အပေါ်တွင် မေတ္တာစိတ်ကို အမြဲတမ်း လွှမ်းခြုံထား၏။

နောက်ဆုံး သူ အသက် (၆၀) နှစ်ပြည့်၍ ပင်စင်နားရသောအခါ သူ့တပည့်ငယ်လေးများကို မခွဲချင်ဘဲလျက် အခြားဆရာတစ်ယောက်လက် သို့ ဝကွက်လွှဲအပ်ထားခဲ့ရပြီးနောက် တစ်ရွာသို့ပြောင်းသွား၏။ ဆရာမ ကြီးသည် ယခုအခါ အမ်းမြို့နယ် တပ်တောင်ရွာ၌ သက်ရှိထင်ရှားရှိနေဆဲ ဖြစ်၏။

ဆရာမကြီးသည်ကား တပည့်များကို တကယ့်ရင်သွေးသဖွယ် ချစ် ၏။ အတ္တကင်း၏။ ဆရာကောင်းဆရာမြတ်ကြီးလည်း ဖြစ်၏။ ဆရာမကြီး သက်တော်ရာကျော်ရှည်ပါစေ ဟူ၍ ဤစာစုဖြင့် ဂုဏ်ပြုအပ်ပါ၏။

❒

## အတ္တမပါ မေတ္တာမရှင်း

ယခုတင်ပြမည့်အကြောင်းအရာသည် အတ္တ လုံးဝ မပါသော်လည်း ထားရှိသောမေတ္တာသည် နောက်ပိုင်းတွင် အောင်မြင်ပြီး တိုးပွား၍မလာ ခဲ့ဘဲ ရှုပ်ထွေးပျက်စီးသွားခဲ့ရသည့်ဖြစ်ရပ်ကြီးတစ်ခုကို အခြေခံသည်။

ဒီအကြောင်းကို ဆရာတော်ကြီးကစ,လျှင် သင့်မည်ထင်သည်။

ဆရာတော်ကြီးသည် အကျင့်သီလကောင်းပြီး စာတော်သောပုဂ္ဂိုလ်

မြတ်ကြီး ဖြစ်၏။ လာဘ်ဝတ္ထုများကိုလည်း သိမ်းဆည်းခြင်း မရှိပေ။ ရသမျှ စွန့်လှူသည်။ အနေသိမ်မွေ့သည်။ ကျောင်းထဲတွင်ရှိနေသော်လည်း အသံမကြားရ။ ရဟန်းကိစ္စနှင့်မပတ်သက်သည့်အလုပ်များကို အစဉ်ရှောင်၏။

စာချခြင်း၊ မေတ္တာဘာဝနာများခြင်း၊ ပိဋကတ်သုံးပုံကြီးကို ဘုရားရှိခိုးခြင်းများကိုလည်း နိစ္စဓူဝဝတ်ပြုလုပ်၏။ တချို့က ဆရာတော်ကြီးကို ဘုရားအလောင်းတော်ကြီးဟု ဆိုကြ၏။ ကိုယ်တိုင်မူ နှုတ်ဟခြင်း မပြု။ မေးလျှောက်ဝံ့သူလည်း မရှိ။ ဆရာတော်ကြီး၏ ကိုယ်ကျင့်တရားများကို ကြည့်ပြီးသာ အမျိုးမျိုးကြည်ညိုနေကြ၏။

ထိုကဲ့သို့ အနေသိမ်မွေ့ခြင်း၊ တည်ကြည်ခြင်း၊ သံဃာ့ကိစ္စမှလွဲ၍ အခြားမည်သည့်ကိစ္စကိုမျှ မရောယှက်ခြင်း စသော ဂုဏ်ထူးသတင်း ကျော်စောခြင်းတို့ကြောင့် ဒကာ၊ ဒကာမများက ကြည်ညို၍ ကျောင်းတိုက်ကြီး ဆောက်လှူပြီး ကိုးကွယ်ကြသည်။ ကျောင်းတိုက်ကြီးသည်လည်း ပရိယတ်၊ ပဋိပတ် အစဉ်တိုးတက်လျက် ရှိသည်။

ဦးသောဘဏစာသင်ရန် ထိုကျောင်းတိုက်သို့ကြွသောအခါ ဆရာတော်ကြီးသည် သက်တော် (၈၀) နှစ်ရှိပြီး ကျန်းမာရေးလည်း သိပ်ပြီး မကောင်းတော့ပေ။ တပည့်ဒကာ၊ ဒကာမတို့က တောင်းပန်လျှောက်ထားကြ၍ တစ်ပတ်တစ်ရက် ဆရာဝန်ကိုလာခွင့်ပြု၏။

အခြား တစ်ဦးတစ်ယောက်ကိုမျှ အနီးကပ်ပြုစုခွင့် မပြု။ တိုက်ကျောင်းကြီးတွင်မနေဘဲ ဝါးကျောင်းလေးမှာသာ တစ်ပါးတည်း ဆိတ်ဆိတ်သီတင်းသုံး၏။ ကျန်းမာရေးမကောင်းသော်လည်း စာချခြင်း၊ တရားပြခြင်းများကိုမူ ရပ်နားခြင်း မရှိသေး။ အခြား တပည့်များ ဝင်ကူ၍ စာချ၊ တရားပြကြသည်ကိုလည်း အားရကျေနပ်ဟန်မရှိ။

တပည့်ရင်းဖြစ်သည့် လက်ထောက်ဆရာတော်သည်လည်း ဓမ္မာစရိယ ဘီအေ ပါဠိပါရဂူဖြစ်ပြီး သက်တော် (၄၀) နှစ်ခန့် ရှိပြီ။ အရပ်မြင့်မြင့်၊ အသားတော်များဝါဝင်းပြီး ရုပ်လည်းခံ့၏။ အသံသြဇာရှိခြင်း၊ စာချရာတွင် ကျွမ်းကျင်ပြီး အဟောအပြောကောင်းခြင်းဖြင့်လည်း နာမည်ကြီး၏။

ထိုနှစ် မိုးဦးကျ စာဝါများမကောက်မီ နောက်ထပ်ဆရာတော်တစ်ပါးလည်း ကြွလာ၏။ ဤဆရာတော်သည်လည်း ဆရာတော်ကြီး၏တပည့်ရင်းဖြစ်ပြီး လက်ရှိ လက်ထောက်ဆရာတော်ထက် သက်တော်နှင့် သိမ်ထွက် လပိုင်းမျှကြီး၏။ အသားအရောင် အနည်းငယ်ညိုသည်မှလွဲ၍ ရုပ်တော်၏ခံ့ထည်မှုအရာတွင် ဆိုဖွယ်ရာမရှိ။ ကြည်ညိုစရာအတိ ဖြစ်၏။

နောက်ကြွလာသည့်ဆရာတော်၏ ပရိယတ်၊ ပဋိပတ်စွမ်းအားများကိုသိလာသောအခါ သာ၍ပင်ကြည်ညိုရ၏။ ဦးစွာ ပထမကြီးတန်းအောင်ပြီးနောက် ဘုရားဖြူစာမေးပွဲကြီးကို ပြီးဆုံး (ဝိနယပါရဂူရ) သည်အထိဖြေဆိုခဲ့၏။ ထို့နောက် ဓမ္မာစရိယ ပါဠိပါရဂူ အောင်မြင်၏။ ထို့နောက် ပခုက္ကူတွင် (၅) နှစ် စာဆက်သင်ကာ သထုံစာမေးပွဲများကို အဆင့်ဆင့်ဖြေဆိုအောင်မြင်ပြီး ပိဋကတ်ပါရဂူဘွဲ့တော်ကြီးလည်း ရရှိထား၏။

ထို့နောက် အထိုက်အလျောက် စာချခဲ့ပြီး ရိပ်သာကြီးအချို့ကို ဝင်ရောက်ကာ သုံး၊ လေးနှစ်ခန့် တရားအားထုတ်နည်းများကို ကျွမ်းကျင်စွာသင်ယူအားထုတ်၍ တောရဆောက်တည်နေရာ ယခု ဆရာတော်ကြီးက စာဖြင့်ခေါ်လိုက်၍ ကြွလာခဲ့သည်ဟု သိရ၏။

စာဝါများမကောက်မီအချိန်တွင် စာဝါပို့ချကြမည့်ဆရာတော်များ အတန်းစဉ်အလိုက်ပို့ချကြမည့်စာဝါများကို ခွဲဝေတာဝန်ယူကြရာ ဦးသောဘဏကိုလည်း စာတစ်ဝါကူဝင်ချပါဟု တာဝန်ပေးကြ၍ ပဲလှော်ကြားတွင်ဆားညပ်ခဲ့ရ၏။ မလွှဲမရှောင်သာ၍ စာသင်ရန်လာရင်းကပင် သဒ္ဒါကြီးတစ်ဝါကူချခဲ့ရ၏။

စာတော်စာတတ်ဆရာတော်များ အဓိကဦးစီးပို့ချကြသဖြင့် စာဝါများ ကောင်းမွန် ပြည့်တင်းမှုရှိသလို နောက်ကြွလာသောဆရာတော်မှာတရားပြလည်း ကောင်းသဖြင့် ဆရာတော်ကြီးလည်း အားရကျေနပ်မှုရှိဟန်တူသည်။ ထိုနှစ်တွင် ဆရာတော်ကြီးလည်း အတော်လေးပင် ကျန်းမာရေးကျဆင်းလာ၏။

ထို့ကြောင့် ရင်းနှီးသော ဒကာ၊ ဒကာမများက ဆရာတော်ကြီး၏

အနားသို့ချဉ်းကပ်ပြီး (မလွဲမရှောင်သာ) ယခု လက်ထောက်ဆရာတော် နှစ်ပါးတွင် အဘယ်ပုဂ္ဂိုလ်အား ကျောင်းလွှဲအပ်မည်နည်းဟု မဝံ့မရဲဖြင့် လျှောက်ထားကြ၏။

ထိုအခါ ဆရာတော်ကြီးသည် သူစီစဉ်ထားသည့်အတိုင်း မိန့်ဆို လိုက်သည်မှာ -

"တော်တဲ့၊ တတ်တဲ့ပုဂ္ဂိုလ်တွေကို ငါ စုခေါ်ထားပြီးပြီ။ ငါသေပြီး နောက် ကိုယ်ကြည်ညိုတဲ့ပုဂ္ဂိုလ်ကို ကိုးကွယ်ကြ"

ဟု မိန့်ဆိုထားခဲ့ပြီး ကျက်သရေတိုက်ခန်းသို့ကြွသွားလေ၏။ ဒကာ၊ ဒကာမများလည်း ဘာမှဆက်လျှောက်မရလိုက်ကြပေ။

ဆရာတော်ကြီး၏အစီအစဉ်ကို လတ်တလောကြည့်လျှင် အလွန် သင့်ပြီး အလွန်လည်း ကောင်း၏။ ကိုယ်တိုင်စီစဉ်ပေးသော်လည်း အတည် ပြုရန် ဆုံးဖြတ်ချက်တွင် ကိုယ်တိုင်မပါဝင်ဘဲ ကိုးကွယ်ကြမည့် ဒကာ၊ ဒကာမတို့၏အကြိုက်ကိုသာလိုက်စေသဖြင့် အတ္တလည်းကင်း၏။ မေတ္တာ လည်းသက်ဝင်၏။ ဒကာ၊ ဒကာမများမှာလည်း ကိုယ်ကြည်ညိုသောဆရာ တော်ကိုရွေးပြီး ကိုးကွယ်ကြရုံသာရှိ၏။

ကိုးကွယ်မှုဘာသာရေး ဟူသည်မှာ ကြည်ညိုခြင်းသဒ္ဓါတရားနှင့် ဆိုင်၏။ ကြည်ညိုခြင်းသဒ္ဓါတရားနှင့်ပြည့်စုံမှ ကိုးကွယ်ခြင်း၏ရလဒ်သည် လည်း အကျိုးများ၏။ ထို့ကြောင့် အကျိုးကိုလို၍ ကိုးကွယ်ရာ၌ သဒ္ဓါ ကြည်ညိုခြင်းသည်သာ အဓိကကျသောကြောင့် ဆရာတော်ကြီးက 'မိမိ တို့ကြည်ညိုသောပုဂ္ဂိုလ်ကိုသာ ကိုးကွယ်ကြလေ' ဟု မိန့်တော်မူထားခဲ့ခြင်း ဖြစ်၏။

သို့သော် ဤကိစ္စမျိုးသည် ကောင်းကားကောင်း၏။ မကောင်း။

ကိုးကွယ်လောက်သောဆရာတော်နှစ်ပါး ကျောင်းပေါ်၌ စင်ပြိုင် ရှိနေကြ၍ ထိုနှစ်ပါးထဲမှ တစ်ပါးတည်းကိုသာရွေးထုတ်၍ ကိုးကွယ်ရ မည့်အရေးသည် အတော်လေးပင် အောင့်သက်သက်ရှိ၏။ တစ်ပါးကိုသာ

ရွေးထုတ်ပြီး နောက်တစ်ပါးကို ပထုတ်လိုက်ခြင်းမျိုး ဖြစ်နေ၏။ စေ့စေ့ကြည့်မှ အဆင်မပြေမှုကိုတွေ့၏။

ထိုသို့သဘောရှိ၍ နောက်ကြောင်းမရှင်းဖြစ်လာနိုင်သည်ကို ဆရာတော်ကြီး သတိပြုမိဟန်မတူပေ။ လက်ထောက်ဆရာတော်နှစ်ပါးလုံးသည် အတော်အတတ်ချည်းဖြစ်သော်လည်း ကိုးကွယ်ကြမည့် ဒကာ၊ ဒကာမတို့၏ သဒ္ဓါတရားကား မတူ။ ကွဲပြားမှုရှိတတ်၏။ ထို့ကြောင့် ကျန်းမာနေစဉ်ကပင် သင့်တော်သောဆုံးဖြတ်ချက်တစ်ခုကို ဆရာတော်ကြီးကိုယ်တိုင် အတည်ပြုပေးထားခဲ့သင့်၏။

မှန်၏။ ထိုရက်ပိုင်း၊ လပိုင်းအတွင်းပင် ဆရာတော်ကြီး၏ကျန်းမာရေးသည်လည်း အတော်လေးပင် ကျဆင်းလာ၏။ ထို့ကြောင့် ဇွဲကြီးသော ဆရာတော်ကြီးဖြစ်လျက် စာချခြင်း၊ တရားပြခြင်း အလုပ်နှစ်ခုကိုလည်း ရပ်နားလိုက်ရ၏။ စကားပြောဆိုခြင်း မပြုနိုင်သည်အထိ အမောဖောက်လာ၏။

ထို့နောက် ဆွမ်းကိုပယ်လျက် သုံးရက်သို့ရောက်သောနေ့တွင် အဖျားအနည်းငယ်ဝင်ပြီး ဆေးမတိုးတော့ဘဲ ပျံလွန်တော်မူသွား၏။ ဆရာတော်ကြီး၏ဈာပနကိစ္စကို စီစဉ်ဆောင်ရွက်ပြီးသည်၏အဆုံး၌ ကျောင်းအမွေဆက်ခံရေးနှင့်ပတ်သက်၍ ဒကာ၊ ဒကာမများ မျက်နှာစုံညီ ဆွေးနွေးကြရာ ပြဿနာကြီးများ တစ်ခုပြီးတစ်ခုပေါ်ပေါက်လာ၏။

ထို့ကြောင့် ဆရာတော်ကြီးစီစဉ်ထားခဲ့သည်မှာ မည်သည့်တပည့်ကိုမျှ ဦးစားပေးခြင်းမရှိဘဲ အတ္တကင်းစွာဖြင့် သူတော်ကောင်းကြီးပီသစွာ စီစဉ်ထားခဲ့သော်လည်း တပည့်ဒကာတို့၏အပေါ်၌ ထားရှိခဲ့သောမေတ္တာသည် မရှင်းမလင်းဖြစ်သွားရ၏။ ပညာရှိ သတိဖြစ်ခဲဟုပင် ဆိုရပေတော့မည်။

ဦးစွာ ဒကာ၊ ဒကာမတို့အထဲမှ စကားထွက်လာ၏။ တချို့က ဦးဉာဏကို ကျောင်းထိုင်အဖြစ်ပင့်ရန် တောင်းဆိုတင်ပြပြီး တချို့က ဦးနန္ဒကိုသာ ကျောင်းထိုင်အဖြစ်ပင့်ရန် တင်ပြကြ၏။

*(ဆရာတော်များ၏ ဘွဲ့တော်များကို ထုတ်ဖော်ခြင်းငှာ မဝံ့ပါသဖြင့် ဦးစွာရှိနှင့်သော ဆရာတော်ကို ဦးဉာဏ၊ နောက်မှကြွလာသော ဆရာတော်ကို ဦးနန္ဒဟုမှတ်ရန်။)*

ဦးဉာဏကိုပင့်လိုသော ဒကာ၊ ဒကာမတို့၏သဘောက ဦးနန္ဒမှာ နောက်မှကြွလာသောပုဂ္ဂိုလ် ဖြစ်၏။ ဒကာ၊ ဒကာမတို့အပေါ်တွင်လည်း ဖော်ရွေခြင်းမရှိ။ တည်လွန်းသည်။ ဆက်ဆံရေးကျဲလွန်းသည်။ ဦးဉာဏကား ဒီကျောင်းသို့လည်း အရောက်စောသည်။ ဖော်ရွေသည်။ ဆက်ဆံရေးကောင်းသည်။ သူတို့နှင့်လည်း အဆင်ပြေသည် ဟူ၍ ဖြစ်၏။

ဦးနန္ဒကိုပင့်လိုသော ဒကာ၊ ဒကာမတို့သဘောမှာ ဦးဉာဏသည် ဆရာတော်ကြီးနှင့် ဦးစွာ လက်တွဲလာသော ပရိယတ်အရာတွင် ထိုက်သင့်သောလုံလောက်မှုရှိပြီး စာချကောင်းခြင်း၊ အဟောအပြောကျွမ်းကျင်ခြင်းရှိသည်မှာ မှန်သော်လည်း လောကီနွယ်ပြီး နဝကမ္မအမှုကိစ္စများနှင့်သာ အချိန်ကုန်နေတတ်၏။ ဦးနန္ဒကား ပရိယတ်အရာတွင်လည်း ကုံလုံ၏။ ပဋိပတ်အရာတွင်လည်း ကျွမ်းကျင်၏။ လောကီကိစ္စများကို တတ်နိုင်သမျှ ခွာရှင်းပြီး ပရိယတ်ပဋိပတ်နှင့်သာ အချိန်ပြည့်နေသည် ဟူ၍ ဖြစ်၏။

ကြည်ညိုပုံချင်း မတူကြ။ စင်စစ်တွင် ပရိယတ်လုံလောက်မှုရှိကြပုံချင်းတူသော်လည်း ပဋိပတ်နွယ်ခြင်းသည် သာ၍အားရှိ၏။ ပရိယတ်ပြီးလျှင် ပဋိပတ်ဟုသာ ဟောတော်မူ၏။ ပရိယတ်ပြီးလျှင် နဝကမ္မဟု ဟောတော်မမူချေ။ **ဂုဏဝန္တေ ပဿန္တိ ဇနာ** - လူတို့သည် ဂုဏ်ရှိသူတို့ကို သာမြင်ကြ၊ ခင်ကြကုန်၏ဟု ဟောတော်မူသည်မှာလည်း သာဓကအားဖြင့် ပညာရှိသူတော်ကောင်းတို့ကို ရည်ရွယ်ခြင်းမဟုတ်ပေ။

ထို့နောက် ကျောင်းတိုက်ဥပတ်သက်ကြသည့် ဒကာ၊ ဒကာမများသည်လည်း အုပ်စုနှစ်စုကွဲသွားကြ၏။ တရားကိုလိုချင်သည့် (ဦးနန္ဒ) ဘက်က အားနည်း၏။ တရားအမြင်နည်းသေးသောကြောင့်ဟုဆိုရမည် ထင်၏။

ထိုအထဲတွင် ဦးဉာဏ၏စိတ်ကူးတစ်ခုသည်လည်း မှားသည်ဟုဆိုရမည်ထင်၏။ သူ့ဘက်က အင်အားပိုစေလို၍ထင်၏။ သူ့တူနှစ်ပါးကို ထပ်

၍ဖြည့်၏။ သူ့တူနှစ်ပါးမှာ ပထမကြီးတန်း အောင်မြင်ထားသည်ဟု ဆိုသော်လည်း မည်သည့်တရားစာပေကိုမျှ ပို့ချပြသနိုင်ခြင်းမရှိကြ။ ဝါသနာလည်း ရှိဟန်မတူ။ ဒကာ၊ ဒကာမတို့၏အကြည်ညိုကို ပျက်စေသည်သာ အဖတ်တင်၏။

သည်အထဲ ကျောင်းတိုက်၌ ပြဿနာတစ်ခုပေါ်လာပြန်၏။ ဦးနန္ဒ၏အခန်းထဲ၌ မာတုဂါမအဝတ်ထုပ်တစ်ခုရောက်နေခြင်းကြောင့် ဖြစ်၏။ (ဤကိစ္စနှင့်ပတ်သက်၍ နောက်မှ အတွင်းသိတို့ထံမှ တစ်ဆင့်ကြားရသည်မှာ ဦးညာဏ၏တူများလက်ချက်ဟု ဆို၏။) မည်သို့ပင်ဆိုစေကာမူ ပြဿနာကား ပေါ်လေပြီ။ လက်သည်ကိုလည်း ရှာမရ။ အတပ်မပြနိုင်သည့်တိုင်အောင် ရဟန်းတော်တို့၏ အန္တိမဝတ္ထုကြီးကဲ့သို့ပင် ဖြစ်နေ၏။

ထိုနေ့က ဦးသောဘဏ ဦးနန္ဒထံသို့ ရောက်သွား၏။ ဦးနန္ဒသည် မျက်စိမျက်နှာများ ရဲရဲနီလျက် အသားများပင် တုန်နေ၏။ အတော်ကြီးပင် ခံပြင်းနေရဟန်ရှိ၏။ ထို့ကြောင့် ဦးသောဘဏက ဒီကိစ္စကို တစ်ဦးတစ်ယောက်ကမျှပင် မယုံပါကြောင်း၊ လက်လည်းမခံကြပါကြောင်းကို လျှောက်ထားလိုက်၏။

"ယုတ်မာလွန်းတယ်၊ သူတို့ပစ်လိုက်တဲ့မြားက ငါ့ကို တည့်တည့်ကြီးလာထိမှန်တယ်။ ဒီဒဏ်ရာအမာရွတ်က ပျောက်မှာလည်းမဟုတ်တော့ဘူး။ ပျောက်အောင်ကုဖို့လည်း စိတ်မကူးတော့ဘူး။ အစားကြီးတဲ့လူတွေကို အိုးအပ်ပေးလိုက်တာ ကောင်းတယ်"

ဟု အသံတုန်တုန်ကြီးနှင့်ဆို၏။

"ဆရာတော်၊ အားမလျှော့ပါနှင့် ဘုရား"

"မလျှော့ဘူး၊ ဘယ်တော့မှလည်း လျှော့မှာမဟုတ်ဘူး"

"ဆရာတော် ဒီအရပ်မှာမပျော်တော့ဘူးဆိုရင်လည်း ပရိယတ်ကို ရပ်နားပြီး ပဋိပတ်ကိုဆက်သွားဖို့ လမ်းစတစ်ခုလို့ပဲ သဘောထားလိုက်ပါဘုရား"

"အေး- ငါလည်း အဲဒီလိုပဲသဘောထားဖို့ ဆုံးဖြတ်လိုက်ပြီ"

ဦးသောဘဏအနေဖြင့် ဤကိစ္စတွင် ဆရာချည်းနှစ်ပါးဖြစ်နေကြသော်လည်း ပဋိပတ်သန်သော ဦးနန္ဒကို သာ၍ကြည်ညိုရ၏။ ဦးနန္ဒကား တကယ့်ရဟန်းမြတ်ကြီးတစ်ပါးအဖြစ် အနေကျစ်လျစ်တော်မူ၏။ အနီးနေလေ၊ ကြည်ညိုဖွယ်ရာများကိုတွေ့လာရလေသာ ဖြစ်၏။ ထို့ကြောင့် ဦးနန္ဒ၏အရေးကို သာ၍ ပို၍ ဆောင်ရွက်ပေးရန် ဆုံးဖြတ်ထား၏။ တပည့်ဖြစ်နေရသည့်အလျောက် ဦးဉာဏကိုလည်း ကဲ့ရဲ့ပြောဆိုဝံ့ခြင်းကား မရှိပေ။

ထိုနေ့က ဆရာတပည့်နှစ်ပါး တစ်နာရီကျော်မျှ ပြောဆိုတိုင်ပင်ကြပြီးနောက် ဦးသောဘဏသည် ရထားလက်မှတ်နှစ်စောင်ကို ကပ္ပိယကြီးအား ဝယ်ခိုင်းလိုက်၏။ နောက်နေ့ အရုဏ်မတက်မီ ဆရာတပည့် ကျောင်းတိုက်မှထွက်လာကြ၏။ နေမထွက်မီပင် ရထားဘူတာသို့ ရောက်ကြ၏။

ထို့နောက် ရထားတစ်တန်၊ ကားတစ်တန်ဖြင့် ရန်ကုန်မြို့မှ နှစ်ရက်နီးပါးမျှလှမ်းရသော အနောက်ရိုးမကြီးသို့ ရောက်လာကြ၏။ ထိုနေရာ၌ ချင်းတိုင်းရင်းသားများသာနေထိုင်ကြပြီး ကားလမ်းမှ မိုင် (၃၀) မျှဝင်ရသော အိမ်ခြေ (၁၇) အိမ်မျှသာရှိသည့် ရွာကလေးတစ်ရွာ ဖြစ်၏။

ရွာသူရွာသားများလည်း သူတို့ရွာသို့ ဆရာတော်တစ်ပါး သာသနာပြုရန်ကြွလာသဖြင့် အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။ ဆရာတော်တစ်ပါး ဝေါစရဂါမ်ပြု၍ လုံလောက်သောရွာကလေးလည်းဖြစ်သဖြင့် ဆရာတော်အတွက် ဘူမိနက်သန်ဖြစ်လေ၏။

ဦးသောဘဏ ပြန်ခါနီး၍ ဦးချကန်တော့လျှင် ဆရာတော်က-

"ငါဒီမှာနေတာကို ဘယ်သူ့ကိုမှ အသိမပေးလေနဲ့"

ဟုလည်း အလေးအနက်မှာကြားလိုက်၏။

ထို့ကြောင့် ဦးသောဘဏလည်း ဆရာတော်တောင်းသောကတိကို အလေးအနက်စောင့်ထိန်းပြီး တစ်ဦးတစ်ယောက်ကိုမျှမပြောဘဲထား၏။

ဦးသောဘဏလည်း ပြန်ရောက်၍ စာမေးပွဲဖြေပြီးနောက် ထို

ကျောင်းတိုက်မှထွက်လာခဲ့၏။ နောက်ပိုင်းတွင် ကျောင်းတိုက်ကြီးသည်လည်း အတော်လေးပင် ယိုင်နဲ့သွား၏။ ဦးဉာဏဆရာတော်လည်း စွမ်းအားရှိသမျှထိန်း၏။ သို့သော်လည်း မရနိုင်တော့ပေ။

ဦးနန္ဒထွက်သွားပြီးကတည်းက အမာခံဒကာ၊ ဒကာမများ အတော်လေးပင် စိတ်ပျက်သွားကြ၏။ ထိုအထဲ တူတော်နှစ်ပါး၏ အဆင်မပြေမှုများက အတော်လေးပင် အရုပ်ဆိုးစေ၏။ ဦးနန္ဒအား အမှုဆင်သည့်ကိစ္စတွင် ဦးဉာဏ၏တူများလက်ချက် ဟူသော သတင်းသည်လည်း ကျယ်ပြန့်လာသဖြင့် ထိုကိစ္စတွင် ဦးဉာဏ၏ပယောဂလည်း ပါကောင်းပါနိုင်သည်ဟု ယူဆလာကြ၏။

ဦးဉာဏသည် စာချရင်းဖြင့် တရားပြသည့်လုပ်ငန်းများကိုပါ ပျက်မသွားစေရန် ဆက်လုပ်၏။ ပျံလွန်တော်မူသော ဆရာတော်ဘုရားကြီး၏ ပဋိပတ်အမွေကို ဦးနန္ဒ ဆက်လက်တရားပြရာတွင် လူတိုင်းလက်ခံကြ၏။ ကြိုက်လည်းကြိုက်ကြ၏။ ယခု ဦးဉာဏ တရားပြသည်ကိုမူ လူတိုင်းပင် မကြိုက်ကြပေ။

ဦးဉာဏမှာ အချိန်ရှိစဉ်ကပင် ပဋိပတ်တရားတော်ကို ဆရာနည်းကျကျ သင်ယူလေ့ကျင့်ထားခြင်းမရှိဘဲ စာအုပ်ကြီးအတိုင်းသာ တူရာတူရာ ထုတ်နုတ်၍ ပြသနေရ၏။ အဓိကအားဖြင့် ဝိသုဒ္ဓိမဂ်ကြီးကို လက်ကိုင်ထား၏။ အခြေခံကျသော ကိုယ်ပိုင်စရဏကား မရှိပေ။

ထိုအခါ ဆရာတော်ကြီးလက်ထက်မှ ဦးနန္ဒလက်ထက်တိုင်အောင် တရားလိုက်ခဲ့ဖူးကြသော ယောဂီဒကာ၊ ဒကာမများမှာ တရားအခြေခံ ဉာဏ် ရှိတန်သလောက်ရှိနေကြသဖြင့် ယခု ဦးဉာဏတရားပြသနေခြင်းမှာ ဉာဏ်မပါဘဲ အသံမျှသာပါသည်ဟု နားလည်လာကြသဖြင့် တဖြည်းဖြည်း နောက်ဆုတ်သွားကြလေ၏။

တူဖြစ်သူနှစ်ဦးတို့မှာလည်း ပရိယတ်၊ ပဋိပတ်တစ်ခုကိုမျှ ဝါသနာမပါကြသဖြင့် လက်တွဲခေါ်သော်လည်း အချည်းအနှီးသာဖြစ်၏။ သို့သော်လည်း ဦးဉာဏသည် အလျှော့မပေးသေးဘဲ နယ်သို့အထိထွက်ကာ တရား

ပြသေး၏။ ဤတွင် ပိုဆိုးသွားသည်မှာ ယာဉ်အက်ဆီးဒင့်ဖြစ်ခြင်းကို ခံလိုက်ရခြင်းပင် ဖြစ်၏။ အသက်မသေခဲ့သော်လည်း ပရိယတ်၊ ပဋိပတ် တစ်ခုကိုမျှ လုပ်နိုင်စွမ်းမရှိတော့ပေ။

ထို့နောက် ကျောင်းတိုက်ကြီးသည်လည်း အတွင်းကြေကြေလျက် ပြိုပျက်ပြီး တူနှစ်ဦးသည်လည်း ပါရမီကုန်သွားကြလေ၏။ သို့မှပင် ဦးဉာဏ လည်း နောက်ကြောင်းကို ပြန်ပြောင်းစဉ်းစားမိ၏။

မျောနေသောသာသနာလှေကြီးကို နောက်သာသနာလှေတစ်စီးဖြင့် မလိုက်မိခဲ့။ ဆွမ်းမျိုးလှေဖြင့်သာ လိုက်ခဲ့မိ၏။ တရားမဖက် အစားသက်သက်ဖြင့်လာသူတို့သည် အစားကုန်လျှင် သာသနာတော်ကို မွေ့နှောက်၍ ထွက်ခွာသွားတတ်၏။

ဆွမ်းမျိုးကောင်း၍ ကျောင်းစည်ပင်သည် ဟူ၍လည်း မရှိ။ ဆွမ်းမျိုးဖျက်၍ ပျက်စီးသွားသောကျောင်းများကား အရပ်တိုင်းတွင် လက်ညှိုးထိုး၍မလွဲအောင်ပင် ရှိကြ၏။

စာသင်တိုက်ထူထောင်လိုလျှင် စာရ၍ စာချတတ်မှဖြစ်၏။ အနည်းဆုံး အစိုးရဓမ္မာစရိယမျှ အောင်မြင်ထားရန်လို၏။ တရားတိုက်ထူထောင်လိုလျှင်လည်း ရုပ်၊ နာမ်၊ ခန္ဓာအပေါ်တွင် ပညတ်ပရမတ် အတ္တ၊ အနတ္တ ပြတ်သားပြီး လင်းရှင်းစွာ ဟောပြောပြသတတ်ရန်လို၏။

စာအုပ်ကြီးရှိရုံဖြင့် မလုံလောက်ပေ။ စာအုပ်ကြီးသည် မိမိ၏ဉာဏ်မဟုတ်၊ ကျမ်းပြုပုဂ္ဂိုလ်၏ဉာဏ်သာဖြစ်၏။ အနည်းဆုံး ကိုယ်ပိုင်ဝိပဿနာဉာဏ်ရှိထားရန်လို၏။ မိမိရရှိထားသောတရားကို သူတစ်ပါးတို့ နားလည်သဘောပေါက်သည်အထိ ဟောပြောပြသတတ်ရန်လို၏။

ထိုဆိုခဲ့သည့် ပရိယတ်၊ ပဋိပတ် အခြေခံကောင်းများသာ လုံလောက်စွာမရှိခဲ့လျှင် လုပ်သမျှ အောက်ခြေပြတ်လျက်သာဟု မှတ်ရ၏။ ဒီအကြောင်းများကို ယခုမှ ဦးဉာဏ နားလည်မိ၏။ နားလည်လာသော အခါတွင် ပြုပြင်၍မရသည်အထိ နောက်ကျသွားရ၏။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ နောက် (၂) နှစ်ခန့်အကြာတွင် ထိုကျောင်းတိုက်သည်လည်းပျောက်၍ ထိုနေရာ၌ အခြားအဆောက်အအုံကြီးတစ်ခု ပေါ်ပေါက်လာခဲ့ရ၏။ ယခုအခါ ဦးဉာဏလည်း မရှိတော့ပေ။ ၎င်းတို့၏သာသနာတော်သည်လည်း အလုံးစုံ ပျက်စီးသွားခဲ့ပြီ။

ထို့ကြောင့် ဒီအကြောင်းအရာကို ပျံလွန်တော်မူသော ဆရာတော်ကြီးမှစ၍ အစအဆုံးသုံးသပ်ပြီး 'အတ္တမပါ မေတ္တာမရှင်း' ဟု လိုရင်းကျအောင် ခေါင်းစီးတပ်ခဲ့၏။ အတ္တ ဟူရာ၌လည်း မိမိအတွက် မဟုတ်၊ သာသနာတော်၏နောက်ကြောင်းကိုထောက်၍ အမွေဆက်ကြမည့်ပုဂ္ဂိုလ်များအတွက်သာ ဖြစ်၏။ ထို့ကြောင့် အတ္တနေရာ၌ ဆန္ဒကိုအစားထိုးလျှင်သာ၍မှန်၏။

* * *

# ၆။ မိတ်ဆွေမေတ္တာ

ဤကမ္ဘာ၏အကြောင်းသည်ကား ကျယ်လည်းကျယ်၊ နက်လည်းနက်၊ ခက်လည်းခက်၏။ မိတ်ဆွေကောင်းတစ်ယောက် ရရှိရေးမှာ ထင်သလောက်မလွယ်ဘဲ လွန်စွာခဲယဉ်း၏။ မိတ်ဆွေကောင်းကိုရရှိလျှင်လည်း စိန်ကောင်းကျောက်ကောင်းကို ရသည်ထက်ပင် အဖိုးထိုက်၍ အရာရာပြီးမြောက်သည်ဟုဆိုရမည် ဖြစ်၏။

မိမိအပေါ်တွင် ချစ်ခင်လေးစားရုံမျှဖြင့်လည်း မိတ်ဆွေကောင်းတစ်ယောက်ဟု မသတ်မှတ်နိုင်သေးပေ။ ဖေးမကူညီခြင်း၊ အနစ်နာခံခြင်းမျှဖြင့်လည်း မပြီးသေးဘဲ မိမိနှင့် ဝါသနာချင်းပါ တူမျှပါမှ မိတ်ဆွေအဖြစ်သတ်မှတ်ရ၏။

ထို့ကြောင့် ဝါသနာချင်းတူမျှသည့်မိတ်ဆွေကောင်းကို ရရှိပါမူလည်း ပညာရေးတွင် ဖြစ်စေ၊ စီးပွားရေး, ကျန်းမာရေးတွင် ဖြစ်စေ တွဲဖက်လုပ်ကိုင်လျှင် ပြီးမြောက်အောင်မြင်နိုင်သည်သာ ဖြစ်၏။ လူမှုရေး၊ ဘာသာရေးစသည်များတွင်လည်း ဝါသနာတူမှ တွဲဖက်လုပ်ကိုင်၍ အောင်မြင်နိုင်၏။

လူချင်းခင်သော်လည်း ဝါသနာမတူသောမိတ်ဆွေများနှင့် တွဲပြီးလုပ်ကိုင်လျှင်ကား တစ်ဝက်မျှသည် အပျက်ဘက်သို့ ဦးတည်နေတတ်၏။ မိမိက ဝါသနာပါသော်လည်း မိတ်ဆွေက ဝါသနာမပါ (စိတ်မစွဲ၊ ဂရုမစိုက်) သောကြောင့် ဖြစ်၏။ သို့ဖြစ်၍ ဝါသနာတူသောမိတ်ဆွေကောင်းတစ်ယောက်ရရှိရေးမှာ လွန်စွာမှခဲယဉ်း၏။

❒

## ရှင်အာနန္ဒာ၏လျှောက်ထားချက်

တစ်နေ့သောအခါ ရှင်အာနန္ဒာသည် အကြံဖြစ်၍ မြတ်စွာဘုရားရှင်အား ဤသို့လျှောက်ထား၏။

"မြတ်စွာဘုရား၊ မိတ်ဆွေကောင်းကိုရလျှင် မဂ်ကိုရရန် တစ်ဝက်မျှသေချာပါ၏ဘုရား"

ထိုအခါ မြတ်စွာဘုရားရှင်က 'မာဟဝံ အာနန္ဒာ' အစချီ၍-

"အာနန္ဒာ၊ မိတ်ဆွေကောင်းကိုရလျှင် မဂ်ကိုရရန် တစ်ဝက်မျှ သေချာသည်ဟု မဆိုလင့်။ နောင်လည်း မပြောသင့်။ မိတ်ဆွေကောင်းကိုရလျှင် မဂ်ကိုရရန် အလုံးစုံသေချာသည်သာ ဖြစ်၏"

ဟု မိန့်ဆိုဟောကြားတော်မူခဲ့၏။ မိတ်ဆွေကောင်းတစ်ယောက်၏တန်ဖိုးကို ကောင်းစွာနားလည်နိုင်၏။

ထို့ကြောင့် ဝါသနာတူသောမိတ်ဆွေကိုရလျှင် လောကီနယ်တွင် အောင်မြင်ရေးကို မဆိုထားဘိ၊ လောကုတ္တရာ၌ မဂ်ကိုပင် ရနိုင်ကြောင်း ထင်ရှား၏။ မိတ်ဆွေကောင်းတစ်ယောက်၏တန်ဖိုးသည် မြင့်မားပေစွ။

❒

## အသက်ပိုင်းခြားနှင့် စရိုက်ဝါသနာ

လူတို့သည် ဆယ်နှစ်တစ်ကြိမ် စိတ်ပြောင်းလေ့ရှိသည်ကို အခြားလူများအား အကဲခတ်ကြည့်ခြင်း၊ မိမိ၏နောက်ကြောင်းကို ပြန်ပြောင်းကြည့်ခြင်းတို့ဖြင့် ကောင်းစွာသိနိုင်၏။ ပင်ကိုဗီဇနှင့် မွေးရာပါ ဝါသနာစိတ်တို့သည်လည်း ပစ္စုပ္ပန်ဘဝတစ်လျှောက်လုံး အစဉ်လိုက်တတ်၏။

ပင်ကိုဝါသနာသည် မိမိဘဝ၏သွေး၊ ဘဝဟောင်းမှပါလာသော ကံကြွေး ဒီနှစ်မျိုးတို့နှင့်လည်း ဆိုင်၏။ ပတ်ဝန်းကျင်၏ရိုက်ခတ်မှုကြောင့် တုန်ခါယိမ်းယိုင်ခြင်း ရှိတန်သလောက်ရှိတတ်သော်လည်း ပင်ကိုဝါသနာ

သည် ချုပ်ပျောက်၍ကားမသွားပေ။ တိုက်ဆိုင်လျှင် ပေါ်လာတတ်မြဲသာ ဖြစ်၏။

ထို့ကြောင့် စိတ်ပြောင်းခြင်းနှင့် ပင်ကိုဝါသနာတို့အကြောင်းကို ယှဉ်တွဲပြီးကြည့်သင့်၏။ မွေးဖွားသည်မှ အသက် (၁၀) နှစ်အရွယ်အထိသည် အသိဉာဏ်မဖွံ့ဖြိုးသေးသဖြင့် မိဘတို့၏မေတ္တာရိပ်တွင် ငြိမ်းချမ်းပျော်ရွှင်စွာဖြင့် နေတတ်၏။ ဆော့မြူးရန်နှင့် မုန့် စသော စားဖွယ်ကိစ္စများကိုသာ အာရုံစိုက်နေတတ်၏။ ထိုအသက်အရွယ်သည် ဟန်ဆောင်မှုကင်းသဖြင့် ပင်ကိုဝါသနာသည် သာ၍ပင် ထင်ရှားပေါ်လွင်နေတတ်၏။

(၁၀) နှစ်မှ (၂၀) နှစ်အရွယ်သည် ဖွံ့ဖြိုးစဖြစ်၍ အလှမက်ကာ ပင်ကိုဝါသနာနှင့် ပတ်ဝန်းကျင်၏ရိုက်ခတ်မှုတို့သည် ရောထွေးနေတတ်၏။ လူသိများပြီး ထင်ရှားသောလုပ်ငန်းအားလုံးကိုပင် မြင်၊ ကြား၊ သိတိုင်း၊ ထိတွေ့မှုရှိတိုင်း လိုက်ပြီးစိတ်ကူးယဉ်နေတတ်၏။ မတည်ငြိမ်သေးသော စိတ်ကူးယဉ်နေတတ်သည့်သဘောကို ထင်စွာပြသနေခြင်း ဖြစ်၏။

သရုပ်ဆောင်ကောင်းသော ရုပ်ရှင်မင်းသားကိုမြင်လျှင် ရုပ်ရှင်မင်းသားဖြစ်ချင်၏။ စာပြကောင်းသောကျောင်းဆရာကိုမြင်လျှင် ကျောင်းဆရာဖြစ်ချင်၏။ အောင်မြင်နေသောလုပ်ငန်းရှင်ကိုမြင်လျှင် လုပ်ငန်းရှင်ဖြစ်ချင်၏ စသည် စသည်ဖြင့် ဖြစ်ချင်သည့်အရာတွေကများပြီး ဖြစ်နိုင်သည်ကို မခွဲခြားတတ်ပေ။ ဝါသနာပါသောအလုပ်နှင့်သာတိုးလျှင်ကား တပ်တပ်စဲအောင်ပင် ဖြစ်သွားတတ်၏။

အသက် (၃၀) နှစ်အရွယ်သို့ရောက်လာလျှင် ဖြစ်ချင်သည်နှင့် ဖြစ်နိုင်သည်ကို ခွဲခြားတတ်စပြုလာ၏။ မည်သည့်လုပ်ငန်းဖြစ်စေ ဝါသနာပါမှ ခိုင်မြဲသည်ကိုလည်း နားလည်လာ၏။

အသက် (၄၀) နှစ်အရွယ်သည် ဖြစ်ချင်သည်ကိုရော ဖြစ်နိုင်သည်ကိုပါ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဖန်တီးနိုင်စွမ်းသောအရွယ် ဖြစ်၏။ အသက် (၄၀) နှစ်အရွယ်သို့ရောက်၍မှ ဖန်တီးနိုင်စွမ်းမရှိလျှင်လည်း ထိုသူ၏ဘဝသည် တိုးတက်ရန် ခဲယဉ်းလေ၏။

အသက် (၄၀) နှစ်မှ (၅၀) နှစ်အရွယ်သည်ကား စဉ်းစားဉာဏ် ထက်မြက်သောအရွယ်ဖြစ်သဖြင့် ကာယ၊ ဉာဏအလုပ်အားလုံးနှင့် ဘဝ တစ်ခုလုံး၏ တန်ဖိုးအမြင့်ဆုံးသောအရွယ်ဟု ဆိုနိုင်၏။

လက်ရှိအလုပ်အကိုင်ကိုလည်း ခိုင်ကြည်စွာစွမ်းနိုင်၏။ ဉာဏ်စွမ်း အားကောင်းသည့်အလျောက် ပစ္စုပ္ပန်မှသည် အနာဂတ်၊ ထိုမှ သံသရာတိုင် အောင်လည်း တွေးခေါ်မြော်မြင်တတ်၏။ အကြောင်းအားလျော်စွာ တက် သုတ်ရိုက်၍ ဖန်တီးရသောအခါများတွင်လည်း ထက်မြက်၏။

အသက် (၆၀) နှစ်မှ (၇၀) နှစ်အရွယ်တို့သည်ကား ဖန်တီးနိုင်စွမ်း ကျဆင်းလာသဖြင့် လက်ရှိဘဝ၌ ဖြစ်သလိုရပ်တည်ရန်ကိုသာ ဆုံးဖြတ် ချက်ချလာတတ်၏။ ကျဆင်းယုတ်လျော့လာနေသော မိမိ၏ကာယ၊ ဉာဏ၊ ဗလတို့ကို ဆင်ခြင်၍ သိရှိသောကြောင့် ဖြစ်၏။ ဇရာ၏သဘောဟု ဆို ရမည်။ သေမင်း၏တံခါးခေါက်သံကိုကြားလာ၍ဟုလည်း ဆိုနိုင်သည်။

ဆိုခဲ့သောအရွယ်အားလုံးတို့တွင် စရိုက်နှင့် ဝါသနာသည် အရိပ် နှင့်လူကဲ့သို့ လိုက်ပါလျက်ရှိတတ်၏။ ထို့ကြောင့် အ,ကုသိုလ်, ကုသိုလ်၊ လောကီ, လောကုတ် မည်သည့်လုပ်ငန်းတွင်ဖြစ်စေ အောင်မြင်လိုသူတို့ သည် ဝါသနာတူသူချင်း တွဲလုပ်တတ်ရန်လို၏။ လူတို့၏ဝါသနာကိုလည်း အထက်မှဆိုခဲ့သည့်အတိုင်း ပေါ်လွင်နေတတ်၍ ကြည့်လျှင် မြင်နိုင်သည် သာဖြစ်၏။

❒

## မိတ်ဆွေကောင်းဟု ထင်မှားခဲ့မိသောရန်သူများ

ဤစာရေးသူလည်း အသက် (၄၀) နှစ်ကျော်လာသည်နှင့် သံသရာ အဆုံးတိုင်အောင်လျှောက်လှမ်းမည့် မိတ်ဆွေကောင်းတို့ကို ရှာဖွေခဲ့၏။ ထိုအခါ ဆက်စပ်ပတ်သက်ပြီး လက်တွဲခဲ့ဖူးသည့်အထဲမှ (၁၀) ယောက် မျှကိုတွေ့၏။ ထို (၁၀) ယောက်တွင် (၁) ယောက်မှာ ကွယ်လွန်ခဲ့ပြီဖြစ်ပြီး

(၃) ယောက်ကို လိပ်စာအတိအကျမသိ ဖြစ်နေ၏။

ကျန်သော (၆) ယောက်တွင်လည်း (၃) ယောက်သည် စိတ်သဘော ထား (၅၀) ရာခိုင်နှုန်းမျှသာတူကြသဖြင့် အားနည်းနေ၍ ပယ်ထားလိုက် ၏။ သံသရာခရီးသည်အဖြစ် သတ်မှတ်ရန်အတွက် အထူးဂရုစိုက်ပြီးလည်း ရွေးချယ်ခြင်း ဖြစ်၏။

သို့သော်လည်း အံ့ဩစရာကောင်းနေသည်မှာ ကျန် (၃) ယောက် တွင် (၂) ယောက်သည် အနီးကပ်ပြီး အတွင်းနိုက်ကြည့်မှ မိမိ၏အနီးဆုံး ရန်သူများဖြစ်နေကြသည်ကို တွေ့ရ၏။ ထို့ကြောင့် မိမိသည် အံ့ဩသည် သာမကဘဲ အတန်ကြာအောင်ပင် ငေးငိုင်လျက်သားဖြစ်သွားရ၏။

ဤသည်မှာ စာရေးသူသည် စစ္စာပထမကပင် ၎င်းတို့အား မကြည့် တတ်၍ အားနည်းချက်များကို မမြင်မသိသောကြောင့် ယခုကဲ့သို့ ရွေးမိ ခြင်းမဟုတ်ပေ၊ သူတို့သည် ယခင်က ကောင်းကြသည်သာဖြစ်၏။ ကောင်း စွာလျှောက်ခဲ့သော သူတို့၏လမ်းကြောင်းကြီးသည်လည်း ထင်လျက်သာ ရှိ၏။

သို့သော် နောက်ပိုင်းတွင် ဆိုခဲ့သည့်အတိုင်း အသက်အပိုင်းအခြား အရ သူတို့၏စိတ်များ ပြောင်းလဲလာခြင်း၊ ဗီဇနှင့်ပတ်ဝန်းကျင်ကို ထိတွေ့မှု များလာခဲ့ခြင်း စသည်တို့နှင့် ပေါင်းခဲ့၍သာ မလိုအပ်သော ဖောက်လွဲ ဖောက်ပြန်ဖြစ်သွားကြခြင်းမျိုးသာ ဖြစ်၏။ ဝမ်းနည်းဖွယ်ကောင်းလေစွ။

မိမိသည် အချိန်ရှိစဉ်က ၎င်းတို့အား အထင်ကြီးပြီးလေးစားခြင်း၊ အားကိုးကြည်ညိုခြင်းတို့ များစွာပင်ရှိခဲ့၏။ သူရောကိုယ်ပါ ပေါင်းစပ်လိုက် လျှင် ကိုယ်ရေးကိုယ်တာ သူ့ရေးသူ့ကာမှသည် လွန်၍ အများအကျိုး၊ လောကအကျိုး၊ ဓမ္မအကျိုး စသည် အထိပင် အဆင့်ဆင့် တိုးပွားဖြစ်ထွန်း လာစေလိမ့်မည်ဟု ယုံကြည်ခဲ့၏။

ယခုတစ်ဖန် အနီးကပ်၍ အလုံးစုံကို အဆုံးစွန်ရောက်အောင် တတ်နိုင်သမျှ နှိုက်ကြည့်သောအခါ ၎င်းတို့၏ ပြတ်သားပြီး ထက်မြက် ခြင်းတို့သည် မိမိအားသတ်ဖြတ်ရန် တစ်ခုတည်းသောလက်နက်ကြီး ဖြစ်

နေလေ၏။ မသေမချင်းသတ်ဖြတ်မည့်သဘောမျိုးလည်း သက်ရောက်နေ၏။

သူတို့၏လက်နက်များသည် တုတ်၊ ဓား၊ လေး၊ လှံ မဟုတ်။ ဂျီသရီး/ဂျီဖိုး စသော သေနတ်လည်း မဟုတ်။ ဖျက်အားပြင်းသောအဏုမြူလက်နက်လည်း မဟုတ်။ အူကို အပိုင်းပိုင်းပြတ်စေသောအဆိပ်လည်း မဟုတ်။

ထို့ထက်များစွာ ဖျက်အားကောင်းပြီး အဆိပ်လည်းပြင်းထန်သော ကံနှင့်ဉာဏ်ကို အညွန့်မှသည် အမြစ်ဆီထိ တရစ်ရစ်ဖြင့် မြေလှန်ပစ်မည့် အကျင့်ဆိုး ဉာဉ်ဆိုး လက်နက်မျိုးကြီးသာ ဖြစ်ချေ၏။ ဘဝတစ်ခုလုံးကို အပြီးတိုင် မြေလှန်ဖျက်ဆီးပစ်နိုင်သောလက်နက်တစ်မျိုး ဟူ၍သာ ဆိုရပေတော့မည်။

သို့သော်လည်း သူတို့၏လက်နက်သည် စာရေးသူအား ထိသာထိသည်၊ မနာခဲ့ပေ။ ဤစကားသည် စံကင်းဆရာတော် (ဟုထင်သော ဆရာတော်) နှင့် မြန်မာနိုင်ငံတော် ပရိယတ်နယ်ပယ်တွင် အဂ္ဂမဟာပဏ္ဍိတ အကျော် ဆရာတော်ဇနကာဘိဝံသဖြစ်လာမည့် ဦးပဥ္စင်းလေး ဦးဇနက တို့မှလာသောစကားပင် ဖြစ်၏။

ရဟန်းငယ် ဦးဇနက ကျမ်းပြု၍ ထွန်းတောက်စတွင် ပတ်ဝန်းကျင်၏ ထိုးနှစ်နှတ်ခြင်းကို များစွာပင် ခံခဲ့ရဖူး၏။ ဒီစာမျက်နှာက ဘယ်ကျမ်းကထုတ်ရေးထားတာပါကွာ၊ ဘယ်အဋ္ဌကထာ၊ ဘယ်ဋီကာက စသည်ဖြင့် ဆိုကြ၏။ ဦးဇနက စာရေးတတ်၍မဟုတ်၊ အခြားကျမ်းများက ကူးရေးထားခြင်းသာဖြစ်သည်ဟု ဆိုလို၏။

ထိုအခါ ဦးဇနကမခံချင်၍ 'ငါ့လိုပဲ အကျိုးများမယ့်စာမျိုးကို အခြားကျမ်းတွေက ထုတ်နုတ်ပြီး ရေးကြစမ်းပါ' ဟု ပြန်ပြောသည်ကို စံကင်းဆရာတော်ကြီးကြားသိ၍ ဦးဇနကအားခေါ်ပြီး လက်မောင်းကို လှမ်းပုတ်၍ 'ထိတော့ထိတယ်၊ မနာဘူးမဟုတ်လား' ဟု ဆုံးမတော်မူသည် ဟူ၏။

မိမိအနေဖြင့်လည်း ၎င်းတို့၏လက်နက်များထိသော်လည်း မနာ

အောင်နေနိုင်ခဲ့၏။ မနာအောင်နေနိုင်ခဲ့၍လည်း မနာခဲ့ခြင်း ဖြစ်၏။ ထိ တိုင်းသာနာတတ်လျှင် သေလောက်၏။ ဤသည်မှာ အချိန်ရှိစဉ်ကပင် တစ်စုံတစ်ခုသောအတွေ့အကြုံကို ရခဲ့ဖူး၍ဖြစ်၏။ ထိုအတွေ့အကြုံကို ဤနေရာ၌တင်ပြဦးမည်။

□

## လူမိုက်နှင့်ဆုံခဲ့စဉ်က

ထိုအချိန်က ဤစာရေးသူသည် အသက် (၁၈) နှစ်မျှသာရှိသေး၏။ ဂိလာနမိခင်ကြီးကိုစောင့်ရှောက်ရန် လူ့လောကထဲသို့ အခိုက်အတန့်မျှ ဝင်ရောက်ပြီး မိမိတို့၏မြို့နယ်ထဲက လမ်းစီမံကိန်းတစ်ခုတွင် အလုပ်သမား ခေါင်းဆောင် ဝင်လုပ်နေ၏။

မသောက်၊ မမိုက်၊ မခိုးတတ်၍ အထက်လူကြီးတို့၏ အရေးပေး မြှောက်စားခြင်းကြောင့် အနေအစားလည်း ချောင်၏။ စုမိဆောင်းမိလည်း ရှိ၏။ ထို့ကြောင့် အားနည်းပြီး တကယ်မဖြစ်မနေလိုအပ်နေသောလူများ ကိုလည်း ကူညီနိုင်ခဲ့၏။

တစ်နေ့တွင် ဤသည်ကို အခွင့်အရေးယူရန် လူမိုက်တစ်ယောက် ရောက်လာ၏။ ဤစာရေးသူထက် ၎င်းသည် အသက် (၂၀) နှစ်ခန့်ကြီး၏။ မကြာခဏဆုံဖူး၍ မျက်မှန်းလည်းတန်းမိနေ၏။ ၎င်း၏မိုက်တွင်းသည် ကျယ်လည်းကျယ်၊ နက်လည်းနက်ပြီး ဟန်ဆောင်လည်း ကောင်း၏။

စာရေးသူထံသို့ရောက်လာရာတွင် ၎င်းသည် မျက်ရည်များစို့ဝိုင်း ပြီး စာရေးသူအောက်နိမ့်သောတစ်နေရာကထိုင်လျက် -

"ညီလေး၊ ကိုယ့်ကိုကူညီပါကွာ။ မင်းသာ မကူညီရင် မင်းအစ်မ (တင်စားပြီးပြောသည့် ၎င်း၏မိန်းမ) အသက်ဆုံးရှုံးရတော့မယ်"

ဟု တစ်သံဆို့သံ ဝမ်းနည်းသံများဖြင့်ပြော၏။

ထို့ကြောင့် စာရေးသူလည်း ချက်ချင်းသနားစိတ်ဝင်ကာ -

"ဘာများဖြစ်လို့လဲ အစ်ကို"

ဟု မေးလိုက်၏။

"မင်းအစ်မ ကလေးမမွေးနိုင်လို့ ဆေးရုံတင်ပြီး ခွဲစိတ်ပြီးမွေးဖွား ရမယ့်ကိစ္စမှာ အခက်အခဲရှိနေလို့ ကိုယ့်ကို ငွေ (၇၀၀) လောက် ကူညီပါကွာ"

ဟုဆို၏။

ကိုယ်ဝန်ဆောင်မိခင်များ မမွေးနိုင်၍သေလျှင် မိခင်ရော ဝမ်းထဲက ကလေးပါ နှစ်ယောက်သေကြရ၏။ မိခင်သည်လည်း လူးလိမ့်အော်ညည်း ရင်းက မခံစားနိုင်သည့်အဆုံး သေရသလို ဝမ်းထဲက ကလေးသည်လည်း မွန်းကျပ်ပြီး မရှုမလှဖြင့်ပင် သေကြရသည်ကို နားလည်ထားသဖြင့် မိမိ သည် ၎င်း၏စကားအဆုံးတွင် အတော်လေးပင်တုန်လှုပ်ပြီး သနားသွား၏။

ထို့ကြောင့် ချက်ချင်း ငွေ (၇၀၀) ကျပ်ကိုရှာပေးပြီး "ပြန်မပေးပါနဲ့၊ လှူပါတယ်" ဟုပင်ပြောဆိုပြီး ကျေကျေနပ်နပ်ကြီးလှူဒါန်းလိုက်၏။ စိတ် ထဲတွင်ပေါ့ပါးပြီး အတော်လေးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားမိ၏။

ထိုအချိန်က ရွှေတစ်ကျပ်သားကို (၁၈၀၀) ကျပ်မျှသာ ရှိသဖြင့် ဤစာရေးသူအဖို့ ငွေ (၇၀၀) ကျပ်သည် အလွန်မှများ၏။ သို့သော်လည်း နှစ်သက်ကယ်ကိစ္စကြီးကို အမှတ်မထင်လှူဒါန်းလိုက်ရသဖြင့် တွန့်တိုခြင်း မရှိသည့်အပြင် အလွန်မှုကြည်နူးပြီး ကျေနပ်၍ပင်နေ၏။ ကုသိုလ်ထူးကြီး အဖြစ်လည်း သတ်မှတ်၏။

သို့သော်လည်း ဤစာရေးသူ၏ ကြည်နူးခြင်း၊ ကျေနပ်ခြင်း၊ ဝမ်း မြောက်ဝမ်းသာဖြင့် ကြည်ညိုနေမိခြင်းတို့သည်ကား ရက်ပိုင်းမျှသာတည်ခဲ့ ပြီး ချုပ်ပျက်ပြုန်းတီးပျက်စီးကာ အစိတ်အစိတ်အမွှာမွှာဖြစ်သွားခဲ့ရ၏။

လူတစ်ယောက်က လာပြောပြသည်မှာ ထိုလူမိုက်သည် သူ့မိန်းမ တကယ်မွေးဖွားရန်ခက်၍ ဆေးရုံတင်ရသောကြောင့် မဟုတ်ဘဲ တမင် တကာ စာရေးသူထံမှ လိမ်ညာလှည့်ပတ်ယူသွားခြင်းသာ ဖြစ်၏။ တစ်

နည်း စာရေးသူ၏စိတ်ကောင်းနှင့် သဒ္ဓါတရားများကို အလွဲသုံးစားလုပ်ပြီး အခွင့်ကောင်းယူသွားခြင်းသာ ဖြစ်၏။

လာပြောသူက ထိုလူမိုက်၏အကြောင်းများကို လုံးစေ့ပတ်စေ့သိထား၏။ ၎င်း၏မိန်းမသည် တစ်စုံတစ်ခုမျှ အခက်အခဲမရှိဘဲ အိမ်မှာပင် မွေးဖွားလိုက်၏။ မွေးဖွားသည်မှာ ယောကျ်ားလေးဖြစ်၏။ ၎င်းသည် သူ့မိန်းမမွေးဖွား၍ ကျန်းကျန်းမာမာဖြစ်ပြီးမှ စာရေးသူအား လာလိမ်ခြင်း ဖြစ်၏ စသည်ဖြင့် ပြောပြ၏။

စာရေးသူလည်း အကြောင်းစုံကို မချန်မခြွင်း လင်းလင်းကြီးသိလိုက်ရသောအခါ အတော်လေးပင် မခံမရပ်နိုင် ဖြစ်သွားရ၏။ အသက်ငယ်၍ စဉ်းစားဉာဏ်သေးနုခြင်း၊ မေတ္တာတရားမခိုင်မြဲသေးခြင်း၊ လျှော့ဒါန်းခြင်းနှင့် သဒ္ဓါတရားတို့ကို ကောင်းစွာနားမလည်သေးခြင်း။

ထိုထိုအားနည်းချက်တို့ကြောင့် ဖြစ်သမျှအကြောင်းသည် ကိုယ့်အပြစ်ဟု မဆင်ခြင်မိဘဲ အရိုင်းစိတ်ဝင်သွားလေ၏။ ထိုလူမိုက်နှင့် ကိုယ်တိုင်သွားတွေ့ပြီး ငွေ (၇၀၀) ကျပ်ကို ပြန်တောင်းယူတော့မည်ဟုလည်း ဆုံးဖြတ်လိုက်၏။

ထိုကဲ့သို့ ဒေါသစိတ်ဖြင့် ထွမ်နေချိန်မှာပင် ထိုလူမိုက်နှင့် ရင်ဆိုင်တိုးမိကြပြန်၏။ သို့သော်လည်း ထိုအချိန်က စာရေးသူတို့ဌာန၏ ဦးစီးမှူးနှင့်အတူ မြို့ထဲမှထွက်လာနေချိန် ဖြစ်၏။

ဦးစီးမှူးက မြို့နယ်ဆောက်လုပ်ရေးရုံးခြံဝတွင်ရပ်လျက် ဆောက်လုပ်ရေးလမ်းဗိုလ်နှင့် စကားပြောနေကြခိုက်တွင်လည်း ဖြစ်၏။ စာရေးသူက အကြောင်းစုံကို ထိုလူမိုက်အား မေးလိုက်ရာ ၎င်းသည်လည်း ဒေါသထွက်သွားဟန်ဖြင့် -

“ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ။ ငါက မင်းဆီမှာ ပိုက်ဆံလာချေးတာတောင် မင်းက လှူလိုက်သေးတာပဲ မဟုတ်လား”

ဟု မခိုးမခန့်အမူအရာဖြင့် ပြော၏။

"ဟာ- ခင်ဗျားက ခင်ဗျားမိန်းမ အမွေးရခက်လို့ ဆေးရုံတက်မွေး ရမယ်ဆိုပြီး လာပြောတာပဲ မဟုတ်လား"

"ဘာပဲပြောပြော မင်း ကျေကျေနပ်နပ်ကြီး လျှူပြီးပြီလေ။ ဘာမှ ဆက်ပြောနေစရာမလိုတော့ဘူး"

ဟု ဒေါသသံဖြင့် ပြောကြည့်ကြည့်ထားခဲ့ပြီး ဈေးထဲသို့ဝင်သွား လေ၏။

စာရေးသူလည်း ၎င်း၏ပြုမူပြောဆိုပုံများကြောင့် ဒေါသထွက်လွန်း ၍ တစ်ကိုယ်လုံးပူထူသွားသည်အထိပင် ခံစားလိုက်ရ၏။ ဈေးသွားဈေးပြန် အမျိုးသမီးများလည်း ကွက်ကြည့်ကွက်ကြည့်ဖြင့် စာရေးသူအား ကြည့်သွား ကြ၏။

စာရေးသူအား အရေးပေးမြှောက်စားနေသည့် ဌာနမှူးကြီးသည် လည်း အနီးအနားတွင်ရှိနေသောကြောင့် ဌာနမှူးကြီးရှေ့တွင် ရန်မဖြစ် ချင်သဖြင့် အတော်လေးပင် ဒေါသကိုထိန်းချုပ်ပြီး သည်းခံလိုက်ရ၏။ သို့သော်လည်း ထိုလူမိုက်အား နောက်တွေ့သည့်နေရာတွင် အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ဆုံးမတော့မည်၊ တုံ့ပြန်လာလျှင် သတ်ပစ်မည်ဟု ပင် ရဲရဲရိုင်းရိုင်းကြီး ဆုံးဖြတ်လိုက်၏။

ဦးစီးမှူးနှင့် ဆောက်လုပ်ရေးလမ်းဗိုလ်တို့ စကားဆက်ပြတ်ပြီး နောက် ဦးစီးမှူးအား တည်းခိုသည့်အိမ်သို့လိုက်ပို့ထားခဲ့ပြီး ချက်ချင်းပြန် ခေါက်လာကာ ထိုလူမိုက်အား လိုက်ရှာ၏။ ဈေးဝက လက်ဖက်ရည်ဆိုင် တွင် ပက်ပင်းတိုးမိကြ၏။ စာရေးသူ ဒေါနှင့်မောနှင့် ဆိုင်ထဲသို့ဝင်လာနေ သည်ကိုမြင်လျှင် ၎င်းသည်လည်း လူကျယ်လူမိုက်ဖြစ်သည့်အလျောက် တုံ့ပြန်သတ်ပုတ်ရန် အင်္ကျီလက်မောင်းကိုဆွဲတင်နေ၏။

စာရေးသူက လက်ဦးမှုယူပြီး လက်သီးနှင့် တအားထိုးချလိုက်ရာ နဖူးတည့်တည့်ကိုထိုးမိသဖြင့် သူသည် နောက်ကတန်းလျားပေါ်သို့ ဖင် ထိုင်ကျသွား၏။ နောက်နှစ်ချက်ဆက်ထိုးလိုက်ရာ အောက်မေးကိုချည်းထိုး မိသဖြင့် မေ့တေ့တေ့ဖြစ်သွားလေ၏။ ထို့နောက် ၎င်း၏နားကို မိမိရရဆွဲပြီး

အပြင်သို့ဆွဲထုတ်ရာ နားမှ သွေးများဖြာခနဲကျလာ၏။

ဆိုင်ရှေ့သို့ရောက်လျှင် သူ နှစ်ချက်ပြန်ထိုးသည်။ သို့သော်လည်း အတော်လေးနာနေ၍ထင်၏။ သူ၏ထိုးနှက်ချက်က သိပ်ပြီးမထိရောက်တော့ပေ။ ထို့ကြောင့် နောက်ထပ် တံတောင်နှင့် ၎င်း၏လက်ပြင်ကို သုံးချက်ထောင်းချလိုက်သဖြင့် ဝပ်ကျသွား၏။

မိမိရရဆွဲထားသော ၎င်း၏နားသည်လည်း ပို၍ပဲ့သွား၏။ သွေးများ မြင်မကောင်းအောင်ပင်ထွက်လာ၏။ လက်ပြင်ကို အားနှင့် သုံးချက်အထောင်းခံလိုက်ရ၍ အတော်လေးလည်း နာသွားဟန်ရှိ၏။ လက်တစ်ဖက်ဆွဲပြီး တုန်နေသည်ကိုတွေ့ရ၏။

*(ထိုအချိန်က မိမိနှင့် ၎င်း၏အဖြစ်သည် ဇာတ်ထဲက အနှိပ်စက်ကောင်းသောပုဂ္ဂိုလ်ကြီးနှင့် အနှိပ်စက်ခံတို့ကဲ့သို့ ရှိနေမည် ထင်၏။ ဈေးဝတွင်ဖြစ်နေ၍ ဈေးထဲမှလူများ ထွက်ကြည့်နေကြသည်ကိုလည်း သတိပြုမိ၏။ ယခု ပြန်တွေးမိတိုင်း ကြက်သီးဖြန်းဖြန်းထအောင်ပင် ရှက်မိ၏။ ထိုအချိန်ကမူ ရှက်ရမှန်းကိုမသိခဲ့။)*

ထိုမျှနှင့်ပင် မကျေနပ်သေးဘဲ ဖြစ်ကြောင်းကုန်စင်များကို နောက်ကြောင်းပြန်ပြီး အသံကျယ်ကျယ်ဖြင့်ပြောကာ သဲတစ်ဆုပ်ကိုကောက်မျိုခိုင်းသေး၏။ ရှက်၍မမျိုဘဲနေသဖြင့် လက်ဝါးဖြင့် ၎င်း၏မျက်နှာကို သုံးချက် လွှဲရိုက်လိုက်ရာ ပုံကျသွားပြီး မျက်စိမှ သွေးကျသွား၏။ ဆက်ပြီးလည်မျိုကို ဝက်အူလှည့်နှင့်ထောက်လိုက်ရာ ၎င်းသဲတစ်ဆုပ်ကို ကောက်မျိုပြီးနောက် ခြင်းလုံးခတ်သကဲ့သို့ မျက်နှာကိုတစ်ချက်ခတ်ပြီး ထိုအနားမှ မောင်းထုတ်လိုက်၏။

ထို့နောက် ၎င်းအား စိုက်ကြည့်နေရာမှ အလွန်အမင်း စက်ဆုပ်ရွံမုန်းသောအမူအရာဖြင့် တံတွေးတစ်ချက်ကိုထွေးပြီး အောင်နိုင်သူတစ်ယောက်အနေဖြင့် ထိုအနားမှထွက်ခွာလာခဲ့၏။ လူမိုက်ကြီးတစ်ယောက်ကို ယှဉ်ပြိုင်သတ်ပုတ် အောင်နိုင်ခြင်းအထိမ်းအမှတ် ကောင်းချီးပေးကြသံအချို့ကို တိုးတိုးမျှကြားခဲ့ရသော်လည်း လှည့်မကြည့်ခဲ့။

ထိုလူမိုက်ကို တစ်မြို့လုံးက မုန်းတီးနေကြသဖြင့် ယခုတွင် လူမိုက်ကြီး ရက်ရက်စက်စက်ခံလိုက်ရသည်ကို မြို့သူမြို့သားများ အလွန်အမင်း ဝမ်းသာနေကြ၏။

မိမိသည်· လူပျိုလူလွတ်များ စုပေါင်းနေထိုင်ကြသည့်အဆောင်သို့ ပြန်ရောက်လျှင် စဉ်းစား၏။ ၎င်းမှာ လူကျယ်လူမိုက်တစ်ယောက်ဖြစ်နေ၍ မိုက်ဖော်မိုက်ဖက်များလည်း ရှိကြ၏။ ထို့ကြောင့် ငါ့အား နောက် ရန်ပြုလာနိုင်သည်ဟုတွေးမိ၍ မိတ်ဆွေဖြစ်သူ စိုင်းမောင်မောင်၏ဓားရှည်ကို ငှားယူပြီး အိပ်ရာဘေးတွင်ချထားလိုက်၏။

ထို့နောက် မည်သည့်အလုပ်ကိုမျှ လုပ်ချင်ကိုင်ချင်စိတ်မရှိတော့ဘဲ စိတ်ရိုင်းဝင်ကာ လူသတ်ချင်တဲ့စိတ်ရောက်နေလေ၏။ ထိုအချိန်မှာသာ ထိုလူမိုက်နှင့် အပေါင်းပါတစ်စု တို့ပြန်တိုက်ခိုက်ရန်လာကြမည် ဆိုလျှင်လည်း ကြည့်မကောင်းမြင်မကောင်းသောပွဲကြီးပွဲကောင်း ဖြစ်သွားနိုင်၏။

ညနေသို့ရောက်၍ ဘုရားရှိခိုးသောအခါ ဘုရားဂုဏ်တော်သို့ အာရုံမရောက်ဘဲ ထိုလူမိုက်ဆီသို့သာ အာရုံရောက်နေ၏။ ထို့ကြောင့် ဝစီဘေဒဖြစ်ကာမျှရှိပြီး မဟာကုသိုလ်ကံကြီးပျက်စီးသွားရ၏။ ထို့ထက်ဆိုးသည်က မေတ္တာပို့သောအခါ လုံးဝမရတော့ပေ။ ယခင်ရက်များကမူ သြဒိသ၊ အနောဒိသ တစ်ဦးတစ်ယောက်မှသည် အရပ်ဆယ်မျက်နှာ စကြဝဠာအနန္တတိုင်အောင် မေတ္တာသမာဓိဖြစ်အောင် ပို့ပွားနိုင်ခဲ့၏။

ယခု မေတ္တာပို့ပွားခြင်းနှင့်ပတ်သက်၍ မည်သည့်သမာဓိကိုမျှ မရတော့ပေ။ စိတ်အစဉ်သည် ထိုလူမိုက်ဆီသို့သာ ရောက်နေလေ၏။ ထိုလူမိုက်နှင့် စတွေ့သည်မှ ဈေးဝတွင် သတ်ပုတ်ပြီး မောင်းထုတ်လိုက်သည့်အထိ ဖြစ်ကြောင်းကုန်စင်များကို အစဉ်အတိုင်း မြင်ယောင်နေ၏။ ထို့ကြောင့် မေတ္တာသမာဓိမဖြစ်ဘဲ လူမိုက်သမာဓိ၊ ဒေါသသမာဓိများသာ ဖြစ်နေ၏။

သို့မှ ငါ့စိတ်ကောင်းနှင့် အလေ့အထများ ပျက်စီးသွားရလေပြီဟု အဖြစ်မှန်ကို သိလိုက်၏။ ငါသည် စေတနာပြတ်၍ သဒ္ဓါအလျှော့ လျှ

လိုက်ပြီးမှ ကုသိုလ်ကို အ,ကုသိုလ်မီးဖြစ်အောင် လုပ်လိုက်မိသည်မှာ ငါ၏ အမှား။ လူမိုက်မှာ မိုက်၍မိုက်နေသည်ကို ငါကပါ လူမိုက်နောက်လိုက် ဖြစ်ပြီး ထပ်မိုက်မိ၏။

လှူဖွယ်ဝတ္ထုသည် အလှူခံ၏လက်ထဲသို့ ရောက်သွားပြီးနောက် အလှူခံသည် လူမိုက်လား၊ လူလိမ္မာလားဟု ဆက်လက်၍ ပြဿနာရှာမိ ခြင်းမှာ အလှူရှင်ဖြစ်သော ငါ၏အမှားသာ ဖြစ်၏။ ငါသည် အတ္တမဲ့ အလှူရှင်မဖြစ်ဘဲ အတ္တတန်းလန်းနှင့်အလှူရှင်သာ ဖြစ်သွားရ၏။ ယခု ငါသည်လည်း စိတ်မချမ်းမသာဖြင့် တန်ပြန်သက်ရောက်ခြင်းကိုခံနေရ၏။

ထို့နောက် ထိုလူမိုက်နှင့် အပေါင်းပါတစ်စုတို့ထံမှ မိမိ၏သတင်း ဆိုးများကို ပြန်၍ကြားရသည်မှာ မိမိသည် လူမိုက်ကလေးဖြစ်ကြောင်း၊ ဇာတိရွာ၌ သတ်စားရန် ကြက်ဝယ်လျှင်ပင် ဗြောက်တိုဖြင့်သာ ပစ်ယူလေ့ ရှိကြောင်း၊ ပေါက်ခားများ အမြဲဆောင်လေ့ရှိပြီး ခားပေါက်အလွန်လက် တည့်ကြောင်း၊ ထစ်ခနဲဆို ရန်ဖြစ်တတ်ပြီး ပေါက်ခားဖြင့် ရင်ဘတ်, လည်မျို တစ်ခုခုကို အသေပေါက်သတ်တတ်ကြောင်း၊ နယ်မရွေး မိုက်ကြောင်း၊ ထိုလူမိုက်ကိုလည်း သတ်ဦးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူမိုက်နှင့် အ ပေါင်းပါတစ်စုတို့မှာ မိမိအား ဖိမ့်ဖိမ့်တုန်အောင်ပင် ကြောက်လန့်ကြ ကြောင်း စသည်ဖြင့် ကြားရ၏။

သွားပြီ။ မိမိကောင်းခဲ့သမျှအရာအားလုံး ရေစုန်မျောပြီ။ မဟုတ် မမှန်သောလူမိုက်သတင်းများ မိုးသို့ပျံ့လေပြီ။ စာရေးသူမှာ ဝါသနာအ လျောက် အပျင်းပြေ လေ့ကျင့်ထား၍ ခားပေါက်မှန်သည်ကား ဟုတ်၏။ သို့သော်လည်း လူကိုမဆိုထားဘိ၊ မည်သည့်အကောင်ပလောင်ကိုမျှ ခား နှင့်ပေါက်သတ်ဖူးခြင်းမရှိပေ။ ထို့ကြောင့် ထိုသတင်းနှင့်ပတ်သက်ပြီး စဉ်း စားမိတိုင်း ရှက်နေမိ၏။

ထို့နောက် တစ်ဖန်ကြားရပြန်သည်မှာ ထိုလူမိုက်သည် ဒီအနီးအနား ဝန်းကျင်တွင် နာမည်ကြီးလူမိုက်ဖြစ်ပါလျက်၊ သူ့အား တုပြိုင်ရဲသူမရှိသည် အထိ နာမည်ကြီးဖြစ်ပါလျက် တူသားအရွယ်ကောင်လေးတစ်ယောက်ဆီ

မှာ ရက်ရက်စက်စက်ခံလိုက်ရပြီး လူထူသောဈေးဝမှာပင် သဲတစ်ဆုပ်ကို ကောက်မျိုခဲ့ရသည့်အဖြစ်ကြောင့် အရှက်ကြီးရှက်ကာ ရူးသွားလုမတတ် ခံစားနေရ၏။

ထို့ကြောင့် လေးပုံတစ်ပုံခန့် ပဲ့သွားသည့်နား၊ အထောင်းခံလိုက်ရသည့် လက်ပြင်ကဒဏ်ရာ၊ မျက်စိမှ သွေးကျသည့်ဝေဒနာ စသည်များကိုပင် ဆေးရုံတက်ပြီး မကုသရဲသည်အထိ အရှက်ရကာ အိမ်တွင်းမှာသာ အောင်းနေလေ၏။ အလွန်အမင်းအရှက်ရပြီး ရူးသွားမတတ်ဖြစ်သွား၍ပင်လား၊ ကိုယ်က အရေပြားသည်ပင် အထပ်ထပ်ကွာသွားသည်ဟုပင် ကြားသိရ၏။

ထို့အပြင် မိဘဆွေမျိုးနှင့်သားသမီးများမှာလည်း ၎င်း၏အဖြစ်ဆိုးနှင့်ပတ်သက်၍ အလွန်အမင်းအရှက်ရကာ လူရှေ့သူရှေ့မှာပင် မျက်နှာမပြဝံ့ကြသည်အထိ ဖြစ်နေကြရသည်ဟုလည်း ပြောပြကြ၏။

ထို့နောက် (၁၀) တန်းကျောင်းသူ၊ (၈) တန်းကျောင်းသူလေးများဖြစ်ကြသည့် ၎င်း၏သမီးလေးနှစ်ယောက်တို့သည် အရှက်ရသော၊ ကြောက်သော၊ စိုးရိမ်ထိတ်လန့်နေကြသောမျက်နှာလေးများဖြင့် မျက်ရည်များစို့ဝိုင်းကာ မိမိ၏ထံသို့ရောက်လာကြပြီး သူတို့၏ဖခင်ကို ဆက်ပြီးမသတ်ရန်နှင့် ငွေ (၇၀၀) ကျပ်ကိုလည်း သူတို့ရှာပေးပါမည့်အကြောင်း တစ်ဆို့သံလေးများဖြင့် ပြောဆိုတောင်းပန်ကြ၏။

မိမိက ငွေ (၇၀၀) ကျပ်ကိုလိုချင်၍ မဟုတ်ကြောင်း၊ ၎င်း၏အပြုအမူများကို မကျေနပ်ဖြစ်ပြီး ဒေါသထွက်လွန်း၍သာ လုပ်လိုက်မိကြောင်း၊ နောက်ဆက်ပြီး ပြဿနာလုပ်ရန်လည်း စိတ်ကူးမရှိကြောင်းများကို ပြောပြလိုက်မှ သမီးလေးနှစ်ယောက်တို့ ဝမ်းမြောက်ဝမ်းသာဖြင့် ပြန်သွားကြ၏။

သို့သော်လည်း မိမိသည် ဝမ်းမသာနိုင်ဖြစ်နေရ၏။ ထိုအဖြစ်နှင့်ပတ်သက်ပြီး စိတ်မကောင်းလည်း ဖြစ်နေ၏။ မိမိသည်သာ သူကဲ့သို့ခံလိုက်ရလျှင် အဘယ်သို့ရှိလေမည်နည်း စသည်ဖြင့် တွေးကာ နောင်တရနေမိ၏။

ထို့အပြင် လက်ရှိတွင် ၎င်းအား မုန်းတီးနေကြသည့် မြို့ခံအချို့က ၎င်းကိုအနိုင်ရ၊ ဆုံးမနိုင်လိုက်သည့်ကိစ္စနှင့်ပတ်သက်ပြီး မိမိကို အားပေးအားမြှောက် (ချောက်တွန်းသည့်စကားများဖြင့်) ပြောဆိုချီးကျူးနေကြသော်လည်း လူကောင်းသူကောင်းအချို့ကမူ မိမိအား လူမိုက်ကလေးတစ်ယောက်အဖြစ်ဖြင့်သာ ရှုမြင်နေကြ၏။ လက်ရှိတွင်လည်း ဘုရားရှိခိုး၍မရ၊ မေတ္တာပို့ပွား၍မရ ဖြစ်နေရ၏။

ဒေါသသည် အခိုက်အတန့် တစ်ခဏမျှသာ လာလည်သောဧည့်သည်နှင့်တူ၏။ ခန္ဓာကိုယ်သည် ဧည့်သည်ကိုလက်ခံသော အိမ်ရှင်နှင့်တူ၏။ ထို့ကြောင့် မေတ္တာပျက်၍ ဒေါသဝင်ခဲ့သော် ရန်ဖြစ်ပြီး သတ်ပုတ်ကြရာ၌ ဧည့်သည်နှင့်တူသောဒေါသသည် ထိခိုက်နာကျင်ခြင်းမရှိဘဲ အိမ်နှင့်တူသောခန္ဓာကိုယ်သာ နာ၏။

❒

## အားနည်းချက်ဟူသည်

ထိုကဲ့သို့ဖြစ်ခဲ့ရသည်မှာ မဟုတ်မခံပြန်လုပ်တတ်သော စာရေးသူ၏ဉာဉ်ဆိုး၊ စာရေးသူ၏အားနည်းချက်ကြောင့် ဖြစ်၏။ မတရားသဖြင့် အောင်နိုင်ခြင်း ဟူသည်မှာလည်း ကျရှုံးခြင်းတစ်မျိုးသာဖြစ်၏။ မည်သို့ပင် အောင်နိုင်သည်ဖြစ်စေ မေတ္တာကိုဖျက်ဆီးလျက် တိုက်ခိုက်၍ အောင်နိုင်ခြင်းမှာ ကျရှုံးခြင်းမျိုးချည်းသာ ဖြစ်၏။

တစ်ဦးတစ်ယောက်အပေါ်၌ မကျေမနပ်ဖြစ်တိုင်းသာ ပွားပို့နေကျမေတ္တာကို အားနည်းစေမည်ဆိုပါလျှင် နောင်တွင်လည်း ထိုကဲ့သို့ သဘောမကျ၊ မကျေနပ်သောပုဂ္ဂိုလ်များနှင့် တွေ့လာရဦးမည်သာ ဖြစ်၏။ ထို့ကြောင့် မေတ္တာနှင့် မကင်းကွာလိုလျှင် အားနည်းချက်ဖြစ်ပေါ်လာတိုင်း နာနာဖိ၍ပွားသင့်၏။ မိမိကိုယ်ကို မဖျက်ဆီးသင့်ပေ။

❒

## အာဏာကစည်တော်ကြီး

ရှေးအခါက ဒသာရဟ အမည်ရှိသော မင်းသားတို့သည် အာဏာက တွင်သော မင်္ဂလာစည်တော်ကြီးကို အသုံးပြုကြ၏။ ထိုစည်တော်ကြီး၏ အသံသည် (၁၂).ယူဇနာကပင် ကြားနိုင်၏။ ကာလတွေပြောင်း နှစ်များ ညောင်းပြီး ထိုစည်တော်ကြီး ဟောင်းနွမ်း၍ ပေါက်သဖြင့် အကြိမ်ကြိမ် ဖာထေးလာရသောအခါ နောက်ဆုံးတွင် နဂိုစည်မျက်နှာပြင်မရှိတော့ဘဲ အဖာအထေးချည်းသာ ဖြစ်ကုန်၏။

ထိုအခါ စည်သံသည်လည်း (၁၂) ယူဇနာအဝေးကကြားမည်ကို မဆိုထားဘိ၊ တီးခတ်သည့် ဇရပ်အတွင်းမှာပင် တိုးတိုးသာကြားရတော့ သည် ဟူ၏။

သူတစ်ပါးက မိမိအပေါ် သည်းခံသွားရလျှင် သူတော်ကောင်းမဟုတ်။

မဟာစည်ဆရာတော်

## မဟုတ်မခံသူသည် သူတော်ကောင်းမဟုတ်

အမ်းမြို့နယ် ရွှေတောင်ငွေတောင်တောရဆရာတော်။

အသေလည်းလွတ် နိဗ္ဗာန်ကိုရလိုသောပုဂ္ဂိုလ်တို့သည် အတ္တမှဲ့မေတ္တာ ကိုသာ ပို့ပွားအပ်၏။ မေတ္တာခံပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ကျန်မနေစေရ။ တစ် နပ်စားရေး၊ တစ်ခဏာနေရေး၊ တစ်ဘဝသေရေး၊ သံသရာအရေး စသော ရှုပ် ထွေးပူလောင်လှသည့် ဘဝ၏အရစ်ကျကိစ္စရပ်များကို မျှော်ကြောက်၍ ရန်သူ ကိုပင် သနားကရုဏာဖြစ်အောင် အတ္တမှဲ့မေတ္တာကိုသာ ဖြည့်ကျင့် ပွားများ သင့်လှ၏။

❒

## သမင်မွေးရင်း ကျားစားရင်း

ကလေးဘဝက အဘိုးအဘွားတို့ အိပ်ရာဝင်ပုံပြင်ပြောပြကြသော ပုန်းမကြည်ဇာတ်ကို အမှတ်ရ၏။ မေတ္တာကိုလိုလားကြသည့်ပုဂ္ဂိုလ်များ အတုယူသင့်သည့်အကြောင်းအရာအချို့ ပုန်းမကြည်ဇာတ်တွင် ပါဝင်နေသည်ကိုတွေ့ရ၍ အကျဉ်းမျှတင်ပြဦးမည်။

ရှေးအခါက ခရီးသွားတစ်ယောက်သည် မိတ်ဆွေ၏အိမ်၌ တည်းခို၏။ ၎င်းခရီးသွားဧည့်သည်တွင် ပင်လယ်ကမ်းစပ်မှရလာသော လိပ်ဥများကို အိမ်ရှင်မိတ်ဆွေအား ပေးအပ်ပြီး ကြော်လှော်စားသောက်ကြ၏။

ထိုရက်ကိုလွန်၍ နောက်နေ့ ထမင်းစားရာတွင် အိမ်ရှင်၏ကလေးသည် ငိုယိုပူဆာပြီး လိပ်ဥတောင်း၏။ မိခင်က ကလေးအား ချော့မရသည့်အဆုံး အိမ်၌ဥနေသောကြက်မကြီးဆီမှ ကြက်ဥတစ်လုံးကိုယူပြီးကြော်၍ လိပ်ဥဟုလိမ်ပြောကာ ကျွေးရ၏။

ကလေးသည် နောက်နေ့များတွင်လည်း ထမင်းစားတိုင်း လိပ်ဥတောင်းသဖြင့် ကြက်ဥများကိုချည်းသာ တစ်လုံးပြီးတစ်လုံးယူကျွေးရလေရာ ကြက်မကြီး ဒေါသထွက်၍ 'ငါ့ဥများကိုစားသောကြောင့် နောက်ဘဝတွင် သင့်သားသမီးများအား ငါပြန်စားရပါလို၏' ဟု ဆုတောင်းလေ၏။

နောက်ဘဝတွင် အိမ်ရှင်မသည် ကြက်မကြီးဖြစ်ပြီး ကြက်မကြီးသည် သိမ်းငှက် ဖြစ်သွား၏။ ထိုအခါ သိမ်းငှက်သည် ကြက်ပေါက်ကလေးများကိုချည်းသာစားသဖြင့် ကြက်မကြီးက 'နောက်ဘဝတွင် နင့်သားသမီးတွေကို စားရပါလို၏' ဟု ဆုတောင်းပြန်၏။

ထို့ကြောင့် နောက်ဘဝတွင် သိမ်းငှက်မက သမင်မ ဖြစ်သွားပြီး ကြက်မကြီးက ကျားမ ဖြစ်လေ၏။ ဆုတောင်းခဲ့ဖူးသည့်အတိုင်း ကျားမကြီးသည် သမင်မ၏သားပေါက်များကို စားပြန်လေ၏။ ထို့ကြောင့် 'သမင်မွေးရင်း ကျားစားရင်း' ဟူသည်မှာ ဤဇာတ်တော်မှလာသည် ဟူ၏။

ထို့နောက်လည်း ဆက်ကာဆက်ကာဖြင့် သူ့သားငါစား၊ ငါ့သား

သူစား သံသရာရှည်ပြီး လည်လာကြရာ ငါတို့မြတ်စွာဘုရားရှင်၏လက်ထက်တော်သို့ ရောက်လာကြ၏။ ထိုအခါ ပုန်းမကြည်သည် လူသားစားနတ်ဘီလူးမဖြစ်ပြီး အိမ်ရှင်မိန်းမသည် သားသည်မိခင် ဖြစ်နေ၏။ သားသမီး မွေးတိုင်းလည်း ပုန်းမကြည်နတ်ဘီလူးမ၏အစားကိုခံနေရ၏။

တစ်နေ့သောအခါ ဘီလူးရန်ကိုကြောက်၍ မိဘများထံသို့သွား၍ သားမွေးပြီးပြန်လာကြရာ ထိုအချိန်က ပုန်းမကြည်နတ်ဘီလူးမသည်လည်း နတ်မင်းကြီးတစ်ယောက်၏အထံ၌ အလှည့်ကျ ဝေယျာဝစ္စသွားလုပ်နေရသဖြင့် နောက်ကျမှရောက်လာရာ မြတ်စွာဘုရားရှင်၏ကျောင်းတော်အနီးတွင် ဆုံတွေ့ကြ၏။

ကလေးမိခင်သည် ကျောင်းထဲသို့ဝင်ပြေးပြီး ကလေးကို ဘုရားရှင်အား လှူလိုက်၏။ ဘုရားရှင်က ဘီလူးမကိုခေါ်ပြီး အတိတ်ကိုဆောင်ကာ 'သမင်မွေးရင်း ကျားစားရင်း' စသော ဇာတ်ကြောင်းကို ဟောတော်မူသောကြောင့် ဘီလူးမ အကျွတ်ရပြီး သောတာပန်ဖြစ်သွားလေ၏။ ထို့ကြောင့် ကလေး၏မိခင်နှင့် ချစ်ကျွမ်းဝင်ပြီး မေတ္တာပွားလျက် ကလေးမိဘများ၏ လယ်နားက သစ်ပင်ကြီးတွင်နေ၏။

ဘီလူးမက ရာသီဥတုအကြောင်းများကို နှစ်စဉ် ကလေးမိဘများအား ပြောပြထား၍ ရာသီဥတုနှင့်လိုက်ဖက်သော မျိုးစေ့များကို စိုက်ပျိုးကြရာ အသီးအနှံများစွာရသဖြင့် မကြာမီ ချမ်းသာသွားကြ၏။

အခြားလူများက မေးကြသောအခါတွင်လည်း သူတို့မှာ အစ်မကြီး (ပုန်းမကြည် နတ်ဘီလူးမကြီး) ရှိကြောင်း၊ အစ်မကြီးက ရာသီဥတုအကြောင်းကိုပြောပြထား၍ သူတို့မှာ စပါးများများရသဖြင့် ယခုကဲ့သို့ ချမ်းသာလာကြောင်း စသည်ဖြင့် ပြောပြကြ၏။

ထို့ကြောင့် အခြားလူများကပါ ကိုးကွယ်လာကြ၍ ယခုအချိန်ထိ အစဉ်အဆက်အားဖြင့် အညာဒေသအချို့တွင် ပုန်းမကြည်နတ်ဘီလူးမ ပူဇော်ပွဲများ ပြုလုပ်လေ့ရှိကြောင်း စသည် စသည်ဖြင့်။

*(ငယ်စဉ်က အဘိုးအဘွားတို့ အိပ်ရာဝင်ပုံပြင်ပြောပြသည်ကိုသာ*

*မှတ်မိသမျှ ရေးလိုက်၏။ ဟောတရားအဖြစ်လည်း ကြားဖူး၏။ စာပေဖြင့် မလေ့လာရသေးပေ။)*

ဆိုခဲ့သည့်အတိုင်း အထက်ပါဇာတ်လမ်းတွင် မှတ်သားဖွယ်နှစ်ချက် တွေ့ရ၏။ တစ်ဦးနှင့်တစ်ဦး မေတ္တာမထားနိုင်ခဲ့ကြသောကြောင့် ဘဝများ စွာ ဆင်းရဲဒုက္ခများခဲ့ကြရ၏။ မြတ်စွာဘုရားရှင်နှင့်တွေ့၍ အတိတ်ဇာတ် ကိုနာကြားရမှ မကောင်းမှုကိုပယ်ဖြတ်ကာ မေတ္တာသက်ဝင်သဖြင့် ချမ်းသာ သုခကို ခံစားကြရ၏။

ထို့ကြောင့် မေတ္တာကင်းကြောင်းဖြစ်သော ဒေါသသည် ဆိုးကျိုးကို ပေး၍ မေတ္တာပွားခြင်း အ,ဒေါသသည် ကောင်းကျိုးကိုပေးသည့်အကြောင်း ဒီဇာတ်လမ်းက သက်သေခံ၏။

လူတိုင်းသည် ချမ်းသာချင်ကြ၏။ ချမ်းသာချင်သော်လည်း လက်ရှိ လောဘ၊ ဒေါသကို အခွာရခက်၏။ လက်ရှိ လောဘ၊ ဒေါသကို အခွာ ရခက်သောကြောင့် လမ်းမှန်မှ သွေဖည်၍ ဝါသနာအလျောက် ကိလေသာ နောက်ကိုလိုက်နေမိကြ၏။

ထို့ကြောင့် တစ်ဖက်စွန်းသို့ရောက်ကာ ကောင်းမွန် မှန်ကန်သော နဂိုမူလအင်အားများ ယုတ်လျော့ပြီး ခါးဆစ်တိုင် နစ်ကျွံနေသည်ကိုပင် ပြန်လည်အဖတ်ဆယ်ရန် သတိမရကြ။ ငါမှန်သည်၊ လျှော့ပေးစရာမလိုဟု အကြောင်းပြကာ ဆက်ပြီးလိုက်၊ ဆက်ပြီးမိုက်နေမိသဖြင့် စုံးစုံးမြုပ်ရသည့် အဖြစ်သည်လည်း များစွာပင်ရှိလေ၏။

မေတ္တာသည် လူတိုင်း ပုဂ္ဂိုလ်အတွက် အဓိကလိုအပ်၏။ မေတ္တာ သည် အအေးဓာတ်၊ ချမ်းသာကြောင်း ဖြစ်၏။ မေတ္တာ၏ဆန့်ကျင်ဘက် ဖြစ်သော ဒေါသသည် အပူဓာတ် ဆင်းရဲကြောင်း ဖြစ်၏။

**ပဟာတဗ္ဗ** - ပယ်အပ်သောတရား၊ **ဘာဝေတဗ္ဗ** - ပွားအပ်သော တရားဟု ဉာဏ်၌ခွဲခြားသိလျှင် ပညာရှိ၊ ပယ်အပ်သည်ကိုပယ်၍ ပွားအပ် သည်ကိုပွားများနေလျှင် သူတော်သူမြတ်။

ငါသည် သေတတ်၏။ တစ်ပါးသူတို့သည်လည်း သေတတ်၏ဟု ကောန်သိ၍ လောဘ၊ ဒေါသ၊ မောဟ ထူပြောစွာဖြင့်ရရှိထားသော ဘုန်းလာဘ်သပ်ပကာတို့သည် ဘုန်းရှင်ကံရှင်ကိုပင် ပြန်၍အန္တရာယ်ပြုနိုင်သည်ကိုနားလည်သဖြင့် တကယ်လိုအပ်သော ပဓာနအလုပ်ကို အာရုံစိုက်သင့်လှ၏။ မေတ္တာသည် ကမ္ဘဋ္ဌာန်းတရားဖြစ်၍ မဂ်ကိုပင် ရနိုင်အားရှိ၏။

မြို့ကြီးတိုင်း၌ ကားကြီး၊ ကားငယ်တို့သည် ရှိကုန်၏။ လိုင်းကားတို့သည် မှတ်တိုင်းများစွာကို တစ်တိုင်ဝင်၊ တစ်တိုင်ထွက် အန္တရာယ်များစွာဖြင့် ခရီးနှင်ရ၏။ ကိုယ်ပိုင်ကားတို့သည်ကား တစ်ကြောင်းတည်းဖြင့် လိုရာခရီးကိုရောက်နိုင်၏။

ကုသိုလ်များစွာတို့တွင် အနိမ့်ဆုံးဖြစ်သည့် ဒါနပြုလုပ်လျှဒါန်းလိုလျှင်ပင် ငွေကြေးအမြောက်အမြားလိုအပ်၏။ မေတ္တာဘာဝနာပြုပွားလိုလျှင်ကား ခန္ဓာရှိရုံဖြင့်ပင် လုံလောက်နေ၏။

❒

## မာရ်မင်း၏လှည့်ကွက်

မာရ်မင်း၏လှည့်ကွက်သည်ကား ကျယ်လည်းကျယ်၊ နက်လည်းနက်၏။ ပရိယာယ်လည်းများ၏။ အင်အားလည်းကြီး၏။ အချုပ်အဖမ်းလည်း ပက်စက်၏။ ထို့ကြောင့် ပဓာနလုပ်ငန်းပျက်ပြုန်းကြရသည်မှာလည်း ၎င်းနှင့် များစွာသက်ဆိုင်၏။ ဘုရားရဟန္တာများကိုသာ နှောင့်ယှက်သည်မဟုတ်၊ ကုသိုလ်အလုပ်အားလုံးကိုပင် သူ၏ကွန်ရက်ဖြင့်ဖြန့်ကြက်၍ ရနိုင်သည့်ဘက်က ချေဖျက်၏။

မည်သို့ပင်ဆိုစေကာမူ ပုထုဇဉ်ပင်ဖြစ်စေလျက် ဦးတည်ချက်မှန်လျှင် ထိုက်တန်သောရလဒ်ကိုယူနိုင်ကြသည်သာ ဖြစ်၏။ ပင်ကို ဖြောင့်မှန်ခြင်းသည် အဓိကကျသဖြင့် ဦးတည်ချက်မယွင်းဖို့သာလို၏။ အပြောတွင်မှန်သော်လည်း အလုပ်နောက်ကျန်ခဲ့လျှင်ကား ဘိန်းပစ်၍ အမှုဆင်

အဖမ်းဆီးခံရသည်ထက်ပင် ဆိုး၏။

ကုသိုလ်သည် ရှစ်ပါး၊ ငါးပါး၊ လေးပါးဟု ဘုံပုဂ္ဂိုလ်အလိုက် သီးခြား စီရှိသော်လည်း အ,ကုသိုလ်ကား ဆယ့်နှစ်ပါးလုံး အပြည့်လိုက်၏။

(၃၁) ဘုံ၏ဆွဲငင်အား ကြီးမားပြင်းထန်နေခြင်းမှာ အကုသိုလ်အင်အားများပြားနေ၍ ထွက်ခွာရန် တွန့်ဆုတ်နေသူတို့အား အပြစ်ဟုမဆိုသာသော်လည်း အပြစ်သာဖြစ်၏။

တရားကျင့်သူကို တရားကသာ စောင့်ရှောက်၏။

သူတော်ကောင်းတရားသည် ပျက်စီးခြင်းမရှိ။

**(မဟာသုတသောမဇာတ်)**

မေတ္တာနှင့်နေလျှင် လောဘ၊ ဒေါသကို သီးသန့်ရှောင်စရာမလို။ ဤသည်ကိုပင် နားမလည်၍ ရှောင်စရာမလို ဆိုတာ ဘာလဲဟု မေးလာလျှင် ဖြေစရာမရှိ။

**ရှိသည်ကို အရှာရလွယ်၏။ မရှိသည်ကို အရှာရခက်၏။**
**ရှာသော်လည်း မရ။**

**(စွန်းလွန်းဂူဆရာတော်)**

ကုသိုလ်ရအောင်နေ၊ ဒေါသနှင့်ယှဉ်သော ဝိတက် (ဝိတက် = ကြံစည်စိတ်ကူး) မဝင်စေနှင့်။ စကားခွန်းတိုင်း ခြေလှမ်းတိုင်း မေတ္တာမလွတ်စေနှင့်။ မေတ္တာပို့ခြင်းသည် သူတစ်ပါးတို့အား ချမ်းသာစေသလို ပို့သူကိုလည်း စောင့်ရှောက်၏ဟု သူတော်ကောင်းတို့ ဆုံးမကုန်၏။

မေတ္တာပို့၍မရနိုင်ခြင်းမှာ မေတ္တာ၏အားနည်းချက် မဟုတ်၊ ပို့သူ၏အားနည်းချက်သာ ဖြစ်၏။ မေတ္တာပို့ခြင်းသည် လူမှုရေး, စီးပွားရေး, အာဏာရာထူး ရရှိရေးလော၊ ကျော်စောထင်ရှား လူသိများရန်အတွက်လော၊ လာဘ်လာဘနှင့် စည်းစိမ်ဥစ္စာရရှိရေးအတွက်ပေလော၊ ရန်သူကို ကြောက်၍လော ဆန်းစစ်အပ်၏။

လုပ်သမ္မ (၃၁) ဘုံဝက်ပါမှ လွတ်ရက်မမြင်သေး။ ရေစက်ခွက်သည် မီးထတောက်ရန် အကြောင်းခံနေရ၏။ ရတောင့်ရခဲ လူ့ဘဝ၏အနှစ်သာရ သည် လောင်စာမျှသာဖြစ်နေ၏။ ဒုက္ခသည် အဖြေထွက်၏။ ရလဒ်သည် သုညကြွင်း၏။ သင်သည် သေရာညောင်စောင်းသို့ တစ်ကြောင်းတည်း သောလမ်းဖြင့် သွားနေ၏။

လူဝတ်ကြောင်များ ရဟန္တာဖြစ်လျှင် ထိုနေ့၌ ရဟန်းမပြုပါက ပရိနိဗ္ဗာန်စံရသည်ဟု မိလိန္ဒပဉှာက ဆို၏။ အရိယာသူတော်ကောင်းတို့၏ဘဝ သည် မည်မျှအထိအေး၍ ပုထုဇဉ်တို့၏ဘဝသည် မည်မျှအထိ ပူလောင် သည်ကို နှိုင်းဆ၍သိနိုင်၏။ သေသည်အထိပင် ပူလောင်၏။

သူတော်ကောင်းသည် လောက၌ ရှားရှားပါးပါး တစ်ယောက် တလေသာ ပေါ်ထွန်းတတ်၍ အလွန်နည်း၏။ သူတော်မကောင်းတို့သည် ကား အလွန်များ၏။ ထို့ကြောင့် လောကသည် မှောင်မိုက်ခြင်းကသာ ကြာရှည်နေ၏။ (အန္ဓိဘူတော အယံလောကော) နေ၊ လသည်ကား တစ် စင်းတည်း။

ထိုသို့သဘောရှိသောကြောင့် လက်ရှိဘဝနှင့် အသိဉာဏ်ရှေ့သွား ရှိခြင်းသည် မည်မျှအထိ ပဓာနကျကြောင်း၊ ဘဝတိုင်းသည် ချမ်းသာမရှိ ဆင်းရဲအတိဖြင့် မည်မျှအထိ ပူလောင်ကြောင်း ဆင်သွားသကဲ့သို့ ထင် ရှား၏။

❒

## ဘိသဇာတ်တော်

ဗာရာဏသီသူဌေးသား မဟာကဥ္စနသည် မိတ်ဆွေတစ်ယောက်၊ အမှုလုပ်ဇနီးမောင်နှံနှစ်ယောက်၊ ညီတော်ခြောက်ယောက်၊ ညီမတော်တစ် ယောက်တို့နှင့်အတူ တောထွက်၍ ရသေ့ဝတ်ကြ၏။ သစ်သီးဝလံ၊ ကြာရိုး ကြာစွယ်တို့ကို အလှည့်ကျ ရှာဖွေ၍ ဝေစုချစားသောက်ကာ တရားကျင့်

ကြ၏။

သိကြားမင်းက ၎င်းတို့၏သီလအကျင့်တရားများကို သိရှိကြည်ညို လို၍ နောင်တော်ရသေ့ကြီး၏ရရှိသောဝေစုကို သုံးရက်တိတိ သို့ဝှက်ထား ၏။ ထို့ကြောင့် တစ်စုံတစ်ယောက်က ခိုးဝှက်စားသောက်နေသည်ဟုထင်၍ အသီးသီး သစ္စာဆိုကြ၏။ သစ္စာဆိုကြပုံမှာ အထူးမှတ်သားဖွယ်ကောင်း၏။

"ကျွန်ုပ်သည် သစ်သီးဝလံနှင့် ကြာရိုးကြာစွယ်တို့ကို ခိုးယူ စား သောက်မိပါလျှင် သားမယား၊ ခြွေရံသင်းပင်း မြောက်မြားစွာနှင့် အလွန် အမင်း ချမ်းသာကြွယ်ဝသောသူဌေးကြီး ဖြစ်ရပါစေသား"

". . . ရေမြေပိုင်သ အစိုးရသော ပြည့်ရှင်မင်းကြီး ဖြစ်ရပါစေသား"

". . . မိဖုရားခေါင်ကြီး ဖြစ်ရပါစေသား"

". . . မင်းဆရာ ပုရောဟိတ်ကြီး ဖြစ်ပါစေသတည်း"

". . . မြို့ရွာအနီး၌ မင်းသူဌေး၊ ပြည်သူပြည်သားများ ကြည်ညို သောရသေ့ကြီး ဖြစ်ပါစေ"

ကျောင်းသခ်မ်းအနီးတွင်နေသော ရုက္ခစိုးနတ်ကြီးကလည်း-

". . . မင်းအမတ်၊ သူဌေးသူကြွယ်တို့ကိုးကွယ်ကြသော ကျောင်း တိုက်ကြီးကိုအုပ်စီး၍ နဝကမ္မအလုပ်များသော ဆရာတော်ကြီး ဖြစ်ရပါ စေရဲ့"

စသည်ဖြင့် မိမိတို့ မခိုးကြောင်းကို အသီးသီးကျိန်ဆိုကြ၏။

အိမ်မှုကိစ္စ၊ တိုင်းရေးပြည်ရာ၊ နဝကမ္မအဝဝအဖြာဖြာတို့သည် သံ လျောင်ချိုင့်သွင်းပြီး မီးရှို့ခံရသည်ထက်ဆိုးသည်ဟု ရည်ရွယ်၍ ကျိန်ဆိုကြ ခြင်း ဖြစ်၏။ မိမိကိုယ်မိမိ ယုံကြည်အားကိုးသူတို့၏နှလုံးသားမှလာသော သစ္စာစကားဟုဆိုလျှင်လည်း မှန်၏။

မိမိကိုယ်ကို အားမကိုးသူတို့သည် ဘဝတစ်ခုလုံး ဆုံးရှုံးခြင်းဘက် သို့ ဦးတည်နေသဖြင့် သနားစရာအကောင်းဆုံး ဖြစ်၏။ လောကုတ္တရာ ဘက်သို့မရောက်နိုင်၊ မရောက်တတ်သော်လည်း အနိမ့်ဆုံးအပါယ်မှသည်

လူ့ပြည်၊ နတ်ပြည်သို့ဦးတည်လျှင် တော်သေး၏။ အပါယ်သို့သာ ဦးစိုက်နေခဲ့ပါလျှင် . . .။

* * *

(၂)

## ၇။ မေတ္တာအကျိုး ဓမ္မရသ (၁)

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါကပင် မေတ္တာစျာန်ကမ္မဋ္ဌာန်းကို ဝင်စားသည့်အရာ၌ အသာဆုံး၊ အမြတ်ဆုံးသော ပုဂ္ဂိုလ်တစ်ပါးကိုညွှန်ပြပါဟုဆိုလျှင် အရှင်သုဘူတိကိုသာ ညွှန်ပြအပ်၏။ အရှင်သုဘူတိသည် မေတ္တာစျာန်ကိုဝင်စားသည့်အရာ၌ အသာဆုံး၊ အမြတ်ဆုံးသော ဧတဒဂ်ဘွဲ့ထူးကြီးကို ခံယူရရှိထားသောပုဂ္ဂိုလ်ထူး ဖြစ်၏။

အရှင်သုဘူတိကား ဧတဒဂ်ဘွဲ့ထူးတစ်ခုတည်း မဟုတ်၊ အရဏဝိဟာရမည်သော ဘွဲ့ထူးဧတဒဂ်ကြီးကိုလည်း ရရှိပိုင်းဆိုင်ထား၏။ အရဏဝိဟာရ ဟူသည်မှာ တရားဟောကြားရာ၌ လောကီရေးရာ မရောထွေး၊ မည်သည့်အကြောင်းအရာကိုမျှ ရည်ညွှန်းထည့်ဟောခြင်းမရှိ။

ဘုရားရှင်ဟောပြောဆုံးမတော်မူသည့်နည်းအတိုင်း ပါဠိတော်ကို ဓမ္မဓိဋ္ဌာန်ကျကျသာလျှင် ဟောကြားလေ့ရှိ၏။ ဤသည်ကိုပင် အရဏဝိဟာရဟုခေါ်၏။ အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်တို့၏ ဓမ္မတာအတိုင်း အကောင်းဆုံးနှလုံးသွင်း နေထိုင်သီတင်းသုံးသော ပုဂ္ဂိုလ်မြတ်ကြီးဖြစ်၏။

❒

အရှင်သုဘူတိကား သာဝတ္ထိပြည်သားဖြစ်၏။ ကျောင်းဒကာ အနာ

ထပိဏ်သူဌေးကြီးနှင့် ညီအစ်ကိုတော်၏။ ရုပ်ကြန်အင် ကြည်လင်လှပ၏။ ဉစ္စာကြွယ်ဝသော သူကြွယ်တစ်ယောက်လည်း ဖြစ်၏။ ဉစ္စာလည်းကြွယ်၊ ကြန်အင်လည်း လှပသဖြင့် အစစ ပြည့်စုံသောဘဝကို ပိုင်ဆိုင်ထားသူ ဖြစ်၏။

နောင်တော် အနာထပိဏ်သူဌေးကြီး ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ် ပြီးစီး၍ ကျောင်းအပ်နှင်းပူဇော ကျောင်းရေစက်ချ ပွဲတော် သဘင်သို့ နောင်တော်နှင့်အတူလိုက်ပါပြီး တရားနာယူ၍ သဒ္ဓါပေါက်ကာ သုဘူတိသူကြွယ် ဝတ်ကြောင်ကိုပယ်၍ ရဟန်းပြုခဲ့၏။

ပါရမီထူးသောပုဂ္ဂိုလ်မြတ် ဖြစ်သောကြောင့် တရားတော်ကို တစ်ကြိမ်နာကြားရုံဖြင့် သဒ္ဓါပေါက်ခဲ့၏။ လောကီနယ်ပယ်၌ ပြည့်ဝကုံလုံသော သူကြွယ်အဖြစ်မှ ရုန်းထွက်နိုင်ခဲ့၏။ ဉစ္စာစည်းစိမ်ကို အပြစ်မြင်၍ ကိလေသာကိုရွံမုန်းကာ ဘဝအားလုံးကိုလည်း အပြစ် ဟူ၍ ရှုမြင်နိုင်ခဲ့၏။

အရှင်မြတ်သုဘူတိမထေရ်သည် ရဟန်းဖြစ်စတွင် မဖြစ်မနေ လိုအပ်သောရဟန်းကျင့်ဝတ် ပါတိမောက်သိက္ခာကို ဦးစွာပထမ သင်ယူ၏။ ထို့နောက် ပိဋကတ်တော်နှင့် ကမ္မဋ္ဌာန်းဘာဝနာကိုလည်း တစ်သဝေမယွင်း လင်းလင်းကြီးနားလည်ရရှိအောင် သင်ယူမှတ်သား၏။ ထို့နောက်တွင်မှ သံသရာဇာတ်ကို အပြီးသတ်ဖြတ်တောက်ရန် တောရဝင်တော်မူ၏။

ဦးစွာပထမ ပွားများအားထုတ်သည်မှာ မေတ္တာကမ္မဋ္ဌာန်းဘာဝနာ ဖြစ်၏။ မေတ္တာကမ္မဋ္ဌာန်းဘာဝနာကို အခြေခံမှစ၍ နိုင်နင်းစွာဖြင့် ပွားများ အားထုတ်ပြီးမှ ဈာန်ကိုအခြေခံကာ ဝိပဿနာကိုပွား၍ ကာလမကြာမြင့်မီ အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်တော်မူ၏။

ထို့ကြောင့် မြတ်စွာဘုရားရှင်၏သာသနာတော်၌ အဓိကအခြေခံ အကျဆုံးသောတရားကြီးသည် မေတ္တာဘာဝနာကမ္မဋ္ဌာန်းသာလျှင် ဖြစ်၏။ မေတ္တာဘာဝနာကမ္မဋ္ဌာန်းသည် သက်ရှိသတ္တဝါအားလုံးတို့နှင့်ဆိုင်၏။ သာမန်အရာဌာနတို့မှသည် လောကလွတ်၊ ဘဝလွတ်၊ အရဟတ္တမဂ်၊ ဖိုလ်မှသည် နိဗ္ဗာန်တိုင်အောင် ခရီးပေါက်၏။

အရှင်သုဘူတိသည် မေတ္တာစျာန်သမာပတ်ကိုဝင်စားရာ၌ နှစ်ပါးမရှိ အမြတ်ဆုံးဖြစ်တော်မူ၏။ ရဟန်းဘဝ၏လုပ်ငန်းအရပ်ရပ်တို့ကိုလည်း မေတ္တာကိုအခြေခံ၍သာ စ,ခဲ့၏။ မေတ္တာမှသာ ကူးယှက်ဆက်နွယ်၍ အရာရာကို ပြီးမြောက်အောင်မြင်စွာဖြင့် ဖြတ်သန်းခဲ့၏။

အရှင်သုဘူတိသည် ဆွမ်းတော်ခံကြွရာ၌လည်း အိမ်တိုင်းရှေ့တွင် ရပ်လျက် ဦးစွာမေတ္တာကို ပွားထုံ၏။ မေတ္တာစျာန်သမာပတ်မှထပြီးမှ ဆွမ်းကိုခံယူ၏။ ဤနည်းဖြင့်ပင် ရာသက်ပန်ဆွမ်းဝတ်ကိုပြု၏။ မေတ္တာလွတ်သောအရာမရှိ။ ဌာနတိုင်းမှာပင် မေတ္တာကိုလက်ကိုင်ပြု၏။

သာသနာ့ဝင် အရှင်ကောင်းအရှင်မြတ်တို့ အတုယူလက်ကိုင်ထားအပ်သော ပဓာနအချက်ကြီးပင် ဖြစ်၏။ ဤသို့ ဆွမ်းခံခြင်းဖြင့် ဒကာ၊ ဒကာမတို့လည်း အကျိုးများ၏။ ဘေးရန်လည်းလုံ၏။ ဆွမ်းဖိုးလည်းကျေ၏။ အန္တရာယ်လည်းကင်း၏။ နှစ်ဦးနှစ်ဖက် အကျိုးများသော အခြေခံတရားကြီး ဖြစ်၏။

**သုခိတာဟောထ** - ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

**ဒုက္ခာ မုစ္စထ** - ခပ်သိမ်းသော ဆင်းရဲဒုက္ခမှ ကင်းငြိမ်းကြပါစေ။

ဤမျှဆိုလျှင်ပင် လုံလောက်၏။ ဤသည်ကို အကျယ်ချဲ့လျှင်လည်း (၃၁) ဘုံတိုင် ကျယ်ပြန့်၍ နက်လည်းနက်၏။ ပိဋကတ်သုံးပုံကြီးကိုလည်း ခြုံမိ၏။ စာနှစ်ပိုဒ်တည်းကြောင့် ဝန်လည်းနည်း၏။ မဆောင်နိုင်သူကားမရှိ။ လူရော ရဟန်းပါ ချမ်းသာစွာဖြင့် လွယ်လွယ်ကူကူ ဆောင်နိုင်၏။ နေထိုင်သွားလာလုပ်ကိုင်ရင်း ပွားများနိုင်သောကြောင့် ကုသိုလ်ထူးကြီးကိုလည်းရ၏။

ဥစ္စာစည်းစိမ် ကာမအိမ်မှဖဲခွာ၍ သာသနာတော်သို့ဝင်ရောက်ကြရာ၌ မိမိတို့၏အကျိုးကို ပြီးစေခြင်းငှာ ဒကာ၊ ဒကာမတို့၏ဆွမ်းကိုသာ ခံယူဘုဉ်းပေးသုံးဆောင်ကြရသဖြင့် ဆွမ်းရှင်တို့လည်း အကျိုးများ၊ ဆွမ်းကြွေးလည်းကျေစေရန် အနည်းဆုံး မေတ္တာကို လက်ဖျစ်တစ်တွက်သော်လည်း ပွားရမည်ဖြစ်ကြောင်း ဇေဂုတ္တရ အဋ္ဌရာသဃာကသုတ်၌ ဟော

တော်မူ၏။

ရှင်ရဟန်းတို့အတွက်ရော ဆွမ်းဒါယကာ၊ ဒါယိကာမတို့အတွက်ပါ (မေတ္တာပို့ပွားသူအတွက်ရော မေတ္တာခံပုဂ္ဂိုလ်တို့အတွက်ပါ) ဟောကြားတော်မူခဲ့၏။ အားစိုက်ရန်မလိုဘဲ အနှစ်ကိုချည်း ရယူနိုင်သည့် တရားထူးကြီးလည်း ဖြစ်၏။ နှစ်ဦးနှစ်ဖက် အကျိုးများသော တရားထူးကြီးလည်း ဖြစ်၏။

ထို့ကြောင့် အရှင်မြတ်သုဘူတိသည် မေတ္တာစျာန်ကမ္မဋ္ဌာန်းကိုဝင်စား၍ ကိုးကွယ်လောင်းလှူကြသည့် ဒါယကာ၊ ဒါယိကာမတို့အကျိုးများရန် အလှူခံသူတို့တွင် အရှင်သုဘူတိသည် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ကို အပ်နှင်းခံယူခဲ့ရ၏။

အရဏဝိဟာရအနေဖြင့်လည်း ဘုရားရှင်၏ ဟောတော်မူသည့်အတိုင်း ဓမ္မဓိဋ္ဌာန်ကျကျ ဟောကြားနိုင်သည့်ပုဂ္ဂိုလ်တို့တွင်လည်း အရှင်သုဘူတိမထေရ်သည် အသာဆုံး အမြတ်ဆုံးဟု မိန့်တော်မူကာ အရဏဝိဟာရဧတဒဂ်ဘွဲ့ကို အပ်နှင်းတော်မူသဖြင့် ဧတဒဂ်နှစ်ထပ်အပ်နှင်းခံရသောပုဂ္ဂိုလ်ထူးအဖြစ် ထင်ရှား၏။

ဤနှင့်စပ်၍ ဥပရိပဏ္ဏာသ အဋ္ဌကထာ အရဏဝိဘင်္ဂသုတ်အဖွင့် ၁၉၃ တွင်လည်း ကြည့်ညိုလေဦး။

အရှင်မြတ်သုဘူတိသည် ရဟန်းကောင်းတို့ မဖြစ်မနေတတ်ထားအပ်သော အခြေခံ ပရိယတ်၊ ပဋိပတ်မှသည် လောကုတ္တရာလမ်းဆုံးတိုင်အောင် ပြီးမြောက်အောင်မြင်ခဲ့ပြီ ဖြစ်၏။ ထိုက်တန်ပြီး မြင့်မြတ်သော ဧတဒဂ်ဘွဲ့ထူးကြီးနှစ်ရပ်ကို ရရှိ ပိုင်ဆိုင်ခဲ့ပြီ ဖြစ်၏။ ပါရမီအလျောက် အထက်တန်းကျကျ ပြည့်စုံပြီဟုလည်း ဆိုရ၏။

မိမိ၏ လိုအပ်သောအရပ်ရပ်တို့ ပြည့်စုံပြီးနောက် အရှင်သုဘူတိသည် သတ္တဝါတို့အား ချီးမြှောက်လိုသည်ဖြစ်ရာ ရာဇဂြိုဟ်ဘက်သို့ ခရီးမြတ် ဒေသစာရီ ကြွချီ၍လာ၏။ ရဟန်းတို့ ဟူသည်မှာ မိမိတို့၏ကိစ္စပြီးမြောက်လျှင် သူတစ်ပါးတို့ကိစ္စကို ဆောင်ရွက်ရမြဲဓမ္မတာ ဖြစ်၏။

ဗိမ္ဗိသာရဘုရင်သည် အရှင်မြတ်သုဘူတိ ရာဇဂြိုဟ်ဘက်သို့ကြွလာတော်မူသည်ကို ကြား၏။ ဗိမ္ဗိသာရဘုရင်ကား မင်းကျင့်တရားနှင့်ညီသည့် သောတာပန်ကြီး ဖြစ်၏။ တိုင်းရေးပြည်ရာနှင့် သာသနာတော်၏အရေးတို့ကို ညီစွာဆောင်၏။ သာသနာပြုမင်းတို့တွင် အထွတ်ဖြစ်၏။

သာသနာပြုမင်းမြတ်ကြီး ဖြစ်တော်မူသည့်အလျောက် အရှင်မြတ်သုဘူတိကြွလာတော်မူသည်ကိုကြားသိရသောအခါ ချက်ချင်းပင် နန်းတော်မှ ကိုယ်တော်တိုင်ထွက်ကြွ၍ ခရီးဦးကြိုပြုလေ၏။ အရှင်မြတ်သုဘူတိအား ရှိခိုးဦးချပြီးနောက် အကြောင်းစုံကို လျှောက်ထားမေးမြန်းတော်မူ၏။

"အရှင်မြတ်ဘုရား၊ အဘယ်ခရီးကိုကြွချီတော်မူပါသနည်း"

"ဒကာတော်မင်းကြီး၊ ငါသည်ကား ရဟန်းတို့၏ကိစ္စနှစ်ရပ်လုံး ပြီးမြောက်ကုံလုံ၍ သတ္တဝါအပေါင်းတို့အား ချီးမြှောက်လိုပါသဖြင့် ဒေသစာရီကြွမြန်းလှည့်လည်တော်မူသည်။ မည်သည့်ခရီးကိုဟု တိတိကျကျ သတ်မှတ်၍လည်းမထား။ သင့်လျော်သောအရပ်ဒေသ၌ သာသနာပြုရန်သာ ကြွတော်မူလာခြင်း ဖြစ်သည်"

"ဤသို့ဆိုပါမူ တပည့်တော်တို့၏ ရာဇဂြိုဟ်ပြည်သူပြည်သားများကိုလည်း သနားတော်မူခြင်းဖြင့် အရှင်မြတ်၏တရားဓမ္မကို ချီးမြှောက်တော်မူပါဘုရား။ တပည့်တော်သည်လည်း အရှင်မြတ်အား ပစ္စည်းလေးပါးဖြင့် လှူဒါန်းပူဇော်လိုလာသဖြင့် ယခုပင်လျှင် ကျောင်းဆောက်ပါတော့မည်"

အရှင်မြတ် သုဘူတိသည် ဗိမ္ဗိသာရဘုရင်၏ ပင့်လျှောက်ခြင်းကို လက်ခံတော်မူ၏။ ဤရာဇဂြိုဟ်ဒေသ၌ အရှင်မြတ်အဖို့ နယ်သစ်ပြည်သစ်ဒ၊ဖြစ် သာသနာပြုရန်ကိုလည်း သဘောကျ၏။ မိမိနှင့်ကြုံကြိုက်၍ ကျွတ်ထိုက်သောသတ္တဝါများအား တရားဓမ္မဟောပြောပြသ၍ ကယ်ချွတ်ရန်လည်း ဆုံးဖြတ်၏။

ဗိမ္ဗိသာရဘုရင်ကား ကျောင်းဆောက်၍လှူပါမည်ဟု စကားအရာဖြင့် အရှင်မြတ်သုဘူတိအား ပင့်လျှောက်ထားသော်လည်း မေ့လျော့၍

နေ၏။ ကျောင်းကား ဆောက်၍မလှူပေ။ ဦးတိုက် ပင့်လျှောက်ထားသည့် ဗိမ္ဗိသာရဘုရင်က ကျောင်းဆောက်၍ မလှူသောကြောင့် အရှင်မြတ် သုဘူတိမှာ လွင်တီးခေါင်တွင် သီတင်းသုံးနေတော်မူရ၏။

အရှင်မြတ်သုဘူတိလည်း ဗိမ္ဗိသာရဘုရင်အား ကျောင်းဆောက်၍ မလှူခြင်းနှင့်ပတ်သက်၍ နောက်တစ်ဖန် မိန့်ကြားအလှူခံခြင်းမပြု။ ဗိမ္ဗိ သာရဘုရင်ကလည်း ဤကိစ္စနှင့်ပတ်သက်၍ အမှတ်သတိရ၍မလာ။ တစ် ကြောတည်းမေ့လျော့၍သာနေလေ၏။

ထိုအခါ ပြဿနာတစ်ခုပေါ်လာလေ၏။

အရှင်မြတ်သုဘူတိ၏တန်ခိုးတော်ကြောင့် မိုးလုံးဝမရွာဘဲရှိလေ၏။ အရှင်မြတ်က ဖန်တီးခြင်း မဟုတ်။ လွင်တီးခေါင်၌ သီတင်းသုံးနေရသော အရှင်မြတ်သုဘူတိကို ကြည်ညိုသနားကြသည့်နတ်များက မိုးရွာလျှင် မိုး ရေပြင်၌ အရှင်မြတ်သုဘူတိ ဒုက္ခရောက်ရမည်ကို မလိုလား၍ တမင် တကာ မိုးကိုတားမြစ်ထားကြခြင်း ဖြစ်၏။

မိုးမရွာသောကြောင့် တိုင်းသူပြည်သားတို့လည်း များစွာဒုက္ခရောက် ကြရ၏။ သောက်သုံးရေ မရရှိခြင်း၊ လယ်ယာဥယျာဉ်စိုက်ပျိုး၍ မဖြစ် ထွန်းခြင်း၊ စိုက်ပျိုးရှင်သန်ပြီးသော လယ်ယာဥယျာဉ် စားပင်သောက်ပင် များ သေကျေပျက်စီးခြင်း စသော ပြဿနာအမျိုးစုံတို့သည် တစ်မျိုးပြီး တစ်မျိုးတက်လေ၏။

အရှင်မြတ်သုဘူတိမှာလည်း လွင်တီးခေါင်တွင် သီတင်းသုံးနေရ ခြင်းကြောင့် လွန်စွာ ဆင်းရဲဒုက္ခရောက်ရ၏။ ရွာချိန်ရောက်၍ မိုးမရွာလျှင် နေအပူရှိန်သည်လည်း လွန်စွာပြင်း၏။ မိုးမရွာခြင်းကြောင့် နေပူရှိန်ကဲနေ ချိန်တွင် လေသည်လည်း တိတ်၍နေတတ်၏။ ထို့ကြောင့် ပူပြင်းသောဒဏ် ကိုလည်း များစွာပင်ခံစားရ၏။

ပြည်သူပြည်သားတို့သည် ဤကိစ္စအလုံးစုံကို မခံစားနိုင်ကြသည့် အဆုံး အဓိကတရားခံဖြစ်သော ဘုရင်ဗိမ္ဗိသာရကိုအပြစ်တင်ကြ၏။ ဘုရင် မင်းကျင့်ဖြင့် မညီသောကြောင့် ဤကဲ့သို့ဖြစ်ရသည်ဟု ဆိုကြ၏။ နောက်

ထိုမျှမနေသေးဘဲ ဘုရင့်နန်းတော်တိုင် အုပ်စုဖွဲ့သွားလျက် ဆန္ဒပြကြ၏။

ဘုရင်ဗိမ္ဗိသာရလည်း ထိုအခါကျမှ ဆင်ခြင်မိ၏။ သူ၏မေ့လျော့နေမှုကြောင့် အရှင်မြတ်သုဘူတိမှာ ကျောင်းသခ်မ်းဗလာ လွင်တီးခေါင်နေရာ၌သာ သီတင်းသုံးနေထိုင်ရ၏။ ထိုအဖြစ်ကြောင့် မိုးနတ်သား မိုးမရွာစေ၍ ယခုကဲ့သို့ဖြစ်ရသည်ကို ကောင်းစွာသိလေ၏။ သို့မှ ကျောင်းဆောက်လှူရန်ကိုလည်း သတိရလေ၏။

ထို့နောက် ချက်ချင်းလျှင်ပင် မင်းချင်းတို့အားစေခိုင်း၍ ကိုယ်တိုင်လည်း ကြပ်မတ်ကာ သစ်ရွက်မိုး ကျောင်းတစ်ဆောင်ကို ဆောလျင်စွာ ဆောက်လုပ်၍ လှူဒါန်းလေ၏။ သစ်ရွက်မိုးကျောင်းလေးကို ဆောက်လုပ်လှူဒါန်း၍ ရေစက်ချပြီးမှ အရှင်မြတ်သုဘူတိသည် ကျောင်းထိုင်ကျောင်းပိုင် ဖြစ်ခဲ့ရ၏။

အရှင်မြတ်သုဘူတိမထေရ်သည် သစ်ရွက်မိုးကျောင်းကလေးထဲသို့ ကြွဝင်၍ နှီးမြက်အခင်းပေါ်တွင် သီတင်းသုံးမိလျှင်ပင် မိုးသည်လည်း ဖွဲဖွဲရွာစပြုလာ၏။ ရေကား မပါချေသေး။ အပူဓာတ်ကို မဆိုစလောက်လျော့ရုံမျှသာရှိ၏။ လိုအပ်သည့် မိုးနှင့် ရေကိုမူ မရရှိသေး။ ထို့ကြောင့် အရှင်မြတ်သုဘူတိသည် ဤသို့စဉ်းစား၏။

'ရွာသင့်အချိန်၌ မိုးသည် မရွာခဲ့။ မိုးမရွာ၊ ရေမရသောကြောင့် သတ္တဝါအပေါင်းတို့သည် မိုးရေရရှိရေးနှင့်ပတ်သက်၍ များစွာပင် အခက်အခဲဝဋ်ဒုက္ခတို့ဖြင့် ရင်ဆိုင်ခဲ့ကြရ၏။ ယခုတိုင်လည်း ရွာကာမတ္တသာ ရှိသေး၏။ လိုအပ်သောမိုးရေကိုမူ မရရှိနိုင်ကြသေးပေ။ သို့ဖြစ်၍ မိုးရွာသွန်းရေး၊ မိုးရေရရှိရေးသည် အဓိကအားဖြင့် ရဟန်းတို့နှင့်သာ ဆိုင်၏။ မင်းရဟန်းတို့၏ သီလ၊ မေတ္တာ၊ သစ္စာ၊ သမာဓိတို့နှင့် များစွာဆိုင်၏'

အရှင်မြတ်သုဘူတိသည် ပြည်သူပြည်သားနှင့် အများသတ္တဝါတို့အား သနားကြင်နာ၍ ကယ်မတော်မူလိုသောကြောင့် မိမိ၏အတွင်းစိတ်သန္တာန်သီလမှသည် ရရှိထားသည့် သမာဓိမမွတိုင်အောင် မြင့်မြတ်၍ စင်ကြယ်ပြီး ဘေးဥပဒ်အန္တရာယ် ရန်စွယ်အဝဝတို့မရှိပုံ အစုံစုံကို ဆင်

ခြင်ကာ သစ်ရွက်မိုးကျောင်းငယ်၏ နီးမြက်ခင်းပေါ်၌ထိုင်လျက် -

အသစ်စက်စက် အလှူခံရရှိထားသော ကျောင်းကန်၊ မိမိ၏သန္တာန်၌တည်လျက်ရှိသည့် အရဟတ္တမဂ်ဖိုလ်ဂုဏ်ပြုလျက် နိဗ္ဗာန်အာရုံ လေ့ကျင့်ပွားထုံစွဲမြဲလျက်ရှိသော မေတ္တာ၊ အရာရာအစုံစုံတို့ကို သိမ်းခြုံ၍ မေတ္တာ၊ သစ္စာအပြည့်ဖြင့် အောက်ပါဂါထာကို မိုးနတ်သားအား မေတ္တာစကားဆိုတော်မူလေ၏။

**ဆန္နော ကုဋိကာ သုခါ နိဝါတာ၊**

**ဝဿ ဒေဝ ယထာ သုခံ၊**

**စိတ္တံ မေ သုသမာဟိတံ ဝိမုတ္တံ၊**

**အာတာပိ ဝိဟာရာမိ ဝဿဒေဝ။**

"အို- မိုးနတ်ဒေဝါ နတ်ရာဇာ၊ ချမ်းချမ်းသာသာ မိုးလုံလေလုံ သပ္ပာယမျှတ ငါ၏ကျောင်းဝိဟာရသခ်မ်းသည်လည်း မိုး၍ကာ၍ ပြီးလေပြီ။ သို့ပြီးတကား သင်မိုးနတ်ရာဇာနတ်ဒေဝါသည် စိတ်တိုင်းသဘောကျရှိသလောက်သော မိုးပေါက်တို့ကို ရွာသွန်းပါလော့။

အို- မိုးနတ်ဒေဝါ နတ်ရာဇာ၊ ငါ၏စိတ်သည် ညစ်မတည်ဘဲ အရဟတ္တသမာဓိ၊ မဂ်မျက်စိဖြင့် တည်ကြည်မှုလည်းရှိသောကြောင့် သံယောဇဉ်အားလုံးမှ ကွင်းလုံးကျွတ်လွတ်ခဲ့လေပြီ။

ထိုသို့တပြီးကား ငါ့အား ပြုဖွယ်ကိစ္စမရှိပြီ ဟူ၍လည်း ကြောင့်ကြမဲ့မနေ။ တစ်လောကလုံးအနေဖြင့် ချမ်းသာစေလိုသော ဆန္ဒအာသီသဖြင့်သာ ဆွမ်းတော်ခံရာ အဝဝ ပြဟ္မဝိဟာရကို အိမ်စဉ်ပွားထုံ လုံလောက်သောဝီရိယကိုထားကာ အမြဲနေထိုင် ကျင့်ကြံလျက်ရှိပေ၏။

ထို့ကြောင့် သင်ရာဇာမိုးနတ်သားသည် ငါ့အား မေတ္တာတုံ့ပြန်သောအားဖြင့်၊ သတ္တဝါအပေါင်းတို့အားလည်း သနားသောအားဖြင့် မိုးကြီးသည်းထန် ယခုပင် ရွာသွန်းလေလော့"

အရှင်မြတ်သုဘူတိမထေရ်သည် ကမ္ဘာမြေကြီး တုန်ဟည်းမတတ်

ရှိသမျှသော ဓမ္မအင်အားဖြင့် သတ္တဝါအပေါင်းအား ချမ်းသာစေလိုသည့် စေတနာကိုရှေးရှုလျက် မေတ္တာ၊ သစ္စာကိုအရင်းတည်ကာ မိုးနတ်ရာဇာအား တိုင်တည်တောင်းဆိုလိုက်ရာ အရှင်မြတ်သုဘူတိ၏ တောင်းသည့်ဆန္ဒအတိုင်း မိုးကြီးသည်းထန်စွာသွန်လေ၍ သတ္တဝါအပေါင်းတို့လည်း ချမ်းသာရကြလေ၏။

အခြား အရှင်မြတ်သုဘူတိ၏မေတ္တာမှစ၍ ဓမ္မအင်အားတို့သည် ကား များစွာပင်ရှိ၏။ ဤ၌ မေတ္တာနှင့်စပ်သည့် တစ်ကွက်တစ်ရပ်မျှကိုသာ ထုတ်ပြခြင်း ဖြစ်၏။ မေတ္တာစျာန်နှင့် ဓမ္မခန်တို့သည် ပွားများသော ဤအရှင်တစ်ပါးကိုသာ လုံလောက်မှုချမ်းသာကိုပေးသည် မဟုတ်။ သတ္တဝါအရပ်ရပ်တို့ကိုပါ နည်းအထွေထွေ၊ သုခအမျိုးမျိုးဖြင့် ချမ်းသာခြင်းအကျိုးပေးသည့်အကြောင်းကို အကျဉ်းမျှပြခြင်းလည်း ဖြစ်၏။

ဤ၌လည်း အရှင်မြတ်သုဘူတိ၏ဂုဏ်သက်သက်ကိုသာ ဖော်ပြသည် မဟုတ်၊ အရှင်မြတ်သုဘူတိ၏မေတ္တာနှင့်စွမ်းအား စသည်တို့ကိုသာ အဓိကဖော်ပြခြင်းဖြစ်၏။ မေတ္တာ၏တာသွားပုံအကြောင်းကို လူတိုင်း၊ ပုဂ္ဂိုလ်တိုင်း သိစေချင်၏။ အားကျပြီး အတုယူစေလို၏။ ပွားများအားထုတ်၍ အကျိုးထူးများကိုလည်း ရစေလို၏။

အရှင်မြတ်သုဘူတိသည် ရဟန္တာမထေရ်မြတ် ဖြစ်သဖြင့် အရဏဝိဟာရဂုဏ်၊ မေတ္တာဂုဏ် စသည့် အကျိုးထူးကို ရစေသည် မဟုတ်။ စေတနာအရင်းခံဖြင့် ပွားများဖြည့်ကျင့်သူတိုင်း အကျိုးထူးဖြစ်သည်သာ ဖြစ်၏။ ဤအရှင်မြတ်သုဘူတိနှင့် အလားတူသောပုဂ္ဂိုလ်မြတ်နှစ်ပါးသည်လည်း မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့ဖူး၏။

တစ်ပါးမှာ လယ်တီဆရာတော်ဖြစ်ပြီး နောက်တစ်ပါးမှာ တိပိဋကဓရ မင်းကွန်းဆရာတော် ဖြစ်၏။ ဆရာတော်နှစ်ပါး၏အရဏဝိဟာရဂုဏ်နှင့် မေတ္တာစျာန်ဝိဟာရဂုဏ်များကိုလည်း အနည်းငယ်မျှ တင်ပြဦးမည်။ ဦးစွာ ရှေးအစဉ်ကျသော လယ်တီဆရာတော်၏အကြောင်းကို တင်ပြမည်။

❐

# လယ်တီဆရာတော်နှင့် မိုးမေတ္တာ

၁၂၆၈ ခုနှစ်က ဖြစ်၏။ ထိုအချိန်က လယ်တီဆရာတော်သည် ပြည်မြို့ ဝိပဿနာကုန်းတောရ၌ ဝါဆို၏။ ထိုနှစ်တွင် ထူးထူးခြားခြား ဟင်္သာတနယ်၌ နောက်မိုးမသိမ်း၍ လယ်သမားများ ဒုက္ခကြီးစွာရောက် နေကြရ၏။ နောက်မိုးမသိမ်းခြင်းကြောင့် စိုက်ထားသောစပါးများ ဆုံးရှုံး ရမည့်ကပ်ကြီး ဆိုက်ရောက်နေ၏။

ထိုအခါ ဧရာဝတီတိုင်းမင်းကြီး မက္ကဆွဲ (အင်္ဂလိပ်လူမျိုး) သည် နယ်သူနယ်သားတို့၏အကြံပေးချက်အရ ဆရာတော်ကိုပင့်၍ တရားပွဲပြု လုပ်ရန် အမိန့်ချ၏။ လူမျိုးခြား၊ ဘာသာခြားဖြစ်သော်လည်း တိုင်းသူပြည် သားတို့ ဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်လာရသောအခါ ဥပေက္ခာရှု၍မနေ နိုင်သည့်သဘော။

ထိုအခါ လယ်တီဆရာတော်သည် ငယ်စဉ်ရဟန်းငယ်ဘဝက ကုဋ္ဌိ ဆေးခြင်း၊ သောက်ရေ, သုံးဆောင်ရေတည်ထားခြင်း စသော နှစ်ပေါင်း (၂၀) ရေဝတ်ပြုခဲ့ဖူးသည်ကို ပြန်လည်ဆင်ခြင်နှလုံးသွင်း၏။ မိုးနတ်သား ကိုလည်း မေတ္တာပို့၏။ ထို့နောက်မှ သင်္ဘောဖြင့် ကြွ၏။ လမ်းခရီးတစ် လျှောက်တွင်လည်း မိုးနတ်သားအား မေတ္တာပို့၍သွား၏။

ဆရာတော် စီးနင်းလိုက်ပါလာသောသင်္ဘော ဆိပ်ကမ်းသို့ရောက် သည်နှင့် ရုတ်တရက် မိုးသားများဆင်းလာပြီး စ၍ရွာ၏။ မိုးပေါက်စိပ် လွန်းသောကြောင့် သင်္ဘောဆိပ်ကပ်ရန်ပင် အခက်အခဲရှိ၍ မြစ်ထဲတွင် ကျောက်ချပြီး တစ်နာရီခန့် ရပ်ဆိုင်းနေရ၏။ တစ်နယ်လုံး အံ့ဩ၍မဆုံး ဖြစ်ကြရ၏။ မိုးလည်း လုံလောက်သည်အထိ ရွာသွန်းလေ၏။

ဆရာတော်လည်း ထိုအချိန်မှစ၍ မိုးပရိတ်၊ မိုးမေတ္တာ စသည်များ ကိုအသုံးပြုကာ မိုးခေါင်ရေရှားဒေသသားတို့အား ကယ်မတော်မူ၏။ မိုး နတ်သားအား မေတ္တာပို့၍ရရှိသော အကျိုးကျေးဇူးများပင် ဖြစ်၏။ သတ္တဝါ အများ မိုးနှင့်ပတ်သက်၍ လက်တွေ့ အကျိုးကျေးဇူးကို ခံစားကြရ၏။

ရှိသမျှသော ဓမ္မအင်အားဖြင့် သတ္တဝါအပေါင်းအား ချမ်းသာစေလိုသည့် စေတနာကိုရှေးရှုလျက် မေတ္တာ၊ သစ္စာကိုအရင်းတည်ကာ မိုးနတ်ရာဇာ အား တိုင်တည်တောင်းဆိုလိုက်ရာ အရှင်မြတ်သုဘူတိ၏ တောင်းသည့် ဆန္ဒအတိုင်း မိုးကြီးသည်းထန်စွာသွန်လေ၍ သတ္တဝါအပေါင်းတို့လည်း ချမ်းသာရကြလေ၏။

အခြား အရှင်မြတ်သုဘူတိ၏မေတ္တာမှစ၍ ဓမ္မအင်အားတို့သည် ကား များစွာပင်ရှိ၏။ ဤ၌ မေတ္တာနှင့်စပ်သည့် တစ်ကွက်တစ်ရပ်မျှကိုသာ ထုတ်ပြခြင်း ဖြစ်၏။ မေတ္တာစျာန်နှင့် ဓမ္မခန်တို့သည် ပွားများသော ဤ အရှင်တစ်ပါးကိုသာ လုံလောက်မှုချမ်းသာကိုပေးသည် မဟုတ်။ သတ္တဝါ အရပ်ရပ်တို့ကိုပါ နည်းအထွေထွေ၊ သုခအမျိုးမျိုးဖြင့် ချမ်းသာခြင်းအကျိုး ပေးသည့်အကြောင်းကို အကျဉ်းမျှပြခြင်းလည်း ဖြစ်၏။

ဤ၌လည်း အရှင်မြတ်သုဘူတိ၏ဂုဏ်သက်သက်ကိုသာ ဖော်ပြ သည် မဟုတ်၊ အရှင်မြတ်သုဘူတိ၏မေတ္တာနှင့်စွမ်းအား စသည်တို့ကိုသာ အဓိကဖော်ပြခြင်းဖြစ်၏။ မေတ္တာ၏တာသွားပုံအကြောင်းကို လူတိုင်း၊ ပုဂ္ဂိုလ်တိုင်း သိစေချင်၏။ အားကျပြီး အတုယူစေလို၏။ ပွားများအားထုတ် ၍ အကျိုးထူးများကိုလည်း ရစေလို၏။

အရှင်မြတ်သုဘူတိသည် ရဟန္တာမထေရ်မြတ် ဖြစ်သဖြင့် အရဏ ဝိဟာရဂုဏ်၊ မေတ္တာဂုဏ် စသည့် အကျိုးထူးကို ရစေသည် မဟုတ်။ စေတနာအရင်းခံဖြင့် ပွားများဖြည့်ကျင့်သူတိုင်း အကျိုးထူးဖြစ်သည်သာ ဖြစ်၏။ ဤအရှင်မြတ်သုဘူတိနှင့် အလားတူသောပုဂ္ဂိုလ်မြတ်နှစ်ပါးသည် လည်း မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့ဖူး၏။

တစ်ပါးမှာ လယ်တီဆရာတော်ဖြစ်ပြီး နောက်တစ်ပါးမှာ တိပိဋက ဓရ မင်းကွန်းဆရာတော် ဖြစ်၏။ ဆရာတော်နှစ်ပါး၏အရဏဝိဟာရဂုဏ် နှင့် မေတ္တာစျာန်ဝိဟာရဂုဏ်များကိုလည်း အနည်းငယ်မျှ တင်ပြဦးမည်။ ဦးစွာ ရှေးအစဉ်ကျသော လယ်တီဆရာတော်၏အကြောင်းကို တင်ပြမည်။

❒

များလည်း မဟုတ်ကြ။ ဘုရားရှင်လက်ထက်တော်ကလည်း မဟုတ်။ ယခုခေတ်၏ ပုထုဇဉ်ရဟန်းပုဂ္ဂိုလ်များသာ ဖြစ်ကြ၏။ ခေတ်နှင့်မဆိုင်၊ အလုပ်နှင့်သာဆိုင်သည်ဟု ဆိုလို၏။ ဂုဏ်ဟူသည်မှာလည်း ပုဂ္ဂိုလ်နှင့်မဆိုင်ဘဲ ၎င်းပုဂ္ဂိုလ်၏အကျင့်စရဏ လုပ်ဆောင်ချက်များနှင့်သာ သက်ဆိုင်၍ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ အတုယူသင့်၏။

သာမန်မျက်စိဖြင့်ကြည့်လျှင် ပုဂ္ဂိုလ်သည်သာ ပဓာနဟုမြင်၏။

ပညာမျက်စိဖြင့်ကြည့်လျှင် မှန်ကန်သောလုပ်ဆောင်ချက်သည်သာ ပဓာနဟုမြင်၏။

အိန္ဒိယတိုက်၌ နေကဲ့သို့ ဘုန်းတောက်ခဲ့သည်မှာ သီရိဓမ္မာသောကမင်းကြီး ဖြစ်၏။ သို့သော် ဂင်္ဂါမြစ်ရေလွှမ်းတက်လာသည်ကိုမူ မတားဆီးနိုင်။ ဗန္ဓုမတီ ပြည့်တန်ဆာမကသာ တားဆီးနိုင်ခဲ့၏။ လုပ်ဆောင်ချက်ပဓာနကျကြောင်း သက်သေပြ၏။

သီလက မပေးနိုင်သော ဥစ္စာပစ္စည်း မရှိသကဲ့သို့ မေတ္တာဖြင့် မအောင်နိုင်သောအရာသည်လည်း မရှိစကောင်း။

* * *

## ၈။ မေတ္တာအကျိုး ဓမ္မရသ (၂)

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ဇေတဝန်ကျောင်းတော်သည် သာဝတ္ထိပြည်တွင် ရှိ၏။ အနာထပိဏ်သူဌေးကြီးက မြတ်စွာဘုရားရှင်အား ကြည်ညိုလွန်း၍ ဇေတမင်းသား၏ဥယျာဉ်ကို ရွှေဒင်္ဂါးတစ်ပြားချင်းထိစပ်လျက် ဝယ်ယူဆောက်လုပ်လှူသောကြောင့် ဇေတဝန ဝိဟာရ = ဇေတဝန်ကျောင်းတော်ဟုတွင်၏။

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူခိုက်တွင် ခတ္တိယနွယ်ဖွား သာကီဝင်မင်းသားသုံးကျိပ်တို့သည် မြတ်စွာဘုရားရှင်၏တရားတော်ကို လာရောက် နာယူကြ၏။ ထိုသုံးကျိပ်သော သာကီဝင်မင်းသားတို့သည် တရားတော်၏အဆုံးမှာပင် သဒ္ဓါပေါက်လျက် ရဟန်းဝတ်ကြကုန်၏။

ရဟန်းဝတ်ပြီးနောက် ငါးဝါတိုင်တိုင် ပရိယတ်၊ ပဋိပတ်တို့ကို သင်ယူပြီး မြတ်စွာဘုရားရှင်၏အထံမှာ ကမ္မဋ္ဌာန်းတောင်းကာ ဆိတ်ငြိမ်ရာတောကျောင်း၌ ကမ္မဋ္ဌာန်းတရားများကို သွားရောက်အားထုတ်လိုကြောင်း လျှောက်ထားလာကြ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် သာကီဝင်မင်းသား ရဟန်းသုံးကျိပ်တို့၏အကြောင်းကို သုံးသပ်ဆင်ခြင်တော်မူ၏။ သာကီဝင်မင်းသား ရဟန်းသုံးကျိပ်တို့က ခွင့်တောင်းတိုင်းကား ချက်ချင်းကြီး ခွင့်မပြုချေ။ အကြောင်းအရာကို သုံးသပ်ဆင်ခြင်တော်မူပြီးမှ အလုံးစုံကို သိမြင်တော်မူ၍ -

"ချစ်သားတို့၊ ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းတောကျောင်း၌ တရားပွားများ

သွားကြမည့်အရေးကိစ္စသည် အလွန်မှ သင့်မြတ်ပါပေ၏။ ငါခွင့်ပြုပေ၏။ သို့သော်လည်း သင်တို့၏နောင်တော်ကြီး သာရိပုတ္တရာကို ဝင်ကန်တော့ပြီးမှ သွားကြလေ”

ဟု မိန့်တော်မူ၏။

ထို့ကြောင့် သာကီဝင်မင်းသား ရဟန်းသုံးကျိပ်တို့သည်လည်း မြတ်စွာဘုရား၏ခွင့်ပြုမိန့်ကိုရရှိပြီးနောက် အရှင်သာရိပုတ္တရာ၏အထံသို့ဝင်၍ သူတို့သည် ကမ္ဗဒ္ဒာန်းတောကျောင်း၌ တရားဘာဝနာများ ပွားများအားထုတ်ရန်သွားကြမည့်အကြောင်းကို လျှောက်ထားကြ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် ဤရဟန်းသုံးကျိပ်တို့အား မြတ်စွာဘုရားရှင်က စေလွှတ်လိုက်သည်ကို သိရှိတော်မူ၍ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်ဟု သိတော်မူ၏။ ထို့နောက် ၎င်းသာကီဝင်မင်းသား ရဟန်းသုံးကျိပ်တို့၏ ဓမ္မစာရီအကြောင်းများကို ဆင်ခြင်တော်မူကာ -

“ငါ့ရှင်တို့၊ သင်တို့မှာ ကပ္ပိယကာရကပြုပေးမည့် ရှင်သာမဏေကော ပါကြ၏လော”

ဟု မေးမြန်းတော်မူ၏။

“မှန်လှပါ၊ မပါရှိကြောင်းပါဘုရား”

ဟု လျှောက်ထားကြလျှင် အရှင်သာရိပုတ္တရာသည် အနီးအနားတွင်ရှိသည့် မိမိ၏တပည့်ရင်းလည်းဖြစ်တော်မူသော သာမဏေငယ်တစ်ပါးကိုညွှန်ပြကာ -

“ငါ့ရှင်တို့မှာ ကပ္ပိယကာရကပြုမည့် ရှင်သာမဏေ မပါလျှင် ဤမောင်ရှင်လေး သံကိစ္စအား ခေါ်ဆောင်၍သွားကြလေ”

ဟု မိန့်တော်မူ၏။

“အရှင်ဘုရား၊ ယခုလိုကူညီ၍ တပည့်သာမဏေလေးအား ထည့်ပေးသည့်ကိစ္စကို ကျေးဇူးတင်ပါ၏။ သို့သော်လည်း တပည့်တော်တို့ တောနေရဟန်းတော်များအတွက် အခိုင်းအစေ ကပ္ပိယကာရကပါလျှင်လည်း

အရေးမကြီးလှပါ။ အခိုင်းအစေ ကပ္ပိယကာရက ရှင်သာမဏေ ခေါ်လာခြင်းဖြင့် တပည့်တော်တို့မှာ ၎င်းသာမဏေငယ်အတွက် တာဝန်တက်ဖွယ်ပင် ရှိပါသည်”

“မဟုတ်ပေဘူး ငါ့ရှင်တို့၊ သာမဏေငယ်ကို ခေါ်သွားခြင်းဖြင့် သင်တို့မှာ တာဝန်မတက်ပေဘူး။ သာမဏေငယ်မှာသာ သင်တို့အတွက် တာဝန်တက်ဖွယ် ရှိသည်။ ဘုရားရှင်က ဤသည်ကို မြင်တော်မူ၍လည်း ငါထံသို့ သင်တို့အား ဝင်ရောက်လျှောက်ထားပြီးမှသွားကြရန်ကို မှာကြားလိုက်ခြင်းဖြစ်ပေသည်။ သို့ဖြစ်၍ သာမဏေငယ်လေးအား ခေါ်သွားကြပါ ငါ့ရှင်တို့”

အရှင်သာရိပုတ္တရာက ခေါ်ခိုင်း၍သာ သာမဏေငယ်ကို ခေါ်ယူသွားကြရမည် ဖြစ်၏။ ရဟန်းများအနေဖြင့်မူ သာမဏေငယ်ကို ခေါ်သွားလိုစိတ်မရှိကြပေ။ ဝန်ကျဉ်းကျဉ်း တာဝန်ရှင်းရှင်းဖြင့်သာ နေလိုကြသည်။ တရားဘာဝနာများ ပွားများအားထုတ်သည် ဆိုရာ၌လည်း ဝန်ကျဉ်း၍ တာဝန်ရှင်းလေ၊ ကောင်းလေသာ ဖြစ်၏။

သို့သော် အရှင်သာရိပုတ္တရာက ဤကိစ္စကို အကြိမ်ကြိမ် ပြောဆိုမိန့်ကြားနေသဖြင့် မငြင်းသာသည့်အဆုံး သာမဏေငယ်အားခေါ်ကာ ရှင်သာရိပုတ္တရာကို ဦးချရှိခိုးပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ (၂၁) ယူဇနာဝေးကွာသောအရပ်သို့ ကြွချီတော်မူကြ၏။ ထိုအရပ်၌ ပိတ်ပေါင်းတောတောင်များထူထပ်ပြီး စမ်းချောင်းစမ်းအိုင်များလည်း ရှိ၏။ ဂေါစရဂါမ်ပြုလောက်သော အိမ် (၁၀၀၀) ကျော်သည့်ရွာကြီးတစ်ရွာလည်း ရှိ၏။

## သံကိစ္စရှင်သာမဏေ

သံကိစ္စရှင်သာမဏေကား နှယ်နှယ်ရရ မဟုတ်ပေ။ သာဝတ္ထိပြည်

သား သူကြွယ်မျိုးနွယ် ဖြစ်၏။ နုစဉ်အခါကပင် သာဝတ္ထိတစ်ပြည်လုံး ဟိုးဟိုးကျော်၍ သတင်းကြီးသောဘဝဖြင့် ရှင်သန်လာသည့်ပုဂ္ဂိုလ်လည်း ဖြစ်၏။

မိခင်ဖြစ်သူသည် သာမဏောငယ်လောင်းလျာ ကိုယ်ဝန်အရင့်အမာ ဖြင့် ကွယ်လွန်ခဲ့၏။ သုသာန်တစပြင်သို့ထုတ်၍ မီးရှို့သဂြိုဟ်ကြရာ မီး သဂြိုဟ်သမားများက တံစူးဝါးဖြင့် အတန်တန်အထပ်ထပ်ထိုးနှက်၍ မီး ကျွမ်းလောက်ပြီဟုထင်သောအခါ ထားခဲ့ကြ၏။

မီးသဂြိုဟ်သမားတို့သည် နောက်တစ်နေ့ အရိုးကိုမတက်မီ မီးငြိမ်း သတ်ရန် သုသာန်သို့ပြန်ရောက်လာကြ၏။ ထိုအခါ မီးကျီးပုံ၌ မီးမလောင် မကျွမ်းဘဲ ချမ်းသာစွာဖြင့် လျောင်းစက်အိပ်ပျော်နေသည့် သူငယ်ကို တွေ့ ကြရ၏။ အလွန်အမင်းထူးဆန်း၍ တအံ့တဩလည်းဖြစ်ကြရ၏။

မမြင်စဘူး၊ မကြုံစဘူး အထူးထူးသောအဖြစ်ကြောင့် သူငယ်ကို ချီပိုး၍ ရွာသို့ယူလာကာ ဗေဒင်အကျော် လက္ခဏာဖတ်သော ပုဏ္ဏားတို့ အား ပြသ၍ မေးမြန်းကြ၏။ ဤသတင်းသည်လည်း အလွန်မှကျယ်၍ ပျံ့နှံ့သွား၏။ ပုဏ္ဏားတို့က ဂရုတစိုက် တွက်ချက်၍ ဟောစာတမ်းထုတ်ကြ သည်မှာ -

"ဤသူငယ်သည် အစဉ်သဖြင့် ကြီးပြင်းလာသောအခါ လူ့ဘောင် နေလျှင် ၎င်းနှင့်တကွ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ဆင်းရဲငတ်မွတ်ကြ လိမ့်မည်။ လူ့ဘောင်မှစွန့်ခွာ၍ ရဟန်းဝတ်လျှင် အခြံအရံ ရဟန်းငါးရာ နှင့်တကွ ကြွချီလှည့်ပတ်၍ သာသနာပြုလိမ့်မည်"

ဟု ဟောကိန်းထုတ်ကြ၏။

ဆွေမျိုးများလည်း သူငယ်အား ပြုစုစောင့်ရှောက်ထားကြလေ၏။ ဗေဒင်ကျော်ပုဏ္ဏားတို့ ဟောကြားသောစကားများကိုလည်း တိကျသေချာ မှတ်သားထားကြ၏။ လောကီတွင် သူငယ်အတွက် ဆိုးကျိုး၊ လောကုတ္တရာ တွင် သူငယ်အတွက် ကောင်းကျိုးဟု ဖြစ်လာနိုင်မည့်အကြောင်းအကျိုး ကိုလည်း ခွဲခြားထားကြ၏။

သူငယ်သည် လူ့ဘဝ၌ လာခြင်းမကောင်းခဲ့သော်လည်း အရဟတ္တဖိုလ် ဂုဏ်သတ္တိကြောင့် သိတတ်သောအရွယ်ကပင် ဆင်ခြင်ဉာဏ်ရှိ၏။ တစ်ဆင့်စကားဖြင့် မိမိ၏ဘဝဖြစ်ကြောင်းစုံလင်ကို တစ်စတစ်စဖြင့် သိလာရသောအခါ ကြီးစွာသောသံဝေဂဉာဏ်ကိုဖြစ်လျက် (၇) နှစ်သား အရွယ်ကပင် အရှင်သာရိပုတ္တရာထံ၌ ရှင်သာမဏေပြု၏။

မောင်သံကိစ္စသည်ကား ပါရမီဉာဏ်ရင့်သန်သည့် အားလျော်စွာ ဆရာဥပဇ္ဈာယ်၏ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ဟူသော ကာယာနုပဿနာ တစပဉ္စက ကမ္မဋ္ဌာန်းကို လိုက်ဆိုနှုတ်သွင်းရာ ရှင်ပြုရန် ဆံချရင်းက ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူ၏။

## အစားကြောင့်လာသောကပ္ပိယ

ရှင်သံကိစ္စနှင့် ရဟန်းတော်သုံးကျိပ်တို့သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှ (၂၁) ယူဇနာဝေးကွာသောအရပ် တောအုပ်သို့ရောက်လျှင် ထိုတောအုပ်နှင့်မနီးမဝေးတွင်ရှိသည့် ဂေါစရဂါမ် ဒကာ၊ ဒကာမများကလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုကြ၏။

ကျောင်းကန်ကုဋီများကိုလည်း ဆောက်လှူကြ၏။ ရေတွင်းရေကန်များကိုလည်း တူးဖော်လှူဒါန်းကြ၏။ စင်္ကြံလမ်း၊ ဆွမ်းခံလမ်းများကိုလည်း ဖောက်လုပ်လှူဒါန်းကြ၏။ ၎င်းတို့၏ အိမ်ခြေ (၁၀၀၀) ကျော်သောရွာကြီးကို နေ့စဉ်မပြတ် ဆွမ်းခံကြွ၍ ဂေါစရဂါမ်ပြုပါမည့်အကြောင်းကိုလည်း လျှောက်ထားကြ၏။

ထို့ကြောင့် ရဟန်းတော်များအဖို့လည်း အစစအရာရာ အဆင်ပြေမှုရှိနေသဖြင့် ဒီအရပ်၌ပင် ဝါဆိုရန် ဆုံးဖြတ်ကြ၏။ ထို့နောက် အဖွဲ့ကို ဦးဆောင်သော သံဃာ့မထေရ်ကြီးက သံဃာအားလုံးကိုစည်းဝေးစေပြီးနောက် ဤသို့မိန့်တော်မူ၏။

"ငါ့ရှင်တို့၊ ငါတို့သည် သာကီဝင်မင်းသားအဖြစ်မှ လူ့ဘဝကိုစွန့်လွှတ်၍ ရဟန်းဝတ်ပြီး ဘုရားရှင်ထံမှလည်း ကမ္မဋ္ဌာန်းကို ယူလာကြပြီ။ ပေါ့ပေါ့ဆဆနေ၍ မဖြစ်ချေဘူး။ သံသရာဇာတ် ဘဝပြတ်အောင် မချွတ်ကြိုးကုတ် အားထုတ်ကြရပေမည်။ ဘုရားအား ပဋိပတ်တရားတော်ဖြင့် ကျေးဇူးဆပ် ပူဇော်ရပေမည်။ ထို့ကြောင့် ဆွမ်းခံချိန်နှင့် သံဃာ့အစည်းအဝေးချိန်မှလွဲ၍ ကျန်သောအချိန်များတွင် နှစ်ပါးအတူ မနေစတမ်း။ အကြောင်းထူးကိစ္စရှိက ကျောက်စည်ကိုထိုး၍သာ အချက်ပေးရမည်"

မထေရ်ကြီး၏စကားကို သံဃာအားလုံးကပင် သဘောတူ၍ လက်ခံကြ၏။ ထို့နောက် ကိုယ်နှင့်စိတ်ကို တရားတွင်ထား၍ ဖိဖိစီးစီး အားထုတ်ပွားများကြလေသည်။ ဆွမ်းခံမှပြန်လျှင်လည်း မြစ်ဆိပ်တွင် ရေမိုးချိုးပြီး တစုတဝေးတည်း ဘုဉ်းပေးကြ၏။ တစ်ပါးမှာ ဆွမ်း၊ ဆွမ်းဟင်း မပြည့်မစုံရှိလျှင်လည်း နောက်တစ်ဦးက ဖြည့်ပေး၍ မျှတစေကြ၏။

တစ်နေ့ ရဟန်းတော်များ ရေချိုးပြီး၍ မြစ်ဆိပ်၌ ဆွမ်းဘုဉ်းပေးနေကြခိုက်တွင် ဒကာကြီးတစ်ဦးရောက်လာ၏။ ၎င်းဒကာကြီးမှာ အိမ်ထောင်သည်သမီးများအိမ်၌ မှီခိုလှည့်ပြောင်း၍ စားသောက်နေရသော်လည်း ဝဝလင်လင်ကား မရှိလှ။ ထို့ကြောင့် ရဟန်းတော်များ၏ဆွမ်းဝိုင်းနားသို့ အကျန်အကြွင်းစားသောက်ရန်ိုးဖြင့် ကပ်လာ၏။

၎င်းသည်လည်း အလွန်အမင်း ဆာလောင်မွတ်သိပ်နေ၏။ ရဟန်းတော်များကလည်း သူ၏အမူအရာကိုမြင်ရုံဖြင့်ပင် သိကြ၏။ ထို့ကြောင့် ဖက်ရွက်ကြီးတစ်ရွက်ကိုအခူးခိုင်းပြီး တစ်ပါးလျှင် ဆွမ်းတစ်ဆုပ်ကျ ဟင်းများဖြင့်နယ်ဖတ်ပြီး ပေးစွန့်ကြ၏။ ၎င်းဒကာကြီးသည်လည်း ဣန္ဒြေပင် မလုပ်နိုင်ဘဲ အားရပါးရစားလေ၏။

သမီးများအိမ်တွင် ဤကဲ့သို့ ကောင်းကောင်းမွန်မွန် ဝဝလင်လင် မစားမသောက်ခဲ့ရ၍ ဤနေ့စားရသော ဆွမ်းကျန်ထမင်းတစ်နပ်သည် သူ့အတွက် နတ်သုဒ္ဓါတမျှပင် ရှိလေ၏။ စားသောက်ပြီး လက်ဆေး၍ ရေမိုးသောက်ပြီးနောက် ရဟန်းတော်များအား လျှောက်ထားမေးမြန်း၏။

"အရှင်ဘုရားများ ဆွမ်း၊ ဆွမ်းဟင်း ပြည့်စုံလွန်းပါပေ၏။ အလှူကြီးအတန်းကြီးတစ်ခုခုကပင် မွန်မြတ်သည့် ဆွမ်းနှင့် ဆွမ်းဟင်းများကို ခံယူပြီး ကြွလာကြပါ၏လော ဘုရား"

"ဒကာကြီး၊ ငါတို့ကား အလှူကြီးအတန်းကြီးမှ ကြွလာကြခြင်း မဟုတ်ပေ။ နေ့စဉ်မပြတ် ရပ်ဆွမ်းခံခြင်းဖြင့် ဂေါစရဂါမ် ဒကာ၊ ဒကာမများက ဒီအတိုင်းပင် လောင်းလှူကြပေသည်"

ဤမျှဆိုလျှင်ပင် ၎င်းဒကာကြီးသည် ရဟန်းတော်တို့၏ဘုန်းကံနှင့် ဂေါစရဂါမ် ဒကာ၊ ဒကာမတို့၏ သဒ္ဓါတရားများကို နားလည်လိုက်၏။ ဆက်လက်၍လျှောက်ထားကြည့်လျှင် သူ့အတွက် စားကျက်တစ်ခုဖြစ်လာနိုင်သည်ကိုလည်း တီးမိခေါက်မိရှိလေ၏။

"ဤသို့ဆိုလျှင် အရှင်ဘုရားတို့၊ တပည့်တော်မှာ သမီးများအိမ်၌ နေစားရခြင်းဖြင့် အဆင်မပြေရှိလှသည်။ အသက်ကလည်းကြီးပြီ။ သို့ဖြစ်သောကြောင့် တပည့်တော်သည် အရှင်ဘုရားတို့၏ ဆွမ်းကျန်ကိုစားပြီး ကပ္ပိယကာရကပြု၍ နေခွင့်ကိုပြုပါမူ တပည့်တော် အသက်ထွက်ဖြောင့်ပေလိမ့်မည်။ တပည့်တော်ကို သနားသောအားဖြင့် ခွင့်ပြုတော်မူကြပါဘုရား"

ရဟန်းတော်များကလည်း လူအိုကြီးတစ်ယောက်အား အနေအစားချောင်စေရန်အတွက် ကပ္ပိယနေခွင့်ပြုခြင်းဖြင့် ဝန်လေးအံ့မထင်၍ လွယ်လွယ်ကူကူပင် ခွင့်ပြုလိုက်ကြ၏။ ထို့ကြောင့် ၎င်းဒကာကြီးသည် စိတ်ကူးနှင့်ဆန္ဒ တစ်သားတည်းကျသွားလေ၏။

ဤသို့ဖြင့် ၎င်းဒကာကြီးသည် မလုပ်မကိုင် အေးအေးလူလူဖြင့် ရက်မှသည် လသို့တိုင်အောင် အစားကောင်းအသောက်ကောင်းများကို စားလာရသောအခါ ကျောင်းဆီယစ်ပြီး ဝဖြိုးလာလေ၏။ ယခင်က စိတ်နှင့်မတွေ့ရှိခဲ့ဘူးသောသမီးများကိုလည်း တွေ့ချင်မြင်ချင်ရှိလာ၏။

ရဟန်းတော်များကိုလျှောက်ထားလျှင်လည်း သွားခွင့်ပြုချင်မှပြုကြ

မည်။ သွားခွင့်ပြုလျှင် တော်သေး၏။ သွားခွင့်မပြုလျှင် အခက်။ ထိုသို့ တွေးပြီး စားကြွင်းစားဒကာကြီးသည် မည်သည့်ရဟန်းတော်ကိုမျှ အသိပေး လျှောက်ထားခြင်းမပြုဘဲ တောရကျောင်းမှ တိတ်တဆိတ် ထွက်သွားလေ တော့၏။

## ခိုးသားငါးရာ

ငင်းကပ္ပိယဒကာကြီး သမီးများအထံသို့သွားရာ လမ်းခရီးအကြား ၌ ရောမတောအုပ်ကြီးတစ်ခုခြားလျက် ရှိ၏။ ထိုတောအုပ်၌ ခိုးသားငါးရာ တို့သည်လည်း ခိုအောင်းလျက်ရှိကြ၏။ ဤသည်ကိုကား ကပ္ပိယဒကာကြီး သိဟန်မတူ။ မသိ၍လည်း အမှတ်တမဲ့ တစ်ယောက်တည်း သွားရဲခြင်း ဖြစ်၏။

ခိုးသားငါးရာတို့သည် တောစောင့်နတ်မင်းအား လူတို့၏အသွေး အသားဖြင့် ယဇ်ပူဇော်ရန်အကြောင်းရှိ၏။ ထို့ကြောင့် လူတစ်ယောက်ရ ရှိရန် (၇) ရက်တိုင်တိုင် စောင့်ကြည့်ကြသော်လည်း တောအုပ်မှ လူဖြတ် သွားဖြတ်လာမရှိ၍ ယစ်ပူဇော်ရန်လူမရသဖြင့် အခက်တွေ့နေကြ၏။

ထို့ကြောင့် ခိုးသားစားပြခေါင်းဆောင်ကြီးသည် စိတ်မရှည်လှသော ကြောင့် အမြင့်ဆုံးသစ်ပင်ကိုတက်၍ တောအုပ်ဖြတ်လမ်းကြီး၏ ဟိုဘက် ဒီဘက်ကိုမျှော်ကြည့်လေရာ ငင်းကပ္ပိယဒကာကြီး ဖြတ်လာနေသည်ကို မြင်၍ တပည့်လက်သားများအား အချက်ပေးကာ ဝိုင်းဖမ်းကြလေ၏။

ခိုးသားများလည်း တောစောင့်နတ်မင်းအား ယဇ်ပူဇော်ရန် လူတစ် ယောက်ရရှိသွားကြ၍ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြ၏။ မီးပုံကြီးဖို၍ လူကိုထိုးသတ်ဖုတ်ကင်ရန် တံကျင်၊ တံစို့လုပ်သူကလုပ်ကြ၏။ မီးပုံကြီး အရှိန်ရအောင် ထင်းများကိုဖြည့်ထည့်သူကဖြည့်ထည့်ကြ၏။

ထိုဒကာကပ္ပိယကြီးသည်လည်း မယုံသင်္ကာဖြစ်လာပြီး အကြောင်း

စုံကို မေးမြန်းကြည့်ရာ သူ့အား တံကျင်လျှို၍ မီးကင်သတ်ကာ ယဇ်နတ်ပူဇော်တော့မည့်အကြောင်းကို ပြောပြလေလျှင် အလွန်အမင်းကြောက်လန့်သွားလေ၏။ ပြေး၍လည်း လွတ်လမ်းမမြင်။ ထို့ကြောင့် သူ သေဘေးမှလွတ်မြောက်ရန်အတွက် မကြံကောင်းမကြံစည်အပ်သောအရာဖြင့် ဉာဏ်ဆင်၍ လျှောက်ပြောလေ၏။

## နွားပိန်ကိုထူခြင်း၏ဆိုးကျိုး

"အမောင်တို့၊ ငါသည်ကား အိုပြီ။ အသားအရေတို့လည်း ခန်းခြောက်ကုန်ပြီ။ သေဖို့လည်းနီးပြီ။ စားကြွင်းစားကျန်ကို စားသောက်နေရသော သူယုတ်တစ်ယောက်သာ ဖြစ်သည်။ ဟိုဘက်ကတောအုပ်တွင်မူ ခတ္တိယမင်းမျိုးမင်းနွယ်ထဲမှဝတ်လာကြသည့် ရဟန်းသုံးကျိပ်တို့ရှိကြသည်။ ၎င်းရဟန်းတို့သည် နုပျိုဆူဖြိုးသောအရွယ်များလည်း ဖြစ်ကြသည်။ ထိုရဟန်းပျိုများကို သတ်ဖြတ်၍ ယဇ်ပူဇော်ပါလျှင် သင်တို့၏အရှင်သခင်နတ်မင်းကြီးသည် ပို၍ကျေနပ်ပြီး ကျေးဇူးလည်းတင်ပေလိမ့်မည်"

ခိုးသားငါးရာတို့သည် ၎င်းကပ္ပိယသူယုတ်မာ၏စကားကို ကြားရလျှင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တိုင်ပင်ကြ၏။ ကပ္ပိယသူယုတ်မာ၏စကားမှာ ဟုတ်သယောင်လည်းရှိနေ၏။ သို့ဖြစ်၍ အတန်ကြာမျှတိုင်ပင်ပြီးနောက် သဘောတူလိုက်ကြပြီး ၎င်းကပ္ပိယသူယုတ်မာကိုပင် လမ်းပြအဖြစ်ခေါ်ဆောင်ကာ ထွက်လာကြ၏။

စာကြွင်းစားကပ္ပိယသူယုတ်မာလည်း သူ၏အကြံအောင်မြင်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။ တက်တက်ကြွကြွဖြင့်ပင် ဦးဆောင်လမ်းပြပြီး ခိုးသားငါးရာတို့အားခေါ်ယူ၍ တောရကျောင်းတိုက်ရှိရာသို့ လျှောက်လာကြ၏။

'နွားပိန်ထူ လူဒွေ့' ဟူသော စကားသည် ဤနေရာ၌ သွေးထွက်

အောင်မှန်၏။ စားရမဲ့သောက်ရမဲ့ဖြစ်နေသည်ကိုသနား၍ ကျွေးမွေးစောင့်ရှောက်ထားကြသော သူတော်ကောင်းများကိုပင် ကောင်းကောင်းကြီး ဒုက္ခပေးလေ၏။

တရားအင်္ဂအားခေါင်းပါး၍ အစားသက်သက်ဖြင့် သာသနာတော်သို့ ဝင်ကပ်လာသူတို့အား အထူးပင်သတိထားရ၏။ အစားသမားများနှင့် တွေ့ကြုံရသောအခါ သူတော်ကောင်းတို့သည် ဖြောင့်မှန်သောစိတ်သက်သက်ဖြင့် မလုံလောက်တော့ပေ။ ကျေးဇူးရှင်ကိုပင် ကြီးစွာဒုက္ခပေးတတ်သည်ကို အထူးသတိပြုသင့်၏။

ကပ္ပိယ သူယုတ်မာနှင့် ခိုးသားငါးရာတို့သည် တောကျောင်းသို့ ရောက်လာကြ၏။ သစ်ရွက်မိုး ဘောကျောင်းလေးများသို့ဝင်၍ ရဟန်းတော်များအား လိုက်လံရှာဖွေကြ၏။ ကျောင်းပေါ်၌ တစ်ပါးကိုမျှ ရှာဖွေ မတွေ့ရသောအခါ ခိုးသူကြီးက -

"ဘယ်မှာလဲ ရဟန်းတွေ၊ တစ်ပါးမှမတွေ့ရပါလား"

ဟု မေး၏။

ကပ္ပိယသူယုတ်မာက -

"အမောင်တို့၊ ယခုအချိန်၌ ရဟန်းများသည် တောထဲသစ်ပင်အောက်များ၌ အသီးသီး တရားပွားများ၍ရှိကြပေလိမ့်မည်။ ငါသည် ယခုပင်လျှင် ကျောက်စည်ကိုထိုး၍ခေါ်တော့အံ့"

ကပ္ပိယသူယုတ်မာသည် လျှို့ဝှက်အချက်ပေးလေ့ရှိသောကျောက်စည်ကိုထိုးလိုက်လေ၏။ မရှေးမနှောင်းမှာပင် ရဟန်းတော်များလည်း အကြောင်းတစ်ခုခုရှိမည်ကိုသိ၍ အသီးသီး တောထဲမှကြွလာကြပြီး ကျောင်းဝင်းအလယ်တွင်ရှိသည့် ကျောက်ဖျာကြီးပေါ်၌ စည်းဝေးတော်မူကြ၏။

သံဃာ့မထေရ်ကြီးက ကျောက်စည်ထိုးခြင်းအကြောင်းကိုမေးတော်မူလျှင် ခိုးသူကြီးကပင် ကပ္ပိယကြီး၏လမ်းညွှန်ချက်ကြောင့် ယဇ်ပူဇော်ရန် ရဟန်းတစ်ပါး အလိုရှိ၍ ကျောက်စည်ကိုထိုးသည့်အကြောင်းကို ပြောပြ

လိုက်၏။

ထို့ကြောင့် ရဟန်းတော်များမှာလည်း ယုတ်မာလှသော ကပ္ပိယ ကြီးအား ငေးစိုက်ကြည့်ကာ တစ်အောင့်ကြာမျှပင် မှင်တက်မိနေကြ၏။ သို့သော် ကြာရှည်ကား ခွင့်မရ။ ထို့ကြောင့် ဦးဆောင်နာယက သံဃာ့ မထေရ်ကြီးကပင် -

"ငါ့ရှင်တို့၊ အရေးကား ပေါ်လေပြီ။ ရှောင်လွှဲ၍လည်း မရနိုင်ပြီ။ သို့ဖြစ်၍ ညီတော်၊ နောင်တော်တို့နှင့်စပ်ပြီး ကျရောက်လာသော ကိစ္စ အဝဝကို သံဃာ့မထေရ်ကြီးဖြစ်သော ငါနောင်တော်ကြီးကပင် တာဝန် ယူအံ့။ အားလုံး၏အန္တရာယ် မဖြစ်သင့်သည့်အတွက် ငါသည်ပင် သင်တို့ ကိုယ်စား အသက်စွန့်ပေတော့မည်။ စိတ်ချမ်းသာကိုယ်ချမ်းသာဖြင့် ရဟန်း တရားကို ကြိုးစားရစ်ကြလော့"

ထိုသို့ပြောဆိုကာ သံဃာ့မထေရ်ကြီးသည် ခိုးသားတို့နောက်သို့ လိုက်ပါအသေခံရန် ပြင်ဆင်လေ၏။ အခြားသော ရဟန်းတော်များလည်း စိတ်မကောင်းဖြစ်ကြရ၏။ ဤကိစ္စတွင် သံဃာကြီး ဖြစ်စေ၊ သံဃာငယ် ဖြစ်စေ ကိုယ်ကျိုးစီးပွား (တရား) ရှာဖွေရန်လာကြသည်ဖြစ်၍ ကျရောက် လာသောအကြောင်းကိစ္စသည် အားလုံးသောပုဂ္ဂိုလ်များမှာပင် တာဝန်ရှိ လျက်ဖြစ်၏။

ထို့ကြောင့် ကျန်သောသံဃာများကလည်း သူက အသေခံမည်၊ ငါကအသေခံမည် စသည်ဖြင့် သံဃာထုအရေးကို အသက်စွန့်၍ တာဝန် ယူရန် ပြောဆိုလာကြ၏။ သာကီဝင်မျိုးဖြစ်၍ ရဲရဲတောက်လျက်ရှိကြ၏။ သံဃာထုထဲတွင် အသက်အငယ်ဆုံးနှင့် အရဲရင့်ဆုံး ဖြစ်သည်မှာ ရှင် သံကိစ္စသာ ဖြစ်၏။

❒

# ရဲရဲတောက် ရှင်သံကိစ္စလေး၏ လျှောက်ထားချက်

သံကိစ္စရှင်သာမဏေသည် သက်နှန်းကိုလက်ကန်တော့တင်၍ နေရာမှထကာ သံဃာထုဘက်ကိုလက်အုပ်ချီပြီး -

"ဒီကိစ္စကို တပည့်တော်လျှောက်ထားပါရစေဘုရား၊ အရှင်ဘုရားတို့ စိုးရိမ်ကြောင့်ကြတော်မမူကြပါနှင့်။ အရှင်ဘုရားတို့ကိုယ်စား အသေခံဖို့ တပည့်တော် လိုက်သွားပါမည်"

ဟု ကြည်လင်ပြတ်သားအသံလေးဖြင့် လျှောက်ထားလိုက်၏။

သူ့မျက်နှာတွင်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်း အနည်းငယ်မျှပင် မရှိပေ။

ထို့ကြောင့် သံဃာများမှာ ရဲရင့်သော သံကိစ္စသာမဏေလေး၏ ပြောဆိုလျှောက်ထားပုံ၊ ရဲရဲကြီး သံဃာ့ကိုယ့်စား သေဘေးကိုရင်ဆိုင်မည် ဟုပြောဆိုလျှောက်ထားပုံ၊ သတ္တိရှိပြီး ပြတ်သားပုံများကို အံ့ဩ၍မဆုံး အောင်ပင် ဖြစ်ကြရ၏။

သံကိစ္စသာမဏေလည်း ယခုချက်ချင်းပင် ခိုးသားငါးရာတို့နောက်မှ လိုက်အသေခံရန် ဟန်ပြင်လေ၏။ သံဃာထုက ချက်ချင်းပင် တားမြစ်ကြရ၏။

"ငါ့ရှင်သံကိစ္စ၊ သင်၏လျှောက်ထားသည်ကို ငါတို့လက်မခံနိုင်ပေဘူး။ ငါတို့အားလုံးသာ သေရင်သေစေတော့၊ သင့်ကိုထည့်လိုက်၍တော့ မဖြစ်ချေဘူး"

"အရှင်ဘုရားတို့၊ အဘယ်ကြောင့်ပါလဲဘုရား"

"ငါ့ရှင်- သင်သည်ကား ငါတို့၏နောင်တော်၊ ဘုရားရှင်၏ လက်ယာရံတေဒဂ်ဖြစ်သော အရှင်မဟာသာရိပုတ္တရာ၏လက်ရင်းတပည့် ဖြစ်ပေသည်။ ငါတို့နောက်သို့လည်း သင့်အား သူကိုယ်တိုင်ထည့်ပေးလိုက်ခြင်း ဖြစ်သည်။ သို့ဖြစ်သောကြောင့် ဤကိစ္စနှင့်ပတ်သက်၍ ငါ့တပည့်လေးကို ခိုးသူလက်သို့ ဝကွက်အပ်ခဲ့ကြရလားဟု နောင်တွင် ပြောစရာများဖြစ်လာ

ပေလိမ့်မည်။ ထိုသို့သဘောရှိသောကြောင့် ကြီးသောပုဂ္ဂိုလ်တို့ကိစ္စကို သင်ဝင်မပြောဘဲ အေးအေးနေပါလော့”

“တပည့်တော် လျှောက်ထားပါရစေ၊ မြတ်စွာဘုရားရှင်က အရှင်ဘုရားများကို တပည့်တော်ဆရာထံစေလွှတ်သည်နှင့် တပည့်တော်၏ဆရာကလည်း အရှင်ဘုရားတို့နောက်သို့ တပည့်တော်ကို ထည့်ပေးလိုက်ခြင်းသည် ဤကိစ္စကိုမြင်တော်မူ၍သာ ဖြစ်ပါသည်။ ထို့ကြောင့် ယခုပင် တပည့်တော်လိုက်သွားပါတော့မည်။ တပည့်တော်အပေါ်၌ အပြစ်ကြီးငယ်များရှိခဲ့လျှင်သာ ခွင့်လွှတ်တော်မူကြပါဘုရား။ အရှင်ဘုရားများလည်း ကိုယ့်တရားကိုသာ အားထုတ်၍နေရစ်ကြပါ”

သံကိစ္စသာမဏေသည် မှတ်တတ်လက်အုပ်ချီနေရာမှ ကျုံ့ကျုံ့ထိုင်၊ သံဃာများအား ရိုသေစွာ ရှိခိုးပြီးနောက် ခိုးသူများနောက်သို့ လိုက်ပါသွားလေ၏။ သံဃာထုမှာလည်း များစွာပင် စိတ်မကောင်းဖြစ်ကြရ၏။ သံဃာ့မထေရ်ကြီးကမူ စိတ်မကောင်းစွာဖြင့် ခေါင်းငုံ့နေရာမှ ရုတ်တရက်ထကာ သံကိစ္စသာမဏေအား ကြိုးတုပ်ခေါ်ဆောင်သွားသော ခိုးသူကြီးနောက်သို့ လိုက်၍ -

“ဒါယကာတို့၊ သင်တို့အလိုရှိသည့်နေရာသို့ရောက်လျှင် သာမဏေလေးအား မီးဖို၍ တံကျင်ဖြင့်လျှိုသတ်ရန်ခြောက်လှန့်ပြီး ပြန်လွှတ်လိုက်ပါ။ သင်တို့၏အလိုကိစ္စ ပြီးမြောက်ပေလိမ့်မည်”

ဟု မေတ္တာရပ်ခံလိုက်သေး၏။ သို့သော်လည်း မရတော့ပေ။ မိုက်၍ ခိုးသားဓားပြဖြစ်လာသူတို့ကား ခိုးသားဓားပြစိတ်သာ ရှိကြပေ၏။

❐

## သံကိစ္စသာမဏေ၏ မေတ္တာတန်ခိုး

ခိုးသားငါးရာတို့သည် ယုန်ထောင်ကြောင်မိ ဆိုဘိသို့ စားကြွင်းစား ခြောက်လူခံကြီးတစ်ယောက်ကို ဖမ်းဆီးရာမှ ၎င်း၏လမ်းညွှန်ချက်ဖြင့်

ဆူဆူဖြိုးဖြိုး ရှင်သာမဏေလေးတစ်ပါးကိုရလာကြသဖြင့် ဝမ်းသာ၍မဆုံး တပြုံးပြုံး ဖြစ်နေကြ၏။ တကယ့်ယဇ်နတ်မင်းကြီး၏အကြိုက် ဟူ၍လည်း တွေးကာ ကျေနပ်၍မဆုံးဖြစ်နေကြ၏။

ခိုးသူစားပြကြီးသည် အရက်ခွက်ကို မြိန်မြိန်သောက်လျက် ကျေနပ်စွာဖြင့် တစ်ချက်ပြုံးပြီး သူ၏တပည့်များအား မီးဖိုခိုင်း၏။ တံကျင်သပ်သူကိုလည်း သပ်ခိုင်း၏။ ယဇ်ပူဇော်ရန် လိုအပ်သော အပြင်အဆင်များကို စီမံဖန်တီးစေ၏။

ထိုအခိုက်၌ သံကိစ္စသာမဏေသည်ကား ခိုးသူကြီးတို့ထားသည့် နေရာမှာပင် မည်သို့မျှ လွတ်မြောက်ရန်ကို ကြိုးစားကြံစည်ခြင်းမပြုဘဲ မေတ္တာဈာန်ကမ္မဋ္ဌာန်း ပွားများစီးဖြန်းရန်ကိုသာ ပရိကံပြုလေ၏။ ခိုးသူကြီးကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ကျန်သည့်ခိုးသားများကိုလည်း ဝေ့ဝိုက်၍ကြည့်၏။

သတ္တဝါတို့သည် ကံစီမံရာအတိုင်း ဖြစ်ကြရ၏။ ကံသည် သတ္တဝါအားလုံးတို့၏ ဦးစီးနာယကသာဖြစ်ချေ၏။ အားလုံး ချမ်းသာကြပါစေ။

သံကိစ္စသာမဏေသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အပြစ်မမြင်။ အပြစ်လည်းမတင်။ မိမိ၏ပွားထုံလေ့ရှိသောမေတ္တာကိုသာ အမိကလက်ကိုင်ထား၏။ မေတ္တာသည် လရောင်နှင့်တူ၏။ အေးမြ၏။ သတ္တဝါအားလုံးတို့၏ အေးမြချမ်းသာခြင်းကိုဆောင်၏။ ဒေါသ၏ဆန့်ကျင်ဘက်ဖြစ်၏။ နိဗ္ဗာန်တိုင်အောင်ပို့ပေး၏။

ထိုကဲ့သို့ မေတ္တာနှင့် အကျိုးထူးဂုဏ်သတ္တိတို့ကို အာရုံပြုပြီး ဓားပြခေါင်းဆောင်ကြီးကို စ၍ မေတ္တာပို့၏။ ထို့နောက် ငယ်သားဓားပြအားလုံးတို့အားလည်း ခြုံ၍မေတ္တာပို့၏။ ပို့ပွားနေကျဖြစ်၍ ခဏချင်းပင် ဈာန်တိုင်အောင်ဖြစ်လာစေ၏။ ငြိမ်းချမ်းမှုကိုလည်း အပြည့်အဝပေးလေ၏။

ထိုအခိုက်တွင် ခိုးသားဓားပြကြီးသည် သံကိစ္စသာမဏေ၏အနားသို့ အသာတိုးသွားပြီး အသွားနှစ်ဖက်ထက်လှသောသန်လျက်ကို အိမ်မှထုတ်လိုက်ရာ အရောင်သည် ဖွေးဖွေးလက်သွား၏။ ထို့နောက် သန်လျက်

ကို လက်ဖြင့် နှစ်ချက်၊ သုံးချက်ဆလိုက်ပြီး အံကိုတင်းတင်းကြိတ်လျက် သံကိစ္စသာမဏေ၏ကျောကုန်းကို အားကုန်ထိုးစိုက်လိုက်လေ၏။

သို့သော်လည်း သံကိစ္စသာမဏေကား တုန်လှုပ်မှုမျှပင်မရှိ။ ခိုးသားဓားပြကြီး၏ မာပြီးထက်သောသန်လျက်သည်သာ သစ်ရွက်ခြောက်ကဲ့သို့ လိမ်လိပ်၍သွားလေ၏။ ခိုးသားဓားပြကြီးသည် သူ၏ထိုးစိုက်ပုံ ဟန်မကျဟု ထင်သဖြင့် သန်လျက်ကိုထုရိုက်ပြန်ဖြောင့်ကာ သာ၍ခက်ထန်သောဒေါသဖြင့် နောက်တစ်ကြိမ်ထိုးစိုက်လိုက်ပြန်၏။ သူ၏သန်လျက်မှာ သာ၍ပင် လိပ်ခွေ၍ အရိုးထိအောင်ပင် ကောက်ကွေးသွားလေ၏။

ကိုရင်ဖြစ်၍ သီလရှိ၍ဟု မထင်အပ်။ မေတ္တာကား အေးမြခြင်း၊ ချမ်းသာခြင်းကိုသာဆောင်မြဲဖြစ်၏။

ခိုးသားဓားပြကြီးသည်လည်း ချွေးသီးချွေးပေါက်ကျလျက် ဒေါသတရှူးရှူးဖြင့် သံကိစ္စသာမဏေအား ငေးစိုက်ကြည့်ကာ အထူးအဆန်းဖြစ်သွား၏။ ကိုရင်လေးတစ်ပါးမျှဖြစ်ပါလျက် ဓားမတိုးဘဲ လိပ်ခွေသွားရသည့်အဖြစ်ကိုလည်း နားမလည်နိုင်အောင်ပင်ဖြစ်နေရ၏။

သံကိစ္စသာမဏေကား ခိုးသားဓားပြကြီး၏အဖြစ်များကို သိပုံပင်မရပေ။

သန်လျက်သည် ကျောက်တုံးကျောက်စိုင်ကို လည်းကောင်း၊ သျှားတုံးသစ်သားကို လည်းကောင်း ထိုးလေ, ခုတ်လေတိုင်း ပိန်းဉ၊ မျောက်ဉကဲ့သို့သာရှိ၏။ ယခု သာမဏေလေးကို ထိုးစိုက်ရာမှ လိပ်ခွေ၍သွားရ၏။ ထူးဆန်းပါဘိ။

ခိုးသားဓားပြကြီးသည် ဖြစ်ကြောင်းခြင်းရာများကိုဖြည့်စွက်ဆက်စပ်ရင်းဖြင့် သံဝေဂဉာဏ်ပေါ်လာလေ၏။ စကားမပြောတတ်သော သန်လျက်က သာမဏေငယ်၏ကျေးဇူးကိုသိ၍ ငါလူမိုက်ကားမသိလေဟုလည်း မိမိကိုယ်ကို အပြစ်တင်မိ၏။ ထို့နောက် သန်လျက်ကို လက်မှချ၍ သာမဏေငယ်၏ခြေသလုံးကိုဖက်ကာ တောင်းပန်လေ၏။ သူ၏ ဆိုးပုံမိုက်ပုံ၊ ရက်စက်ခဲ့ဖူးပုံများကိုလည်း ဖွင့်လျှောက်ထားလေ၏။

သာမဏေငယ်၏ တည်ငြိမ်ပုံ၊ ကြောက်ရွံ့ခြင်းကင်းပုံ၊ ငြိမ်းချမ်းပုံ စသည့်ဂုဏ်များကိုလည်းဖော်ပြ၍ လျှောက်ထားလိုက်၏။ ထို့ကြောင့် သူက သာမဏေငယ်ကိုမသိသော်လည်း အသက်မရှိသော ဓားသန်လျက်ကသိပုံ များလည်း ပါဝင်၏။

သာမဏေငယ်က အာသဝေါကုန်ခန်းပြီးသော ရဟန္တာတို့မည်သည် သေခြင်းကိုလည်း မကြောင့်ကြ၊ ရှင်ခြင်းကိုလည်း မတောင့်တ၊ စိုးရိမ် သောကနှင့် ကြောက်ရွံ့ခြင်းကင်းပုံ စသည်များကို ဟောကြားလိုက်ရာ ခိုးသားငါးရာတို့သည် ထိုနေရာ၌ပင် သဟိသံဝေဂဝင်၍ မိမိတို့၏အဝတ် များကို ဓားဖြင့်ဖြဲခွဲ၊ မြေနီဆိုးပြီး ရှင်သာမဏေပြုကြလေ၏။

၁

## လူဆိုးမှဖြစ်လာသောရဟန်းတော်များ တရားထူးကြရပြီ

သံကိစ္စသာမဏေသည် ဦးစွာပထမ သီတင်းသုံးဖော် သံဃာတော် များ စိုးရိမ်ပူပန်မှုကင်းရှင်းကြစေရန်အတွက် ခိုးသားငါးရာတို့အား တော ကျောင်းသို့ခေါ်သွား၏။ ထို့ကြောင့် တောကျောင်းရဟန်းတော်များမှာ လည်း အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်လျက် သံကိစ္စသာမဏေအား ချီးမွမ်းဂုဏ်ပြုစကားဆိုကြလေ၏။

ထို့နောက် သံကိစ္စသာမဏေသည် ၎င်းတို့အား ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာနှင့် ဘုရားရှင်ထံသို့ ခေါ်သွားပြန်၏။ ရှိခိုးဦးချကြပြီး နောက် ဘုရားရှင်က ဝမ်းမြောက်ဝမ်းသာစကားဆိုပြီး အောက်ပါဂါထာ တော်ကို ဟောကြား၏။

**ယောစ ဝဿသတံ ဇီဝေ၊**

**ဒုဿီလော အ,သမာဟိတော။**

**ဧကာဟံ ဇီဝိတံ သေယျော၊**

**သီလဝန္တဿ ဈာယိနော။**

"ချစ်သားတို့၊ သင်တို့သည် ခိုးဆိုးလုယက်ကာ သီလမရှိ၊ သမာဓိ မတည်ဘဲ အနှစ် (၁၀၀) ရှည်ကြာနေသည်ထက် ယခုကဲ့သို့ သီလရှိပြီး မေတ္တာစျာန်သမာဓိဖြင့် တစ်ရက် အသက်ရှင်နေခြင်းက အလွန့်အလွန် အကျိုးများပါပေ၏"

တရားတော်၏အဆုံး၌ လူဆိုးသူခိုးမှဖြစ်လာကြသည့် ရဟန်းငါးရာ တို့သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူကြလေ၏။ သံကိစ္စ သာမဏေ၏မေတ္တာတန်ခိုးနှင့် လက်တွေ့အကျိုးပင် ဖြစ်၏။ မေတ္တာသည် လူဆိုးသူခိုးကြီးများကိုပင် လိမ္မာယဉ်ကျေးစေပြီး နိဗ္ဗာန်သို့ပို့ပေး၏။

မေတ္တာကို နားမလည်ကြသူတို့ကား မေတ္တာထူထောင်ခြင်း၊ မေတ္တာ ပွားများခြင်း၊ မေတ္တာစျာန်ဝင်စားခြင်း ဟူသည်မှာ ဧရာမဘုန်းရှင်ကံရှင် တန်ခိုးရှင်ကြီးတို့၏အလုပ်ဟု ထင်မှတ်နေတတ်ကြသဖြင့် ရရှိသင့်သော အကျိုးထူးများသည် လက်မတင်လေးဖြင့် လွဲကြရ၏။ တစ်ချက်လွဲလျှင် တစ်သက်ခဲ၍ပင် မလွယ်ကူနိုင်တော့။ သံသရာနှင့်ချီ၍ အထိနာကြရ၏။

ပြဆိုခဲ့သည့်အတိုင်း မေတ္တာ၏အကျိုးသည် လွယ်ကူသက်သာစွာဖြင့် လက်ရှိပစ္စုပ္ပန်၌ပင် ပို့ပွားသူနှင့် မေတ္တာခံပုဂ္ဂိုလ်တို့အား နာရီအချိန်မဆိုင်း ကြီးသောအကျိုးကိုပေး၏။ စျာန်သမာပတ်ကိုလည်းဖြစ်စေပြီး နိဗ္ဗာန်တိုင် အောင်လည်းပို့သည်မှာ ထင်ရှား၏။ တစ်စုံတစ်ရာအရင်းမစိုက်ရဘဲ လွယ် လွယ်ကူကူဖြင့် အကျိုးထူးကြီးကို ရယူပေးသည်မှာ မေတ္တာပင်ဖြစ်၏။

ထို့ကြောင့် လက်ရှိ အခါကောင်းကြီးနှင့် မွန်မြတ်သောစိတ်ကို သန့် သန့်မွေးပြီး သက်သက်သာသာဖြင့် မေတ္တာ၏အကျိုးထူးကြီးကိုရယူကြလေ သူတော်ကောင်းတွေတို့ . . .။

❊ ❊ ❊

## ၉။ မေတ္တာအကျိုး ဓမ္မရသ (၃)

ရာဇဂြိုဟ်သူဌေးကြီး ဦးပုဏ္ဏသည် မကြာမြင့်မီက လယ်ကူလီစာရင်းငှား ကျွန်ယောကျ်ား ဖြစ်ခဲ့၏။ ဦးပုဏ္ဏ၊ ဇနီးနှင့် သမီးလေးဥတ္တရာတို့သည် လယ်ကျွန်ဘဝဖြင့် ရှင်သန်ခဲ့ကြ၏။ လယ်ပိုင်ရှင်ပေးသမျှစား၊ ထားရာမှာနေ၊ စေသမျှသွား၊ ခိုင်းသမျှ လယ်အလုပ်ကိုလည်း တာဝန်မပျက် လုပ်ခဲ့ရ၏။

စိတ်ကောင်းရှိသောမိသားစုကြောင့် လယ်ကျွန်ဘဝတွင် တစ်သက်ပတ်လုံး မတည်ခဲ့။ အလှူအတန်းတွင်ရက်ရောသော ဒက္ခိဏေယျဒါနသတ္တိကြောင့် လယ်ထွန်ချေးကျစ်စာခဲမှ ရွှေဖြစ်လာ၍ လယ်ကျွန်ဘဝမှကျွတ်ကာ ရာဇဂြိုဟ်သူဌေးရာထူးကို ရရှိခဲ့၏။ သူဌေးကြီးဦးပုဏ္ဏဟု ဖြစ်လာ၏။

ထိုမှကဲ၍ အကျိုးထူးရရှိသည်ကား အိမ်တက်မင်္ဂလာပွဲကို ခုနစ်ရက်ခုနစ်လီပြုလုပ်ကျွေးမွေးကာ ဘုရားအမှူးရှိသောသံဃာတော်များအား ပင့်ဖိတ်ဆွမ်းကပ်ပြီး တရားတော်ကိုနာကြားကြ၍ မိသားဖသားသုံးယောက်လုံး သောတာပတ္တိဖိုလ်၌တည်ကြ၏။ ကုသိုလ်ကောင်းမှု၏လက်တွေ့သာဓကပင်ဖြစ်၏။

သမီးလေးဥတ္တရာသည်လည်း ရုပ်ချော၏။ ဖအနေသိမ်မွေ့၏။ ရက်ရော၏။ စိတ်ကောင်းရှိ၏။ အကြီးအမှူးစိတ်လည်း ပြည့်ဝ၏။ သည်းခံခွင့်လွှတ်မှုလည်း ပြည့်စုံ၏။ တွေးခေါ်မြော်မြင်မှုရှိပြီး နှံ့စပ်၏။ ဘာသာရေးတရားကိုင်းရှိုင်း၏။ အလှူအတန်း၌ မွေ့လျော်၏။ သီလပြည့်၏။ မေတ္တာအရာတွင် အထက်တန်းကျ၏။

ဥတ္တရာ၏ဂုဏ်က ပြည့်ဝစုံလင်သောကြောင့် ကောင်းသတင်းများလည်းကြီး၏။ အရွယ်သို့ရောက်သောအခါ လူအများ၏အာရုံစိုက်ခြင်းကို ခံရ၏။ ချွေးမတော်ချင်သူ၊ ခယ်မ, ယောက်မတော်ချင်သူ၊ ဇနီးမယားအဖြစ် လက်ဆက်၍ပေါင်းဖက်ချင်သူတို့ မှိုလိုပေါက်ပြီး ကမ်းလှမ်းချက်များလည်း မကြာခဏရောက်၏။

ထိုအထဲတွင် မိဘနှစ်ယောက် လယ်ကူလီဘဝ ရောက်နေစဉ်က မိဘတို့၏အရှင်သခင်ဖြစ်ခဲ့ဖူးသော သူဋ္ဌေးကြီးဦးသုမနလည်း ဥတ္တရာအား ချွေးမတော်လို၍ သားဖြစ်သူနှင့် လက်ဆက်လိုကြောင်း ကမ်းလှမ်းသည့်အထဲတွင် ပါဝင်လာ၏။ ဤတွင် အခက်တွေ့ရ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ယခင်က မိမိတို့၏သခင်များ ဖြစ်ခဲ့ကြသော်လည်း လက်ရှိတွင် မိစ္ဆာဒိဋ္ဌိများ ဖြစ်နေကြ၏။

ထို့ကြောင့် သဘောမတူနိုင်ကြ။ အကြောင်းအဝဝကိုထောက်ဆ၍ ရက်ရောသင့်သော်လည်း မိစ္ဆာဒိဋ္ဌိ ဟူသော အတားအဆီးကြီးက အတော်လေးပင် အနှောင့်အယှက်ဖြစ်နေ၏။ မိမိတို့ဘက်က ဗုဒ္ဓဘာသာ မိသားစုလုံးသည် သောတာပန်။ မိစ္ဆာဒိဋ္ဌိများနှင့် အလိုလို ဆန့်ကျင်ပြီးသား ဖြစ်နေ၏။

သို့သော် ရာဇဂြိုဟ်သူဋ္ဌေးအသိုင်းအဝိုင်းနှင့် လူကုံထံတစ်စုတို့က ဝိုင်းဝန်းနားချကြသဖြင့် သူဋ္ဌေးကြီးဦးပုဏ္ဏမှာ သူ၏ကျွန်ဘဝက သူဋ္ဌေးကြီးဖြစ်ခဲ့ဖူးသော သုမနသူဋ္ဌေးကြီး၏သားနှင့် သဘောတူလိုက်၏။ သမီးအား မင်္ဂလာဆောင်ပြီးနောက် ဘာသာမတူသောလင်အိမ်သို့ ထည့်ပေးလိုက်ရ၏။

❒

## ဘာသာမတူသူတို့၏အိမ်ထောင်ရေးလောက

သောတာပန်မလေး ဥတ္တရာသည်ကား ဘာသာမတူသော မိစ္ဆာဒိဋ္ဌိ

လင်ယောကျ်ားအိမ်တွင် တစ်ချက်ကလေးမျှမပျော်။ သူဌေးချွေးမ၊ သူဌေး ကတော်ဖြစ်နေ၍ သူဌေးစည်းစိမ် (ကာမစည်းစိမ်) ကို အပြည့်အဝရရှိ နေသော်လည်း ဘာသာရေးလွတ်လပ်ခွင့်များကို တင်းတင်းကျပ်ကျပ် ပိတ် ပင်ခံထားရ၍ ·အချိန်ရှိတိုင်း စိတ်ဆင်းရဲနေရ၏။

ဥတ္တရာကား သောတာပတ္တိမဂ်ကိုရထားသည့် မြတ်စွာဘုရားရှင်၏ သမီးတော်ကလေး ဖြစ်၏။ ဒါန၊ သီလ၊ ဘာဝနာများဖြင့် အချိန်ရှိတိုင်း ပျော်မွေ့လို၏။ ဒါန၊ သီလ၊ ဘာဝနာ စသော ဘာသာရေးတရားများသည် သောတာပန်တို့၏အင်အား ဖြစ်၏။ ထို့အတူ သောတာပန်တို့၏အင်အား သည်လည်း ဒါန၊ သီလ၊ ဘာဝနာများပင် ဖြစ်၏။

သို့သော်လည်း သောတာပန်မလေး ဥတ္တရာမှာ အရွယ်ရောက်စက ပင် အိမ်ထောင်ကျပြီး မိစ္ဆာဒိဋ္ဌိယောကျ္ာမအိမ်သို့သာ လိုက်ပါနေထိုင်ခဲ့ရ၍ ဒါန၊ သီလ၊ ဘာဝနာများကို ပြုလုပ်ခွင့်ရမည်ကိုမဆိုထားဘိ၊ ဘာသာရေး စကားကိုပင် ၎င်းတို့က နားခါးနေကြ၏။ လာဘ်တိတ်သလို ဖြစ်နေကြ၏။

ထို့ကြောင့် သောတာပန်မလေး ဖြစ်ပါလျက် ရတနာသုံးပါးနှင့် လည်းကောင်း၊ ဒါန, သီလ, ဘာဝနာတို့ဖြင့် လည်းကောင်း ကာလကြာမြင့် စွာ ကွဲကွာလာရသောအခါ ဥတ္တရာသည် သူ၏ဘဝကို ရှင်လျက်နှင့် သူသေ တစ်ယောက်၏အဖြစ်သို့ ရောက်နေသကဲ့သို့ပင် ခံစားလာရ၏။ တစ်စုံ တစ်ခုသောထွက်ပေါက်ကိုလည်း ရှာမှီးလာ၏။

တစ်ခုသောနေ့တွင် သူ၏အခြွေအရံမိန်းမအား သီတင်းကျွတ် ပဝါ ရဏာနေ့ (မီးထွန်းပွဲနေ့) သို့ရောက်ရန် အဘယ်မျှလိုသေးသည်ကိုမေးမိရာ (၁၅) ရက်သာလိုတော့ကြောင်းကိုပြောပြ၏။ ထိုအခါ စိတ်ထဲတွင် ဘာသာ ရေးနှင့်နွယ်ယှက်၍ အတော်လေးပင် မသက်မသာဖြစ်သွားရ၏။ မိစ္ဆာဒိဋ္ဌိ အိမ်၌နေရသည်ကိုလည်း စက်ဆုပ်လာ၏။

ထို့ကြောင့် ကောက်ကာငင်ကာဖြင့်ပင် ဖခင်ထံသို့ စာရေးလိုက်၏။ မိဘစကားကိုနားထောင်ပြီး မိစ္ဆာဒိဋ္ဌိလင်အိမ်သို့လိုက်ခဲ့ရ၍ ဒါန, သီလ, ဘာဝနာတို့နှင့်ကင်းကွာနေရသည့်အကြောင်း၊ ဘုရား အစရှိသော သံဃာ

တော်တို့အား ဖူးမြော်ကြည်ညိုခွင့်လည်းမရသည့်အကြောင်း၊ သို့ဖြစ်၍ ဝဋ္ဋ ဆိုးကပ်ဆိုးကြီးကျရောက်ဘိသို့ ခံစားနေရသည့်အကြောင်းများကို ပြည့်ပြည့်စုံစုံထည့်ရေးလိုက်၏။

ဖခင်ဖြစ်သူ သူဌေးကြီးမှာလည်း သမီးဆီမှပို့ပေးလိုက်သောစာကို ဖတ်ရသောအခါ အတော်လေးပင် စိတ်မသက်မသာဖြစ်သွားရ၏။ သမီးဖြစ်သူကိုလည်း အတော်လေးပင် သနားသွား၏။ တစ်စုံတစ်ခုသောထွက်ပေါက်ကိုရှာကြံပေးရန်လည်း ဆုံးဖြတ်လိုက်၏။ ထို့နောက် သမီးထံသို့ စာတစ်စောင်ရေး၍ ငွေ (၁၅,၀၀၀) နှင့်အတူ ပေးပို့လိုက်၏။ စာ၏အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်၏။

ရာဇဂြိုဟ်ပြည်၌ သီရိမာ ခေါ်သော အလှဘုရင်မတစ်ယောက်ရှိ၏။ တစ်နေ့လျှင် ငွေ (၁၀၀၀) ပေး၍ ဆက်သွယ်ကြရ၏။ သို့ဖြစ်၍ ငွေ (၁၅,၀၀၀) ဖြင့် သီရိမာအား (၁၅) ရက်ပေးဝယ်ကာ မိမိ၏လင်ယောကျ်ားနှင့်ထားပြီး အိမ်ထောင်သည်မယားအဖြစ်မှခွင့်ယူလျှင် ရတနာသုံးပါးကိစ္စများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြံပြုကူညီလိုက်၏။

ဥတ္တရာသည် ဖခင်ဖြစ်သူပေးသောအကြံကို အလွန်အမင်းသဘောကျ၍ ချက်ချင်းပင် သီရိမာနှင့်ဆက်သွယ်ပြီး တိုင်ပင်၏။ သဘောတူညီမှုရသည်နှင့် သီရိမာအား (၁၅) ရက်နေ့တွက်ပေးခေါ်လာပြီး မိမိ၏လင်ယောကျ်ားအားပြ၏။ အကျိုးအကြောင်းကိုလည်း ရှင်းလင်းပြောပြ၏။

မိစ္ဆာဒိဋ္ဌိ လင်ယုတ်မာသည်ကား သီရိမာ၏အလှကို မြင်စဉ်ကပင် ယစ်မူးနေမိပြီ။ နေမထိထိုင်မသာဖြစ်ကာ ကိလေသာပိုးမွှားများ၏ကိုက်စားခြင်းကိုခံနေရပြီ။ ထို့ကြောင့် ဥတ္တရာ၏တောင်းဆိုချက်များကို တစ်ခုမှ မငြင်းပယ်နိုင်တော့။ အားလုံးကို လိုက်လျောပြီး သီရိမာနှင့်သာ ပျော်နေလေ၏။

ဥတ္တရာလည်း စိတ်တိုင်းကျ (၁၅) ရက်တိုင်တိုင် ဘုရားအမှူးရှိသောသံဃာတော်များကို ဆွမ်းဖြင့်လုပ်ကျွေးရတော့မည်၊ သီလဆောက်တည်ရတော့မည်၊ တရားနာရတော့မည်ဟုတွေးကာ အတိုင်းမသိ ဝမ်းမြောက်ဝမ်း

သာဖြစ်သွားရ၏။ ကျောင်းတော်သို့ ကိုယ်တိုင်သွားရောက်ပြီး ဒါန၊ သီလ၊ ဘာဝနာတရားတို့ဖြင့် ချီးမြှောက်ပါမည့်အကြောင်းကိုလည်း ဘုရားရှင်နှင့်တကွ သံဃာတော်များအား လျှောက်ထားလိုက်၏။

ထို့နောက် အခြွေအရံများနှင့်အတူ ကျွေးမွေးလှူဒါန်းရန် စီမံကြ၏။ မီးဖိုချောင်တွင် ပျော်မဆုံး တစ်နေကုန်တစ်နေခန်း အလုပ်များနေကြ၏။ ကိုယ်တိုင်ကိုယ်ကျလည်း ကြော်လှော်ချက်ပြုတ်ကာ မမောနိုင်မပန်းနိုင်ရှိနေ၏။ ရခဲလှသောအခွင့်အရေးထူးကြီးအဖြစ်လည်း သတ်မှတ်၏။

စင်စစ်တွင် ကိုယ့်လင်ကို ငွေဝယ်မိန်းမနှင့်အပ်နှင်းထားပေးနိုင်ခြင်းမှာ တော်ရုံသတ္တိကား မဟုတ်။ ကိုယ့်လင်ကို ငွေဝယ်မိန်းမနှင့်အပ်နှင်းပြီး ဒါန၊ သီလ၊ ဘာဝနာများဖြင့် ပျော်နေသည့် ဥတ္တရာကို မိန်းမတိုင်းပင် နားလည်နိုင်ကြလိမ့်မည် မဟုတ်။ ကိုယ့်လင်နှင့် အခြားမိန်းမတစ်ယောက် ပြုံးပြုံးရယ်ရယ် ရှိနေလျှင်ပင် မကြိုက်ရှိတတ်ကြလေရာ ယခု ဥတ္တရာကို အဘယ်မှာလျှင် နားလည်နိုင်တော့မည်နည်း။

ခင်ပွန်းသည် သူယုတ်မာလည်း သိရိမာနှင့်ပျော်နေ၏။ ဥတ္တရာကို ဂရုမစိုက်။ သတိရဟန်လည်းမတူ။ ဥတ္တရာ၏ ဒါန၊ သီလ၊ ဘာဝနာကိစ္စများကိုလည်း မနှောင့်ယှက်။ ရက်ရက်ရောရောကြီးပင် ခွင့်ပြုထားလေ၏။ လာ၍မျှပင်မကြည့်။

နည်းတူပင် ဥတ္တရာလည်း သံဃာ့ကိစ္စ၊ ဒါန၊ သီလ၊ ဘာဝနာဝတ်များဖြင့် ပျော်နေ၏။ ဤကဲ့သို့ပြုလုပ်ခွင့်ရနေ၍ သိရိမာကိုလည်း များစွာကျေးဇူးတင်နေ၏။ သိရိမာက သူ့တာဝန်ကိုယူထား၍ ယခုကဲ့သို့ ကုသိုလ်ထူးကြီးကိုပြုလုပ်ခွင့်ရနေသည်ဟုလည်း နားလည်နေ၏။

သီတင်းမကျွတ်မီ တစ်ရက်အလိုတွင် ခင်ပွန်းသည်ဖြစ်သော သူယုတ်မာသည် ပြာသာဒ်၏အပြင်ဘက်ကိုခေါင်းထုတ်၍ မီးဖိုချောင်တွင် ပြာဖုန်များ အပေပေအကျံကျံ ချွေးသံတလုံးလုံးဖြင့် ချက်ပြုတ်ကြော်လှော်နေသော ဇနီးသည် ဥတ္တရာအား တစ်အောင့်မျှစိုက်ကြည့်ကာ ပြုံးနေ၏။

'အင်း. . . အမိုက်မ၊ ကိုယ့်လင်ကို သူများနှင့်အပ်ထားပြီး ရဟန်း

ခေါင်းတုံးတွေအတွက် အပင်ပန်းခံရင်း ပျော်နေလိုက်တာ။ သနားစရာပဲ’

ဟုလည်း တွေး၏။

ဥတ္တရာလည်း မျက်နှာကချွေးကိုသုတ်ရင်း မော့ကြည့်ခိုက် ခင်ပွန်းသည်ကိုမြင်၍ ပြုံးမိ၏။

‘ငါ့ယောက်ျားခမျာ ရခဲလှသောကုသိုလ်ထူးကြီးကို အနည်းငယ်မျှပင် မကြည်ညိုနိုင်ဘဲ အငှားမိန်းမနှင့်သာပျော်နေသည်။ သနားစရာပဲ’

ဟု တွေးကာ ပြုံးမိ၏။

သီရိမာသည် အနားသို့ရောက်လာပြီး ဥတ္တရာနှင့် ခင်ပွန်းသည်တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးနေကြသည်ကိုမြင်လေလျှင် သူ့ကိုယ်သူ အငှားမယားအဖြစ်ကိုမေ့လျော့ကာ တကယ့်သူဌေးမယားအထင် ရောက်လျက် -

‘ဒီမိန်းမ ငါ့ယောက်ျားနှင့် အဆက်အသွယ်ရှိနေသည်ကိုး’

ဟု ဥတ္တရာအား အလွန်အမင်းဒေါသထွက်သွားလေ၏။

(၁၄) ရက်တိုင်တိုင် သူဌေးပြာသာဒ်၌ သူဌေးနှင့်အတူ ဇိမ်ယစ်နေသဖြင့် သူ့ကိုယ်သူ အငှားမယား ဆိုသည်ကိုလည်း လုံးလုံးသတိမရတော့။ ဥတ္တရာကိုသာ သေကြောင်းကြံလေ၏။ ချက်ချင်းပင် ပြာသာဒ်ပေါ်မှ ခြေကိုဆောင့်၍ ဆင်းလိုက်သွားလေ၏။

❒

## ကိုယ်ရောနှုတ်ပါ ဥတ္တရာ၏ အံ့ဖွယ်မေတ္တာ

သီရိမာသည် အောက်သို့ရောက်လျှင် မီးဖိုဆောင်သို့တန်းဝင်သွားပြီး ကျိုက်ကျိုက်ဆူနေသော ထောပတ်ဆီပူကို ဇွန်းကြီးဖြင့်ခပ်ယူကာ တင်းသောမျက်နှာဖြင့် ဥတ္တရာထံသို့ တန်းတန်းမတ်မတ်လျှောက်သွား၏။

ဥတ္တရာလည်း သီရိမာလာနေသည်ကို မြင်လည်းမြင်၏။ သူ့အထင်

နှင့်သူ မိမိအား ဒေါသလိုနေသည်ကိုလည်းသိ၏။ ကစ်ဖက်စွန်းရောက်နေသည်ကိုလည်း နားလည်၏။ ထို့ကြောင့် အလွန်အမင်း သနားသွားမိ၏။ ထို့နောက် သီရိမာ၏ကျေးဇူးကိုလည်း သတိရလာ၏။ တစ်ဆက်တည်းပင် ခင်မင်မြတ်နိုးစိတ်များ တဖွားဖွားဖြစ်ပေါ်လာ၏။

ထို့ကြောင့် အငွေ့တထောင်းထောင်းထွက်နေသော ထောပတ်ဆီပူဇွန်းကြီးကိုကိုင်ကာ မိမိထံသို့လာနေသော ဒေါသအမျက်လည်းချောင်းချောင်းထွက်နေသည့် သီရိမာကို မြင်လျက်နှင့် ရှောင်၍လည်းမနေ၊ ထွက်၍လည်းမပြေး၊ တားဆီးခြင်းကိုလည်းမပြုဘဲ မေတ္တာစိတ်ကြီးမားသူဖြစ်သည့်အလျောက် -

'ငါ့အပေါ်တွင် သီရိမာ၏ကျေးဇူးကား ကြီးမားပါပေ၏။ သူ့ကျေးဇူးကြောင့်သာ ယခုကဲ့သို့ ကုသိုလ်အထူးထူးတို့ကို ပြုလုပ်ခွင့်ရနေပေသည်။ ငါ့အပေါ်တွင် သီရိမာ၏ကျေးဇူးသည် စကြဝဠာထက်လည်း ကျယ်၏။ ဗြဟ္မာ့ပြည်ထက်လည်း မြင့်၏။ ထို့ ကြောင့် အကယ်၍များ သူသည် ငါ့အား ထောပတ်ဆီပူနှင့်လောင်းစေတော့၊ ငါ သူ့အပေါ်တွင် မေတ္တာမပျက်ပေ။ ဤစကားမှန်လျှင် သူလောင်းသောထောပတ်ဆီပူသည် ငါ့အား မလောင်စေသား။ ငါမေတ္တာပျက်လျှင်လည်း ပကတိအတိုင်း ပူလောင်ပါစေသား'

မေတ္တာပွားများသူတို့သည် သူတစ်ထူး၏ကျေးဇူးကို မြင်အောင်ကြည့်တတ်ရမည်ဟု ပဓာနစည်းကမ်းကြီး ရှိ၏။ မိမိအပေါ်တွင် မည်မျှအထိပင် ရိုင်းစိုင်းဆိုးသွမ်းသူ ဖြစ်စေတော့ ၎င်းသည် တစ်ချိန်က မိမိအပေါ်တွင် လည်းကောင်း၊ သူတစ်ပါးတို့၏အပေါ်တွင် လည်းကောင်း ကောင်းကွက်ကလေးများ ရှိတတ်၏။ ထိုကောင်းကွက်များကိုသော်လည်း မြင်အောင်ကြည့်ကာ ပို့ပွားရ၏။ သို့မှ မိမိ၏မေတ္တာသည်လည်း ထက်မြက်ပြီး အကျိုးသက်ရောက်၏။

ယခု ဥတ္တရာလည်း သီရိမာ၏ကျေးဇူးကို မြင်အောင်ကြည့်၍သာ မေတ္တာပို့၍နေ၏။ ဒေါသထွက်ခြင်း၊ ရှောင်ပြေးခြင်း၊ တားမြစ်ခြင်းကိုမူ အလျှင်းမပြု။ သီရိမာသည်လည်း ထင်သည့်အတိုင်းပင် ဒေါသတကြီးဖြင့်

ထောပတ်ဆီပူများကို ဥတ္တရာ၏ခေါင်းပေါ်သို့ သွန်လောင်းချလိုက်လေ၏။ ပိန်းကြာဖက်တွင် ရေမတင်သည့်အတိုင်း ထောပတ်ဆီပူများ လျှော၍ကျသွား၏။ မေတ္တာအကျိုး လက်ငင်းပြခြင်းပင် ဖြစ်၏။

သီရိမာသည် ဥတ္တရာ တစ်စုံတစ်ခုမျှ ခံစားရသည်ကိုမတွေ့ရလျှင် ထောပတ်ဆီပူများ အေးသွားလေသလားဟုထင်ကာ နောက်တစ်ကြိမ် သွားခပ်ပြီး ထပ်လောင်းမည်အပြုတွင် ဥတ္တရာ၏အခြွေအရံများက သည်းမခံနိုင်ကြတော့ဘဲ ဆဲဆိုကြိမ်းမောင်းလျက် သီရိမာအား ဝိုင်းအုံရိုက်နှက်ပုတ်ခတ်ကြလေ၏။

ဥတ္တရာက မရိုက်နှက်ကြရန် လှမ်းအော်တားမြစ်နေချိန်မှာ သီရိမာ လဲကျသွား၏။ အခြွေအရံများက လဲကျသွားသော သီရိမာကို အပေါ်က ဝိုင်းအုံဖိနှိပ် ရိုက်ပုတ်ကြပြန်၏။ တားမရသည့်အဆုံး ဥတ္တရာ ပြေးလိုက်သွားပြီး ဆွဲရွဲကာ သီရိမာ၏ကိုယ်ပေါ် မှောက်ချကာ ဖုံးအုပ်ထားလိုက်ရ၏။ သို့မှ အရိုက်ရပ်သွားကြ၍ သီရိမာလည်း သက်သာခွင့်ရသွားလေ၏။

ဥတ္တရာသည် သီရိမာအား ဆွဲထူလိုက်ပြီး ကိုယ်ကဒဏ်ရာများကို ရေနွေးဖြင့် ဆေးကြောကာ ဆေးလိမ်းပေး၏။ ယုယကြင်နာစွာဖြင့်လည်း နှိပ်နယ်ပေး၏။

"ဖြစ်ရလေ သူငယ်ချင်းမရယ်၊ အဲဒီလို ရူးရူးမိုက်မိုက် ဘာလို့ကြံရတာလဲ"

ဟု ကရုဏာသက်သောတရားစကားဖြင့်လည်း ဆို၏။

ဥတ္တရာ၏စကား၌ မေတ္တာအပြည့်သက်ဝင်လျက်ရှိ၏။ ထို့ကြောင့် သီရိမာသည် သူ၏အမှားကိုသိလာကာ နောင်တကြီးစွာရလေ၏။ ဥတ္တရာ၏မေတ္တာကရုဏာများကိုလည်း ပိုမိုနားလည်သွားလေ၏။ ထို့ကြောင့်-

"သည်းခံပါ မမဥတ္တရာ၊ ငါ့အမှားကိုခွင့်လွှတ်ပါ"

ဟု ဆိုကာ ရှိခိုးကန်တော့လိုက်၏။

"ငါ့မှာ အဖေရှိ၏ သူငယ်ချင်း သီရိမာ၊ ထိုအဖေ၏ကျေးဇူးကြောင့်

လည်း ယခုကဲ့သို့ ငါသည်းခံနိုင်ခြင်း ဖြစ်၏။ သို့အတွက်ကြောင့် ငါ၏ အဖေကိုသာ ကန်တော့ပါ။ ငါ၏အဖေကိုကန်တော့လျှင် ငါကျေနပ်ပါ၏"

"ကောင်းပေ၏ မမဥတ္တရာ၊ ယနေ့ပင်လျှင် သူဌေးကြီး ဦးပုဏ္ဏကို သွားကန်တော့ပါမည်"

"သူငယ်ချင်း သီရိမာ၊ သူဌေးကြီးသည် ငါ၏လောကီဖခင်သာ ဖြစ်ပေ၏။ ထို့အပြင် ငါ့မှာ မြတ်စွာဘုရားတည်းဟူသော လောကုတ္တရာဖခင် ရှိသေး၏။ ထိုလောကုတ္တရာဖခင်ကိုသာ ငါရည်ရွယ်၍ပြောခြင်းဖြစ်ပေ၏"

ဤတွင် အခက်တွေ့ရ၏။ သီရိမာသည်ကား ရတနာမြတ်သုံးပါးနှင့်နီးစပ်သူ မဟုတ်ပေ။ သို့ဖြစ်၍ ဥတ္တရာကပင် စီစဉ်ပေးသောကြောင့် နောက်ဆုံးနေ့ ဆွမ်းကပ်ပွဲတွင် သီရိမာသည် အမျိုးသမီးငါးရာနှင့်တကွ ခြံရံ၍ လာရောက်လှူဒါန်းကာ တရားတော်ကိုလည်း အတူနာယူကြ၏။ ဖြစ်ပျက်ခြင်းအလုံးစုံကိုလည်း ဥတ္တရာရော သီရိမာကပါ ဘုရားရှင်အား လျှောက်ထားကြ၍ ကောင်းချီးပေးတော်မူ၏။

**အက္ကောဓေန ဇိနေ ကောဓံ -** အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့် ဒေါသကို မေတ္တာဖြင့်သာအောင်နိုင်ကြောင်း စသည်ဖြင့် ဟောတော်မူရာ သီရိမာနှင့်တကွ အမျိုးသမီးငါးရာတို့ သောတာပတ္တိဖိုလ်၌ တည်ကြလေ၏။

(ဓမ္မပဒ ၄-၂ ။ ၁၉၆ - ၁၀၂)

ဥတ္တရာကား သူဌေးသမီး၊ သူဌေးကတော်ဖြစ်သော်လည်း သည်းခံနိုင်စွမ်းရှိ၏။ မေတ္တာစိတ်လည်းပြည့်ဝ၏။ ထိုထိုသည်းခံခြင်း၊ မေတ္တာထားခြင်းအစွမ်းကြောင့်ပင် ကိုယ်တိုင် သေဘေးမှလွတ်မြောက်ခဲ့ရသလို သီရိမာနှင့် အမျိုးသမီးငါးရာတို့ကိုပါ သောတာပန်အရိယာများဖြစ်သွားကြသည်အထိ တွန်းပို့ပေးခဲ့၏။ မေတ္တာအကျိုး တန်ခိုးသတ္တိသည်ကား ကုန်သည်ဟူ၍ပင် မရှိပေ။

* * *

## ၁၀။ မေတ္တာအကျိုး ဓမ္မရသ (၄)

ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေနမင်း၌ သာမာဝတီ၊ ဝါသုလဒတ္တာ၊ မာဂဏ္ဍီ ဟူ၍ ထင်ရှားသော မိဖုရားကြီးသုံးယောက် ရှိ၏။ ထိုမိဖုရားကြီး သုံးယောက်တွင် ဝါသုလဒတ္တာသည် သိပ်ပြီးမထင်ရှားဘဲ သာမာဝတီနှင့် မာဂဏ္ဍီ မိဖုရားကြီးနှစ်ပါးသည် သာ၍ထင်ရှား၏။ ဤရသ၌လည်း ထင်ရှားသောမိဖုရား သာမာဝတီနှင့် မာဂဏ္ဍီနှစ်ပါးကိုသာ အလိုရှိ၏။

သာမာဝတီမိဖုရားကြီးတွင် ခုဇ္ဇုတ္တရာအမည်ဖြင့် လက်ရင်းကျွန်မ တစ်ဦး ရှိ၏။ (ခါးကုန်း၍ ခုဇ္ဇ အမည်ရင်း မဉတ္တရာ။) ခုဇ္ဇုတ္တရာသည် နေ့စဉ် ပန်းရှစ်ကျပ်ဖိုးကို သာမာဝတီမိဖုရားကြီးအား ပန်းဝယ်ပေးသောအ လုပ်ကို တာဝန်ယူရ၏။ ထို့ကြောင့် သူ့ကို ပန်းအဝယ်တော်မလေးဟုလည်း သိနေကြ၏။

ခုဇ္ဇုတ္တရာကား ရိုးသားခြင်းမရှိပေ။ မိဖုရားပေးသော အသပြာရှစ် ကျပ်တွင် လေးကျပ်ကိုခိုးထားပြီး ကျန်သောလေးကျပ်ဖိုးသာ ပန်းဝယ်၏။ ဤသည်ကို မိဖုရားကြီး သာမာဝတီ မသိပေ။ ရှစ်ကျပ်ဖိုးအပြည့်ဝယ်ပေး နေသည်ချည်းသာ မှတ်နေ၏။

တစ်နေ့သောအခါတွင် ပန်းသည် ယခင်ရက်များကထက် တစ်ပြန် တိုး၍များလာ၏။ ထို့ကြောင့် မိဖုရားကြီးက အံ့ဩသွားပြီး -

"အစ်မကြီး ခုဇ္ဇုတ္တရာ၊ ဒီနေ့တွင် ပန်းတွေများလှချေလား။ မောင် တော်ဘုရင်က နေ့တိုင်းထက် ပန်းဖိုးပို၍ပေးသလား"

ဟု မေး၏။

ဤတွင် ခုဇ္ဇုတ္တရာ အခက်တွေ့ရ၏။ ယနေ့တွင် လိမ်လိုစိတ်လည်း လုံးဝမရှိတော့။ အမှန်အတိုင်းကိုပြောရန် ဆုံးဖြတ်လိုက်ပြီး -

"သခင်မမိဖုရားကြီး ထားလျှင်လည်း ရှင်ရပါမည်၊ သတ်လျှင်လည်း သေရပါမည်။ အမှန်အတိုင်းကို လျှောက်တင်ပါမည်။ ယခင်ရက်များက ပန်းဖိုးရှစ်ကျပ်တွင် လေးကျပ်ကို ကျွန်တော်မျိုးမ ခိုးယူထားပြီး လေးကျပ်ဖိုး သာဝယ်ပါသည်။ ဤနေ့တွင် မခိုးဘဲ ရှစ်ကျပ်ဖိုးအပြည့်ဝယ်လာပါသည်"

"အသို့နည်း။ ယခင်ရက်များက လေးကျပ်သောအသပြာကိုခိုးထားပြီး ဒီနေ့တွင်မခိုးဘဲ ရှစ်ကျပ်ဖိုးအပြည့်ဝယ်လာသည်ဟုဆိုလျှင် အကြောင်းရှိလိမ့်မည်။ ထိုအကြောင်းကို ငါတို့သိခွင့်မရပေဘူးလား။ သိခွင့်ရလျှင် သိချင်ပါသည်၊ ပြောပြစမ်းပါ အစ်မကြီး"

ဤနေရာတွင် စိတ်ကောင်းမရှိသော၊ အမျက်ဒေါသလည်းကြီးသည့် မိဖုရားမျိုးသာ ဖြစ်ခဲ့ပါမူ ခုဇ္ဇုတ္တရာ အသက်နှင့်ကိုယ် အိုးစားကွဲနိုင်၏။ ဘုရင့်ဘဏ္ဍာတော်ငွေကိုခိုးသည့်သူခိုးမဟု အကြိမ်ကြိမ် ဆဲဆိုဟိန်းဟောက်ကာ အဆုံးစီရင်လိုက်နိုင်၏။

ယခုမူ သာမာဝတီမိဖုရားကြီးမှာ ထိုသို့မဟုတ်။ ဒေါသကိုနောက်ထား၍ အမှန်တရားကိုသာ သိထားနားလည်ချင်နေ၏။ ဒေါသကိုမူ အလျှင်းမမြင်ရ။

ခုဇ္ဇုတ္တရာကလည်း လိမ်လည်ခြင်းမပြု။ အဖြစ်မှန်ကို ပြောဆိုဝန်ခံရဲသောသတ္တိ ရှိ၏။ ယခင်ကမူ ဤသတ္တိမျိုးမရှိ။ မရှိ၍လည်း လိမ်လည်ခိုးယူခဲ့၏။ ဘုရင့်ဘဏ္ဍာတော်ဖြစ်သော ပန်းဖိုးရှစ်ကျပ်ငွေထဲမှ လေးကျပ်ငွေကို နေ့စဉ် ခိုးယူစားသောက်နေခဲ့၏။ ယခုမူ မြင့်မြတ်သောအားအင်များ အပြည့်ရှိလာခဲ့၍ ခိုးလည်းမခိုး၊ လိမ်လည်းမလိမ်တော့။ အမှန်ကို ဖွင့်ပြောလိုက်၏။

"ကျွန်တော်မျိုးမသည် ဤယနေ့ ပန်းသည်အိမ်မှ မြတ်စွာဘုရားရှင်၏တရားတော်ကိုနာလာရ၍ သောတာပန်ဖြစ်လာခဲ့ပါပြီ။ ထို့ကြောင့် ခိုးလည်းမခိုး၊ လိမ်လည်းမလိမ်တော့ပါ။ သောတာပန်တို့သည် ငါးပါး

သီလလုံပါ၏။ အသက်ကိုသာအသေခံပါမည်၊ ငါးပါးသီလကို ချိုးဖောက်လိုစိတ်မျှပင် မရှိတော့ပါ”

ဤစကားကို သာမာဝတီ အလွန်အမင်းနှစ်သက်သွား၏။ သောတာပန်တို့၏အကြောင်းကို နားမလည်သေးသော်လည်း မေတ္တာ၊ ကရုဏာ အပြည့်ရှိသည့် သာမာဝတီမိဖုရားကြီးအဖို့ သီလတရားကိုလည်း ချစ်မြတ်နိုးသည်သာဖြစ်၏။ တစ်ဆက်တည်းပင် ခုဇ္ဇုတ္တရာ နာကြားလာရသောတရားတော်ကိုလည်း ပြန်လည်၍နာကြားချင်လာ၏။

“ဤသို့ဆိုလျှင် အစ်မကြီး ခုဇ္ဇုတ္တရာ၊ အစ်မကြီးနာကြားလာရသောတရားတော်ကို ပြန်လည်ဟောပြပေဦး။ ငါတို့လည်း ဆင့်ပွားနာကြားပါရစေ”

“ဟောပြရမည်မှာ အခက်မဟုတ်ပေ။ ကိုယ်ရရှိခဲ့သောတရားတော်ကို ပြန်လည်၍ ဟောပြရမည်ကိုလည်း ဝန်မလေးလှပါ။ သို့သော်လည်း ကျွန်တော်မျိုးမသည်ကား ကျွန်မိန်းတစ်ယောက်သာ ဖြစ်ပေသည်။ သို့ဖြစ်၍ မိဖုရားကြီးနှင့် နန်းတွင်းသူအပေါင်းတို့သည် ကျွန်မိန်းတစ်ယောက်ထံမှ တရားတော်ကိုနာကြားသည်ဟု သဘောမထားဘဲ ရဟန်းတော်အရှင်မြတ်တို့ထံမှတရားတော်ကို နာယူမှတ်သားသကဲ့သို့သာ ရိုရိုသေသေ၊ လေးလေးစားစား နာယူကြရပါမည်။ မွှေးနံ့သာတို့ကိုလိမ်းကျံပေးပြီး အဖိုးထိုက်၍ အဆင်းလှသော အဝတ်အထည်တို့ကိုလည်း ဝတ်ဆင်ပေးရပါမည်။ မြင့်မြတ်သောနေရာတွင်ထားပြီး တရားနာယူသူတို့က နိမ့်သောအရပ်ကသာ လက်အုပ်ချီ၍ နာယူကြရပါမည်”

တရားဟော၊ တရားနာပုဂ္ဂိုလ်တို့ အတုယူမှတ်သားစရာပင်ဖြစ်၏။

သာမာဝတီမိဖုရားကြီးလည်း ခုဇ္ဇုတ္တရာ၏ဆန္ဒအတိုင်း အလုံးစုံကို ပြုပြင်ပေးပြီး တရားနာယူကြသဖြင့် သာမာဝတီမိဖုရားကြီးနှင့်တကွ နန်းတွင်းသူ မောင်းမငါးရာလုံး သောတာပတ္တိဖိုလ်၌တည်ကြလေ၏။

❒

# မာဂဏ္ဍီ

မာဂဏ္ဍီမိဖုရားကား မြတ်စွာဘုရားရှင်နှင့် ရန်သူ ဖြစ်၏။ ဖခင်မာဂဏ္ဍီပုဏ္ဏားကြီးသည် သမီး မာဂဏ္ဍီ အရွယ်ရောက်သောအခါ သမက်လောင်းကို လိုက်၍ရှာ၏။ ထိုအခါ မြတ်စွာဘုရားရှင်ကိုတွေ့၍ ရုပ်ဆင်းအင်္ဂါမှစပြီး အလွန်အမင်းသဘောကျကာ သမက်တော်ချင်လှသဖြင့် သမီးအား သိမ်းပိုက်ရန် အပ်နှင်း၏။

မြတ်စွာဘုရားရှင်က ဆိတ်ဆိတ်နေလျှင် သမီးနှင့်မယားဖြစ်သူတို့အား သွားခေါ်၏။ ဖြီးလိမ်းပြင်ဆင်၍ ပြန်လာကြသောအခါ ဘုရားရှင်ကိုမတွေ့တော့ဘဲ ခြေတော်ရာကိုသာတွေ့ရလေ၏။ မာဂဏ္ဍီပုဏ္ဏားကြီးလင်မယားတို့ကား ဗေဒင်ပညာကို တစ်ဖက်ကမ်းခပ် တတ်မြောက်ကြလေ၏။ ပုဏ္ဏေးမကြီးက ပုဏ္ဏားကြီးထက်သာ၏။

ထို့ကြောင့် ခြေတော်ရာကို မြင်ရုံ၊ ကြည့်ရုံမျှဖြင့် ဤပုဂ္ဂိုလ်သည် တဏှာရာဂကိုခံစားမည့်ပုဂ္ဂိုလ်မျိုးမဟုတ်ဟု သိ၏။ ထို့နောက် ဆက်လိုက်သွားပြီး သမီးကိုအပ်နှင်းရာ၌ 'ငါသည် သင်တို့၏သမီးကို ကျင်ကြီးကျင်ငယ်ဖြင့်ပြည့်သော မစင်ပုပ်ကဲ့သို့သော အယုတ်သဖြင့်သာ မှတ်ထင်၏။ ခြေထောက်ဖြင့်ပင် မတို့ထိလို' ဟု မိန့်ဆိုဟောကြားလိုက်ရာ ဓာတ်ခံရှိသောပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့ တရားသဘောသက်ဝင်၍ အနာဂါမ်တည်သွားကြ၏။

မာဂဏ္ဍီကား အရှက်ရကာ အလွန်အမင်းဒေါသထွက်၍ မြတ်စွာဘုရားရှင်အား ရန်ငြိုးဖွဲ့လေ၏။ သူ့လို အချောအလှမိန်းမတစ်ယောက်ကို ဤကဲ့သို့ပြောရကောင်းလားဟုလည်း မခံမရပ်နိုင်အောင် ဖြစ်သွားရ၏။ သူ၏အလှနှင့် မာနကို ချိုးလိုက်သည်ဟုလည်း အပြည့်အဝထင်သွား၏။ ဘုရား ဟူ၍လည်း မမြင်တော့။ အကြီးစားရန်သူအဖြစ်သာ သတ်မှတ်၏။ မိဖုရားဖြစ်လာသောအခါ ဒေါသမာန်သည် သာ၍ပင်တက်လေ၏။

❒

# မာဂဏ္ဍီ၏ ကလိမ်ဉာဏ်

တစ်နေ့သောအခါ မာဂဏ္ဍီသည် သာမာဝတီတို့အဆောင်သို့ရောက်သွား၏။ ထိုအခါ အဆောင်နံရံ၌ အပေါက်ငယ်များကိုတွေ့လျှင် မေးမြန်း၏။ သာမာဝတီမိဖုရားကြီးက 'မြတ်စွာဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းခံကြွသည်ကို ဒီအပေါက်များကကြည့်၍ ကြည်ညိုကြကုန်၏' ဟု ပြောပြလိုက်လေ၏။

မာဂဏ္ဍီသည် ယခင်ကပင် မြတ်စွာဘုရားရှင်အား အမျက်လိုနေသည်ဖြစ်ရာ ယခုလို မြင်ရ၊ ကြားရသောအခါတွင် ဒဏ်ရာကို တုတ်ဖြင့်အထိုးဆွခံရဘိသို့ မျက်နှာပျက်ပျက်ဖြင့် ထွက်ခွာသွားလေ၏။

ထို့နောက် မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့အား ဂုဏ်သရေဖျက်ရန် စီစဉ်၏။ မြတ်စွာဘုရားနှင့်နွယ်၍ မိမိ၏ရန်သူဖြစ်နေပြီဟု သိလိုက်ရသော သာမာဝတီမိဖုရားကြီးကိုလည်း ဒုက္ခပေးရန် အတွင်းကျိတ်၍ကြံလေ၏။ ထို့နောက် ဥတေနမင်းအား -

"မောင်တော်ဘုရား၊ သာမာဝတီနှင့် နန်းတွင်းသူတို့သည် မောင်တော့်အပေါ်၌ မေတ္တာကွက်ချေပြီ။ အပြင်၌ အဆက်ရှိနေကြပြီ။ ထို့ကြောင့် အသက်အန္တရာယ်ကို ဂရုစိုက်ပါ။ သူတို့အဆောင်ကိုသွားပြီးလည်း ကြည့်ရှုစစ်ဆေးပါ။ အပြင်ကိုကြည့်မျှော်၍ရသော အပေါက်ကလေးများစွာတို့ကို တွေ့ရှိရပေလိမ့်မည်"

ထိုကဲ့သို့ သုံးကြိမ်သုံးခါတိုင်တိုင် ကုန်းချောလျှောက်တင်၍ ဥတေနမင်းကိုယ်တိုင် သွားရောက်ပြီး အပေါက်ကလေးများ၏အကြောင်းကို မေးမြန်း၏။ သာမာဝတီမိဖုရားကလည်း ဘုရားရှင်နှင့် သံဃာတော်တို့အား ဖူးမြော်ရန် ဖောက်ထားသည့်အကြောင်းကို အမှန်အတိုင်းလျှောက်တင်၏။

ထိုအခါ ဥတေနမင်းသည် စိတ်မဆိုးသည့်အပြင် အလွန်အမင်းသဘောကျပြီး အပေါက်လေးများကိုပိတ်ဆို့ကာ လွတ်လပ်စွာဖြင့်ကြည့်ရှုကြည်ညိုနိုင်ကြရန်အတွက် ပြတင်းပေါက်ကြီးများကို ဖောက်ပေးလေ၏။

မာဂဏ္ဍီ၏ဉာဏ်ဆိုးကား မတုံးပေ။

❒

## လူမိုက်များကို စည်းရုံးသွေးထိုးခြင်း

မာဂဏ္ဍီသည် သာမာဝတီကိုပစ်သောမြား မထိရောက်လျှင် မြတ်စွာဘုရားရှင်ဘက်သို့ စစ်မျက်နှာဖွင့်၏။ မိစ္ဆာဒိဋ္ဌိ လူမိုက်များအား ငွေကြေးအသပြာပေး၍ မြတ်စွာဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းခံကြွတော်မူလာကြသည့်အခါ ဝိုင်းဝန်းဆဲရေးအပြစ်ပြောပြီး မောင်းထုတ်ခိုင်း၏။

လူမိုက်များလည်း မာဂဏ္ဍီထံမှ ငွေကြေးအသပြာကိုယူ၍ မာဂဏ္ဍီခိုင်းသည့်အတိုင်း ဘုရားရှင်နှင့်တကွ သံဃာတော်များ ဆွမ်းခံကြွတော်မူလာကြသည့်အခါ အဖုံဖုံအမျိုးမျိုး ပြောဆိုဆဲရေးကြ၏။ အပြစ်ပြောကြ၏။ မောင်းထုတ်ကြ၏။

မိစ္ဆာဒိဋ္ဌိလူမိုက်များက မည်မျှအထိပင် ဆဲရေးအပြစ်ပြောပြီးမောင်းထုတ်ကြသော်လည်း ဘုရားရှင်ကား သည်းခံ၏။ ဆွမ်းခံကြွမြဲ ကြွတော်မူ၏။ ဤကိစ္စကို အရှင်အာနန္ဒာကား သည်းခံနိုင်ခြင်း မရှိပေ။ ဆွမ်းခံကြွတိုင်း ဆဲရေးတိုင်းထွာနေကြသဖြင့် အခြားတစ်မြို့တစ်ရွာသို့ ပြောင်းကြွရန် ဘုရားရှင်အား လျှောက်ထားလေရာ -

"အာနန္ဒာ၊ ဤမြို့ကလူများ ဆဲရေးမောင်းထုတ်လို့ အခြားမြို့သို့ ပြောင်းကြွသွားပြီးနောက် ဟိုမှာလည်း ဆဲရေးတိုင်းထွာလျှင် အဘယ်သို့ရှိမည်နည်း"

"နောက်တစ်မြို့သို့ပြောင်းကြွပါမည်ဘုရား"

"ထိုမြို့ကလည်း ဤကဲ့သို့ပင် ဆဲရေးတိုင်းထွာကြပြန်လျှင်ကော အာနန္ဒာ"

ဘုရားရှင်သည် ထိုကဲ့သို့ ဆက်၍ဆက်၍မေးတော်မူပြီးနောက်-

"အာနန္ဒာ၊ ထိုသို့ကား မကြံစည်အပ်။ ဤသို့ဖြစ်သောပြဿနာကို

ဤ၌ပင် ငြိမ်းစေအပ်၏။ ဆဲရေးအပြစ်ပြောခြင်းသည် မကောင်းသော ဝစီကံ ဖြစ်၏။ မကောင်းသောအမှုသည်လည်း တည်မြဲခြင်းမရှိပေ။

ထို့ပြင် အာနန္ဒာ၊ စစ်မြေပြင်၌ကျရောက်နေသော ဆင်ပြောင်ကြီးသည် အရပ်လေးမျက်နှာမှ ပစ်လွှတ်သောမြားဒဏ်ကို ကြံ့ကြံ့ခံနိုင်ရည်ရှိရသကဲ့သို့ ငါ့အားလည်း မည်မျှအထိပင် ဆဲရေးတိုင်းထွာကြစေကာမူ သည်းခံမည်”

ခန္တီတရားသည် မေတ္တာ၏ အဓိက ရေသောက်မြစ်ကြီး ဖြစ်၏။ မေတ္တာသည်လည်း ခန္တီအပေါ်၌သာ ရပ်တည်၏။ ထို့ကြောင့် မေတ္တာနှင့် ခန္တီသည် ခွဲခြား၍မရအောင်ရှိ၏။ သဘောချင်းတူမျှသကဲ့သို့ရှိ၍ အချင်းချင်း ကျေးဇူးပြုလျက်သာ ဖြစ်၏။ မေတ္တာကို ထူထောင်လိုကြသူတိုင်း ခန္တီရှိရမည်ကိုလည်း နားလည်ထားသင့်၏။

❒

## ဒုတိယအကြိမ် သာမာဝတီကိုတိုက်ခိုက်

မာဂဏ္ဍီသည် မိစ္ဆာဒိဋ္ဌိလူမိုက်များနှင့်ပေါင်း၍ ဘုရားရှင်နှင့်သံဃာတော်တို့အား တိုက်ခိုက်သော်လည်း မအောင်မမြင်ရှိလျှင် သာမာဝတီဘက်သို့ စစ်မျက်နှာဖွင့်လာပြန်၏။

တစ်နေ့သောအခါတွင် ကြက်ရှင်ရှစ်ကောင်ကို ဥတေနမင်းအတွက် သာမာဝတီကိုယ်တိုင်သတ်ပြီး ချက်ပြုတ်ကျော်လှော်ရန် ပို့လိုက်၏။ သာမာဝတီတို့က သတ်ဖြတ်ရခြင်းမရှိသဖြင့် ပြန်ပို့လိုက်၏။

ထို့နောက်တစ်ဖန် ကြက်သေရှစ်ကောင်ပို့၍ ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းဟင်းချက်ပြီး လောင်းလှူစေ၏။ ထိုအခါ သာမာဝတီတို့လည်း ဝမ်းမြောက်ဝမ်းသာ ချက်ပြုတ်ကျော်လှော်ပြီး လောင်းလှူကြ၏။

ဤနည်းဖြင့်လည်း သာမာဝတီနှင့် ဥတေနမင်းအား ရန်တိုက်၍မရနိုင်သောအခါ နောက်တစ်မျိုးလှည့်၍ ကြံစည်ပြန်၏။ ရသည့်နည်းဖြင့်

တိုက်ဖြိုမည့်သဘောကို အပြည့်အဝဆောင်ထား၏။

ဥတေနမင်းသည် မိဖုရားကြီးသုံးဦးတို့၏အဆောင်များသို့ ခုနစ်ရက်တစ်ကြိမ်ကျ ပြောင်းစံလေ့ရှိ၏။ ဥတေနမင်း၌ အမြတ်တနိုး အသုံးပြုတီးခတ်လေ့ရှိသော စောင်းကောက်ကြီးတစ်ခုသည်လည်း ရှိ၏။ မာဂဏ္ဍီသည် ဥတေနမင်း သာမာဝတီအဆောင်သို့ အလှည့်ကျပြောင်းကြွမည့်နေ့ မတိုင်မီကပင် ကြိုတင်ပြီး မြွေဟောက်တစ်ကောင်ကို စောင်းအိုးပေါက်ထဲသို့ထည့်၍ ပိတ်လှောင်ထား၏။

မာဂဏ္ဍီသည် ဥတေနမင်း သာမာဝတီ၏အဆောင်တော်သို့ကြွခါနီးတွင် ပလီပလာဖြင့်စကားများစွာကိုဆို၏။ သူသည် ဥတေနမင်းအတွက် အိပ်မက်ဆိုးများမြင်မက်သည့်အကြောင်း၊ ဘေးဥပဒ်ရှိနိုင်သည့်အကြောင်း၊ အန္တရာယ်များပြားသည့်အကြောင်း၊ သတိထားနိုင်မှတော်မည်ဖြစ်သည့်အကြောင်းများကို ဒေါင်းထအောင်ပြော၏။

မာဂဏ္ဍီက မည်မျှအထိပင် ပြောဆိုသော်လည်း ဥတေနမင်းကား လက်မခံပေ။ ထိုအခါ စိတ်မချလွန်း၍ သူ့ကိုပါလိုက်ခွင့်ပြုရန် တောင်းဆိုလေ၏။ ထို့နောက် ဇွတ်အတင်းလိုက်ပါသွား၏။

သာမာဝတီသည် ဥတေနမင်းအား ဆီး၍ကြိုဆို၏။ အစားကောင်းအသောက်ကောင်းများဖြင့်လည်း တည်ခင်းကျွေးမွေးပြုစု၏။ စားသောက်ပြီးစီး၍ အသီးသီး စက်ရာဝင်ကြသောအခါ ပက်စက်သောအကြံဖြင့်လိုက်ပါလာသည့် မာဂဏ္ဍီသည် တိတ်တဆိတ်သွားပြီး စောင်းပေါက်ကိုဖွင့်ထားလိုက်၏။

ထိုအခါ နှစ်ရက်၊ သုံးရက် အစာနှင့်ရေငတ်ပြတ်ပြီး လှောင်ပိတ်ခံထားရသောမြွေဟောက်သည် စောင်းပေါက်မှထွက်လာပြီး ဥတေနမင်း၏သလွန်တော်ပေါ်၌ ဒေါသတကြီးဖြင့် တရှူးရှူးမာန်ဖီ၍နေလေ၏။ ရုန်းရင်းဆန်ခတ်ဖြစ်လျက် အော်ဟစ်ပြီးလည်း ထွက်ပြေးကြရ၏။

မာဂဏ္ဍီလည်း သူ့အကြံအောင်ပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်ရင်းက ပရိယာယ်ဖြင့် အော်ငိုထွက်ပြေးပြီး သာမာဝတီအား ဆဲဆိုကြိမ်းမောင်းလေ

၏။ ဥတေနမင်းအားလည်း သူ၏စကားကိုနားမထောင်ရကောင်းဟု ပြောဆိုကာ အပြစ်တင်၏။ သူ့အပြစ်ကို လုံအောင်ဖုံးပြီး သာမာဝတီကိုချည်းချောက်တွန်း၏။

ဒီအကြိမ်တွင် ဥတေနမင်းလည်း (မှားယွင်းစွာဖြင့်) ယုံကြည်သွား၏။ မာဂဏ္ဍီ၏ပရိယာယ်စကားများကို ပြန်လည်သတိရကာ သာမာဝတီကိုလည်း အမျက်ရှလေ၏။ ချက်ချင်းပင် သာမာဝတီနှင့်တကွ မောင်းမငါးရာတို့အား အဆိပ်လူးမြားဖြင့်ပစ်သတ်ရန် စီစဉ်လေ၏။ သာမာဝတီကို ရှေ့ဆုံးကထား၏။

သာမာဝတီလည်း တစ်စုံတစ်ခုသော လျှောက်တင်ခွင့်ကိုမှမရသည့်အဆုံး 'ကံကုန်လျှင် သေစေတော့' ဟု မိမိကိုယ်ကို သူသေအဖြစ်ထား၍ ငိုကွက်ခြင်း၊ ပြေးထွက်ရှောင်ပုန်းခြင်းကိုလည်းမပြုဘဲ နောက်ပါမောင်းမငါးရာတို့အားလည်း ဤသို့ဆို၏။

"ညီမတို့၊ တရားမှလွဲ၍ အားထားစရာမရှိပြီ။ မောင်တော့်အပေါ်တွင် လည်းကောင်း၊ မာဂဏ္ဍီအပေါ်တွင် လည်းကောင်း ကိုယ်နှင့်ထပ်တူထား၍ မေတ္တာပွားကြရမည်။ မည်သူ့ကိုမျှ အပြစ်မရှု၊ ဒေါသမတင်ဘဲကိုယ့်ကံကြမ္မာကို ကိုယ်သာပြုပြင်ကြရတော့မည့်အချိန်ဖြစ်၍ အရာအားလုံးကိုသည်းခံပြီး မေတ္တာပွားကြစို့"

သာမာဝတီသည် မိမိကိုယ်ကိုလည်း ပြုပြင်၏။ မောင်းမများကိုလည်း တွင်တွင်သတိပေးပြီး သင်ကြားဆုံးမ၏။ ထို့နောက် မျက်စိမှိတ်၊ လက်အုပ်ချီလျက် ဥတေနမင်းမှစ၍ မေတ္တာပို့ပွား၍သာနေကြလေ၏။

❒

## ဒေါသနှင့် မေတ္တာ ပြိုင်ကြရာ၌

ဥတေနမင်းလည်း ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် ရှူးရှူးရှဲရှဲဖြစ်ကာ ဗိုလ်ခြေတစ်ထောင်အားဖြင့်တင်မှရသော သားချိုလေးကြီးကို

ညှို့တင်လိုက်၏။ ထို့နောက် အဆိပ်လူးမြားကိုထည့်လိုက်၏။

သည်အချိန်၌ သာမာဝတီမိဖုရားနှင့် မောင်းမငါးရာတို့ကား ဘာမှသိကြမည်ပင် မဟုတ်ပေ။ မေတ္တာစျာန်ဝင်လျက် ငြိမ်သက်၍သာရှိကြ၏။ ဥတေနမင်းက သူတို့၏အသက်ကို တစ်ချက်တည်း သတ်ဖြတ်ရန် တရကြမ်းစီစဉ်နေသော်လည်း သူတို့၏မေတ္တာစိတ်ကား ဥတေနမင်းထံသို့ တစ်လုံးတစ်ဝတည်း သက်ရောက်လွှမ်းခြုံလျက်သာရှိ၏။

ဥတေနမင်းလည်း လူသတ်လက်နက်ကြီးအားလုံး အဆင်သင့်ဖြစ်သည်နှင့် ရှေ့ဆုံးကဖြစ်သော သာမာဝတီ၏ရင်ညွန့်တည့်တည့်ကို ချိန်ရွယ်လျက် ခလုတ်ကို ဆွဲဖြုတ်လိုက်ရာ မြားသည် သာမာဝတီထံသို့မသွားဘဲ နောက်ကြောင်းပြန်လှည့်ကာ ဥတေနမင်း၏ရင်ဝသို့ ထိုးဖောက်ဝင်ရောက်တော့မည့်ဟန်ဖြင့် လေထဲတွင်ရပ်တန့်နေလေ၏။

ထိုအခါမှ ဥတေနမင်းလည်း မကြံ့ဘူး၊ မကြားဘူး ထူးကဲအံ့သြကာ ဆောက်တည်ရာမရဖြစ်သွားလေ၏။ ကိုယ့်အသက်ဘေးနှင့် တည့်တည့်ကြီးကြုံနေရသဖြင့် အသက်ရှူရပ်တန့်သွားလုမတတ်လည်း ကြောက်လန့်သွား၏။ အသိစိတ်လွတ်လျက် မူးနောက်တွေဝေ၍လည်းသွား၏။

သာမာဝတီနှင့် မောင်းမငါးရာတို့သည်ကား တုန်လှုပ်ခြင်းအလျှင်းမရှိဘဲ မေတ္တာစျာန်ဓမ္မဖြင့် တည်ငြိမ်လျက်သာရှိကြ၏။ သူတော်ကောင်းတို့ဟူသည်မှာ မကောင်းမှုကို အသက်နှင့်ထပ်လဲ၍ကြောက်ကြသော်လည်း ကောင်းမှုကုသိုလ်အရာ၌မူ အသက်နှင့်ရင်ဆိုင်နေရတဲ့အခါမှာပင် ပျက်ယွင်းလျော့ပါးခြင်းမရှိသည့်အပြင် သာ၍ပင် ခိုင်ကြည်စွဲမြဲတတ်ကြ၏။

ဥတေနမင်းလည်း သူ့အဖြစ်ကို ပြန်လည်ရိပ်စားမိ၏။ အမှတ်သတိအနေဖြင့် 'အသက်မရှိသောမြားတံသည် သာမာဝတီ၏ဂုဏ်ကိုသိ၏။ ငါသည် လူထက်လူမင်းဖြစ်လျက် မသိရှိချေ' ဟု နားလည်သွား၏။ ထိုအသိဖြင့် တစ်ဆက်တည်း သားချိုလေးကြီးကိုပစ်ချကာ သာမာဝတီ၏ခြေရင်း၌ဝပ်စင်းလျက် အမျိုးမျိုးပြောဆိုတောင်းပန်လေ၏။

"သာမာဝတီ၊ ငါမှားပြီ။ ပြင်၍မရသောအမှားကြီးတစ်ခုကို ကျူး

လွန်မိပြီ။ ထိုအမှားကြောင့် ငါ၏အသိစိတ်လည်း မတည်မငြိမ်ဖြစ်နေရပြီ။ ငါ၏ဦးခေါင်းသည်လည်း အိုးထိန်းစက်ကဲ့သို့ ချာချာလည်နေရပြီ။ သာမာဝတီ၊ ငါ့ကိုခွင့်လွှတ်ပါ။ ကယ်တော်မူပါ။ သာမာဝတီသည် ငါ၏အားထားရာဖြစ်ပါစေ"

ထိုအခါ သာမာဝတီသည် ကျို့ယို့သောကိုယ်အမူအရာဖြင့် ထိုင်လိုက်ပြီး ဥတေနမင်း၏ပခုံးကိုသိုင်းဖက်ကာ ဆွဲထူလိုက်၏။ ကျနေသောမျက်ရည်များကိုလည်း သုတ်ပေးလိုက်၏။ ထို့နောက်မှ စင်စစ်အားဖြင့် မိမိသည် ကိုးစားအားထားရာ မဟုတ်။ ရတနာမြတ်သုံးပါးသည်သာ ကိုးစားအားထားရာဖြစ်ကြောင်း၊ သာမာဝတီ၏ ယခုကဲ့သို့ အသက်ဘေးမှ ကင်းလွတ်သည်အထိ ကယ်တင်၍ အပါယ်နွယ်ဝင်မြစ်ကိုပါဖြတ်တောက်နိုင်ခဲ့သည်မှာလည်း (သောတာပန် ဖြစ်လာခဲ့သည်မှာလည်း) ရတနာမြတ်သုံးပါးက အဖျားဆွတ်၍ရလာခြင်းသာဖြစ်ကြောင်းများကို ပြောပြလိုက်၏။

သို့မှ ဥတေနမင်းလည်း ရတနာမြတ်သုံးပါး၏တန်ဖိုးနှင့် အကျိုးတရားများကို သိထားနားလည်လျက် ကြည်ညိုသဒ္ဓါဖြစ်လာခဲ့လေ၏။ ထို့နောက် မြတ်စွာဘုရားရှင်နှင့် သံဃာတော်များအား ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး လှူဒါန်းလေ၏။ ထိုမျှနှင့်ပင် အားမရသေးဘဲ အရှင်အာနန္ဒာကို နန်းတော်သို့ နေ့စဉ်ပင့်၍ သာမာဝတီအား စိတ်တိုင်းကျအလှူကြီးပြုလုပ်စေ၏။

သာမာဝတီ၏မေတ္တာစွမ်းအားသည် ၎င်းနှင့်တကွ မောင်းမငါးရာတို့၏အသက်များကို ကယ်ရုံဖြင့်လည်းမကဘဲ ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေနမင်းကိုပါ ယဉ်ကျေးသိမ်မွေ့စေ၍ ဗုဒ္ဓဘာသာ ဥပါသကာတစ်ယောက် ဖြစ်လာခဲ့စေ၏။ တိုင်းပြည်ကိုအုပ်ချုပ်သောမင်းကိုယ်တိုင် ဘာသာရေးကို ကြည်ညိုလေးစားလာလျှင် နောက်လိုက်နောက်ပါဖြစ်ကြသော ပြည်သူပြည်သားများကိုမူ ဆိုဖွယ်ရာပင် မရှိတော့ပေ။ သာမာဝတီ၏ မေတ္တာစွမ်းအားကား ထင်ရှားပြီး ကြီးမားဘိ၏။

သာမာဝတီ၏မေတ္တာဇာတ်လမ်းသည် လိုရင်းကျသဖြင့် ဤတွင်

ပြီးပြတ် တစ်ခန်းရပ်၏။ မေတ္တာ၏အကျိုးသက်ရောက်ပုံသည်လည်း ထင်သာမြင်သာရှိခဲ့၏။ အားကျကြည်ညိုဖွယ်လည်းဖြစ်၊ အတုလိုက်၍ ကျင့်ကြံအားထုတ်ပွားများဖွယ်လည်း ကောင်း၏။ လူတိုင်းပင် အလွယ်တကူပွားများ၍ ထူးသောအကျိုးကိုဖြစ်စေသည့်တရားကြီးလည်း ဖြစ်၏။

## စာကြွင်း

မာဂဏ္ဍီသည် သာမာဝတီ ဒုက္ခရောက်စေရန်ရည်ရွယ်ပြီး အမျိုးမျိုးအဖုံဖုံ ခြေထိုးကုန်းတိုက်သော်လည်း ဘာမှဖြစ်မလာခဲ့ဘဲ ပို၍ပင် အရေးသာလာခဲ့လေ၏။ မိမိ မနှစ်မြို့ မမြင်လိုသော သံဃာတော်များသည်လည်း သာမာဝတီနှင့်အပေါင်းကျလျက် နန်းတော်ထဲသို့ နေ့စဉ်နှင့်အမျှ ကြွဝင်ပြီး အပူဇော်ခံလျက်ရှိလာကြ၏။

ထိုအခါ မာဂဏ္ဍီမှာ ဆတ်ဆတ်ခါနာကြည်းလျက်ရှိ၏။ အာဃာတတရားတို့သည်လည်း တိုးပွား၍လာ၏။ မိမိလုပ်သမျှ ရန်သူများကောင်းစားရန်အကြောင်းခံလျက် ဆောင်ရွက်ပေးသကဲ့သို့ လောင်စာမျှဖြစ်သွားရ၏။ ထို့ကြောင့် ဒီအကြိမ်တွင် ရှူးရှူးမိုက်မိုက်ဖြင့် ဖြစ်ချင်ရာဖြစ် ကိစ္စတုံးလုပ်ရန်သာ ဆုံးဖြတ်လေတော့၏။

ထို့နောက် ဥတေနမင်း ဉယျာဉ်တော်သို့ထွက်စဉ် သူ၏လက်စွဲတော်မာဂဏ္ဍီအန္ဒယ်တော်လည်းဖြစ်၊ သူ့အား မိဖုရားဖြစ်လာသည်အထိ ဆောင်ရွက်ပေးသူလည်းဖြစ်သော မာဂဏ္ဍီပုဏ္ဏားကြီးနှင့်တိုင်ပင်ပြီး သာမာဝတီတို့၏နန်းပြာသာဒ်အဆောင်ကို မီးတင်၍ရှို့လိုက်လေ၏။

ထို့ကြောင့် သာမာဝတီ အပါအဝင် မောင်းမငါးရာလုံး မီးသင့်၍ နတ်ရွာစံကြရရှာ၏။ တရားမျိုးစေ့ရှိထားကြသူများ ဖြစ်သောကြောင့် မီးဟုန်းဟုန်းတောက်လောင်လာနေသော်လည်း ကြောက်ရွံ့ခြင်းအလျှင်းမရှိ။ သတိလက်လွတ်လည်းမဖြစ်စေဘဲ ၎င်းတို့တင်ရှို့သောမီးပူကိုပင် ဝေဒနာနုပဿနာရှုလျက် သကဒါဂါမ်၊ အနာဂါမ်ဖြစ်လျက် မဂ်အဆင့်ဆင့်တက်ကာ တန်ဖိုးရှိရှိဖြင့် ကွယ်လွန်သွားကြလေ၏။

မာဂဏ္ဍီတို့ဆွေမျိုးတစ်အုပ်လုံးလည်း ဤအမှုကိစ္စကြောင့်ပင် မင်းဒဏ်သင့်၍ ကိစ္စတုံးသွားကြရ၏။ သေသည်အထိ ဆိုးသွမ်းကြသောလူတစ်စု ဟူ၍ပင် ဆိုရပေတော့မည်။

သာမာဝတီတို့ ယခုကဲ့သို့အဖြစ်ဆိုးနှင့် ရင်ဆိုင်သွားကြရသည်မှာ ကံဟောင်းကြောင့် ဖြစ်၏။ တစ်ခုသောဘဝက မြစ်ကမ်းပါး၌ ပစ္စေကဗုဒ္ဓါ အရှင်တစ်ပါး သမာပတ်ဝင်စားနေသည်ကို အမှတ်မထင် မီးတင်ရှို့ခဲ့ဖူးသော အကုသိုလ်ကံကြွေးကို လူ့ဘဝဖြင့် နောက်ဆုံးပေးဆပ်သွားကြရခြင်းသာဖြစ်လေ၏။

*(မေတ္တာဇာတ်လမ်းမှာ ဤမျှအထိမလို။ စာပိုကဲ့သို့ ဖြစ်နေသော်လည်း ဇာတ်လမ်းအထိုက်အလျောက် ပြည့်စုံစေရန်အတွက် စာကြွင်းသွင်းလိုက်၏။)*

* * *

## (၇)

## ၁၁။ မေတ္တာ၏စွမ်းအားရှင်များ

မေတ္တာ၏စွမ်းအားသာဓကများသည် ခေတ်အဆက်ဆက်မှ မျက်မှောက်သို့တိုင်အောင် ဂဏန်းရေးချ၍ မကုန်နိုင်သည်အထိ ရှိခဲ့ကြ၏။ ဤစာအုပ်ကား ကျဉ်းသောကြောင့် အနည်းငယ်မျှသာ ဖော်ပြနိုင်၏။ မေတ္တာနှင့်စပ်ဆိုင်၍ ထွန်းပသောဇာတ်လမ်းများ ကုန်နိုင်ဖွယ်မရှိပေ။

မဃလုလင်ဝတ္ထု၊ နာဠာဂီရိဝတ္ထု၊ မွန်အာဇာနည်မယ် တလထော်ခေါ် ဘဒ္ဒြာဒေဝီ စသူတို့သည် ခန္တီ၊ မေတ္တာ စသော တရားတို့ကို လက်ကိုင်ထားသောကြောင့် ဆင်နင်း၍သေမည့်ဘေးမှ လွတ်ခဲ့ကြ၏။ မေတ္တာ၏ထက်သောလျှင်မြန်ခြင်းဖြင့် အကျိုးပေးသည့်ဝတ္ထုများ ဖြစ်၏။

ရင်းနည်းတူ တင်ပြခဲ့သည့် ပြည့်တန်ဆာမ သီရိမာက ထောပတ်ဆီပူဖြင့် သူဌေးသမီးဥတ္တရာအားပက်၍ မလောင်ခြင်းမှာလည်း ခန္တီမေတ္တာ၏အကျိုးသာဖြစ်၏။ အရှင်မြတ်သုဘူတိနှင့် မိဖုရားကြီးသာမာဝတီတို့၏ အကြောင်းမှာလည်း ခန္တီမေတ္တာ၏ ခိုင်မာသောဝတ္ထုသာဓကများ ဖြစ်ကြ၏။

ဒေါသသည် မီးနှင့်တူသောကြောင့် ဒေါသထွက်သူမှစ၍ လောင်၏။ မေတ္တာသည် ရေနှင့်တူသောကြောင့် ပို့ပွားသူမှစ၍ အေး၏။ အတ္တမာနကြီးသူတို့သည် မေတ္တာကို ဒေါသ၊ အာဃာတတို့နှင့်လဲကုန်၏။ ခန္တီမေတ္တာရှိသူတို့သည်ကား မိမိအပေါ် ဒေါသ၊ အာဃာတထားနေသူကိုပင် မေတ္တာ

ကွန်ရက်ဖြင့် ဖြန့်ကြက်၍ ယဉ်ကျေးလိမ္မာစေ၏။

ရွှေပင်မှာနားတိုင်း ရွှေငှက် မဟုတ်သော်လည်း ရွှေရောင်ကားလွှမ်း၏။ ထို့အတူ မိမိကိုယ်တိုင် မေတ္တာသမားမဟုတ်သည့်တိုင်အောင် သူတော်ကောင်းတို့၏အအေးဓာတ်သည် မိမိတို့အား ချမ်းသာစေ၏။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အတ္တ၊ မာန၊ ဒေါသတို့သည် အောင်မြင်စနှင့် ကျရှုံးစအခါများတွင် မြင်သာထင်သာရှိတတ်၏။ အခြေခံစိတ်ကောင်းနည်းလျှင် သာ၍ပင်ထင်ရှား၏။ အထိန်းကင်းသောကြောင့် ဘွင်းဘွင်းကြီးပင်မြင်နိုင်၏။

အောင်မြင်ခြင်းနှင့် ကျရှုံးခြင်းတို့ ကြာရှည်၍ အသားကျသွားသောအခါတွင်လည်း တော်ရုံဖြင့် မမြင်နိုင်တော့ပေ။ ၎င်းတို့၏ပင်ကိုစရိုက်များ ထိတွေ့မှုအားနည်းခြင်းအလျောက် အခိုက်အတန့်မျှ ငုပ်ကွယ်နေတတ်၏။

၎င်းတို့သည် ဘုန်းကံအလျောက် အောင်မြင်နေသောအခါ လဲနေသူကို ဖိထောင်း၍ ရေနစ်နေသူကို နှစ်မြှုပ်သော်လည်း အရာမထင်။ အပြစ်လည်းမပေါ် (မဖြစ်) နိုင်သောကြောင့် သူတော်ကောင်းတရားများကို နှလုံးသွင်းရန် သတိမရရှိနေတတ်သော်လည်း ကျရှုံးသောအခါ သတိရသင့်၏။

ကျရှုံးသောအခါပင် သတိမရလျှင် သေခါနီးတွင် နောင်တရ၍မဆုံးဖြစ်တတ်၏။ သေခါနီးမှာပင် သတိမရဘဲ မိုက်ကြေးကို ဂုဏ်ယူနေပါမူကား လူစင်စစ်ကိုပင် အပါယ်သားအဖြစ် သတ်မှတ်သင့်လှ၏။

အတ္တမဲ့မေတ္တာလုပ်ငန်းသည် အထက်တန်းကျ၏။ စိတ်ထားနိမ့်သူတို့ ပွား၍မရနိုင်ရှိနေတတ်၏။ သာမန်ကုသိုလ်ရရုံမျှပွားလျှင်ပင် အဖာအထေးများနေတတ်၏။ ကြာသောအခါ ရှေ့တွင်ဆိုခဲ့သည့် အာဏာကစည်ကြီးကဲ့သို့ ဖြစ်သွားတတ်၏။

သို့သော်လည်း အကျိုးကိုလိုလားသူတို့ အားမလျှော့သင့်။ ပိဋကတ်အကျော် ရဟန္တာပုဂ္ဂိုလ်ထူးကြီးများသည်ပင် ရှင်သာမဏေငယ်ဘဝမှ စ,

ခဲ့ကြရ၏။ အနှစ်ကိုလိုလျှင် အပွေးမှစ၍ခွာရ၏။ အပင်စိုက်မှ အသီးစားရ၏။

သူတော်ကောင်းဖြစ်ချင်သူတို့ ကြိုးစားပြီး ပွားများကြပါကုန်။

သူတော်ကောင်းဖြစ်ချင်သူတို့သည်လည်း မေတ္တာမှစ,ကြရလေ၏။ မေတ္တာသည် သူတော်ကောင်းကြီးတို့၏လမ်းကြောင်း၊ လမ်းဟောင်းကြီးဖြစ်၏။ မေတ္တာကိုနိုင်လျှင် သူတော်ကောင်းတရားကိုလည်း ပိုင်သည်သာဖြစ်၏။ ဤ၌ အတ္တမဲ့မေတ္တာသည် အဓိကကျ၏။ မဂ်မျိုး၊ ဖိုလ်မျိုးရပြီးသားဖြစ်၏။

မေတ္တာကိုပွားလျက်နှင့် နိဗ္ဗာန်အတွက် အတ္တမဲ့စွာ မပွားနိုင်လျှင်လည်း အတ္တကြီးကြောင်းဖော်ပြဘိသို့ ရှိ၏။ ပတ္တမြားတောင်ရောက်ပြီးမှ ခဲးသွေးကျောက်ကိုကောက်ယူသူနှင့်တူ၏။ အတ္တမဲ့စွာ ပွားများနိုင်လျှင်လည်း မဂ်မျိုး၊ ဖိုလ်မျိုး ကေန်ရမည်ဖြစ်၍ အသေလွတ်တရားဟု သတ်မှတ်ရ၏။

ရန်သူ ဟူသည် ကိုယ်ထဲ၌ အမြဲရှိနေသလို ကိုယ်၏အပြင်ဘက်တွင်လည်း ရှိ၏။ ခန္ဓာကိုယ်သည် အမြဲမပြတ် နာကျင်ကိုက်ခဲ သေမြဲဖြစ်သောကြောင့် ထိုသည်ပင် ရန်သူကြီးဖြစ်ပြီး ကိုယ်၏အပြင်ဘက်တွင်ရှိသောရန်သူသည်လည်း များပြား၏။ ကမ္ဘာနှင့်အဝန်း ပုံးကွဲသံများကို နားနှင့်မဆံ့ ကြားနေရ၏။

ထိုထိုရန်သူအားလုံးတို့အား (မှ ရုန်းထွက်) ဖယ်ရှားကာကွယ်ရန်မှာ မေတ္တာမှတစ်ပါး အခြားမရှိချေ။

❒

## မေတ္တာလေးနက်ရန် အဓိကအချက်များ

မိမိပွားပို့သောမေတ္တာသည် အကျိုးများပြီး ထက်မြက်စေရန်အလို့ငှာ ဦးစွာ သီလဆောက်တည်ခြင်း၊ ဂုဏ်တော်ပွားခြင်းများကို ပြုလုပ်

အပ်၏။ မိမိပွားပို့သော မေတ္တာအကျိုးကြီးကြောင်းကိုလည်း ယုံကြည်ရ၏။ ထိုသို့ယုံကြည်ထားမှ အကျိုးသာ၍များ၏။

ဒါန၊ သီလ၊ သမထ ကုသိုလ်တို့ထက်မြင့်မြတ်သော အများကြီးပွား ချမ်းသာကြောင်းဖြစ်သည့် လုပ်ငန်းကြီးတစ်ခုကို ထူထောင်လုပ်ကိုင်နေ သည်ဟုလည်း ကြည်ညိုရမည်။ မိမိပို့လွှတ်သော မေတ္တာဓာတ်ကြောင့် သတ္တဝါအားလုံးတို့သည် ချမ်းသာသုခကို ရရှိခံစားကြရလိမ့်မည်ဟုလည်း ဝမ်းမြောက်ဝမ်းသာရှိနေရမည်။

မိမိသွားလိုသောခရီး၊ ရောက်လိုသည့်နေရာ စသည်များကို ဖြန့်၍ လည်း လူ၊ နတ်၊ ပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ သတ္တဝါ နေရာအနှံ့လည်း ပို့ရမည်။ သွားရာလမ်းတစ်လျှောက် တွေ့ရသမျှ လူသတ္တဝါအားလုံးတို့ကိုလည်း မိမိ က ဦးစွာ မေတ္တာပို့ပွားရမည်။

မေတ္တာပို့ပွားခါနီး၌ တွေဝေနေသောစိတ်၊ ပျံ့လွင့်နေသောစိတ်၊ ကြံစည်တွေးတောနေသောစိတ် (ဝိတက်) လောဘ၊ ဒေါသ၊ မောဟ စသည် များဖြင့် ယှဉ်လျက်ဖြစ်ပေါ်သော စိတ်အားလုံးကို ငြိမ်အောင်ပြုရမည်။ အေးအောင်ထားရမည်။ ပျံ့လွင့် နောက်ကျုနေသောစိတ်များ တည်ငြိမ် အေးချမ်းသွားပြီးမှ မေတ္တာပို့လျှင် သာ၍ပင် စူးရှပြီးထက်မြက်၏။

မေတ္တာပို့ပွားတိုင်းလည်း မိမိအကျိုးရှိမှု၊ အနှောင့်အယှက်ကင်းမှု၊ လာဘ်ရမှု၊ သူတစ်ပါးလေးစားချစ်ခင်မှု၊ အရေးပေးခံရမှု စသော လောဘ ဇောများ မပါစေရ။ အတ္တမဲ့စေရန်အတွက် မေတ္တာခံပုဂ္ဂိုလ်အား ချမ်းသာ စေလိုသောစိတ်စေတနာတစ်ခုတည်းကိုသာ ထားရမည်။

မေတ္တာစက်ကွင်းထဲတွင် မိမိနှင့်အဆင်မပြေရှိခဲ့ဖူးသူများ ပါဝင်နေ လျှင်လည်း ထိုအကြောင်းအရာများကို အတတ်နိုင်ဆုံးမေ့ထားရမည်၊ သို့ တည်းမဟုတ် ဥပေက္ခာပြုထားရမည်။ ထို့နောက် မေတ္တာကို အစဉ်အတိုင်း ပွားများရမည်။

မိမိနှင့်အဆင်မပြေရှိနေသူများကို သီးသန့်မေတ္တာပွားများလိုလျှင်

လည်း အဆင်မပြေဖြစ်ခဲ့ဖူးသည့်အကြောင်းအရာများကို ဘေးဖယ်ထားပြီး ၎င်းနှင့်အဆင်တပြေရှိနေကြစဉ်က အကြောင်းအရာများ၊ ကျေးဇူးတရားများ၊ ပြုံးရွှင်နေသည့် ၎င်း၏မျက်နှာ စသည်များကို မြင်အောင်ကြည့်ပြီး ပို့ပွားရမည်၊ သို့တည်းမဟုတ် ၎င်းအိပ်ပျော်နေချိန်၌ ပွားပို့ရမည်။

အန္တရာယ်ရှိသောအရပ်သို့/၌ သွားရ၊ နေရသူတို့အား မေတ္တာပို့ပွားလိုလျှင် ထိုအရပ်သည် ဘေးရန်ကင်းရှင်းပါစေ၊ ထိုသူသည်လည်း ဘေးရန်ကင်းရှင်းပါစေ စသည်ဖြင့် အရပ်ကိုရော ပုဂ္ဂိုလ်ကိုပါ ပူးတွဲ၍၊ သို့တည်းမဟုတ် တစ်လှည့်စီ ပွားပို့နိုင်သည်။

ရောဂါဘယခံစားနေရသူတို့အား မေတ္တာပို့ပွားရာ၌လည်း ထိုသူ၏ရောဂါသက်သာပါစေ၊ ပျောက်ကင်းပါစေ၊ ထိုသူကျန်းမာလာပါစေ စသည်ဖြင့် ပို့ပွားရမည်။ သူနှင့်ပတ်သက်သော မဖြစ်မနေလိုအပ်နေသည့်အချက်များအား တိကျမှန်ကန်စွာ ပို့ပွားခြင်းဖြင့် ၎င်းအတွက် အကျိုးကို သာ၍ဖြစ်စေ၏။

ဆိုခဲ့သည့်အန္တရာယ်ရှိသောအရပ်သို့/၌ သွားလာနေထိုင်ရသူနှင့် ရောဂါဘယခံစားနေရသူတို့ကို ပို၍အလေးထားရသောကြောင့် ခေါင်းမှစ ခြေအဆုံး ကိုယ်လုံးပေါ်အောင် ပို့ပွားပါက ပို၍ကောင်းသည်။ အကျိုးလည်းများသည်။

မေတ္တာပွားပို့ရာ၌ အလွန်အကျိုးများပြီး ထိရောက်သော ဆည်ကြီးဆရာတော်၏ အကြည်ဓာတ် (၆) ပါး မေတ္တာပို့ပွားနည်းသည်လည်း ရှိ၏။ အနုစိတ်မှတ်သားပွားပို့ရန် အလွန်ကောင်းသဖြင့် အကျဉ်းမျှပြဦးမည်။

❒

## အကြည်ဓာတ် (၆) ပါး မေတ္တာပို့ပွားနည်း

ဤနည်းမှာ လွန်စွာလွယ်ကူ၍ ရှင်းလင်းပြီး ပြတ်ပြတ်သားသားလည်းရှိ၏။ မေတ္တာခံပုဂ္ဂိုလ်၏ပုံစံသဏ္ဍာန်ကို သီးသန့်အာရုံစိုက်ပြီး ပုံဖော်

ရန်မလိုတော့ပေ။ ဒွါရ (၆) ပါး၊ အကြည်ဓာတ် (၆) ပါး စသည်များကို တစ်ခုစီရွေးပို့လိုက်ရုံဖြင့် ၎င်း၏ပုံသည် အလိုလို ထင်ပေါ်လာ၏။

ဤနည်းလမ်းဖြင့် မိမိကိုယ်ကို ပို့သည် ဖြစ်စေ၊ သူတစ်ပါးတို့အား ပို့သည်ဖြစ်စေ လိုရာကိုစိတ်ညွှတ်ပြီး အောက်ပါအတိုင်း ပို့ပွားရုံသာဖြစ်၏။

၁။ **စက္ခုဒွါရ** - (အရာအားလုံးကို ကြည့်တိုင်း ထပ်ဟပ်မြင်လာသော မျက်စိအကြည်ဓာတ်၊ အရာအားလုံးကို မျက်စိ၌ထင်ဟပ်တိုင်း မြင်၊ သိသော မျက်စိဝိညာဏ် = မြင်၊ သိ၊ စိတ်) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

၂။ **သောတဒွါရ** - (အသံအားလုံးကိုနားထောင်တိုင်း ထင်ဟပ်လာသော နားအကြည်ဓာတ်၊ အသံအားလုံးကို နား၌ထင်ဟပ်လာ၍ ကြား တိုင်းသိသော နားဝိညာဏ် = ကြား၊ သိ၊ စိတ်) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

၃။ **ဃာနဒွါရ** - (နှာခေါင်းအကြည်ဓာတ်၊ နှာခေါင်းဝိညာဏ် = နံ၊ သိ၊ စိတ်) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

၄။ **ဇိဝှာဒွါရ** - (လျှာအကြည်ဓာတ်၊ လျှာဝိညာဏ် = စား၊ သိ၊ စိတ်) ဘေး ရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

၅။ **ကာယဒွါရ** - (ကိုယ်လုံးအကြည်ဓာတ်၊ ကိုယ်လုံးဝိညာဏ် = ထိ၊ သိ၊ စိတ်) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

၆။ **မနောဒွါရ** - (မနောအကြည်ဓာတ်၊ မနောဝိညာဏ် = သိ၊ သိ၊ စိတ်) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

သဘောမပေါက်လျှင် အခေါက်ခေါက်ဖတ်ပါလေ။ စာကျယ်မည် စိုး၍ မချဲ့ပြီ။ ချဲ့လျှင်လည်း စာကျယ်/များပြီး ရှုပ်ဖွယ်သာမြင်သည်။

မေတ္တာပို့ပွားရာ၌ ဤနည်းသည် တို/ကျဉ်းပြီး အကောင်းဆုံး ဖြစ်၏။ အရပ်ဒေသတို့သို့လည်း၍ ပို့ပွားရာ၌လည်း ဝစီဘေဒဖြစ်ရုံမျှဖြင့်မနေဘဲ မေတ္တာစိတ်ကို ထိရောက်အောင်ကြိုးစားပြီး ပွားပို့ပါလေ။

မေတ္တာသမား ဟူသည် ခန္တီတရားဖြင့် မိမိ၏စိတ်ကို ဖြောင့်စွာထား ရ၏။ မိမိကြောင့် သူတစ်ပါး စိတ်မဆင်းရဲစေရ။ သက်ရှိအားလုံးတို့အား တတ်နိုင်သမျှ မေတ္တာဖြင့်သာ စောင့်ရှောက်ရ၏။ ဒေါသဖြင့် မဖျက်ဆီး စေရ စသည်ဖြင့် အခိုင်အမာဆုံးဖြတ်ထားရ၏။ သို့မှ မေတ္တာအင်အားများ ပိုမိုခိုင်မြဲ၏။

❒

## ဝိသုဒ္ဓိမဂ်အဆို

ဝိသုဒ္ဓိမဂ်၌ မေတ္တာနှင့်ပတ်သက်သော အကြောင်းအရာအချို့ကို မှတ်သားခဲ့ဖူး၏။ ထိုအထဲမှ လိုရင်းအချို့ကို အကျဉ်းမျှ ထုတ်ပြဦးမည်။ စာရေးသူသည် ယခုအခါ မြို့ပြနှင့် အလှမ်းဝေးကွာသော တစ်နေရာသို့ ရောက်နေ၏။ ကျမ်းစာအုပ်လည်း အနားတွင်မရှိပေ။

မေတ္တာပို့ပွားရာ၌ ချစ်သောသူကိုလည်း ဦးစွာမပို့ရ၊ မုန်းသောသူ ကိုလည်း ဦးစွာမပို့ရ။ ပို့လိုက နောက်ဆုံးထား၍ပို့ရမည်။ သီးသန့်သော် လည်း ပို့ရမည်၊ သို့တည်းမဟုတ် သဗ္ဗေသတ္တာထဲသို့ထည့်၍ ပို့ရမည်ဟု လာ၏။

တစ်ဦးတစ်ယောက်ကို မေတ္တာပို့ရာ၌ စိတ်အာရုံတွင် မေတ္တာခံ ပုဂ္ဂိုလ်အား မြင်အောင်ကြည့်ပြီးမှသာ ပို့ရသဖြင့် ချမ်းသာလိုသူများကိုပို့ရာ ၌ ထိုသူများ ကျန်းမာ, ချမ်းသာ၏လော၊ စီးပွားလာဘ်လာဘကောင်း၏ လော စသည်ဖြင့် စိတ်အာရုံရောက်နေတတ်သောကြောင့် နောက်ပုဂ္ဂိုလ် များကိုပို့သောအခါ အကျိုးသက်ရောက်မှု အားနည်းနေတတ်၏။ စိတ် အာရုံသည် ချစ်သောသူ၏အထံသို့သာရောက်နေသဖြင့် အသံမှာ အဆန် မပါတော့ဘဲ ဝစီဘေဒဖြစ်ကာမျှသာရှိတော့သည်။

မုန်းသောသူများကို ပို့ရာ၌လည်း ဤသူသည် ငါ့အား ဆဲဖူးဆိုဖူး၊ ဒုက္ခရောက်အောင်၊ စီးပွားပျက်အောင် လုပ်ဖူးသည်။ ငါသည် ၎င်းကြောင့်

စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ခဲ့ရသည် စသည်ဖြင့် မကျေနပ်ချက်များပေါ် လာတတ်၏။

ကျေနပ်နှစ်သက်သည့်အကြောင်းများထက် မကျေနပ် မနှစ်သက်သည့်အကြောင်းများသည် အာရုံ၌ ကြာကြာစွဲထင်နေတတ်၏။ ထို့ကြောင့် ထိုအာရုံသည် ၎င်း၏အထံသို့ရောက်သွားပြီးနောက် စွဲထင်နေတတ်သဖြင့် အခြားပုဂ္ဂိုလ်များကိုပို့သောအခါ မထိရောက်တော့ပေ။ ဆိုခဲ့သည့်အတိုင်း အသံမှာ အဆန်မပါတော့ဘဲ ဝစီဘေဒမည်ကာမျှသာရှိတော့၏။

ထိုသို့သဘောရှိသောကြောင့် မေတ္တာပို့ရာ၌ ချစ်သောသူနှင့် မုန်းသောသူတို့ကို ဦးစွာမပို့ရဟု ဆို၏။ အကယ်၍ မဖြစ်မနေပို့လိုသည်ဖြစ်အံ့။ နောက်ဆုံးတွင် အချိန်သီးသန့်ပေး၍ ပို့နိုင်၏။ ရှေ့ဆုံးကထား၍ပို့သည် ဖြစ်စေ၊ နောက်ဆုံးကထား၍ပို့သည် ဖြစ်စေ မေတ္တာအကျိုးလျော့သွားခြင်းမရှိ၊ တူမျှသည်သာ ဖြစ်၏။

ပြဆိုခဲ့သည့် အကြည်ဓာတ် (၆)ပါးဖြင့်ပို့လျှင် ပို၍ကောင်း၏။ မချစ်မနှစ်သက်သူကိုလည်း ထိုအတိုင်းပို့နိုင်လျှင် သာ၍ပင် သူတော်ကောင်းပီသလေ၏။ စစ်မှန်သောသူတော်ကောင်းအလုပ်၊ သူတော်ကောင်းသရုပ်ဆင့်ပွားပြဖော်ရာရောက်၏။

ဤမျှလောက်ဆိုလျှင်ပင် ချစ်သူ၊ မုန်းသူတို့အပေါ်၌ မေတ္တာပို့ပွားခြင်းနှင့်ပတ်သက်၍ လိုရင်းကိုရောက်၏။ နောက်ကလည်း အထိုက်အလျောက်ပြခဲ့ပြီ။

❒

## မိလိန္ဒပဉှာအဆို

ဤစာရေးသူသည် ပိဋကတ်တော်ကို နည်းမှီ၍ ထွက်ပေါ်လာကြသော အဋ္ဌကထာဋီကာ စသော ကျမ်းများစွာတို့တွင် ကထာဝတ္ထု၊ ဝိသုဒ္ဓိမဂ်၊ မိလိန္ဒပဉှာ ဤသုံးကျမ်းကို အတော်လေးကြိုက်၏။ ဉာဏ်ပညာကြီး

မားကြပုံနှင့်ပတ်သက်၍လည်း ထိုကျမ်းပြုအရှင်တို့အား ကြည်ညို၍မဆုံးဖြစ်ရ၏။

မြတ်စွာဘုရားရှင်က ကထာဝတ္ထုကျမ်းကို မာတိကာမျှဟောခဲ့ပြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿက အကျယ်ဖွင့်၏။ အရှင်မဟာဗုဒ္ဓဃောသက လက်စွမ်းပြအနေဖြင့် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ရေး၏။ မိလိန္ဒပဉှာနှင့်ပတ်သက်၍လည်း အရှင်နာဂသေနက မိလိန္ဒမင်းကြီး မေးလျှောက်သည့်ပိဋကတ်တော်ထဲက ခဲရာခဲဆစ်အမေးပုစ္ဆာများကို အငြိအကင် အထစ်အငေါ့မရှိ ဖြေဆိုထားသော အမေးပုစ္ဆာအားလုံးကို အရှင်ဒေါဏီအမည်ရှိသောပုဂ္ဂိုလ်မြတ်က စာအဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း တွေ့ရ၏။

ကထာဝတ္ထုကျမ်းသည် စာပေရေးသားခြင်း၊ စကားပြောခြင်း၊ ဘာသာရေးနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးခြင်းများအတွက် များစွာအထောက်အကူပြု၏။ နက်ကျယ်သောဉာဏ်ကိုဖြစ်စေသည်ဟု ပညာရှင်တို့ ဆိုကုန်၏။

လယ်တီအလောင်းအလျာ ဦးဉာဏသည် လူပုဂ္ဂိုလ်များထဲမှ ထူးချွန်ထင်ရှားပြီး ပိဋကတ်တော်ကို နှံ့စပ်ကျွမ်းကျင်၍ စကားပြော ကျမ်းပြုကောင်းသော ယောမင်းကြီးဦးဘိုးလှိုင်ထံ ချဉ်းကပ်ပြီး ကျမ်းရေးအတတ်ပညာကို ဆွေးနွေးသင်ယူရာ ဦးဘိုးလှိုင်က -

“ဦးပဥ္စင်းလေး စကားပြော ကျမ်းပြုကျွမ်းကျင်ချင်ရင် ကထာဝတ္ထုကျမ်းကို အာဂုံဆောင်ပြီး တတ်အောင်လေ့လာထားပါ”

ဟု ဆို၏။ လယ်တီဆရာတော်လည်း ဦးဘိုးလှိုင်၏အဆိုအမိန့်ကို လိုက်နာကျင့်သုံးသဖြင့် အနာဂတ်တွင် စကားပြော၊ တရားဟောကျမ်းပြုစုသည်များ၌ လျှမ်းလျှမ်းတောက်လာခဲ့ကြောင်း ပညာရှင်တို့ဆိုကုန်၏။

မိလိန္ဒပဉှာကျမ်းသည် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ပေါ်ထွက်လာကြသောကျမ်းများစွာတို့တွင် ဤကျမ်းတစ်ကျမ်းတည်းသာ ဗုဒ္ဓပိဋကတ်၏ ခဲရာခဲဆစ်တို့ကို အကွက်ကျကျ ဖြေဆို ဖော်ပြထားသော ကျမ်းထူးကျမ်းမြတ်ကြီးအဖြစ် ပညာရှင်တို့က ဆိုကြပြန်၏။

ဂုင်းနည်းတူ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကိုလည်း အကျဉ်းအားဖြင့် ပိဋကတ်သုံးပုံကို ခြုံမိသည်ဟု ပညာရှင်တို့ ဆိုကြ၏။ ထို့ကြောင့် ဘာသာရေးကို လေးနက်စွာဖြင့် လိုက်စားကြသူများ၏နှလုံးသားဝယ် ဤကျမ်းမြတ်သုံးဆူ ကိန်းလျက်ရှိမည်သာ ဖြစ်၏။

ဉာဏ်ပညာနက်သည့် ပုဂ္ဂိုလ်မြတ်တို့၏ နှလုံးသားမှစိမ့်ထွက်သော ခဲရာခဲဆစ်တို့၏ရှင်းလင်းချက်များဖြစ်သောကြောင့် စာတစ်ကြောင်းတစ်ပိုဒ်၏အနက်အဓိပ္ပာယ်များသည်ပင် နှိုက်သမျှထွက်၏။ ထုတ်သုံး၍မကုန်အောင်လည်းရှိ၏။

ထိုသုံးကျမ်းတွင် ဝိသုဒ္ဓိမဂ်နှင့် မိလိန္ဒပဥှာကို သာ၍လေ့လာမိ၏။ ဝိသုဒ္ဓိမဂ်ကြီးသည် လေးနက်ခိုင်ခံ့ပြီးတည်၏။ မိလိန္ဒပဥှာသည်လည်း ခိုင်ခံ့ပြီး နက်သည်ဟု ယူဆ၏။ နှစ်ကျမ်းလုံးသည် ဆိုဖွယ်ရာကင်း၍ ကောင်းမြတ်သည်သာ ဖြစ်၏။

ထို့ကြောင့် ဤစာရေးသူ၏ဉာဏ်နုနုဖြင့် ပါဠိတော်အားလုံးကို အရှင်မဟာဗုဒ္ဓဃောသက အဋ္ဌကထာ၊ အရှင်မဟာနာဂသေနက ဋီကာဟု စဉ်၍ဖွင့်ကြလျှင် မည်မျှအထိ အကျိုးကြီးလေမည်နည်းဟု ကြည်ညိုမိပါ၏။ သို့သော် ထုတ်ဆိုခြင်းကိုမူ မဝံ့ချေ။

မေတ္တာနှင့်ပတ်သက်၍ မိလိန္ဒပဥှာ၏ အဆိုအမိန့်များကို ဆက်ဦးမည်။

ဝိသုဒ္ဓိမဂ်နှင့် မိလိန္ဒပဥှာတို့၏ မေတ္တာနှင့်ပတ်သက်သော အဆိုအမိန့်များသည် တူညီသည်ဟု ဆိုနိုင်၏။ အနုစိတ်ဖွင့်သည်နှင့် သင့်ရုံဖွင့်သည်၊ ဤမျှသာ ထူး၏။ ဝိသုဒ္ဓိမဂ်က မေတ္တာခံပုဂ္ဂိုလ်တို့အား ပေါင်း၍ ညွှန်းဆို၏။ မိလိန္ဒပဥှာက အနုစိတ်ဖွင့်သည်ဟု ရှုမြင်မိ၏။ မိလိန္ဒပဥှာ၏ မေတ္တာနှင့်ပတ်သက်သော အားနည်းချက်၊ အားသာချက်များအပေါ်တွင် နှိုင်းဆိုဖွင့်ပြသည်ကိုကြည့်၍ သိနိုင်၏။

မိဘမေတ္တာနှင့်ပတ်သက်ပြီး မိလိန္ဒပဥှာ၏အဆိုကို ပိုမိုနားလည်စေရန်အတွက် အခြားသော နှိုင်းယှဉ်ပုဒ်များ၊ ဂုဏ်ပုဒ်များ၊ အဆိုအမိန့်များ

နှင့် ဉာဏ်မီသမျှ တင်ပြသွားမည်။ မိဘမေတ္တာအကြောင်းကို ရှေ့ကဆိုခဲ့ပြီ ဖြစ်သော်လည်း ဤနေရာ၌ လိုအပ်မည်ထင်၍ အနည်းငယ်မျှရေးဦးမည်။

ရှေ့က မိဘမေတ္တာကဏ္ဍတွင် ဆိုခဲ့သည့်အတိုင်း မိဘတို့သည် မေတ္တာနှင့် သားသမီးတို့အား လွှမ်းခြုံထား၏။ မျက်လုံးနှင့်ထပ်တူ၊ သည်းအူနှင့်ထပ်တူ၊ ဘဝတစ်ခုလုံးနှင့်ထပ်တူ ချစ်ကြ၏။ မိဘတို့၏ ကိုယ်အရေပါး၊ အရေထူ၊ အသားစိုင်မှသည် ရိုးတွင်းခြင်ဆီတိုင်အောင် သားသမီးတို့အပေါ်တွင်ချစ်သောအချစ် ရှိ၏။ မိဘတို့၏ တစ်ကိုယ်လုံးနှင့် အသက်သည် သားသမီးတို့အပေါ်တွင်ထားရှိသော အချစ်မေတ္တာများသာ ဖြစ်၏။

ထို့ကြောင့် မိဘတို့သည် ချစ်ခြင်းမေတ္တာကြီးမားလွန်းသောကြောင့် ဘဝတစ်ခုလုံးဖြင့် သားသမီးတို့အပေါ်တွင် ပုံထား၊ ငုံထား၊ အုံထား၍ မြင်းမိုရ်တောင်နှင့် နှိုင်းပြရ၏။

မြင်းမိုရ်တောင်သည် လောက၌ အကြီးမားဆုံး တောင်မင်းရာဇာကြီး ဖြစ်၏။ တုနှိုင်းယှဉ်ပြနိုင်သော တောတောင် ဟူ၍ မရှိ။ မိဘတို့၏ သားသမီးတို့အပေါ်တွင် ထားရှိသော မေတ္တာသည်လည်း ကြီးမားလွန်းသောကြောင့် နှိုင်းယှဉ်ပြသနိုင်သောအရာဝတ္ထုမရှိ။ အကြီးမား အမြင့်မြတ်ဆုံး ဖြစ်၏။

ထို့ကြောင့် မိဘတို့သည် မေတ္တာဖြင့် သားသမီးတို့ကိုစောင့်ရှောက်၏။ အစား၊ အဝတ် တည်းဟူသော ရုပ်ဝတ္ထုဖြင့်စောင့်ရှောက်သလို ဘေးရန်ဆူးငြောင့် ကင်းရှင်းပါစေ၊ ကျန်းမာချမ်းသာပါစေ၊ အန္တရာယ်ကင်း၍ ဘေးရှင်းပါစေ၊ စီးပွားလာဘ်လာဘတိုးတက်ပါစေ စသည်ဖြင့် မေတ္တာပို့၍လည်း နာမ်ဝတ္ထုဖြင့် စောင့်ရှောက်ကြ၏။

မိဘတို့သည် သားသမီးတို့၏အပေါ်၌ ထိုမျှအထိချစ်၏။ ကြင်နာ၏။ သနား၏။ ကရုဏာထား၏။ မေတ္တာပွား၏။ သို့သော်လည်း မိဘတို့၏မေတ္တာသည် မေတ္တာပို့ပွားခြင်းအလုံးစုံတို့၌ အထွတ်အထိပ်တွင် မရှိ။ မေတ္တာပို့၊ မေတ္တာခံ နှစ်ဖက်လုံး၏အကျိုးသည် အနိမ့်မှာသာရှိ၏။ ပရမတ်၊ အနတ္တ၊ လောကုတ္တရာဘက်သို့ ညွှန်ယှဉ်၍ဆိုရခြင်း ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် မိဘတို့သည် သားသမီးတို့အား ချစ်၍ မေတ္တာပို့၏။ ချစ်သောကြောင့် သားသမီးတို့၏အသက်သည်လည်းကောင်း၊ အိုးအိမ်, စည်းစိမ်, ဥစ္စာ, ရာထူးသည် လည်းကောင်း ဆုတ်ယုတ်ပျက်စီးမည်စိုးသောကြောင့် မေတ္တာပို့၏။ ထို့ကြောင့် သားသမီးတို့အား ချစ်စိတ်၊ သားသမီးတို့ အသက်, အိုးအိမ်, စည်းစိမ်, ဥစ္စာ, ရာထူး ဆုတ်ယုတ်ပျက်စီးမည်စိုး၍ ပို့သည့်မေတ္တာဖြစ်သောကြောင့် အတ္တပါနေ၍ အတ္တနှင့်မေတ္တာဟု ဆိုရ၏။

တစ်နည်း သားသမီးတို့၏အသက်အိုးအိမ် စည်းစိမ်ဥစ္စာ ပျက်စီးမည်ကို စိုးရိမ်သောကဖြစ်၍ ပို့သောမေတ္တာ ဖြစ်သည့်အတွက်ကြောင့် သောကပါသောမေတ္တာဟု ဆိုရ၏။ သောကကို အဋ္ဌကထာဆရာက **သောကောတိ ဒေါသော** - သောက. ဟူသည် ဒေါသပင်ဖြစ်သည်ဟု ဖွင့်၏။

ဋီကာဆရာက သောကကို **ဒေါမနဿဝေဒနာ** - ဒေါသစိတ်နှင့်ယှဉ်၍ခံစားခြင်းဟု ဆို၏။ ထို့ကြောင့် ဒေါသ ဖြစ်စေ၊ ဒေါမနဿ ဖြစ်စေ ဒေါသကိုသာ ကောက်ရ၏။ သို့ဖြစ်၍ စိုးရိမ်သောကကြောင့် စိတ်မချ၍ ပို့သောမေတ္တာကို ဒေါသရောနေသည်၊ ဒေါသပါသောမေတ္တာ စသည်ဖြင့် ဆိုရ၏။

အမှတ်တမဲ့ကြည့်လျှင် မိဘမေတ္တာ၌ ဒေါသပါနေသည်ကိုမမြင်နိုင်ပေ။ လက်ခံနိုင်ဖွယ်လည်းရှိမည်မဟုတ်။ ပညာရှင်တို့က ခိုင်ခံ့သောစာပေကြီးရင့်သောဉာဏ်ပညာတို့ဖြင့် တိုက်ယှဉ်ပြမှ မြင်၏။

မိဘတို့၏မေတ္တာကို ဤကဲ့သို့ ထုတ်ဆိုပြနေခြင်းကြောင့် ကျေးဇူးကြီးမားသော မိဘတို့၏မေတ္တာကို အပြစ်ပြောနေသည်ဟု မယူဆအပ်။ ပရမတ်နှင့်ယှဉ်၍ အမှန်ကိုမြင်စေရန်နှင့် အတ္တမဲ့ရန်အတွက် ထုတ်ပြခြင်းသာဖြစ်၏။

မိဘ စသော ကျေးဇူးရှင်တို့အား မည်သည့်အကြောင်းနှင့်မျှ အပြစ်ဆိုကောင်းခြင်းမရှိ။ မှားသည် ဖြစ်စေ၊ မှန်သည် ဖြစ်စေ မိဘတို့အား ကိုယ်, နှုတ်ဖြင့် ပြစ်မှားမိသော သားသမီးတို့သည်လည်း ကြီးလေးသော

အပြစ်ကို ရရှိကြသည်သာ ဖြစ်၏။ ရှေ့တွင်လည်း အကျယ်ပြခဲ့ပြီ။

ပစ္စုပ္ပန်၊ တမလွန် မည်သည့်အခါမျှမကောင်းစားတော့ပေ။ အဏုမြူ ဓာတ်ဆိပ်သင့်သော တောတောင်ရေမြေတို့ကိုပင် သဘာဝ နေ၊ ရေ၊ နှင်း တို့ဖြင့် ဆေးကြော၍ လူတို့၏သက်တမ်းတစ်ဝက်မျှ ကာလအတွင်းမှာပင် ပြယ်ပျောက်နိုင်သည်ဟု ဆို၏။

မိဘတို့အား ပြစ်မှား၍ မိဘမေတ္တာခန်းခြောက်ပြီး အပူလှိုင်းကျ ရောက်နေကြသူတို့ကား မည်သည့်အခါမျှ ကောင်းစားခြင်းမရှိတော့။ မည် သည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သည် ဖြစ်စေ၊ အကျိုးမပေါက် ခရီး လည်းမရောက်တော့ဘဲ အချိန်နှင့်အမျှ ဆုတ်ယုတ်ပျက်စီးနေခြင်း ဖြစ်၏။

အပူလှိုင်းသည်လည်း တိုး၍သာလာ၏။ ၎င်းအပူလှိုင်းသည် မီးပူ နေပူ မဟုတ်။ မိဘတို့ကိုပြစ်မှားသောကံကြောင့် အဝီစိငရဲမှထုတ်လွှတ် သည့် အကုသိုလ်ကံအလျှောက် လာဟပ်သောအပူ။ လက်ရှိဘဝ နိဂုံးချုပ် ပြီးနောက် အဝီစိသို့ရောက်ရမည့် ဆွဲငင်အားအပူ၊ အဆိပ်မျိုးသာ ဖြစ်၏။

ထို့ကြောင့် မိဘတို့ကို ပြုစုလုပ်ကျွေး၍ မိဘမေတ္တာကိုရရှိသော သားသမီးတို့သည် ဆေးသားကောင်းပြီး ထက်သောဓားနှင့်တူ၏။ မိဘကို ပြစ်မှား၍ မိဘမေတ္တာခန်းခြောက်သောသားသမီးတို့သည် ဆေးသားကုန် ၍ တုံးသောဓားနှင့်တူ၏။

ဆေးသားကုန်သောဓားသည် မည်သည့်အရာကို ခုတ်ထစ်သည် ဖြစ်စေ မထိရောက်ဘဲ လိမ်သွား၊ လိပ်သွားတတ်၏။ ပန်းပဲဖိုသို့အပ်နှံပြီး ဖိုထိုးမီးဖုတ်၍ ထု၊ သ၊ ဆေးသားတင်၍ ကျောက်မှာသွေးပြီးမှ ပြန်ထက် လာ၏။ ၎င်းနည်းတူ မိဘကိုပြစ်မှားသောသားသမီးတို့သည်လည်း အခြား ပြုပြင်၍မရကောင်းဘဲ အဝီစိငရဲမီးတွင် ထည့်ဖုတ်၊ ထုသပြီးမှ ပျောက်မည် ဖြစ်၏။ ဤသည်မှာ ကြီးသောမိဘမေတ္တာ၏တန်ပြန်သဘော ဖြစ်၏။

သို့သော်လည်း ထိုမျှအထိကြီးမားသော မိဘမေတ္တာသည် အခြား သူတော်ကောင်းတစ်ယောက်၏မေတ္တာကဲ့သို့ မမြတ်ပေ။ မိဘတို့ပို့သော မေတ္တာ၌ စိုးရိမ်သောက၊ ဒေါမနဿ ဒေါသပါ၏။ သူတော်ကောင်းတို့

ပို့သသောမေတ္တာသည်ကား သတ္တဝါအားလုံးတို့ကို ချမ်းသာစေလိုသော မေတ္တာ၊ ကရုဏာနှင့်ယှဉ်သည့် သောမနဿ ဖြစ်၏။

ဒေါမနဿနှင့် ဒုက္ခသည် အကုသိုလ်၊ သောမနဿနှင့် သုခသည် ကုသိုလ်။ ဤသို့လည်း ခွဲယူလျှင် သင့်၏။ တစ်နည်းအားဖြင့် မိဘမေတ္တာသည် သောကစွက်၏။ သူတော်ကောင်းတို့၏မေတ္တာသည် ကရုဏာနှင့်ယှဉ်သော ကုသိုလ်သက်သက်သာဖြစ်၏။ သူတော်ကောင်းကြီး မဟုတ်မူ၍ သာမန်လူတစ်ယောက်က သတ္တဝါတို့အား ချမ်းသာစေလိုသောစေတနာဖြင့် မေတ္တာပို့လျှင်လည်း သောကကင်းသဖြင့် မြင့်မြတ်သည်သာ ဖြစ်၏။

တစ်နည်း- မေတ္တာပို့ပွားရာ၌ အတ္တမဲ့စွာဖြင့် မေတ္တာပို့ပွားခြင်းကို အဆင့်မြင့်လွန်းသဖြင့် လောကလွန်တရားဟု ဆိုရ၏။ သုံးပါးလောက၊ သုံးဆယ့်တစ်ဘုံမှလွတ်သော လောကဝိမုတ်သည် နိဗ္ဗာန်ဖြစ်၏။ ထိုနိဗ္ဗာန်ကိုရရန်၊ ရောက်ရန်အတွက် ရည်သန်ပြီး ပူလောင်ရှုပ်ထွေးလှသည့် ဤလောကထဲကပင် လုပ်ယူရ၏။

သုံးဆယ့်တစ်ဘုံအတွင်းသည် (သာသနာခေတ် အရိယာများကို ခြွင်း၍) အတ္တလောကကြီး ဖြစ်၏။ အတ္တလောကထဲမှ နိဗ္ဗာန်ကိုရောက်လိုသောသူတော်ကောင်းသည် နိဗ္ဗာန်ကိုရရန် စပ်ဆိုင်သည့် အတ္တမဲ့သော အလုပ်ကို လုပ်ရ၏။ အတ္တမဲ့သောရလဒ်သည် အနတ္တ ဖြစ်၏။

* * *

(၄)

## ၁၂။ သူပုန်ဘေးနှင့် မေတ္တာတရား

မေတ္တာနှင့်ပတ်သက်၍ ထင်ရှားသော အကြောင်းအရာများကား ကြည်ညို၍မကုန်အောင်ပင် ရှိ၏။ ထိုထိုများစွာတို့အထဲက မျက်မှောက်ခေတ်၏ အံ့သြဖွယ်၊ မှတ်သားဖွယ်နှင့် လိုက်နာကျင့်သုံးဖွယ်အကောင်းဆုံး ဖြစ်သည့် မေတ္တာဇာတ်လမ်းနှစ်ပုဒ်ကို အကျဉ်းမျှ တင်ပြဦးမည်။

ယခုဦးစွာတင်ပြမည့်ဇာတ်လမ်းမှာ ယခင်က မေတ္တာကို ကျနစွာပင် ပွားများဖူးခြင်း မရှိပါဘဲလျက် အရေးကြုံမှ ပွားများသောမေတ္တာကပင် ကမ္ဘာပေါ်တွင် အဆိုးဆုံးဟုနာမည်ကြီးသည့် သူပုန်ဘေး၊ သေဘေးကြီးမှ ကယ်တင်ပေးလိုက်သည့် ဘုန်းတော်ကြီး ဦးလောကနာထ၏မေတ္တာဇာတ်လမ်း ဖြစ်၏။

❒

### မွေးရပ်ဌာနေ ဇာတိမြေ

ဦးလောကနာထကို အီတလီနိုင်ငံ မီလန်မြို့၌ ၁၈၉၇ ခုနှစ်တွင် ရိုမန်ကက်သလစ်ခရစ်ယာန်ဘာသာဝင်မိဘတို့မှ မွေးဖွား၏။ ငယ်နာမည် ဆာဗာတိုရေစီအိုဖီ ဖြစ်၏။ မိဘများ အမေရိကန်နိုင်ငံ၊ နယူးယော့(ခ်)မြို့သို့ ပြောင်းရွှေ့နေထိုင်ရာ ဆာဗာတိုရေ ဘီအက်စ်စီ (ဓာတုဗေဒ) ဘွဲ့ကို ရရှိခဲ့၏။

၁၉၂၂ ခုနှစ်တွင် အမေရိကန်ရှိ စက်ရုံကြီးတစ်ရုံတွင် ဓာတ်ခွဲခန်းတစ်ခု၌ ဓာတ်ခွဲသည့်အလုပ်ကိုလုပ်ကိုင်နေစဉ် ဓာတုဗေဒအရာရှိ မိတ်ဆွေတစ်ဦးက စာအုပ်ကြီးတစ်အုပ်ကို လာပေး၏။ ထိုစာအုပ်ထဲ၌ ပါမောက္ခမက်(စ်)မူလာ ဘာသာပြန်သည့် ဓမ္မပဒပါဠိတော်နှင့် အဃဃောသရေး ဗုဒ္ဓဝင်နှစ်အုပ်လည်း ပါဝင်၏။

သူသည် ထိုစာအုပ်ကြီးကိုဖတ်ရင်းက ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာခဲ့၏။ ယခင်က ဗုဒ္ဓဘာသာ ဟူသောအကြောင်းကို ကြားခဲ့ဖူးသော်လည်း ယခုကဲ့သို့ ဗုဒ္ဓဘာသာနှင့်ပတ်သက်သော စာပေဘုတ်အုတ် စသည်ကို မဖတ်ရှု မလေ့လာခဲ့ဘူးပေ။ ထို့နောက် ဆာဗာတိုရေသည် ဗုဒ္ဓဘာသာစာအုပ်စာပေများကို ဆက်လက် ဖတ်ရှုလေ့လာရင်းက ဗုဒ္ဓဘာသာဝင်ဖြစ်လာခဲ့၏။

သူသည် ဗုဒ္ဓဘာသာဝင်အဖြစ်ကို လွယ်လွယ်ကူကူဖြင့် ကူးပြောင်းလာသည်တော့ မဟုတ်ပေ။ သူတို့မိသားစုနှင့် ဆွေမျိုးအားလုံးတို့မှာ ရိုမန်ကက်သလစ် ခရစ်ယာန်ဘာသာကို လွန်စွာ ကိုင်းရှိုင်းကြပြီး အစ်ကိုတစ်ယောက်မှာ ဂိုဏ်းအုပ်ဘုန်းတော်ကြီးပင် ဖြစ်၏။

ထို့ကြောင့် အခက်အခဲများစွာရှိ၏။ ဗုဒ္ဓစာပေများကိုလည်း အိမ်မှာဖတ်ခွင့်မရပေ။ သို့ဖြစ်၍ ထွက်ပေါက်ရှာကာ တက္ကသိုလ်ကျောင်းဆောင်တစ်ခုတွင် အခန်းငှားနေပြီး ဖတ်ရှုရင်း များစွာသော အခက်အခဲများကိုဖြတ်သန်းကျော်လွှားပြီးမှ ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့ရ၏။

ထို့နောက် အသက် (၂၇) နှစ်အရွယ်တွင် စီးပွားရေးအားလုံးကိုစွန့်လွှတ်ပြီး လျှို့ဝှက်စွာဖြင့်ပင် အမေရိကား၊ အင်္ဂလန်မှတစ်ဆင့် သင်္ဘောဖြင့် တိတ်တဆိတ် အိန္ဒိယသို့ထွက်ခွာလာခဲ့၏။ အိန္ဒိယတွင် ဗုဒ္ဓအဆောက်အအုံများအား လှည့်လည်ကြည့်ညိုပြီးနောက် သီဟိုဠ် (သီရိလင်္ကာ) သို့ဆက်၍သွား၏။

သီဟိုဠ် (သီရိလင်္ကာ) ၌ ဥပုသ်သီလဆောက်တည်နေစဉ် ရန်ကုန်မြို့အလယ်တောရဆရာတော် ဦးရေဝတနှင့် တွေ့ဆုံပြီး ဘာသာရေးတရား

တော်များကိုဆွေးနွေးရာမှ မြန်မာနိုင်ငံသို့လိုက်လာခဲ့၏။ သူလေ့လာကြည်ညိုခဲ့ရသော ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ မြန်မာနိုင်ငံကို သာ၍စိတ်ဝင်စား၏။

ထို့ကြောင့် မြန်မာနိုင်ငံတွင် အခြေချနေထိုင်ရန်ဆုံးဖြတ်ပြီး ၁၉၂၅ ခုနှစ် သက်တော် (၂၈) နှစ်တွင် အလယ်တောရဆရာတော်ကြီး ဦးကောသလ္လကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဝတ်လိုက်၏။ ဘွဲ့တော်မှာ ဦးဇဝနတိက္ခဖြစ်၏။ ထို့နောက် ဦးလောကနာထဟု ပြောင်းခဲ့၏။

ရဟန်းဖြစ်လာပြီးနောက် ရဟန်းတရားတော်များအား ဝဝကြီးသောက်စို့ကျင့်ကြံရန် ဆုံးဖြတ်၏။ ဦးစွာ ရန်ကုန်မြို့ ဗောဓိကုန်း တရုတ်သင်္ချိုင်း၌ သုသာန်ဓုတင်ဝင်၏။ တစ်ဖက်က ပိဋကတ်ကိုလည်း လေ့လာသင်ယူ၏။ ထို့နောက် ကြည်ညိုသဒ္ဓါ သာ၍ထက်သန်လာပြီး သမ္ဗောဓိဆုကြီးကိုပင် ပန်ဆင်လိုက်၏။

ထို့နောက် သာသနာတော်ကြီးပွားကြောင်းအလုပ်များကို မပြတ်လုပ်၏။ မြို့တွင်းရွာတွင်းသွားလာရာ၌ ထီး၊ ဖိနပ်၊ ယပ်တို့ကို ပယ်၏။ ဆွမ်းခံ၍ သက်သတ်လွတ် တစ်နေရာတည်း၊ တစ်ခွက်တည်း၊ တစ်ထပ်တည်း ဘုဉ်းပေး၏။ ရဟန်းဘဝတစ်လျှောက်လုံး လဲလျောင်းအိပ်စက်ခြင်းမပြု။ နိသဇ္ဇဓုတင်ကို အမြဲဆောင်၏။

အတတ်နိုင်ဆုံး ကား၊ ရထား၊ သင်္ဘော၊ လေယာဉ် စီးနင်းခြင်းကိုပယ်၍ ခြေကျင်ခရီးကို အဓိကထား၏။ ဘုရားဆုကြီးကိုပန်ဆင်ပြီးနောက် ဘုရားလမ်းစဉ်ကို တတ်နိုင်သမျှ လိုက်နာကျင့်သုံးခြင်း ဖြစ်၏။ ဟိမဝန္တာတောင်ခြေ၌လည်း (၇) နှစ် တရားအားထုတ်ခဲ့၏။

ထို့နောက် ဦးလောကနာထသည် ၁၉၃၃ ခုနှစ်တွင် မြန်မာရဟန်းတော် (၂၂၇) ပါးကို ဦးဆောင်၍ ရွှေတိဂုံစုရပ်ပြုပြီး ပြည်မြို့မှတစ်ဆင့် ရခိုင်ရိုးမကြီးကိုခြေကျင်ဖြတ်ကာ (၈) ရက်တိုင်တိုင် အိန္ဒိယပြည် ဗုဒ္ဓဂယာသို့ ခရီးပြင်းနှင်ခဲ့၏။ ထို့နောက် ၁၉၃၄ ခုနှစ်တွင် ယိုးဒယားရဟန်းတော် (၁၅၀) ပါးကိုဦးဆောင်ပြီး ရွှေတိဂုံကိုဦးတိုက်ကာ ဟိမဝန္တာသို့ ခြေကျင်ကြွ

တော်မူပြန်၏။

၁၉၃၅ ခုနှစ်တွင် သီဟိုဠ်ရဟန်းတော် အပါး (၂၀) နှင့် အိန္ဒိယ တောင်ပိုင်းသို့ ကြွတော်မူပြန်၏။ ထို့ပြင် ဗုဒ္ဓဘာသာဝင်များရှိသည့် ဥရောပ တောင်ပိုင်းနှင့် အေးရှားမိုင်းနာသို့ တိုင်းပြည်ပေါင်း၊ မိုင်ပေါင်းများစွာကို တစ်တောဝင် တစ်တောထွက် (၈) လကျော်ကြာအောင် တစ်ကိုယ်တော် သာသနာပြုခရီး ကြွခဲ့ဖူးသေး၏။

❒

## မေတ္တာအစွမ်းကိုပြခွင့်ရပုံ

ဦးလောကနာထသည် သီဟိုဠ် (သီရိလင်္ကာ)၊ မြန်မာ၊ အိန္ဒိယနိုင်ငံများ၌ လှည့်လည်၍ စရဏများကိုကျင့်ကြံနေထိုင်ရင်း သီဟိုဠ် (သီရိလင်္ကာ) ၌ သီတင်းသုံးစဉ် ဝမ်းရောဂါစွဲကပ်လာ၏။ ကုသသော်လည်း မပျောက်နိုင်ရှိလှ၍ အနေအစား၊ ရာသီဥတုလည်း အပြောင်းအလဲဖြစ်စေရန်အတွက် ဇာတိ အီတလီနိုင်ငံသို့ ခေတ္တပြန်လည်ကြွခဲ့ရ၏။

ဦးလေးတော်သူတစ်ယောက်၏အိမ်တွင် တည်းခိုနေထိုင်၏။ ထို အခါ ဆွေမျိုးများက အထူးအဆန်းဖြစ်နေကြ၏။ ယခင်က ဆာဇာတိုရေ စီအိုဖီ ဘာသာပြောင်းသွားသည်ဟုကြားလိုက်ရပြီး ယခု လူကိုယ်တိုင်ကို တွေ့လိုက်ရသဖြင့် သာမန်လူတို့နှင့်မတူတော့ဘဲ လုံးဝ ထူးခြားနေ၏။

ဝတ်ပုံဆင်ပုံမတူတော့သလို လူကလည်း တည်လွန်း၏။ အမြဲတမ်း မျက်လွှာချ၍နေ၏။ စကားပြောဆိုခြင်းလည်း အင်မတန် နည်း၏။ ထို့ ကြောင့် စိတ်ဖောက်ပြီးရူးသွပ်သွားပြီဟုထင်ပြီး အတင်းလူဝတ်လဲခိုင်းကြ ၏။ လူဝတ်လဲခိုင်း၍မလဲလျှင် ဆွဲချွတ်ကြတော့မည့်အဆင့်သို့ပင် ရောက် လာ၏။

ဦးလောကနာထကလည်း အသက်သာအသေခံမည်၊ လူဝတ်မလဲ ဟု ကြံ့ကြံ့ခံသဖြင့် နောက်ဆုံးတွင် အကျယ်ချုပ်ထားခြင်းကို ခံရလေ၏။

ထက်မြက်သောပုဂ္ဂိုလ်ဖြစ်သည့်အလျောက် မစားမသောက်ဘဲ (၃) ရက် တိတိဆန္ဒပြမှ လွှတ်ပေးပြီး မောင်းထုတ်လိုက်ကြ၏။

ဆွေမျိုးများ၏ ဝိုင်းပယ်မောင်းထုတ်ခြင်းကိုခံရ၍ လမ်းစရိတ်လည်း တစ်ပြားတစ်ချပ်မျှမရဘဲ ထွက်လာခဲ့ရ၏။ သူတော်ကောင်းထုံး နှလုံးပြုပြီး သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် ဦးစွာ ပြင်သစ်နိုင်ငံ မာဆေးမြို့သို့ ခြေကျင်ကြွ၏။ ထီး၊ ဖိနပ်မဆောင်၍ ပင်ပန်းသည်မှာ ဆိုဖွယ်ရာပင်မရှိ။

ထိုမှ ခြေကျင်ခရီးဖြင့် ပြင်သစ်၊ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ ယူဂိုစလားဗီးယား၊ ဘူလ်ဂေးရီးယား၊ တူရကီ၊ ဆီးရီးယား၊ ပါလက်စတိုင်း စသည့် နိုင်ငံများကို မိုင်ပေါင်းများစွာ (၈) လကျော်ကြာအောင် တစ်ပါးတည်း ခြေကျင်ကြွလျက် အိန္ဒိယသို့ . . . ။ ထိုခရီးသည် ရှည်လျားသလို သာမန်လူများသွားရသည်နှင့်မတူဘဲ အန္တရာယ်လည်းကြီး၏။

မြို့၊ ရွာ၊ မြစ်၊ ချောင်း၊ တောကြိုတောင်ကြား၊ ရေခမတောင်ကြီးများကိုပါ တွေ့သမျှမရှောင်သာဘဲ ခြေကျင်ဖြတ်သွားရသဖြင့် ဆင်းရဲဒုက္ခလည်း ပြွမ်း၏။ ကျား၊ မြွေ၊ ဆင်၊ ခြင်္သေ့၊ မိကျောင်း စသော ကုန်းသတ္တဝါ၊ ရေသတ္တဝါများနှင့်လည်း အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရသလို သူခိုး၊ ဓားပြ၊ တောပုန်း၊ သူပုန်တို့နှင့်ရင်ဆိုင်ရသောအခါမျိုးတွင် အသက်ကိုအဆုံးချ အပြတ်စွန့်ရမည့်အဖြစ်မျိုးသို့ပင် ဆိုက်ရောက်ခဲ့ဖူး၏။

ထိုအထဲတွင် တူရကီတောင်ပိုင်း တိုးရပ်(စ်)တောင်တန်းကို ဖြတ်ကျော်ရစဉ်က ကမ္ဘာ့ဆိုးသွမ်းခြင်းအရာတွင် နာမည်ကြီးလှသည့် တူရကီ တောပုန်းဓားပြများ၏ဖမ်းဆီးခြင်းကိုလည်း ခံခဲ့ရ၏။ လူသူမနီးသည့် တောထဲတွင်ဖြစ်၍ လွတ်မြောက်ရန်လည်း မလွယ်။

တောပုန်းဓားပြများသည် အသွင်ထူးပြီး မမြင်ဘူးသည့်အဝတ်ကို ဝတ်ဆင်လျက် တည်ကြည်သော ဦးလောကနာထ၏မျက်နှာတော်ကိုကြည့်ကာ ကြောက်လန့်လာကြဟန်ရှိ၏။ ထို့ကြောင့် အပြတ်စီရင်ရန် ချောင်ကျသောတစ်နေရာသို့ ဦးလောကနာထအား ခေါ်ဆောင်သွားကြ၏။

သူတို့၏လူသတ်ဓားများ မည်မျှအထိထက်သည်ကို သိရှိစေရန်

အတွက် တစ်ချက်,နှစ်ချက်ဆလျက် သစ်ပင်၊ သစ်ကိုင်းများအား တစ်ချက်တည်းပြတ်အောင် ခုတ်ဖြတ်ပြကြ၏။ လက်မ၊ ခြေမမှသည် လက်မောင်းထက်ကြီးသော သစ်ပင်၊ သစ်ကိုင်းများပင် တောက်တောက်ပြတ်သွား၏။

ထက်မြက်ပြီး အရာရာကိုအလျှော့မပေးတတ်သော ဦးလောကနာထသည် ယခု သေတွင်းသေခွင်သို့ရောက်နေရသည့်တိုင်အောင် အလျှော့ပေးမည့်အစီအစဉ် သာ၍ပင် မရှိတော့ပေ။ အလျှော့ပေးခြင်းသည် လူညံ့လူပျော့တို့အလုပ် ဖြစ်၏။ အနိုင်ကျင့်ခြင်းသည် လူယုတ်မာတို့၏အလုပ်ဖြစ်၏။

ကမ္ဘာကျော်လူမိုက်ကြီးတို့သည် လောကလူသားတို့အား မာနဖြင့်အနိုင်ကျင့်ကြ၏။ ဒေါသဖြင့် နှိပ်စက်ကြ၏။ အာဃာတဖြင့် သတ်ဖြတ်ကြ၏။ လောဘဖြင့် သိမ်းပိုက်ကြ၏။ မောဟကြောင့် ပြုလုပ်သမျှ အကောင်းချည်း ထင်ကြ၏။ အောင်သေအောင်သားစားပြီး အောင်ပွဲခံကြ၏။

အလက်ဇန္ဒြား၊ ဆီဇာ၊ နပိုလီယန်၊ ဟစ်တလာ၊ ဂျော့ဘုရင်၊ ဂျပန်ဘုရင် စသူတို့သည် လက်နက်ပြလူသတ်ပြီး အကြမ်းဖက်အုပ်ချုပ်ကြ၏။ စီးပွားကိုလည်းယူ၊ လူကိုလည်းသတ်၊ အစစအရာရာ အနိုင်ကျင့်အောင်ပွဲခံပြီး အောင်လံထူကြ၏။ ဇမ္ဗူတလူ တုသူမရှိဟု သူတို့ကိုယ်သူတို့ အဓိပတိအဖြစ်ကို ခံယူကြ၏။

ဗုဒ္ဓသည်ကား မေတ္တာဓာတ်ပို့လွှတ်၍ သတ္တဝါအရပ်ရပ်တို့အား ယဉ်ကျေးလိမ္မာချမ်းသာစေ၏။ ထို့အတူ ဗုဒ္ဓ၏သားတော်ဖြစ်သော ငါသည်လည်း ဤနေရာ၌ မေတ္တာဓာတ်မြတ်ကိုသာ တွင်တွင်ကြီးအသုံးချတော့မည်ဟု ဆုံးဖြတ်လိုက်၏။ ထွက်ပြေးပုန်းရှောင်ရန်၊ ပြန်လည်ခုခံရန် စိတ်ကူးကား အလျှင်းမရှိချေ။

ဓားပြနှစ်ယောက်တို့သည် လုံခြုံစိတ်ချရသောနေရာသို့အရောက်တွင် ခပ်ကြမ်းကြမ်းဆွဲ၍ ဦးလောကနာထအား ထိုင်စေကြ၏။ ထို့နောက်လည်ကုပ်ကို တစ်ချက်တည်း ခပ်ဆတ်ဆတ် ခုတ်ဖြတ်တော့မည့်သဘော

ကိုပြကြ၏။ သူတို့၏လက်ခုပ်ထဲကရေ ဖြစ်နေရချေပြီ။

ဦးလောကနာထမှာလည်း အရေးကနီးလာနေပြီဖြစ်သဖြင့် တစ်စုံတစ်ခုမျှ ပြင်ဆင်ချိန်မရတော့ပေ။ သတ္တဝါအပေါင်းတို့ကို ထိခိုက်လိုက်လဲစွာဖြင့် မေတ္တာပို့နေသူတို့အား ဓား၊ လှံ၊ လက်နက်တို့သည် မစူးမရှနိုင်။ မီးလည်းမလောင်၊ အဆိပ်လည်းမပျံ့ဟု ဗုဒ္ဓမြတ်စွာဟောတော်မူသည်ကို အာရုံပြု၍ ပရိကံကိုပင် လုပ်ချိန်မရတော့ဘဲ တင်ပျဉ်ခွေထိုင်လျက်က မျက်စိကိုစုံမှိတ်ပြီး ဂုဏ်တော်ကို အကျဉ်းမျှပွားး၏။

ထို့နောက် စိတ်အစဉ်၌ မိမိသည် မိခင်နေရာကနေ၍ မိမိကိုသတ်ကြတော့မည့် ဓားပြနှစ်ယောက်တို့အား သနားကရုဏာထားကာ (စိတ်ကူးဖြင့်) ရင်ခွင်ပေါ်တွင်တင်လျက် မေတ္တာပွားလေ၏။

“ငါ့သားလေးနှစ်ယောက်သည် ချစ်ခင်နှစ်လိုဖွယ်ကောင်း၏။ သနားကြင်နာဖွယ်ကောင်း၏။ ငါ့အသက်ထက်ပင် ချစ်မြတ်နိုး၏။ ငါ့သားနှစ်ယောက်တို့သည် ယခု ကျန်းမာချမ်းသာနေကြသလို အနာဂတ်ခရီးတစ်လျှောက်တွင်လည်း ဘေးမသီရန်မခဘဲ ကျန်းမာချမ်းသာကြပါစေ။ ငါ့အသက်ထက် ချစ်ခင်တွယ်တာသောကြောင့် သတ်လိုကလည်းသတ်စေတော့။ ငါ့အသက်ကို ကျေနပ်ကြည်ဖြူစွာဖြင့်ပင် ပေးအပ်လိုက်ပါ၏။ တစ်စုံတစ်ခုသောအပြစ်ဒေါသကိုမျှမထားပါ။ မိခင်ဖြစ်သော ငါ၏မေတ္တာသည်လည်း တစ်ရွေးတစ်ဆံခြည်မျှ တိမ်းချော်၍မသွားပါ”

ထိုကဲ့သို့ မိမိကိုသတ်ကြတော့မည့် တောပုန်းဓားပြနှစ်ယောက်တို့အား အထပ်ထပ် မေတ္တာပွားပို့၍ နေလိုက်၏။ ထိုအခိုက်၌ တစ်စက္ကန့်၊ တစ်မိနစ်အချိန်ကာလသည်လည်း နာရီ၊ နေ့ရက်၊ သန်းပေါင်းများစွာပင်ကြာညောင်းသည့်အလား ထင်မိ၏။ ထိုအဖြစ်ကို ယခင်က အာရုံမပြုဘူးခဲ့သော်လည်း ယခုသိနေ၏။

မိုးကြိုးပစ်သည်ထက်ပင် ပြင်းထန်သောဓားချက် ဇက်ပေါ်သို့ကျရောက်လာမည်ကိုလည်း အာရုံရောက်၏။ ယခင်အခါက မေတ္တာကမ္မဋ္ဌာန်း

ကို ကျနစွာဖြင့် စီးဖြန်းပွားများခဲ့ဖူးခြင်း မရှိပေ။ ယခု သေဘေးနှင့်ရင်ဆိုင်ရတော့မှ အနီးကပ် ဖိစီးပွားများနေမိ၏။

တစ်အောင့်ကြာသွားသော်လည်း ထက်စွာသောဓားသည် ဇက်ပေါ်သို့ကျမလာပေ။ ထို့ကြောင့် မျက်လွှာကိုပင့်၍ ကြည့်လိုက်ရာ ၎င်းတို့၏မျက်နှာတွင် ဒေါသအရိပ်အငွေ့များကင်းစင်လျက် လက်အစုံကို နောက်မှာပိုက်ပြီး ခါးကိုကိုင်း၍ ဦးလောကနာထအား ပြုံးကြည့်ကြည့်နေကြ၏။

ထို့နောက် ထဟု ညင်သာစွာဖြင့် ဆွဲထူပြီး ဘေးကင်းရာသို့သွားတော့ဟုပြောဆိုကာ ခပ်ဖွဖွတွန်းပို့လိုက်ကြ၏။

ကမ္ဘာကျော်လူဆိုးစာရင်းဝင် တောပုန်းဓားပြကြီးနှစ်ယောက်တို့သည် သူတို့၏မိခင်ကို မသတ်နိုင်ကြပါချေတကား။ အဘယ်ကြောင့်နည်း။ မိခင်၏မေတ္တာစွမ်းသောကြောင့် ဖြစ်၏။

တစ်ခါကလည်း ရန်ကုန်မြို့ သရက်တောကျောင်းတိုက်၌ ယိုးဒယားဘုန်းကြီးတစ်ပါးသည် ရန်ငြိုးထားပြီး တုတ်ဖြင့်ရိုက်ရန်လာ၏။ ဦးလောကနာထကား ထ၍မပြေး။ တောင်းလည်းမတောင်းပန်။ အပြုံးမပျက် မျက်စိကိုစုံမှိတ်၍ ထိုဘုန်းကြီးအား မေတ္တာပို့နေရာ ချိန်ရိုက်သောတုတ်ချက်လွဲသွားခဲ့ရ၏။ မေတ္တာတန်ခိုး၏စွမ်းရည်များကား ရေးသား၍မကုန်၊ ကြည်ညို၍လည်းမဆုံးချေ။

ယခုတင်ပြခဲ့သည့် ဦးလောကနာထ ဗုဒ္ဓတပည့် ဓမ္မသူရသတ္တိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးကြီးသည်ကား သိပ်ပြီး သက်တော်ရှည်သည်ဟု မပြောလောက်ပေ။ ၁၉၆၆ ခုနှစ်၊ မေလ (၂၅) ရက်နေ့ သက်တော် (၆၈) နှစ်တွင် ပြင်ဦးလွင်မြို့၌ ပျံလွန်တော်မူလေ၏။

သာသနာတော်၏ မိုးသောက်ကြယ်ကြီးတစ်ပွင့် ကြွေလွင့်သွားခြင်းပင်တည်း။

* * *

## ၁၃။ ဘုန်းတော်ကြီးဟာကူယင်

ဒီစာအုပ်၏ အတ္တမဲ့မေတ္တာသရုပ်ကို ဒီနောက်ဆုံးအခန်းက အဓိက တာဝန်ယူ၍ ဖော်ဆောင်သွားပေလိမ့်မည်။ အတ္တမဲ့ ဆိုသည်မှာ အဘယ် အရာကိုခေါ်ပါသနည်းဟု မေးရန်မလိုဘဲ ရှင်းလင်းစွာဖြင့် ကွင်းကွင်းကွက် ကွက်လည်းမြင်စေမည် ဖြစ်၏။

ယခုဖော်ပြမည့် အတ္တကင်းသော ဂျပန်နိုင်ငံ မဟာယာနဂိုဏ်းဝင် အတ္တမဲ့မေတ္တာရှင်၊ ကရုဏာရှင်ကြီး ဖြစ်တော်မူသော ဘုန်းတော်ကြီး ဟာကူယင်၏အကြောင်းကို သတင်းအရာအားဖြင့်လည်း ကြားဖူး၏။ စာ စောင်တစ်ခုတွင်လည်း ဖတ်ဖူး၏။ ထိုအကြောင်းအရာကို ဖြစ်စဉ်အတိုင်း တင်ပြသွားမည်။

ဘုန်းတော်ကြီးဟာကူယင်၏ အတ္တမဲ့ခြင်း၊ ကရုဏာကြီးခြင်း စသော အကြောင်းများကို မတင်ပြမီ မဟာယာနဂိုဏ်းအကြောင်းကို အနည်းငယ် မျှသော်လည်း သိသာရုံတင်ပြမှ ဆိုလတ္တံ့သောအကြောင်းအရာနှင့် ပိုပြီး သင့်၍ ရှင်းမည်ထင်၏။

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် နှစ်ပေါင်း (၂၅၀) ခန့်အလွန်တွင် မဟာယာနဘာသာ ပေါ်ထွန်းလာခဲ့ကြောင်း စာဟောင်း များတွင် တွေ့ရှိရ၏။ အကြောင်းမှာ ဝဇ္ဇီတိုင်းသားရဟန်းများသည် ဝိနည်း ထိန်းရသည်ကို ဆင်းရဲသည်ဟုထင်ပြီး ဝိနည်းတော်မှခွာ၍ မဟာယာန ဂိုဏ်းကို ထူထောင်ကြ၏။

သူတို့ဂိုဏ်းကို သူတို့ဘာသာ မဟာယာနဟုအမည်ပေးပြီးနောက်

သူတို့ကပင် ထေရဝါဒဗုဒ္ဓဘာသာဝင် ရဟန်းတော်များမှစ၍ အားလုံးကို လည်း ဟိနာယာနဟု အမည်ပေးလိုက်ကြပြန်သည်။

မဟာယာန ဟူသည်မှာ ကြီးသောလမ်းစဉ်၊ ဘုရားအလောင်းတော် တို့၏အကျင့်လမ်းစဉ်ဖြစ်ပြီး ဟိနာယာနမှာ ငယ်သောလမ်းစဉ်၊ သာဝက လမ်းစဉ် ဟူ၍ ဖြစ်၏။

ဟိနာယာန (သူတို့ နာမည်ပေးထားကြသည့်အတိုင်း) ငါတို့ ဗုဒ္ဓ ဘာသာဝင်များမှာ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ လာအို၊ ကမ္ဘောဒီးယား စသော (၅) နိုင်ငံဖြစ်ပြီး မဟာယာနဘာသာဝင်များမှာ နီပေါ၊ ဘူတန်၊ တရုတ်၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဂျပန် စသော နိုင်ငံများ ဖြစ်၏။

တစ်နည်း - မဟာယာနဘာသာကို မြောက်ပိုင်းဗုဒ္ဓဘာသာဟု အမည်ရပြီး မြန်မာ၊ သီရိလင်္ကာ စသော ဗုဒ္ဓဘာသာဝင်များကို တောင် ပိုင်းဗုဒ္ဓဘာသာဟု အမည်ရပြန်၏။ ဘာသာနှစ်ရပ်လုံးမှာ ဗုဒ္ဓဘာသာ ချည်းဖြစ်သော်လည်း အယူအကျင့်ချင်း မတူကြ။

မြန်မာ၊ သီရိလင်္ကာ စသော ရဟန်းတော်များမှာ သင်္ကန်းဝတ်ပြီး မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရအောင် သာဝကအကျင့်များကို ကျင့်ကြံကြ၏။ တရုတ် မှသည် ဂျပန်တိုင်အောင် မဟာယာနရဟန်းတော်များမှာ မြင်ဖူးကြသည့် အတိုင်း ဤစာရေးသူမခေါ်တတ်သောအဝတ်များကိုဝတ်၍ ဘုရားဖြစ် ကြောင်းလမ်းစဉ်များကို ကျင့်ကြ၏။

အကျဉ်းအားဖြင့် ဤမျှလောက်တင်ပြလျှင်ပင် ရှေ့ဆက်ရန် လုံ လောက်မည် ထင်၏။

သို့သော်လည်း ဘုရားအလောင်းတော်တို့၏လမ်းစဉ်အကျင့်ကို ကျင့် ကြံရာ၌ ဘုရားဖြစ်ချင်သည်၊ ဘုရားအလောင်းအကျင့်ကိုကျင့်သည်ဟု ကောက်ကာငင်ကာကျင့်၍ ရနိုင်သည့်ကိစ္စမဟုတ်ပေ။ ဘုရားအလောင်း တော်ကြီးတို့သည် ဘုရားဆုကိုမပန်ဆင်မီ ရှေးအဖို့၌ ကမ္ဘာသင်္ချေပေါင်း များစွာကပင် ဘုရားဆုကို ပန်ဆင်လိုသောဆန္ဒ ဖြစ်လာခဲ့၏။

အဘယ်ကြောင့် ဘုရားဆုကိုပန်ဆင်လိုသနည်း ဆိုပါမူ သတ္တဝါအပေါင်းတို့အား သနားလွန်းသောကြောင့် ဖြစ်၏။ သတ္တဝါအပေါင်းတို့အား သံသရာအတွင်း (အို၊ နာ၊ သေ၊ ဒုက္ခအပေါင်း) မှ ကယ်ချွတ်နိုင်သော ပုဂ္ဂိုလ်မှာ ဘုရားမှတစ်ပါး အခြားမရှိ။

ဘုရားတစ်ဆူ ပွင့်တော်မူမှ သတ္တဝါအပေါင်းတို့ ဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြရ၏။ ထို့ကြောင့် ငါသည်လည်း ဘုရားဖြစ်လျှင် ကောင်းလေစွ။ သတ္တဝါအပေါင်းတို့အား ဝဋ်ဒုက္ခမှ ကယ်ချွတ်ချင်ပါဘိ စသည်ဖြင့် သတ္တဝါအပေါင်းတို့အား ကရုဏာထား၍ သနားချစ်ခင်လွန်းသည်မှ ဘုရားဆုပါရမီကို အစတည်လာခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့် ဘုရားအလောင်းတော်ကြီးတို့သည် သတ္တဝါများကိုယ်စား၊ သတ္တဝါများအတွက် ဆင်းရဲဒုက္ခပေါင်းများစွာကို ကျခံနိုင်ကြ၏။ ငါသည်ကား တစ်ယောက်တည်း၊ သတ္တဝါတို့သည်ကား အများဟု သုံးပါးလောကသားတို့၏ကိုယ်စား ဆင်းရဲဒုက္ခခံပြီး ပါရမီတော်ကိုဖြည့်ကျင့်ကြ၏။

ပါရမီဖြည့်ကျင့်ခြင်းနှင့်ပတ်သက်၍ ဝေဿန္တရာမင်းရသေ့ကို ဇာတ်ကိုကြည့်ခြင်းဖြင့်လည်း သိနိုင်၏။ ဇူဇကာပုဏ္ဏားက ကျွဲ၊ နွားကို ဆွဲဘိသကဲ့သို့ အရွယ်ပင် မရောက်ကြသေးသည့် သားငယ်၊ သမီးငယ်တို့အား ပုတ်ခတ်နှိပ်စက်ပြီး ဆွဲငင်ယူသွားသောအခါ သနားလွန်း၍ မကြည့်နိုင်၊ မမြင်ရက်သောကြောင့် ဝေဿန္တရာမင်းရသေ့သည် မျက်စိနှစ်ဖက်မှ မျက်ရည်ကုန်၍ သွေးကျသည်အထိ ငိုခဲ့ရ၏။

ထို့နောက် ပါရမီတော်ကိုဆင်ခြင်၍-

'ငါ့သားနှင့်သမီးတို့အား ပေးလှူလိုက်ခြင်းမှာ ငါ ဘုရားဖြစ်ရန်အတွက် ဖြစ်၏။ ငါဘုရားဖြစ်မှ ယခု လှူဒါန်းလိုက်သော ငါ့သားသမီးနှစ်ယောက်တို့ အပါအဝင် သတ္တဝါအပေါင်းတို့အား ကယ်ချွတ်နိုင်မည်။ ငါ့သားသမီးကား နှစ်ယောက်တည်း၊ သတ္တဝါအပေါင်းတို့ကား လောကဌ်အပြည့်။ ထို့ကြောင့် သားသမီးနှစ်ယောက်တို့အား လောကသားအားလုံးတို့အတွက် အလဲအလှယ် အလျော်အစားပြုလုပ်လိုက်ခြင်း ဖြစ်၏'

ဟု ဆင်ခြင်လိုက်သောအခါ ဝမ်းနည်းခြင်းမှ ဝမ်းသာခြင်း ဖြစ်သွားရ၏။ ထိုကဲ့သို့ မဆင်ခြင်ဘဲ သားသမီးနှစ်ယောက်တို့ကိုသာကွက်ပြီးကြည့်နေလျှင် ငို၍ဆုံးနိုင်ဖွယ်မရှိ။

ဆံပင်သည် ငယ်သော်လည်း မျက်စိထဲသို့ ဝင်သောအခါ မခံနိုင်သည်အထိ ခု၏။ နာ၏။ စူး၏။ အဝေးမှာထားလျှင်ကား မမြင်တော့ပေ။

ဘုရားဖြစ်ချင်ကြသော ဘုရားအလောင်းတော်တို့သည် သတ္တဝါတို့အား သနားကရုဏာဖြစ်ခြင်းမှ စ,လာကြ၏။ ဘုရားအလောင်းတော်တို့သည် သတ္တဝါတို့၏အပေါ်၌ မည်မျှအထိ သနားချစ်ခင် ကရုဏာစိတ်ဝင်ပါသနည်း ဆိုပါမူ သတ္တဝါတို့၏ကိုယ်စား မိမိဆင်းရဲဒုက္ခရောက်မည်ကို တစ်ဆံခြည်မျှ စိုးရွံ့ခြင်းမရှိ။

သတ္တဝါတစ်ဦးတစ်ယောက်အတွက် ကိုယ်စား လည်းကောင်း၊ သတ္တလောကသားအားလုံးတို့၏အတွက် ကိုယ်စား လည်းကောင်း နေရာချင်း၊ ဘဝချင်းလဲ၍ ဆင်းရဲဒုက္ခကိုခံနိုင်၏။ ဘုရားအလောင်းတော်တို့သည် ထိုကဲ့သို့ဖြစ်၏။ ကျင့်၏။ အလဲအလှယ်ပြု၏။

ထိုကဲ့သို့ ဘုရားဆုကိုပန်၍ ကျင့်ဖြည့်လာသော ကမ္ဘာပေါင်း သင်္ချေပေါင်းများစွာရှိလာပြီးမှ ဘုရားအလောင်းတော်အဖြစ် ပန်ဆုကိုရ၏။ ထို့နောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထပ်ဖြည့်ကျင့်ပြီးမှ ဘုရားဆုပြည့်၏။ ဘုရားအလောင်းတော်တို့အား ထိုကဲ့သို့ ကြည်ညိုနိုင်၏။

ယခု ဂျပန်နိုင်ငံ မဟာယာနဘုန်းတော်ကြီး ဟကုယင်သည်လည်း နှယ်နှယ်ရရ မဟုတ်။ သာမန် မဟာယာနဟုလည်း မယူဆအပ်။ တကယ့်မဟာယာနကြီးပင် ဖြစ်၏။ မဟာယာန ဘုရားအလောင်းတော်တို့၏လမ်းစဉ်ဟု ခံယူထားသည့်အတိုင်း တူအောင်တန်အောင်ကျင့်၏။

ကြီးသောစရဏကိုကျင့်နေသဖြင့် စကားလည်း အလွန်နည်းဟန်ရှိ၏။ အကျင့်ကိုသာအာရုံစိုက်ပြီး ဗာဟီရအားလုံးကို အတတ်နိုင်ဆုံးပယ်ထားပုံရ၏။ ထို့ကြောင့် ဘုန်းတော်ကြီး၍ မင်း၊ သူဌေးတို့မှစပြီး ပုန်းတောင်း

ယာစကာတိုင်အောင် လေးစားကြည်ညိုကိုးကွယ်ကြ၏။ နိုင်ငံအဝန်းသို့တိုင်လည်း ဘုန်းတန်ခိုးကျော်ကြားခြင်းတို့ ပြန့်လွှမ်း၏။

ပြည်ပန်းညိုချိုပါလျက် ဆားကဖျက် ဆိုဘိသို့ တစ်နေ့သောအခါတွင် အဖျက်အမှောင့်တစ်ခုပေါ်လာ၏။ တစ်နည်းအားဖြင့် ဘုန်းတော်ကြီး၏ဖြည့်ကျင့်ဆဲပါရမီတော်ကို သာ၍ပင်ထင်ရှားစေမည့် ရှုကွက်တစ်မျိုးဟုလည်း ဆိုနိုင်၏။

ဇာတ်တစ်စုံလုံး၌ မင်းသား၊ မင်းသမီးတို့ကို ချစ်ကြ၏။ ပုဏ္ဏားစသော လူကြမ်းများကို မုန်းကြ၏။ သို့သော်လည်း မင်းသား၊ မင်းသမီးတို့ကပြရုံဖြင့် ဇာတ်မပြီး။ ပုဏ္ဏား စသူတို့ဝင်နှောက်ကြမ်းရမ်းမှ ဇာတ်ကွဲ၏။ ညကြေးလည်းတက်၏။

ဤသို့ပင်ဆိုရမည်လောမသိ။ မည်သို့ပင်စေကာမူ လက်ရှိပစ္စုပ္ပန်တွင် ဘုန်းတော်ကြီးမှာ အဖတ်ဆယ်၍မရသည်အထိပင် ဖြစ်လာခဲ့ရသည့်အကြောင်းသည်ကား. . . ။

တစ်နေ့သောအခါ၌ စိဋ္ဌမာဏလက်သစ် မိန်းကလေးတစ်ယောက်သည် သူ၏ကိုယ်ဝန်ကို မြင်သာထင်သာရှိစေရန်ပြုလျက် ရင်ကော့ပြီးကျောင်းတော်ပေါ်သို့တက်လာ၏။ ထို့နောက် ခါးကိုလက်ထောက်၍ လက်ညှိုးငေါက်ငေါက်ထိုးလျက် -

"ဟကုယင်၊ နင်ကတော့ လူရှေ့သူရှေ့မှာ အကြည်ညိုခံလို့။ ငါ့မှာတော့ နင်နဲ့ရထားတဲ့ကိုယ်ဝန်ကို ဘယ်လိုဖြေရှင်းရမှန်းမသိ ဖြစ်နေရပြီ။ ဒီကိစ္စကို နင်ထည့်တွက်မိရဲ့လား။ ဘယ်လိုကော ဖြေရှင်းမလဲ။ ဘာပဲပြောပြော နင်က လူရှေ့သူရှေ့မှာ ဘယ်လောက်ပဲ ရဟန်းယောင်ဆောင်နေဆောင်နေ နင့်ကိုယ်နင်သိပါ။ နင့်ကိုယ်ဝန်ကို ငါလွယ်နေရပြီ ဆိုတာမမေ့နဲ့"

မိန်းကလေးသည် ထိုကဲ့သို့ ခပ်တင်းတင်းခပ်မာမာပြောဆိုထားခဲ့ပြီးနောက် ကျောင်းပေါ်မှ ခြေသံပြင်းပြင်းဖြင့် ဆောင့်နင်းလျက် ပြန်ဆင်း

သွားလေ၏။

ဘုန်းတော်ကြီးသည် မိန်းကလေးစွပ်စွဲပြောဆိုနေသည့်တစ်ချိန်လုံး ငေးစိုက်ကြည့်နေပြီး မိန်းကလေး စကားဆုံးပြီးမှ -

"ဩော်- ဟုတ်လား"

ဟု တစ်ခွန်းသာပြော၏။

ထို့ကြောင့် ကျောင်းပေါ်တွင် လာရောက် ပူဇော်ကြည်ညိုနေကြသည့် ဒကာ၊ ဒကာမ အားလုံးတို့က အဟုတ်တကယ် မှတ်ထင်သွားကြလေ၏။ မျက်လုံးပြူးမျက်ဆန်ပြူးလည်း ဖြစ်သွားကြ၏။

"မိန်းကလေးပြောသွားခြင်းမှာ အမှန်ပင်ဖြစ်မည်။ ဒီမျှ ဘုန်းတော်ကြီးတစ်ပါးအား တမင်စွပ်စွဲခြင်း မဖြစ်နိုင်။ မဟုတ်မမှန်ဘဲ လုပ်ကြံစွပ်စွဲလျှင် ဘုန်းတော်ကြီးလည်း သည်းမခံလောက်။ တစ်နည်းနည်းဖြင့် ချေပမည်ဖြစ်၏။ ယခု ဘာမှပြန်မပြောဘဲ ငုံ့ခံနေခြင်းမှာ သူအမှန်တကယ်မှားထား၍သာဖြစ်မည်"

ဟု တထစ်ချ ယုံကြည်သွားကြ၏။

ရဟန်းလောက၌ မာတုဂါမကိစ္စသည် အလွန်အမင်း ရှက်ဖွယ်လိလိဖြစ်၏။ **အန္တိမဝတ္ထု** = လိင်ကိစ္စမြောက်သည်၊ မမြောက်သည်ကိုမဆိုထားဘိ ဤသတင်းဆိုးထွက်လျှင်ပင် ရဟန်းလောကတွင် မသိမသာ ဝိုင်းပယ်ခံရတတ်၏။

ဘုရားရှင်လက်ထက်အခါက ရဟန္တာ အရှင်ဘဒ္ဒိယသည် ရဟန်းယုတ် ဆဗဂ္ဂီတို့လုပ်ကြံသောသတင်းဆိုးမျိုး ထွက်ခဲ့ဖူး၍ ပရိနိဗ္ဗာန်ပြုသောအခါ အရိုးဓာတ်တော်သည်ပင် မကြွင်းကျန်စေရန်အတွက် ကောင်းကင်၌ ပရိနိဗ္ဗာန်ပြု၍ တေဇောဓာတ်လောင်ကျွမ်းစေသည် ဆို၏။

စိဥ္စမာဏ စွပ်စွဲရာ၌ ဘုရားရှင်သည်ပင် ရောင်ခြည်တော်ညှိုးနွမ်းသည်ဟု အဆိုရှိ၏။ ပုထုဇဉ်ရဟန်းတော်များအဖို့ အဘယ်မှာလျှင် ဆိုဖွယ်ရာရှိပါတော့မည်နည်း။

ယခု ဘုန်းတော်ကြီးဟာကုယင်သည်လည်း မိန်းကလေး၏စွပ်စွဲခြင်းကို ခံရသည့်နေ့မှစ၍ ကြည်ညိုကင်းသွားကြသည့်အပြင် ပြောဆိုကဲ့ရဲ့သံများသည်လည်း ပွက်လောရိုက်သွားလေ၏။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဘုန်းကံကြီးလျှင် နိုင်ငံနှင့်အဝန်းကပင်သိကြသလို ထိုဘုန်းရှင်ကံရှင်ပုဂ္ဂိုလ်များ ဘုန်းကံနိမ့်၍ အပြစ်ပေါ်ပေါက်လျှင်လည်း နိုင်ငံနှင့်အဝန်းကပင် သိကြ၏။

ထို့ကြောင့် တချို့မှာ ဘုန်းတော်ကြီးအား ကဲ့ရဲ့စောင်းမြောင်းရုံမျှနှင့် ပင်မနေဘဲ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရတဲ့ တောင်ပို့ကြီးဟုပင် ပေါ်ပေါ်ထင်ထင်ဆိုလာကြ၏။ ကိုးကွယ်ဆည်းကပ် လှူဒါန်းထောက်ပံ့သူများလည်း ဒီရေကဲ့သို့ လျော့ကျဆုတ်ယုတ်သွား၏။ သို့သော်လည်း ဘုန်းတော်ကြီးသည် မည်သို့မျှ အမူအရာပြောင်း၍မသွားဘဲ နေမြဲတိုင်းသာနေ၏။ အဆင်းရဲဆုံးပုဂ္ဂိုလ်အဖြစ်သို့လည်း ရောက်သွား၏။

မိန်းကလေး၏စွပ်စွဲခြင်းမှာလည်း ထိုမျှနှင့်ပင်မပြီးသေးပေ။ မီးဖွားသန့်စင်ပြီးနောက် ကလေးကို အနှီးဖြင့်ထွေးပိုက်၍ ကျောင်းပေါ်သို့ တစ်ဖန်တက်လာပြီး မျက်နှာတင်းတင်းဖြင့် ဘုန်းတော်ကြီးအား ကြည့်၏။ ထို့နောက် -

"ငါ ကိုယ်ဝန်ကိုစောင့်ရှောက်နေတုန်းကလည်း နင်လာမကြည့်၊ သတင်းမမေး၊ တစ်ပြားတစ်ကျပ်မျှလည်း မထောက်ပံ့။ အခုတော့ မွေးပြီးသွားပြီ။ ငါ့တာဝန်ကျေပြီ။ နင့်သားကို နင်ယူတော့။ ရော့- နင်တစ်လှည့် ကျွေးမွေးစောင့်ရှောက်တော့"

ဟုဆိုကာ ကလေးကို ဘုန်းတော်ကြီးအားထိုးပေးထားခဲ့ပြီး ကျောင်းပေါ်မှဆင်းသွားလေ၏။

ထိုအခါတွင် ဘုန်းတော်ကြီးက -

"ဪ- ဟုတ်လား"

ဟု တစ်ခွန်းသာဆို၏။ အခြားမည်သည့်စကားကိုမျှ ပြောဆိုခြင်းမရှိ

ပေ။ ကလေးနီတာရဲကလေးသည်လည်း သူ၏ရင်ခွင်ပေါ် သို့ရောက်နေပြီ။ ကျွေးမွေးစောင့်ရှောက်ရုံသာ ရှိတော့၏။

ဒကာ၊ ဒကာမတို့၏ ကဲ့ရဲ့ပြစ်တင်ရှုတ်ချကြသံမှာလည်း ယခင်က ထက် အဆပေါင်းများစွာ ပေါ် ထွက်လာခဲ့၏။ ကလေးသည်လည်း ကျောင်း ပေါ် သို့ရောက်နေပြီဖြစ်၍ ယခင်က အနီးစပ်ဆုံး ကြည်ညိုပြီး ကိုးကွယ် ဆည်းကပ်ခဲ့ကြသော ဒကာ၊ ဒကာမများမှာလည်း ယခုအခါ အကြီးမားဆုံး အကြည်ညိုပျက်၍ ကဲ့ရဲ့အရှုတ်ချဆုံးများ ဖြစ်သွားကြ၏။

ဘုန်းတော်ကြီးမှာလည်း ဆင်းဆင်းရဲရဲဖြင့်ပင်ရှာဖွေ၍ ကလေးအား ပြုစုရ၏။ ကျင်ကြီးကျင်ငယ်ကိစ္စမှစ၍ တစ်ယောက်တည်း အကုန်ဒိုင်ခံ လုပ်ရသဖြင့် ဆွမ်းရိက္ခာရှာဖွေရန်ထွက်ရသောအခါ အခက်တွေ့ရ၏။

ဘုန်းတော်ကြီးက ယခု ကလေးအား ပြုစုနေခြင်းမှာ တာဝန်တစ်ခု ကဲ့သို့လည်း မယူရ၊ သနား၍သက်သက်ဟုလည်း မယူရ၊ သည်းခံခြင်းနှင့် မေတ္တာ, ကရုဏာ စသော ပါရမီကိစ္စကိုသာယူရမည် ဖြစ်၏။ ထို့ကြောင့် လုပ်သင့်သည်ကို ပါရမီနှင့်ယှဉ်ပြီးလုပ်သဖြင့် သာ၍ပင် မြင့်မြတ်ပြီး ခိုင်မြဲ သွားလေ၏။

ထိုအခါ တာဝန်တစ်ခုကဲ့သို့ သည်းခံခြင်း၊ သနားခြင်း၊ မေတ္တာ၊ ကရုဏာ စသည်များလည်း အကျွမ်းဝင်သွားလေ၏။ ထို့ကြောင့် ယခု ဘုန်းတော်ကြီးက ကလေးအား ပြုစုစောင့်ရှောက်နေခြင်းမှာ မိဘတို့မေတ္တာ ထက်ပင် ခိုင်မြဲသွားလေ၏။

ဘုန်းတော်ကြီးသည် ဆင်းရဲပင်ပန်းစွာဖြင့်ပင် ကလေးအား ပြုစု၏။ ညည်းညူခြင်းလည်းမရှိ။ ပတ်ဝန်းကျင်က ကဲ့ရဲ့ရှုတ်ချ အရှက်ရစေသော စကားများကို နေ့စဉ်နှင့်အမျှ ပြောဆိုနေကြသည်ကို နားမဆံ့အောင်ကြား နေရသော်လည်း အမှတ်ထင်ထင်မရှိ။ ဂရုမစိုက်သည့်သဘောမျိုးလည်း မဟုတ်။ သည်းခံခြင်းတည်းဟူသော လုပ်သင့်သည်ကိုလုပ်နေသည့်သဘော ဟုသာ မှတ်ယူထား၏။

ကလေးမှာလည်း ဘုန်းတော်ကြီးသည် အဘ၊ ဘုန်းတော်ကြီးသည်

အမိ ဖြစ်နေရ၏။ မည်သည့် မိဘဘိုးဘွားများ၏ မေတ္တာကိုမျှ ခံယူရခြင်း မရှိ။ ဆွေပြတ်မျိုးပြတ် ဆိုသည်ထက် ဆွေမဲ့မျိုးမဲ့သာ ဖြစ်နေရှာလေ၏။ လောကကြီးကို သူနှင့်ဘုန်းတော်ကြီးနှစ်ယောက်တည်း တည်ဆောက်ထားသည်နှင့်တူ၏။

တစ်နေ့တွင် ကလေးမိခင် ကောင်မလေး ရောက်လာပြန်၏။ သူနှင့်အတူ အခြားကောင်လေးတစ်ယောက်လည်း ပါလာ၏။ ဒီအကြိမ်တွင် ကလေးမိခင် ကောင်မလေး၏မျက်နှာသည် ယခင်နှင့်မတူ၊ တင်းမာခြင်းလည်းမရှိဘဲ ဘုန်းတော်ကြီးကိုပင် မရဲတရဲသာကြည့်၏။ ရှက်စနိုးနှင့် အားနာသောအမူအရာများကိုလည်း ဆောင်နေ၏။

ကလေး၏မိခင်ကောင်မလေးသည် ဘုန်းတော်ကြီးအား အရိုအသေပြုလိုက်ပြီးနောက် သူနှင့်အတူပါလာသောကောင်လေးကို မေးထိုးပြပြီး-

"သူက ကလေးရဲ့အဖေပါ"

ဟု ဘုန်းတော်ကြီးအား ပြောပြ၏။

ဘုန်းတော်ကြီးကား ဘာမှလိုက်၍မပြောပေ။ သူတို့၏အမူအရာများကိုသာ အကဲခတ်သလိုကြည့်နေ၏။

ထို့နောက် ကလေး၏မိခင်ကောင်မလေးသည် သူတို့၏အရှုပ်တော်ပုံ ဖြစ်ကြောင်းကုန်စင်များကို အစအဆုံး မချန်မခြွင်း လင်းလင်းပွင့်ပွင့်ပင် ဘုန်းတော်ကြီးအား ပြောပြလေ၏။

"တပည့်တော်မဟာ သူနဲ့ အချစ်ဆုံးသမီးရည်စား ဖြစ်ခဲ့ကြပါတယ်။ ဒါကြောင့် တစ်သက်မခွဲ အတူလက်တွဲပြီး လျှောက်လှမ်းဖို့ ဆုံးဖြတ်လိုက်ကြပြီးနောက် စိတ်ကူးလွန်အိမ်ထောင်သည်ဘဝကိုရောက်သွားရင်းက ဒီကလေးကိုယ်ဝန်ကို ရခဲ့တာပါ။ ဒါပေမယ့် ကိုယ်ဝန်ရပြီးတဲ့နောက်ပိုင်းမှာ နှစ်ဖက်မိဘတွေက သဘောမတူကြလို့ တစ်ယောက်နဲ့တစ်ယောက် တွေ့ခွင့်မရတဲ့အထိ ဖြစ်သွားကြရပါတယ်။ ဒါကြောင့် ကြံရာမရတဲ့အဆုံး ကိုယ့်အရှက်ကိုဖုံးကွယ်လိုတဲ့အတွက် မလုပ်သင့်မလုပ်ထိုက်၊ သီလသိက္ခာနဲ့ပြည့်

စုံတဲ့ဘုန်းတော်ကြီးကို လာစွပ်စွဲလိုက်မိတာပဲ။ ဒီလိုလုပ်လိုက်တာဟာလည်း ခန္တီ၊ မေတ္တာ၊ ကရုဏာ၊ သီလအကျင့်တို့နဲ့ပြည့်စုံတဲ့ ဘုန်းတော်ကြီးဟာ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေလိမ့်မယ် ဆိုတာ သိလို့ပါပဲ"

ကလေးမိခင် ကောင်မလေးသည် စကားကိုဖြတ်ပြီး မရဲတရဲဖြင့် ဘုန်းတော်ကြီးအား ကြည့်၏။ ဘုန်းတော်ကြီး၏အမူအရာသည်ကား မည်သို့မျှ ပြောင်းလဲ၍မသွားပေ။ ပကတိအားဖြင့် အေးချမ်းတည်ငြိမ်နေ၏။ ထို့ကြောင့် သူ့စကားကိုပြန်ဆက်၏။

"နောက်ပိုင်းမှာတော့ ဘုန်းတော်ကြီးဟာ ကလေးကိစ္စနဲ့ အတော်လေးပင် ဒုက္ခရောက်နေရတာကို သိလာ၊ ကြားလာရတဲ့အတွက် အတော်လေးလည်း သနားလာပါတယ်။ ဘယ်လောက်အထိ သနားလာသလဲဆိုရင် ငါ့အမှားကိုဝန်ခံပြီး ကလေးကိုပြန်တောင်းယူတော့မယ်။ အရှက်ရရုံမက အသက်ပင်သေပါစေတော့၊ ဘုန်းတော်ကြီးကို ဆက်ပြီးဒုက္ခမပေးလိုတော့ပါဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ဆုံးဖြတ်ပြီးတဲ့အချိန်မှာပဲ ကလေးအဖေနဲ့ ပြန်ဆုံလို့ ပြောဆိုတိုင်ပင်ပြီး အခု ကလေးကိုပြန်ယူဖို့လာကြတာပါ။ ဖြစ်ပျက်ကျူးလွန်မိခဲ့တာတွေအားလုံးကိုလည်း တောင်းပန်ပါတယ်။ သည်းခံခွင့်လွှတ်ပါ။ ကလေးကိုလည်း ပြန်ပေးပါတော့"

ထိုကဲ့သို့ ရှည်လျားစွာဖြင့် ပြောဆိုတောင်းပန်ပြီးနောက် ကလေးကို ကောက်ယူပွေ့ချီကာ ကျောင်းပေါ်မှဆင်းသွားကြလေ၏။

ထိုအခါတွင်လည်း ဘုန်းတော်ကြီးက -

"သြော်- ဟုတ်လား"

ဟု တစ်ခွန်းသာဆိုလိုက်၏။

မည်သည့်အခါ မည်သည့်ကိစ္စကိုမျှ ဖျောင်းဖျပြောဆို ပြုပြင်ပြောင်းလဲငြင်းပယ်ခြင်း မရှိ။ သဘာဝမေ့လမ်းစဉ်ကို မှန်မှန်လျှောက်၍ ထိုလက်သုံးစကားတစ်ခွန်းတည်းကိုသာ ဆိုလေ့ရှိ၏။

ဤသတင်းသည်လည်း တစ်မုဟုတ်ချင်း နိုင်ငံအနှံ့ပျံ့၍သွားကြပြန်

၏။ ထို့ကြောင့် ရင်သပ်ရှုမော အံ့သြ၍လည်းမဆုံး ဖြစ်ကြရ၏။ စိတ်ကူးယဉ်ဒဏ္ဍာရီပုံပြင်ထက်ဆန်းပြီး လောကဓမ္မဟုပင် မဆိုသာဘဲ သဘာဝဓမ္မကြီးကိုပင် ပေါ်လွင်စေလေ၏။

(**လောကဓမ္မ** - လောကတွင် ဖြစ်လေ့ဖြစ်ထရှိခြင်း၊ **သဘာဝဓမ္မ** - သဘောတရားအတိုင်းသာ ဖြစ်ရခြင်း။)

"ကောင်မလေးက တမင်သက်သက်လာစွပ်စွဲတာတဲ့"

"အခုတော့ သူတို့အချင်းချင်း တည့်သွားကြလို့ ကလေးကို ပြန်တောင်းသွားကြပြီတဲ့"

"တို့များတော့ ဘုန်းတော်ကြီးကို အထင်သေးပြီး စွပ်စွဲကဲ့ရဲ့ခဲ့မိတာမှားပြီ"

ထိုစကားများသည်လည်း တစ်နိုင်ငံလုံး ပွက်လောရိုက်သွားပြန်လေ၏။ ဘုန်းတော်ကြီး စွပ်စွဲခံရစက လူသိများပြီး အကြည်ညိုပျက်၍ ကဲ့ရဲ့ခံရသလို ယခု အဖြစ်မှန်ကိုသိသွားကြသောအခါတွင်လည်း ယခင်ကထက် အဆပေါင်းများစွာ ပိုမိုကြည်ညိုပြီး ချီးမွမ်းစကားဆိုကြပြန်လေ၏။

*လောကအစုတ်၊ လူတို့နှုတ်ကား၊*
*မဟုတ်လည်းပြော၊ ဟုတ်လည်းပြော၏။*

(မဃဒေဝ)

ထို့နောက် မင်း၊ သူဌေး၊ သူဆင်းရဲ ပုန်းတောင်းယာစကာမှစ၍ လက်ဆောင်လှူဖွယ်ဝတ္ထုများဖြင့် တစ်သုတ်ပြီးတစ်သုတ် ကျောင်းသို့ ရောက်လာပြန်၏။ သူတို့ အကြည်ညိုပျက်ပြီး အထင်သေးကဲ့ရဲ့ခဲ့မိသည်များကို ဝန်ချတောင်းပန် ကန်တော့ကြ၏။ ထိုအခါတွင်လည်း ဘုန်းတော်ကြီးသည် တစ်စုံတစ်ရာပြောင်းလဲခြင်းမရှိဘဲ သူ၏လက်သုံးစကားအတိုင်းသာဆို၏။

"ဩော်- ဟုတ်လား"

*ဤအဖြစ်မျိုးကား လောကတွင် ပေါပြီး ရှား၏။ မကောင်းသော်လည်း ကောင်း၏။ ရက်ဖွယ်လိလိအကြောင်းသည် ဂုဏ်ယူစရာ ဖြစ်သွား၏။ ကိုယ်တိုင် ကြုံတွေ့ဖြစ်ရမည်ကို ကြောက်သော်လည်း မကြောက်သင့်။ ဆန်းသော အကြောင်းအရာသည် ရှိးသွားတတ်၏။ မဆန်းသောအကြောင်းအရာသည် ရှိးသွားခြင်းမရှိ။*

ဆိုခဲ့သည့်ဖြစ်ရပ်သည် အထက်ပါစာပိုဒ်ကဲ့သို့ အဓိပ္ပာယ်ရှိ၏။

အထက်ပါစာပိုဒ်သည် ဘုန်းတော်ကြီးဟကုယင်နှင့် ပြည်သူလူထု အပါအဝင် ကလေးမိဘတို့အား ကိုယ်စားပြု၏။ ထို့ကြောင့် အဓိပ္ပာယ်ကို သီးသန့်ရှင်းရန် လိုအံ့မထင်ပေ။

လောက၌ မထင်မှတ်သောအကြောင်းအရာတို့ ပေါ်လာတတ်မြဲ ဖြစ်၏။ သည်းခံတော့မည်ဟု ဆုံးဖြတ်ပြီးမှ သည်းမခံနိုင် ဖြစ်လာတတ်၏။ ပါရမီရှင်ကြီးတို့အဖို့တွင် ကောင်းကွက် ဖြစ်၏။ အကောင်းလာရန် အဆိုးရှေ့ခံသည့်သဘောကို မြင်သာထင်သာရှိ၏။

ဤနေရာတွင် ဘုန်းတော်ကြီးဟကုယင်ကို မဟာယာနအစစ်ဟု ကြည်ညိုနိုင်၏။ တကယ့် ဗောဓိသတ္တကြီးဖြစ်သည်ကိုလည်း ငြင်းဖွယ်မရှိ။ **ဗောဓိသတ္တ** - ဘုရားအလောင်းတော်တို့၏ ခန္တီ၊ မေတ္တာ၊ ကရုဏာ စသော တရားမြတ်တို့ကို ကျင့်နေသည်ကိုလည်း လင်းရှင်းစေ၏။ တင်ပြခဲ့သည့် အကြောင်းအရာကို ပြန်လှန်ကြည့်ရှု သုံးသပ်ရုံဖြင့်ပင် သိနိုင်၏။ သာမန် ပုဂ္ဂိုလ်များ စွမ်းနိုင်မည်ကိုမဆိုထားဘိ၊ စိတ်ကူးယဉ်ကြည့်ရန်ပင် မလွယ်ပေ။ တကယ့်အတ္တမဲ့မေတ္တာစစ်စစ်ကြီးပင် ဖြစ်၏။

အနှစ်ချုပ်၍ဆိုဦးအံ့။ ငါတို့ကား နုသေး၍ မကျင့်နိုင်ဟု ဆိုလေ့ရှိကြ၏။ ဤသည်မှာ မိမိကိုယ်ကို မယုံကြည်၍ ဖြစ်၏။ ထိုကဲ့သို့ လျှော့မတွက်သင့်။ မည်မျှအထိ ကြီးမြတ်သောလုပ်ငန်းစဉ်ကြီး ဖြစ်စေ အားကြိုး မာန်တက်လုပ်မကြည့်ဘဲ မိမိနှင့် သင့်, မသင့်၊ တန်, မတန်ကို မဆုံးဖြတ်သင့်ပေ။

ငါတို့သည် ဗုဒ္ဓဘာသာ ဖြစ်၏။ ရဲရင့်သောကြောင့် ဗုဒ္ဓဘာသာ

ဖြစ်လာ၏။ ဗုဒ္ဓဘာသာဖြစ်လာရခြင်းသည် လူချမ်းသာ၊ နတ်ချမ်းသာမှု အကျိုးကိုခံစားရန်အတွက် မဟုတ်။ လူချမ်းသာ၊ နတ်ချမ်းသာမှုအကျိုး ကို အယူဘာသာတိုင်းမှာပင် လုပ်ယူ၍ရနိုင်၏။ ဘုရားမပွင့်မီ၊ သာသနာ တော်မရှိမီကပင် ထိုတရားများ ရှိ၏။

ဘုရားပွင့်တော်မူပြီးနောက် သာသနာတော်၏ အထူးဆုကြီးသည် ကား နိဗ္ဗာန် ဖြစ်၏။ နိဗ္ဗာန်ကိုရောက်လို၊ ရလိုသူသည် အတ္တတန်းလန်းဖြင့် မည်သည့်အလုပ်ကိုမှု မလုပ်သင့်။ ဒါန၊ သီလ၊ သမထ၊ မေတ္တာ၊ ဝိပဿနာ စသော လောကီ၌ အနှစ်အမြတ် အလုပ်အားလုံးကို အတ္တကင်းစွာဖြင့်သာ ပြုလုပ်ဖြည့်ကျင့်ရ၏။

ဤမျှလောက်ဆိုလျှင် အထိုက်အလျောက် ပြည့်စုံလုံလောက်ပြီဖြစ်၍ 'အတ္တမဲ့မေတ္တာ' အသေလွတ်တရားတော်သည် ဤတွင်ပြီးပြတ် အဆုံးသတ် ပါ၏။ အားလုံးသော စာဖတ်ပရိသတ်အပေါင်းတို့ ဘေးဥပဒ်ကင်းရှင်း၍ ချမ်းသာခြင်းဖြင့် ပြည့်ဝကြပါစေ. . .။

အရှင်သုစိတ္တ

**မှီငြမ်း**

၁။ ဝိသုဒ္ဓိမဂ်။
၂။ မိလိန္ဒပဥှာ။
၃။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ။
၄။ မေတ္တာဝါဒ ပြဟ္မဝိဟာရအဖွင့်။
၅။ အတ္တမဲ့ဒါန အသေလွတ်တရားတော်။
၆။ အတ္တမဲ့သီလ အသေလွတ်တရားတော်။
၇။ ကျေးရူးပြစ်မှား ဒဏ်ဆယ်ပါးနှင့် ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း။
၈။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ကဗျာ၊ ဆောင်းပါး၊ ပုံပြင်များစွာ။


အရှင်သုစိတ္တ
အတ္တမဲ့မေတ္တာ